# ၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၄၄) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် ၊ ကြာသပတေး၊ (ဇန်နဝါရီ ၁၀ ၊ ၂၀၁၃)



TRI
MEN'S AND LADIES' WEARS




ကာကွယ်ရေးဦးစီးချုပ်နှင့် ကေအင်န်ယူဥက္ကဋ္ဌတို့ ပွေ့ဖက်နှုတ်ဆက်နေစဉ် ဓာတ်ပုံ-မြဝတီ

# ကာချုပ်နှင့် ကေအင်န်ယူခေါင်းဆောင်များ နှစ် ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ်တွေ့

**အောင်သူရ**

**ရန်ကုန်၊ဇန်နဝါရီ-၆**

နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ် တွေ့ဆုံမှုဖြစ်သော မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ အပါအဝင် ဗဟိုအလုပ်အမှုဆောင်များနှင့် တွေ့ဆုံမှုတွင် နှစ်ဦးနှစ်ဖက် ယုံကြည်မှုပိုရခဲ့သည်ဟု ကရင်အမျိုးသားအစည်းအရုံး ပြောရေးဆိုခွင့်ရှိသူ ဖဒိုမန်းငြိမ်းမောင်ကပြောသည်။

စာ(၁၂)သို့

# အခွန်ဝန်ထမ်းနှင့် လုပ်ငန်းရှင် တိုက်ရိုက်ထိတွေ့ရန်မလိုသော ဝင်ငွေခွန်ကြေညာသည့်ပုံစံ ပြောင်းလဲကျင့်သုံးမည်

**မိုးညို**

**ရန်ကုန်၊ဇန်နဝါရီ-၅**

စီးပွားရေးလုပ်ငန်းများ အခွန်ဆောင်ရန်အတွက် မိမိ၏ အခွန်ကြေညာလွှာကို မိမိကိုယ်တိုင်ကြေညာသည့်စနစ်အား စတင်ကျင့်သုံးတော့မည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သတင်းရရှိသည်။

ယင်းစနစ် စတင်ကျင့်သုံးမည်ဆိုပါက အခွန်ထမ်းနှင့် အခွန်ဝန်ထမ်းတို့ ထိတွေ့မှုနည်းပါးသွားပြီး အဂတိလိုက်စားမှုလည်း ကင်းရှင်းသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်က ပြောသည်။

စီးပွားရေး လုပ်ငန်းများ၏ ဝင်ငွေခွန်ကို ယခင်က အခွန်ဝန်ထမ်းမှတစ်ဆင့် တိုက်ရိုက်ကောက်ခံခြင်းဖြစ်ကာ ယခုစနစ်သစ်၌ ဝင်ငွေခွန်ကြေညာလွှာကို မိမိဘာသာပြုစု၍ အွန်လိုင်းမှသော်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်သော်လည်းကောင်း ကြေညာလွှာအား ပေးပို့ရမည်ဖြစ်ကြောင်း ဦးကျော်ကျော်က ပြောသည်။ ယင်းစနစ်သစ်ကို ယခုနှစ်အတွင်း စတင်ပြောင်းလဲကျင့်သုံးဖွယ်ရှိကြောင်း ၎င်းကပြောသည်။

အခွန်ဝန်ထမ်းနှင့် လုပ်ငန်းရှင်တို့ ထိတွေ့မှုနည်းပါးပါက ဌာနတွင်း အကျင့်ပျက်ခြစားမှု နည်းပါးသွားနိုင်ပြီး နိုင်ငံတကာမှ လာရောက် ရင်းနှီးမြှုပ်နှံသူများကိုလည်း ယင်းစနစ်ဖြင့် ဆွဲဆောင်နိုင်ကြောင်း၊ ပွင့်လင်းလာသည့်မူဝါဒအရ အခွန်စနစ်မှာ နောက်ပိုင်းတွင် များစွာအရေးကြီးလာနိုင်ကြောင်း လွယ်ဟိန်း ကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ပြောသည်။

**အချပ်ပို(B)သို့**

# နယ်မြေမတည်ငြိမ်မှု ဆင်းရဲမွဲတေမှုတို့ကြောင့် ဘိန်းစိုက်ပျိုးမှု ပြန်များလာ

## ၂၀၁၂ တွင် ဘိန်းစိုက်ဧရိယာ ၅၁,၈၀၀ ဟက်တာရှိပြီး ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်ပြီးလျှင် ဒုတိယအများဆုံး ဘိန်းစိုက်ပျိုးထုတ်လုပ်သော နိုင်ငံဖြစ်

**အားမာန်**

**ရန်ကုန်၊ဇန်နဝါရီ-၅**

မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု ပြန်လည်များပြားလာခြင်း၏ အဓိက အကြောင်းရင်းများတွင် ဒေသခံတောင်သူများ၏ ဆင်းရဲမွဲတေမှုနှင့် နယ်မြေမငြိမ်းချမ်းမတည်ငြိမ်မှုတို့ ပါဝင်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

၂၀၀၅ ခုနှစ်က ဘိန်းစိုက်ပျိုးမှုကို အနိမ့်ဆုံးသို့ လျှော့ချနိုင်ခဲ့သော်လည်း ၂၀၀၆ မှစ၍ နှစ်စဉ် ဘိန်းစိုက်ပျိုးမှုနှုန်း တိုးလာရာ ၂၀၁၂ ခုနှစ်တွင်တစ်နိုင်ငံလုံးဘိန်းစိုက်ဧရိယာ၁၂၈၀၀၀ဧက(၅၁,၈၀၀ ဟက်တာ/ ၁ ဟတ်တာလျှင် ၂ ဒသမ ၄၇၁၀၅ ဧကရှိသည်)ရှိပြီး

စာ(၁၂)သို့



ဘိန်းစိုက်ခင်းများကို ဖျက်ဆီးနေသည့် မြန်မာ့တပ်မတော်သားများ ဓာတ်ပုံ-AFP


မိုးကုတ်ပတ္တမြားလုပ်ကွက်တစ်ခုတွင် ကျောက်တွင်းပြိုကျ၍ လူ ငါးဦး ပွဲချင်းပြီးသေ

စာ(၃)သို့ ▶▶

တစ်နှစ်အတွင်း ရထားတိုက်မှုကြောင့် သေဆုံးသူ ၇၀ ကျော်ရှိ

စာ(၆)သို့ ▶▶

နယ်မြေမငြိမ်းချမ်းသည့်ကြားက ကချင်ပြည်နယ်မှ သစ်လုံးများ တရုတ်သို့ တရားမဝင်တင်ပို့နေ

စာ(၄၁)သို့ ▶▶





7DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

# လာမည့်လွှတ်တော်တွင် ဥပဒေကြမ်း ၁၀ ခု တင်သွင်းဆွေးနွေးမည်

**မင်းဟိန်းကျော်**

**ရန်ကုန်၊ ဇန်နဝါရီ -၅**

ယခုလ ၉ ရက်တွင် စတင်ကျင်းပမည့် ဆဋ္ဌမပုံမှန်အစည်းအဝေးများတွင် နိုင်ငံတော်သမ္မတက မှတ်ချက်ပြု၍ ပြန်လည်ပေးပို့လာသောဥပဒေကြမ်းနှစ်ခုအပါအဝင် ဥပဒေကြမ်း၁၀ခုအား လွှတ်တော်အစည်းအဝေးများ၌ တင်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။

"ဒီတစ်ခေါက်လွှတ်တော်မှာ အရေးကြီးတဲ့ ဥပဒေတွေ တင်သွင်းဖို့ရှိပါတယ်။ နောက်ပြီး လွှတ်တော်ကိုတင်သွင်းလာတဲ့ ဥပဒေကြမ်းတွေကို ကျွန်တော်တို့ဥပဒေကြမ်းပူးပေါင်းကော်မတီကပဲ စိစစ်ပြီး လွှတ်တော်နှစ်ခုမှာ အလှည့်ကျ တင်သွင်းသွားဖို့ စီစဉ်ထားပါတယ်" ဟု ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။

တင်သွင်းမည့် ဥပဒေကြမ်းများတွင် ၂၀၁၃ ပြည်ထောင်စုလွှတ်တော်ဥပဒေ၊ ၂၀၁၃ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဥပဒေနှင့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ မှတ်ချက်ပြုပြန်လည်ပေးပို့လာသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်တွင်ဆွေးနွေးမည်ဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

ထို့ပြင် ဗဟိုဘဏ်ဥပဒေ၊ အခွန်ဆိုင်ရာဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေ၊ အနုမိဉာဏခုံရုံးဆိုင်ရာဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ ၂၀၁၃ သန်းခေါင်စာရင်းဥပဒေတို့ကိုပါပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် အလှည့်ကျ တင်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါ ဥပဒေများအပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အခွန်ဥပဒေများနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအပါအဝင် အရေးကြီးသော ဥပဒေများကို ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဇန်နဝါရီ ၁ ရက်တွင် ပြုလုပ်သည့် ပထမအကြိမ် လွှတ်တော်ဆဋ္ဌမ ပုံမှန်အစည်းအဝေးများကျင်းပရေး ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည်။

ယခုကျင်းပမည့် အစည်းအဝေးများသည် လုပ်ငန်းများ များပြား၍ အစည်းအဝေးကျင်းပရက်ကြာမြင့်နိုင်ကြောင်း သူရဦးရွှေမန်းက ပြောသည်။

ဥပဒေပြုရေးကိစ္စရပ်များကို အဓိကထားလုပ်ဆောင်သည့် လွှတ်တော်များအနေဖြင့် ပထမအကြိမ်ပုံမှန်အစည်းအဝေးများမှ ပဉ္စမအကြိမ် ပုံမှန်အစည်းအဝေးများအတွင်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့် ဥပဒေ၊ အသစ်ပြန်လည်ရေးဆွဲထားသည့် ၂၀၁၂ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်ဥပဒေများ အပါအဝင် ဥပဒေပေါင်း ၂၁ ခုကိုပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အခြေခံဥပဒေပုဒ်မ ၄၄၃ အရ ပြဋ္ဌာန်းခဲ့သည့်နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေအစရှိသည့် ဥပဒေ ၂၂ ခုပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းရှိ၊ မရှိ စိစစ်ပေးနိုင်ပါရန် နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော် နာယကသို့ ၂၀၁၂ နိုဝင်ဘာ ၂၃ ရက်တွင် သဝဏ်လွှာတစ်စောင် ပေးပို့ထားသည်။

## တစ်နှစ်အတွင်း လူကုန်ကူးမှု သုံးပုံ–နှစ်ပုံသည် တရုတ်နိုင်ငံသို့ အဓမ္မ ထိမ်းမြားရန် အပို့ခံရခြင်းဖြစ်

**ထွန်းခိုင်၊ အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ - ၆**

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် လူကုန်ကူးမှုများ အနက် သုံးပုံ၊ နှစ်ပုံခန့်မှာ တရုတ် နိုင်ငံသို့ ပို့သည့်ဖြစ်စဉ်များ ဖြစ်ပြီး အများစုမှာ အဓမ္မ လက်ထပ်ထိမ်းမြားခြင်းဖြစ်စဉ်များဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၂၀၁၂ခုနှစ်အတွင်း လူကုန်ကူးမှု ၁၀၀ ကျော်ဖြစ်ပွားခဲ့ပြီး ယင်းတို့အနက်မှ သုံးပုံနှစ်ပုံခန့်မှာ တရုတ်နိုင်ငံသို့လူကုန်ကူးမှုဖြစ်ကြောင်း ထုတ်ပြန်သည်။ ၂၀၁၂အတွင်းဖြစ်ပွားခဲ့သည့် လူကုန်ကူးမှုများအနက် အဓမ္မ လက်ထပ် ထိမ်းမြားသည့် လူကုန်မှုးမှု အများဆုံးဖြစ်ပြီး စုစုပေါင်းအရေအတွက်၏ ၆၅ ရာခိုင်နှုန်းအထိဖြစ်သည်။ ၂၀၁၂ တွင် အဓမ္မ ထိမ်းမြားလက်ထပ်ခြင်းမှာ ၇၈မှုဖြစ်ပွားခဲ့ပြီး ယင်းတို့အနက် ၇၇မှုမှာ တရုတ်နိုင်ငံသို့ဖြစ်ကြောင်း သိရသည်။

လူကုန်ကူးမှုများတွင် အဓမ္မလက်ထပ်ထိမ်းမြားခြင်း၊ ပြည့်တန်ဆာပြုခြင်း၊ ကလေးရောင်းစားခြင်း၊ အဓမ္မတောင်းစားစေခိုင်းခြင်း၊ အဓမ္မစေခိုင်းခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းစသည့် ပုံစံများဖြင့်ဖြစ်ပွားပြီး တရုတ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ကာတာ၊ အမေရိကန်၊ အင်ဒိုနီးရှားစသည့်နိုင်ငံများအပြင် ပြည်တွင်းတွင်လည်း ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

"၂၀၁၁ မှာတုန်းက လူကုန်ကူးမှုစကားလုံးအသုံးအနှုန်းကို သုံးလို့မရခဲ့ဘူး။ အခုတော့ ပြောင်းလဲနေပါပြီ။ လူကုန်ကူးမှုမဖြစ်အောင်ကလေးတွေကိုပညာတတ်အောင် လုပ်ပေးရမယ်။ ကျောင်းတွေမှာလည်း လူကုန်ကူးမှုနဲ့ ပတ်သက်တဲ့အကြောင်းတစ်ချက်ကို ထည့်သွင်းပေးဖို့လိုအပ်တယ်။ ကျေးရွာရပ်ကွက်ထဲမှာ ဝင်ငွေရမယ့် အခွင့်အရေးတွေ အများကြီးလိုအပ်တယ်။ မြန်မာနိုင်ငံသားတွေကိုလည်း တူညီတဲ့ လုပ်အားခရဖို့လိုပါတယ်" ဟု World Vision မှ အော်ပရေးရှင်းဒါရိုက်တာ ဒေါက်တာSaw Ivan က အမေရိကန်စင်တာတွင် ဒီဇင်ဘာ ၁၄ ရက်က ပြုလုပ် သည့် လူကုန်ကူးမှုဆိုင်ရာ ဆွေးနွေးပွဲ၌ ပြောသည်။

၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် လူကုန်ကူးမှုများနှင့်ပတ်သက်ပြီး လူ ၃၂၃ ဦးကို ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်သော ၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားသည့် လူကုန်ကူးမှုများ**

| လူကုန်ကူးမှုဖြစ်ပွားရာနေရာ | အမှုပေါင်း | ဖြစ်ပွားခဲ့သည့်ပုံစံ |
|---|---|---|
| တရုတ် | ၈၁ | အဓမ္မလက်ထပ်ထိမ်းမြားခြင်း ၇၇၊ ကလေးရောင်းစားခြင်း ၃၊ ပြည့်တန်ဆာပြုခြင်း ၁ |
| ထိုင်း | ၁၄ | ပြည့်တန်ဆာပြုခြင်း ၇၊ အဓမ္မစေခိုင်းခြင်း ၅၊ လုပ်အား ခေါင်းပုံဖြတ်ခြင်း ၂ |
| ပြည်တွင်း | ၁၉ | ပြည့်တန်ဆာပြုခြင်း ၁၆၊ အဓမ္မ စေခိုင်းခြင်း ၂၊ အဓမ္မတောင်းရမ်းစေခိုင်းခြင်း ၁ |
| စင်ကာပူ | ၁ | အဓမ္မစေခိုင်းခြင်း |
| မလေးရှား | ၁ | ပြည့်တန်ဆာပြုခြင်း |
| ကာတာ | ၁ | အဓမ္မစေခိုင်းခြင်း |
| အမေရိကန် | ၁ | အဓမ္မလက်ထပ်ထိမ်းမြားခြင်း |
| အင်ဒိုနီးရှား | ၁ | အဓမ္မလက်ထပ်ထိမ်းမြားခြင်း |

## သေမင်းတမန်ရထားလမ်း ပြုပြင်ရေးကိစ္စ ကေအင်န်ယူ ဥက္ကဋ္ဌပြော

**သန်းထူး**

**နေပြည်တော်၊ ဇန်နဝါရီ - ၅**

ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တပ်များ ဆောက်လုပ်ခဲ့သော ကမ္ဘာကျော် သေမင်းတမန် မီးရထားလမ်းအား ပြန်လည်ပြုပြင်မည်ဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးက ပြောကြားသည်။

ကမ္ဘာကျော်သေမင်းတမန်ရထားလမ်းပိုင်းအား ပြန်လည်ပြုပြင်ရန်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ယနေ့တွေ့ဆုံခဲ့ပြီး ယခင်ဝန်ကြီးဦးအောင်မင်း လက်ထက်ကတည်းက ပြန်လည်ပြုပြင်ပေးရန် အဖြေရခဲ့ပြီးဖြစ်သည်ဟု ကေအင်န်ယူဥက္ကဋ္ဌက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။



ထိုင်းနိုင်ငံဘက်မှ မြင်တွေ့ရသည့် သေမင်းတမန်ရထားလမ်း

ယင်းရထားလမ်းသည် ဂျပန်တပ်များအတွက် စစ်ရိက္ခာထောက်ပံ့ရန် ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံသို့ ဆက်သွယ်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ တိုင်းရင်းသားများနှင့် မဟာမိတ်စစ်သုံ့ပန်းများအား အသုံးပြုဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ကေအင်န်ယူအနေဖြင့် ယခုခရီးစဉ်၌ သတ္တုတွင်းနှင့် စီးပွားကူးသန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း၊ ကရင်ပြည်နယ်အတွင်း သတ္တုသယံဇာတများ ဖော်ထုတ်ရေးနှင့် စီးပွားရေးလုပ်ငန်းများဖော်ဆောင်ရန်အတွက် နည်းလမ်းများ၊ အကြံဉာဏ်များ ရရှိခဲ့ကြောင်း ဗိုလ်ချုပ်ကြီးမူတူးစေးဖိုး ပြောကြားချက်များအရ သိရှိရသည်။

## နိုင်ငံရေးပါတီများနှင့် အစိုးရအဖွဲ့ကြား ရွေးကောက်ပွဲကော်မရှင် ညှိနှိုင်းပေးမည်

**အိဖြူလွင်**

**ရန်ကုန်၊ ဇန်နဝါရီ -၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများနှင့် တိုင်းဒေသကြီးပြည်နယ်အစိုးရ ပြည်ထောင်စုအစိုးရအဖွဲ့ အဆင့်ဆင့်ကြားတွင် ဆက်သွယ်ဆောင်ရွက်ပေးမည်ဟု ဇန်နဝါရီ ၃ ရက်က နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားလိုက်သည်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် နိုင်ငံရေးပါတီများက အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ အခက်အခဲရှိပါက ပိုမိုလွယ်ကူစေရန် နိုင်ငံရေးပါတီများနှင့် တိုက်ရိုက်သက်ဆိုင်သည့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်သွယ်မှုများပြုလုပ်ပေးမည်ဟု ဦးတင်အေးက ပြောကြားသည်။

ထိုသို့ ကော်မရှင်က ဆောင်ရွက်ပေးမည်ဆိုခြင်းနှင့်ပတ်သက်၍ ကြားခံအဖွဲ့အစည်းတစ်ခုအနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နိုင်ပါက ပို၍ ထိရောက်မည်ဟု တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ အထွေထွေ အတွင်းရေးမှူး ဦးခင်မောင်ကြီးက အကြံပြု တင်ပြခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေများအရ ပါတီများကို ကြီးကြပ်နိုင်သော်လည်း ယခုကဲ့သို့ ပုံစံသစ်ဖြင့် ပြောင်းလဲညှိနှိုင်းပေးပါက လွှတ်တော်ပြင်ပ နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု လမ်းကြောင်းတစ်ရပ် ပေါ်ထွန်းလာနိုင်မည်ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောကြားသည်။

ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများကို ဥပဒေဘောင်အတွင်းကသာ ပါတီလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ရဲရဲတင်းတင်းဆောင်ရွက်ရန်လည်း ပြောကြားကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက ဆိုသည်။

နိုင်ငံရေးပါတီ ၅၄ ပါတီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တွေ့ဆုံဆွေးနွေးမှုသည် ခုနစ်နာရီကျော်ကြာမြင့်ခဲ့ပြီး ပါတီအများစုက ငြိမ်းချမ်းရေးရရှိရေးအတွက် အဓိက ဆွေးနွေးခဲ့ကြသည်ဟုသည်းသိရှိရသည်။

# မြန်မာနိုင်ငံတွင် မြှုပ်နှံထားခဲ့သော စပစ်ဖိုင်းယားလေယာဉ်များ ပြန်လည်ရှာဖွေမည့်အဖွဲ့ ရန်ကုန်သို့ရောက်ရှိ

**လန်ဒန်၊ ဇန်နဝါရီ-၆**

မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်နောက်ပိုင်း မြေအောက်၌ မြှုပ်နှံထားခဲ့သည့် ဗြိတိသျှနိုင်ငံလုပ် စပစ်ဖိုင်းယားတိုက်လေယာဉ်များ ရှာဖွေရန် ဗြိတိသျှစစ်သားဟောင်းတစ်ဦးဖြစ်သူ စတန်လေကွန်မ် ဦးဆောင်သော အဖွဲ့ဝင် ၂၁ ဦးသည် ရန်ကုန်မြို့သို့ ဇန်နဝါရီ၆ရက်တွင် ရောက်ရှိလာကြောင်း သိရသည်။



လန်ဒန်အင်ပါယာစစ်သမိုင်းပြတိုက်တွင်တွေ့ရသည့် စပစ်ဖိုင်းယားလေယာဉ် ဓာတ်ပုံ-AFP

၎င်းတို့၏ ထုတ်ဖော်ပြောဆိုချက်အရ ရန်ကုန်မြို့ရှိမင်္ဂလာဒုံလေဆိပ်အနီးတွင် လေယာဉ်အစီးရေ ၃၆ စင်းကို ဒုတိယကမ္ဘာစစ်အပြီး မြေမြှုပ်ထားခဲ့သည်ဟု သိရသည်။ ထိုစဉ်က ဂျပန်ကို အနိုင်တိုက်ခဲ့ပြီးနောက် မြန်မာပြည်စစ်မြေပြင်တွင် အောင်ပွဲရခဲ့သော ဗြိတိသျှတပ်များသည် ၁၉၄၅ တွင် ၎င်းတို့၏ စစ်လေယာဉ်များအား မြေမြှုပ်သိမ်းဆည်းထားခဲ့ခြင်းဖြစ်သည်။

လေယာဉ်များကို ရှာဖွေမည့်အဖွဲ့ဝင် မစ္စတာဒေးဗစ်ကန်ဒယ်က "ကျွန်တော် မျက်မြင်သက်သေအားလုံးကို တွေ့ခဲ့ပြီးပါပြီ။ သူတို့အမှန်ပြောတယ်ဆိုတာကျွန်တော်ယုံကြည်ပါတယ်။ လုံးဝမပျက်မစီးဘဲ ကျန်နေမယ့်လေယာဉ်တွေ ရှာတွေ့မယ်လို့လည်း ကျွန်တော်ထင်ပါတယ်"ဟု ပြောသည်။

ထိုင်ခုံတစ်လုံးသာ ပါဝင်သော ယင်းတိုက်လေယာဉ်များသည် ဗြိတိသျှသမိုင်းတွင် နာမည်ကျော် တိုက်လေယာဉ်များဖြစ်ပြီး ၁၉၄၀ ပြည့်နှစ်တွင် ဂျာမန်တပ်များနှင့် ဗြိတိသျှတို့ တိုက်ခိုက်ရာ၌ အဆုံးအဖြတ်ပေးနိုင်သည့် အရေးပါသော ကဏ္ဍမှ ပါဝင်ခဲ့သည်။ ထိုလေယာဉ်များကို မင်္ဂလာဒုံတွင် စစ်နိုင်ပြီးနောက် အမေရိကန်အင်ဂျင်နီယာများက မြေအောက်၌ သေချာစွာ သိမ်းဆည်းမြှုပ်နှံခဲ့ကြောင်း သိရသည်။ လေယာဉ်များ ပြန်လည်တူးဖော်ရေးကိစ္စကို မြန်မာနိုင်ငံသို့ပြီးခဲ့သည့်နှစ်က လာရောက်ခဲ့သောဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကမြန်မာသမ္မတနှင့် ဆွေးနွေးခဲ့သည်။ ယခု မစ္စတာကန်ဒယ်၏ လေယာဉ်ရှာဖွေမည့် အစီအစဉ်ကို War Gaming.com, JCB နှင့် ဂျက်ရှာလင့်ရိုဗာ ကုမ္ပဏီများက ငွေကြေးထောက်ပံ့ထားကြောင်း သိရသည်။

*-Ref:Reuters*

# မိုးကုတ်ပတ္တမြားလုပ်ကွက်တစ်ခုတွင် ကျောက်တွင်းပြိုကျ၍ လူငါးဦး ပွဲချင်းပြီးသေ

**မိုးညို**

**ရန်ကုန်၊ ဇန်နဝါရီ - ၇**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် တူးဖော်လျက်ရှိသော ပတ္တမြားလုပ်ကွက်တစ်ခု၌ ဇန်နဝါရီလ ၃ ရက်က ကျောက်တွင်း ပြိုကျ၍ လူငါးဦး အခင်းဖြစ်ပွားရာနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားကြောင်း မိုးကုတ်မြို့နယ် ရဲစခန်းက အတည်ပြုပြောကြားသည်။

မိုးကုတ်မြို့စွန်တွင် တူးဖော်လုပ်ကိုင်လျက်ရှိသော လျှန်ရှမ်းကုမ္ပဏီပိုင် လုပ်ကွက်တစ်ခု၌ တွင်းဟောင်းတွင် ကျန်ရှိနေသောရေများ ပေါက်ကျရာမှ နံဘေးတွင်း၌ လုပ်ငန်းခွင်ဝင်နေသော အလုပ်သမားများထံသို့ ရေများဝင်ရောက်လာပြီး ရေမွန်းကာ အခင်းဖြစ်ပွားရာနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခြင်းဖြစ်သည်ဟု မိုးကုတ်မြို့နယ် ရဲစခန်းမှ တာဝန်ကျဒုရဲအုပ်က ဖုန်းမှတစ်ဆင့် ပြောကြားသည်။

ညတွင်းချင်းပင် ဆေးရုံသို့ အလောင်းငါးလောင်းရောက်ရှိလာပြီး ဒဏ်ရာရရှိသူတစ်ဦး ပါဝင်လာကြောင်း မိုးကုတ်မြို့နယ်ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာမောင်မောင်ဇင်က ပြောသည်။

"ဒဏ်ရာရရှိသူမရှိဘူး။ ရွှံ့တွေဖုန်တွေ ထပ်နေတာပဲရှိတယ်။ ရေပေါက်သွားတော့ ရေမွန်းပြီး ဆုံးသွားရတာ" ဟုအဆိုပါဆရာဝန်က ပြောသည်။

သေဆုံးသွားသူများမှာ ကျောက်ပုတ်ရွာမှ သုံးဦး၊ လယ်ဦးရပ်ကွက်မှ တစ်ဦး၊ ဒီပဲယင်းမြို့နယ်မှ တစ်ဦးဖြစ်ပြီး သေဆုံးသွားသူအားလုံးမှာ အမျိုးသားများဖြစ်ကြောင်း မိုးကုတ်မြို့နယ်ကျောက်ထပ်ရွာဒေသခံ ကိုကျော်စွာလင်းက ပြောသည်။

"တွင်းကအနက်ကြီးဆိုတော့ ရေအားနဲ့ရိုက်ပြီး ပြန်တက်ဖို့လည်း ခက်တယ်လေ။ အားလုံးရေမွန်းပြီး ဆုံးကုန်တာ" ဟု ၎င်းက ပြောသည်။ သေဆုံးသွားသူများအတွက် ကုမ္ပဏီမှလျော်ကြေးအဖြစ် တစ်ဦးလျှင် ကျပ် ၃၅ သိန်းစီ ပေးအပ်သွားမည်ဖြစ်ကြောင်း လျော်ကြေးကိစ္စများအတွက် လိုက်လံညှိနှိုင်းဆောင်ရွက်ပေးသူ ရေပူဆရာတော်က မိန့်ကြားသည်။

သေဆုံးသွားသူများမှာ လုပ်ငန်းအတွေ့အကြုံနုနယ်ပြီး ကျောက်ကောင်းရရှိရန်သာ စိတ်အားထက်သန်နေခြင်းကြောင့် အန္တရာယ်ကို ကြိုတင်မမြင်နိုင်ဘဲ ယခုကဲ့သို့ ဆုံးပါးသွားရခြင်းဖြစ်သည်ဟု လျှန်ရှမ်းကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်နေသည့် အမည်မဖော်လိုသူဝန်ထမ်းတစ်ဦးက ပြောသည်။

7 Day News က လျှန်ရှမ်းကုမ္ပဏီသို့ လေးရက်တိုင်တိုင် ဖုန်းဖြင့်ဆက်သွယ်မေးမြန်းသော်လည်း တာဝန်ယူဖြေကြားပေးမည့်သူ လတ်တလောမရှိသေးကြောင်းသာ ပြန်လည်ဖြေကြားသည်။



## CRIME CORNER မှုခင်းသတင်း

### တရားရုံးသက်သေခံသိမ်းဆည်းထားသော ရွှေထည်များ အမှုပြီး၍ ပိုင်ရှင်က ပြန်ရောင်းရာတွင် အခက်တွေ့နေ

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇန်နဝါရီ - ၂**

ခိုးမှုသက်သေခံပစ္စည်းအဖြစ် တစ်နှစ်ကျော်ကြာ သိမ်းဆည်းထားပြီးနောက် မူလပိုင်ရှင်ပြန်လည်ရရှိသော်လည်း ဝယ်မည့်သူမရှိဖြစ်နေကြောင်း ပိုင်ရှင် မမွန်မွန်ရီကပြောသည်။

မမွန်မွန်ရီပိုင် ရွှေထည်များအား ဖခင်ဖြစ်သူက ၂၀၁၁ ခုနှစ်စက်တင်ဘာလအတွင်းက ခိုးယူခဲ့ခြင်းဖြစ်ပြီး၊ ၂၀၁၂ခုနှစ် ဒီဇင်ဘာ ၂၀ရက်က ရွှေထည်များပြန်လည်အပ်နှံခဲ့ခြင်းဖြစ်သည်။

"မုံရွာနဲ့ ချောင်းဦးရွှေဆိုင်က သိမ်းဆည်းရမိထားတဲ့ ရွှေချောင်းတွေကို တရားရုံးကထုတ်တဲ့အခါ မူလရွှေဆိုင်တွေကို ပြန်ရောင်းတော့ မဝယ်ဘူး။ အခြားရွှေဆိုင်တွေသွားရောင်းတော့လည်း ရွှေက အတုတွေဖြစ်နေလို့ဝယ်သူမရှိဘူး။ တရားရုံးနဲ့ ရဲစခန်းကတော့ သက်သေအဖြစ်သာ ထိန်းသိမ်းထားတာပါ။ ဒီကိစ္စကိုတရားရုံးမှာပြန်လည်တင်ပြဖို့ စီစဉ်ထားပါတယ်"ဟု မမွန်မွန်ရီက ပြောကြားသည်။

တရားရုံးအပ်စဉ်က ရွှေစစ်၊ မစစ်အား ရွှေစစ်ဆေးသည့်စက်ဖြင့်စစ်ဆေးခဲ့ခြင်းမရှိဘဲ ရွှေချောင်းများအား သုံးခါခွဲချိန်ခဲ့ကြောင်းနှင့် ရွှေများအား တရားရုံးအပ်သည့် အချိန်မှသာမြင်ဖူးခြင်းဖြစ်ကြောင်း၊ ယခု ရွှေတုံးများသည် ရွှေပါသော်လည်း ညံ့တာနှင့် ကောင်းတာကွာခြားနေကြောင်း ရဲစခန်းမှ တရားရုံးသို့ အပ်နှံစဉ် ရွှေကျွမ်းကျင်ပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သော ချောင်းဦးမြို့ ရွှေထည်လုပ်ငန်းရှင် ဦးဖိုးတွတ်က ပြောကြားသည်။

ချောင်းဦးမြို့၊ မြို့မရပ်ကွက်အတွင်း အဘွားဖြစ်သူဒေါ်နန္ဒမာလာနှင့်မမွန်မွန်ရီတို့အတူနေထိုင်သောနေအိမ်ခြံဝိုင်းအတွင်း နေအိမ်၏ အနောက်ဘက်ခြေရင်းပိုင်း၌ မြေကျင်းတူး၍ ရွှေထည် ပစ္စည်းအလေးချိန် ၆၄ ကျပ်သား (ကာလတန်ဖိုးကျပ်သိန်း ၄၆၀)အား သံဘူးဖြင့်ထည့်ကာ မြှုပ်နှံထားခဲ့ကြပြီး အဘွားဖြစ်သူဒေါ်နန္ဒမာလာ၏ ဆန္ဒနှင့်အညီ မြေးဖြစ်သူမမွန်မွန်ရီအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းရွှေထည်များ ခိုးယူခဲ့သူ ဖခင်ဖြစ်သူ ဦးမြသောင်းအား ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ချောင်းဦးမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ ၂၀၁၁ စက်တင်ဘာလ ၂၁ ရက်တွင် တိုင်ကြားခဲ့ရာ ချောင်းဦးမြို့နယ်တရားရုံးက စစ်ဆေးဆောင်ရွက်ခဲ့သည်။

၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၅ရက်တွင် ရုံးတော်မှ ဦးအောင်မြေ၏သား တရားခံ မြသောင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ကိုကျူးလွန်ကြောင်းပြစ်မှုထင်ရှားသဖြင့် ယင်းပုဒ်မအရ အလုပ်နှင့်ထောင်ဒဏ် ၁နှစ် ၃လ ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

# နတ်မောက်ရှိ ဗိုလ်ချုပ်ပြတိုက်သို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦး၏ ပထမဆုံးခရီးစဉ်အဖြစ် ယဉ်ကျေးမှု ဝန်ကြီးသွားရောက်

**အိဖြူလွင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၅**

ဗိုလ်ချုပ်အောင်ဆန်းငယ်စဉ်က နေထိုင်ခဲ့သော နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦး၏ပထမဆုံးအကြိမ်ခရီးစဉ်အဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဇန်နဝါရီလ ၁ ရက်တွင် သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။



ပြတိုက်ပြုလုပ်ထားသော ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့ရာ နေအိမ်

ဓာတ်ပုံ-မျိုးမင်းဦး

၂၀၀၁ ခုနှစ်တွင်ယဉ်ကျေးမှုဝန်ကြီးဌာန တာဝန်ရှိသူများ လာရောက်ခဲ့ပြီး အကြီးစားပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီးနောက် ယခု ဝန်ကြီးဦးအေးမြင့်ကြူခရီးစဉ်သည် ပထမဆုံးခရီးစဉ်ဖြစ်သည်ဟု နတ်မောက်မြို့ခံများက ပြောကြားသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြတိုက်ကို ရှေးဟောင်းလက်ရာအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းရန်နှင့် ပြင်ဆင်မှုများပြုလုပ်ရန် ညွှန်ကြားခဲ့ကြောင်း နတ်မောက်မြို့နယ် မြို့ခံတစ်ဦးဖြစ်သူ ဦးသောင်းရွှေက ပြောကြားသည်။

မကွေးတိုင်း နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို ခေတ်အဆက်ဆက် တာဝန်ရှိသူများက ထိန်းသိမ်းခဲ့ကြပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင်လည်း နိုင်ငံတော် တာဝန်ရှိသူများကပြတိုက်သို့လာရောက်ကြည့်ရှုမှုများ ရှိခဲ့ကြောင်း နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်းက ပြောကြားသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ဗိုလ်ချုပ်၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်သည်နတ်မောက်မြို့သို့ သွားရောက်ကာ လူထုမိန့်ခွန်း ပြောကြားခဲ့သော်လည်း ဗိုလ်ချုပ်ပြတိုက်ပိတ်ရက်အဖြစ်အမျိုးသားနေ့တွင်ရောက်ရှိခဲ့ခြင်းဖြစ်၍ သွားရောက်ခြင်းမရှိခဲ့ပေ။

နတ်မောက်မြို့ရှိဗိုလ်ချုပ်ပြတိုက်ကို အများပြည်သူများကြည့်ရှုနိုင်ရန် ပိတ်ရက်များမှအပ နေ့စဉ်ဖွင့်လှစ်ထားပြီး ပြတိုက်ဝင်ကြေးအဖြစ် လူတစ်ဦးလျှင် ၂၀၀ ကျပ်ကောက်ခံကြောင်း သိရှိရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နတ်မောက်မြို့ရှိ အဆိုပါနေအိမ်တွင်၁၄နှစ်အရွယ်အထိနေထိုင်ခဲ့ပြီးနောက် အဆိုပါနေအိမ်တွင် မိသားစုများ အစဉ်ဆက်နေထိုင်ခဲ့ကြသည်။

ဗိုလ်ချုပ်ကွယ်လွန်ပြီး နှစ်ပေါင်း ၂၀ ကျော်ကြာ ၁၉၇၇ ခုနှစ်ရောက်သည့်အခါမိသားစုဝင်များက ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

## ပြည်တွင်းပဋိပက္ခများ ဖြေရှင်းနိုင်ရေးသည် အပြန်အလှန်လေးစားမှု အခြေခံဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြော

**ရန်မျိုးနိုင်**

**နေပြည်တော်၊**

**ဇန်နဝါရီ -၅**

တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော မြန်မာနိုင်ငံတွင် ပဋိပက္ခများ ဖြေရှင်းနိုင်ရေးအတွက်တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုသည် အခြေခံဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

"ကိုယ်နဲ့မတူတဲ့ အတွေးအခေါ်တွေကို မလေးစားနိုင်ရင် ကိုယ်နဲ့မတူတဲ့ အတွေးအခေါ်တွေနားလည်မှုမပေးနိုင်ရင်တော့ ကျွန်မတို့ဟာ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံကို ထူထောင်နိုင်မှာမဟုတ်ပါဘူး" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကျင်းပသော ၆၅ နှစ်မြောက် လွတ်လပ်ရေးနေ့ မိန့်ခွန်းတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်သူများလိုလားသော ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ရန်အတွက် မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုဖြစ်သည်ကိုတစ်စက္ကန့်မျှမမေ့ရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် နိုင်ငံတစ်နိုင်ငံ ဒီမိုကရေစီခိုင်မာစေရန်မှာ အစိုးရပေါ်တွင်သာ မူမတည်ဘဲ ပြည်သူများ၌လည်း တာဝန်ရှိကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏ မျှော်လင့်ချက်များ အကောင်အထည်ဖော်ရာတွင် ကိုယ့်အားကိုယ်ကိုးပြီး လုပ်ဆောင်သွားရမည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်မှ ၆၅ နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာတွင်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံသားအားလုံး တာဝန်ရှိကြသည်ဟူသော အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် ထည့်သွင်းဖော်ပြထားသည်။






7 DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

# မိုးထိမိုးမိရွှေလုပ်သား ဆန္ဒပြခေါင်းဆောင် လေးဦးအား ထောင်ခြောက်လစီချ

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

မိုးထိမိုးမိ ရွှေလုပ်သားများ ဆန္ဒပြတောင်းဆိုမှုတွင် ပါဝင်သည့် ခေါင်းဆောင်လေးဦးအား နိုင်ငံတော်က တရားလိုပြု၍ တရားစွဲဆိုခဲ့ရာ ထောင်ဒဏ်ခြောက်လစီ ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

ယခုလ ၃ ရက်တွင် အဆိုပါလေးဦးအား နိုင်ငံတော်က ပုဒ်မ နှစ်ခုဖြင့် ရေတာရှည်မြို့နယ် တရားရုံး၌ ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ၎င်းတို့အား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈ ဖြင့် ငွေဒဏ်ကျပ်တစ်သောင်းစီတို့အပြင် နိုင်ငံတော်တည်ငြိမ်ရေးကိုထိပါးနှောင့်ယှက်မှု ပုဒ်မ ၅၀၅(ခ)ဖြင့် ထောင်ဒဏ်ခြောက်လစီ ချမှတ်ခဲ့ကြောင်း နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းကပြောသည်။

"ကျန်တရားစွဲဆိုထားတဲ့ ၃၅ ဦးကိုတော့ ကုမ္ပဏီဘက်က ပိတ်ပေးလို့ရတယ်။ အခုကျခံရတဲ့ ခေါင်းဆောင် လေးဦးကို နိုင်ငံတော်က တရားလိုဖြစ်တဲ့အတွက် ပုဒ်မ ၅၀၅(ခ)နဲ့ ကျသွားတာပါ" ဟု ဒေါ်စန္ဒာမင်းကပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၃ ရက်က ရွှေလုပ်သားများ တောင်းဆိုခဲ့သည့် တောင်းဆိုချက်သုံးချက်အား ကုမ္ပဏီက လိုက်လျောပေးခဲ့သည်။ ၎င်းတို့သည် အမျိုးသားကြီးပွားတိုးတက်ရေးအုပ်စုကုမ္ပဏီ သက်တမ်းရှိသ၍ ၎င်းတို့အား ပူးပေါင်းလုပ်ကိုင်ခွင့်ပြုရန်၊ ဆက်လက်လုပ်ကိုင်ခြင်းမရှိပါက နစ်နာကြေးပေးရန်နှင့် တရားစွဲဆိုခံရသူများအား ကုမ္ပဏီက ကျေအေးပေးရန်တို့ဖြစ်သည်။

တောင်းဆိုချက်များအရ ကုမ္ပဏီနှင့် ရွှေလုပ်ငန်း အကြီးစား ဆက်လက်လုပ်ကိုင်လိုသူများသည် ကုမ္ပဏီစည်းကမ်းနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ပြီး ဆက်လက်လုပ်ကိုင်ခြင်းမရှိသူများအား ကုမ္ပဏီက နစ်နာကြေးပေးအပ်သွားမည်ဟု သိရသည်။

နစ်နာကြေးတောင်းဆိုသူ ၈၁ ဦးအနက် အင်းဦးစီး ၃၉ ဦးကို တစ်ဦးလျှင် ကျပ် ၁၅ သိန်းစီ ပေးအပ်ပြီးဖြစ်ကာ အင်းလုပ်သားကယ်ရီစျေးသည်များကို တစ်ဦးလျှင် ကျပ်၅သိန်းစီ ပေးလျော်မည်ဖြစ်သည်။ အဆိုပါလျော်ကြေးငွေများအား ယခုလ ခုနစ်ရက်အတွင်း လာရောက် ထုတ်ယူရမည်ဟု သိရသည်။

ထို့အပြင် ကုမ္ပဏီမှ တရားစွဲဆိုထားသည့် ရွှေလုပ်သား ၃၅ ဦးကိုလည်း အမှုကျေအေးရုပ်သိမ်းပေးခဲ့ပြီး အသေးစားရွှေလုပ်ငန်းလုပ်ကိုင်လိုသူများအား ပေါင်းလောင်းဒေသတွင် ပြောင်းရွှေ့လုပ်ကိုင်နိုင်ရန် သတ္တုတွင်း လုပ်ငန်းဌာနသို့ လျှောက်ပေးထားကြောင်း ကုမ္ပဏီ စီမံကိန်းညွှန်ကြားရေးမှူး ဦးထွန်းအောင်စိုးက ပြောသည်။

"သူတို့နဲ့ ဆက်လုပ်ဖို့ လက်မခံပါဘူး။ အခုတောင် ပြဿနာဒီလောက်တက်နေတာ။ နောက်ထပ် သူတို့နဲ့ ဆက်လုပ်ရင်လည်း ဒီလိုပြဿနာပဲ တက်နေဦးမှာ။ သူတို့ပြောင်းပေးတဲ့နေရာနဲ့ လက်ရှိသူတို့ယူထားတဲ့ နေရာက ရွှေပါနှုန်းက တအားကွာတာပေါ့။ ကျွန်တော်တို့က ဒီနေရာမှာပဲ ဆက်လက်လုပ်ကိုင်ခွင့်တောင်းတာ"ဟု ဆန္ဒပြတောင်းဆိုမှုတွင် ပါဝင်ခဲ့သော ဦးအောင်ကြီးကပြောသည်။

ကုမ္ပဏီက ရွှေလုပ်သားများနှင့် ယခင်က သဘောတူစာချုပ်ချုပ်ဆိုခဲ့သော်လည်း လိုက်နာမှုအားနည်းခဲ့သည်။ ထို့ကြောင့် ရွှေလုပ်သားများသည် နေပြည်တော်သို့ လမ်းလျှောက်ချီတက်ဆန္ဒပြခဲ့ရာ တောင်ငူခရိုင် ရေနီစက္ကူစက်လမ်းဆုံတွင် ရဲတပ်ဖွဲ့ဝင်များက ခေါင်းဆောင်လေးဦးအား ဖမ်းဆီးခဲ့သည်။

ထို့နောက် ၂၀၁၂ နိုဝင်ဘာ ၃၀ ရက်တွင် ရေတာရှည်မြို့နယ် တရားရုံး၌ ပုဒ်မ ၅၀၅(ခ)ဖြင့် အမှုဖွင့်ခဲ့ပြီး နောက်ထပ် ပုဒ်မ (၁၈) ဖြင့် ထပ်မံတရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# တရားမဝင်ကုန်သွယ်မှု တားဆီးရေး စတင်သည့် နှစ်လအတွင်း ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ သန်း ၁၄၀ ကျော် တိုးလာ

**ပြည့်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၇**

တရားမဝင် ကုန်သွယ်မှု တားဆီးရေး စတင်သည့် နှစ်လအတွင်း ကုန်သွယ်မှုတန်ဖိုးမှာယခင်နှစ်ကထက် အမေရိကန်ဒေါ်လာ သန်း ၁၄၀ ကျော် တိုးမြှင့်ရရှိခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ သတင်းရရှိသည်။



ကားအင်ဂျင်များသယ်ဆောင်လာသည့်ယာဉ်အား အကောက်ခွန်သိုလှောင်ရုံတွင် ပစ္စည်းများချပြီးစစ်ဆေးနေစဉ်

တရားမဝင် ကုန်သွယ်မှု (မှောင်ခို)တားဆီးရေးကို နိုဝင်ဘာလမှစတင်၍ မူဆယ်နှင့် မြဝတီလမ်းကြောင်းတို့တွင် စတင်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောကြားသည်။

"စစ်ဆေးတဲ့အခါမှာ ဒေါသ၊ အာဃာတတွေနဲ့ မလုပ်မိဖို့ လိုတယ်။ လမ်းကြောင်းပေါ် မှန်မှန်ကန်ကန်ရောက်အောင် ဌာနဆိုင်ရာက စိတ်ရှည်ရှည်နဲ့ ဆွဲဆောင်နိုင်ဖို့လိုတယ်"ဟု ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

ထို့အပြင် တရားမဝင်လမ်းကြောင်းမှ ကုန်ပစ္စည်းများ သွားနေရသည့် အကြောင်းရင်းကိုလည်း သိရှိလေ့လာဖို့လိုအပ်ကြောင်း ဦးဝင်းမြင့်ကဆိုသည်။

ထို့အပြင် စစ်ဆေးမှုအပိုင်းတွင် ကြန့်ကြာနေမှုများနှင့် ပတ်သက်၍ ကုန်သည်များ၏ ပြောဆိုမှုများနှင့် ပတ်သက်၍လည်း ဝန်ကြီးက အဆင်ပြေပြေနှင့် မြန်မြန်ဆန်ဆန်ဖြစ်အောင် ဆောင်ရွက်ရန်လည်း ပြောကြားသည်။

ပုပ်သိုးပျက်စီးလွယ်သည့် ကုန်ပစ္စည်းများကို ဖမ်းဆီးမိပါက ဆောင်ရွက်စရာများကို စစ်ဆေးပြီး အလျင်အမြန် ပိုင်ရှင်လက် ပြန်ပေးနိုင်ရန်ကိုလည်း ဝန်ကြီးက တရားမဝင် ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့အား ပြောကြားခဲ့သည်။

"မြဝတီလမ်းကြောင်းမှာတော့ အများဆုံးဖမ်းမိတာ ဘီယာမျိုးစုံနဲ့ အမည်လွဲတွေများတယ်။ ၎င်းပြောရည်လို့ လိုင်စင်လုပ်ပြီး Spy ဝိုင်အနက်တွေ သယ်လာတာမျိုးပေါ့"ဟု မြဝတီနယ်စပ်ကုန်သွယ်ရေး တရားမဝင်ကုန်စည်တားဆီးရေးအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးသိန်းဝင်းကပြောကြားသည်။

တရားမဝင်ကုန်သွယ်မှုတားဆီးရေးဆောင်ရွက်ပြီးနောက် မြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် နှစ်လတာကာလအတွင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သန်း ၂၀ တိုးတက်ရရှိလာသည်။ ယခုဘဏ္ဍာနှစ် ဧပြီမှ ဒီဇင်ဘာထိ တစ်နိုင်ငံလုံး ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၂၅၀၀ ကျော်ရှိပြီး ယခင်နှစ်က အလားတူကာလတွင် အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ ကျော်ရရှိသည်။



## ARV ဆေးဝယ်ယူရန် အစိုးရက ဘတ်ဂျက်ချပေးသော်လည်း သွင်းမည့်ကုမ္ပဏီမရှိသဖြင့် လူနာ ၆၀၀ အတွက် တစ်နှစ်စာ နစ်နာ

**မြတ်စုမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၇**

အိတ်ချ်အိုင်ဗီပိုးဖြင့် အသက်ရှင်နေထိုင်သူများအတွက် ARV ဆေးများ တိုးမြှင့်ပေးနိုင်ရန် ယခုနှစ်အတွင်း အစိုးရဘဏ္ဍာငွေ ကျပ်သိန်းနှစ်ထောင်ချထားပေးခဲ့ပြီး ပုဂ္ဂလိက ဆေးကုမ္ပဏီများအား တင်ဒါခေါ်ယူခဲ့သော်လည်း လာရောက်လျှောက်ထားသည့် ကုမ္ပဏီမရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

" ARV ဆေးဝါးအတွက် တင်ဒါခေါ်ယူတာကို သဘောမပေါက်ကြလို့ မလျှောက်ကြတာထင်ပါတယ်။ ဒီနှစ်အတွက်တော့တင်ဒါခေါ်ယူတာပြီးသွားပါပြီ။ နောင်နှစ်ကျမှ HIV Test Kit တွေကို အစားထိုးဝယ်ပေးသွားမယ်။ သွေးလှူရှင်တွေအားလုံး HIV စစ်နိုင်ဖို့အတွက် တိုးပြီးဝယ်သွားမှာပါ"ဟု ကျန်းမာရေးဝန်ကြီးဌာန ရောဂါနှိမ်နင်းရေးဌာနခွဲမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

ယခုနှစ်အတွက် အစိုးရဘဏ္ဍာငွေ ချထားပေးသည့် ငွေပမာဏသည် HIVပိုးဖြင့် အသက်ရှင် နေထိုင်သူ ၆၀၀ ဦးအတွက် တစ်နှစ်စာ ARV ဝယ်ယူနိုင်မည့်ပမာဏဖြစ်ပြီး ပြည်တွင်းကုမ္ပဏီများက ရောင်းချခြင်းမပြုပါက ပြည်ပကုမ္ပဏီများ၊ အဖွဲ့အစည်းများမှတစ်ဆင့်ဝယ်ယူသင့်ကြောင်း Myanmar Positive Group (MGP)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"HIV အတွက် အစိုးရဘတ်ဂျက်ထဲက ငွေချထားပေးတယ်ဆိုတာ ဒါပထမဆုံးပါ။ ဒါကို အသုံးပြုပြီး တကယ်ဝယ်လို့ရမယ့်နည်းလမ်းတွေ ရှာသင့်ပါတယ်။ INGOတွေကတစ်ဆင့် နိုင်ငံတကာ ဆေးဝါးတွေမှာ ဝယ်တဲ့နည်းနဲ့ ဖြေရှင်းနိုင်ပါတယ်။ မတ်လဘတ်ဂျက်နှစ်ကုန်သွားရင် ဒီငွေတွေက မသုံးလိုက်ရဘဲ ဖြစ်သွားမှာ" ဟု MPG ဥက္ကဋ္ဌ ဦးမျိုးသန့်အောင်က ပြောသည်။

မြန်မာနိုင်ငံတွင် ARV ဆေးဝါးလိုအပ်လျက်ရှိသည့် HIV Positive တစ်သိန်းနှစ်သောင်းကျော်ရှိပြီး Globel Fund ၏ စီအရ ၂၀၁၂ မှ ၂၀၁၅ ခုနှစ်အတွင်း လူပေါင်း ၈၅ ရာခိုင်နှုန်းအထိ ဆေးဝါးတိုးမြှင့်ပေးနိုင်ရန် ရည်မှန်းထားကြောင်း ရောဂါနှိမ်နင်းရေးဌာနခွဲမှ သိရသည်။

"တင်ဒါက စျေးနှုန်းသတ်မှတ်ပြီး ခေါ်တာမဟုတ်ဘူး။ ပြည်တွင်းပေါက်စျေးနဲ့ပဲ ညှိနှိုင်းပြီး ဝယ်ဖို့ခေါ်တာပါ။ ကုမ္ပဏီတွေက မစုံစမ်းကြလို့ပါ"ဟု အထက်ပါဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောသည်။

မြန်မာနိုင်ငံတွင် ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီများစွာရှိသည့်အနက် ARV ဖြန့်ဖြူး ရောင်းချသည့် ကုမ္ပဏီမှာ ငါးခုသာရှိကြောင်းသိရသည်။ ယခုတင်ဒါခေါ်ယူပြီး အစိုးရက ဝယ်ယူမည့် ARV ဆေးဝါးများသည် အစိုးရဆေးရုံများနှင့် ချိတ်ဆက်ကာ ဆေးဝါးကုသမှုခံယူနေသည့် HIVပိုးဖြင့် အသက်ရှင်နေထိုင်သူများအတွက်ဖြစ်ကြောင်း သိရသည်။

"နောင်နှစ်ခါ HIV Task Kit တွေ ဘယ်လောက်ဝယ်မယ်ဆိုတာက ကုမ္ပဏီတွေက ဘယ်လောက်တင်သွင်းနိုင်မလဲဆိုတာ ကြည့်ရဦးမှာပါ"ဟု ကျန်းမာရေးဝန်ကြီးဌာန ရောဂါနှိမ်နင်းရေးဌာနခွဲမှ တာဝန်ရှိပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.11, No.44 · JANUARY 10 , 2013

## တိုက်တေနီယမ်ပါဝင်သော မောင်တောဒေသရှိ သဲမြေကို တရုတ်ကုမ္ပဏီတစ်ခု ဝယ်ယူရန် စမ်းသပ်နေ

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၃**

ရခိုင်ပြည်နယ် မောင်တောမြို့ အငူမော်ကျေးရွာရှိ တိုင်တေနီယမ် ပါဝင်သည့် သဲမြေကို တရုတ်ကုမ္ပဏီတစ်ခုက ဝယ်ယူရန်အတွက် ယင်းသတ္တုပါဝင်ခြင်းရှိမရှိစမ်းသပ်စစ်ဆေးလျက်ရှိကြောင်း ရခိုင်ပြည်နယ် သတ္တုတွင်းဝန်ကြီးက ပြောကြားသည်။

ရွှေရှာသူများအမည်ရှိတရုတ်ကုမ္ပဏီသည် ထိုသဲမြေများကို ဝယ်ယူရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ထံ ခွင့်ပြုမိန့်တောင်းခံ၍ စမ်းသပ်စစ်ဆေးလျက်ရှိကြောင်း ရခိုင်ပြည်နယ်သတ္တုတွင်းဝန်ကြီးဦးအောင်သန်းတင်က ပြောကြားသည်။

"တိုင်တေနီယမ်သတ္တုတွေ ရာခိုင်နှုန်းဘယ်လောက်ပါဝင်လဲဆိုတာ စစ်ဆေးနေတယ်" ဟု ဦးအောင်သန်းတင်က ဆိုသည်။

တိုင်တေနီယမ်သတ္တုသည် မီးသင့်ကျောက်အမျိုးအစားတွင် ပါဝင်ကာ အပူဒဏ်ခံနိုင်၍ အလေးချိန် ပေါ့ပါးသည့်အတွက် လေယာဉ်ကိုယ်ထည်နှင့် ဒုံးပျံတည်ဆောက်ရာတွင် အသုံးပြုကြောင်း ဘူမိဗေဒ ပညာရှင် ဦးစိုးသိန်းက ပြောသည်။

ထိုသဲမြေတွင်တိုင်တေနီယမ်သတ္တုသာမကဘဲ ရွှေဖြူပါ ပါဝင်နေကြောင်း လွန်ခဲ့သည့် ငါးနှစ်ခန့်က ဒေဝူးကုမ္ပဏီ ရေနံလာရောက်တူးဖော်ကတည်းကပင် သတင်းထုတ်ပြန်ထားကြောင်း၎င်းကဆက်လက်ပြောသည်။

"အဖိုးတန်သဲတွေမသိတော့ အမြဲတမ်းဆော့ကစားနေတာ၊ ဓာတ်ခွဲစမ်းသပ်တော့မှ အဖိုးတန်တွေ ဖြစ်နေတယ်" ဟု ဦးစိုးသိန်းက ပြောသည်။

လွန်ခဲ့သောနှစ်အနည်းငယ်က ဒေဝူးကုမ္ပဏီသည် ယင်းသဲမြေတွင် ရွှေဖြူတွေ့သည်ဟု ထုတ်ပြန်ခဲ့သည်မှာ မှန်ကန်ကြောင်း ဦးအောင်သန်းတင်က ထောက်ခံပြောကြားသည်။

ထိုသဲမြေဝယ်ယူရန်စစ်ဆေးခြင်းနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းအောင် ပြုလုပ်သင့်ပြီး ပြည်သူ့ဆန္ဒနှင့်အညီလုပ်ကိုင်သင့်ကြောင်း ရခိုင်အမျိုးသားကွန်ရက်မှ ကိုမျိုးချစ်က ပြောသည်။

တိုက်တေနီယမ်သတ္တုသည် မြန်မာနိုင်ငံ၌ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထွက်ရှိပြီး အခြားသတ္တုများနှင့်ပါ တွဲဖက်တွေ့ရှိကြောင်း ဘူမိဗေဒပညာရှင် ဦးစိုးသိန်းကပြောသည်။

## ၂၀၁၂အတွင်း ရထားတိုက်မှုကြောင့် သေဆုံးသူ ၈၀ကျော်ရှိ

**အိမွန်ကျော်**

**ရန်ကုန်၊**
**ဇန်နဝါရီ -၅**

ရထားတိုက်မှုများကြောင့် ၂၀၁၂ ခုနှစ်အတွင်း သေဆုံးသူဦးရေမှာ ဒဏ်ရာရသူဦးရေထက် ပိုများကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

တစ်နှစ်တာအတွင်း ရထားတိုက်မှု အကြိမ် ၁၅၀ ခန့်ဖြစ်ပွားခဲ့ရာမှ သေဆုံးသူ ၈၀ ကျော်ရှိပြီး ဒဏ်ရာရရှိသူ၆၀ကျော်ရှိကာ အမျိုးသားဦးရေ ပိုများခဲ့သည်။

ဧပြီလအတွင်း ရထားတိုက်သေဆုံးမှုအများဆုံး ဖြစ်ပွားခဲ့ပြီး သုံးသပ်ချက်များအရ ညအချိန်ထက် နေ့အချိန်တွင် ပို၍များပြားခဲ့သည်။

မီးရထားရဲတပ်ဖွဲ့အပိုင်နယ်မြေအတွင်း အများပြည်သူ လုံခြုံရေးအတွက် ဆောင်ရွက်နေသော်လည်း သောက်စားမူးယစ်ပြီး ရထားလမ်းပေါ် အိပ်နေခြင်း၊ ကျွဲ၊ နွားများ ကျောင်းနေစဉ် အိပ်ပျော်နေခြင်း၊ ညအချိန်ရထားလမ်းပေါ်၌စုံတွဲများချိန်းတွေ့နေစဉ်တိုက်မိသေဆုံးခြင်းများ အများဆုံးဖြစ်ပွားလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က လွှင့်တင်ထားသည့် 'ရဲဇာနည်' ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြထားသည်။



ရန်ကုန်မြို့တွင်း မြို့ပတ်ရထားတစ်စင်း

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထို့အပြင် ရထားနှင့်ဆက်စပ်မှုခင်းများအဖြစ် ရထားစီးခရီးသည်များအား ခဲဖြင့်ပေါက်မှုများလည်းရှိနေပြီး၊ ခရီးသည်အားမိတ်ဖွဲ့ပြီး အရက်၊ အချိုရည်၊ လက်ဖက်ရည်တို့တွင် ဆေးခတ်တိုက်ကျွေးကာ ပစ္စည်းခိုးယူမှုများလည်း ဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

# အရပ်သားလူငယ်သေဆုံးသည့်ကိစ္စ တပ်တွင်းခုံရုံး စတင်စစ်ဆေး

**အောင်သစ်လွင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၆**

သေဆုံးသွားသည့် အရပ်သားလူငယ်ကိစ္စတွင် ပါဝင်ပတ်သက်မှုကြောင့် ဖမ်းဆီးထားသော တပ်မတော်သား သုံးဦးအား တိုင်းစစ်ဌာနချုပ် ညွှန်ကြားမှုဖြင့် စတင်ခုံရုံးဖွဲ့ စစ်ဆေးနေပြီဖြစ်ကြောင်း စုံစမ်းရေးအဖွဲ့တွင် ပါဝင်သော အမှတ် (၅) တပ်မတော်လေ့ကျင့်ရေးကျောင်းမှ ဒုတိယဗိုလ်မှူးကြီး သုတက ပြောကြားသည်။

"တိုင်းစစ်ဌာနချုပ်က ဒီဖြစ်စဉ်ကို စုံစမ်းစစ်ဆေးဖို့အတွက် ကျွန်တော်အပါအဝင် အရာရှိသုံးယောက်ကို တာဝန်ပေးထားပါတယ်။ ကျွန်တော်တို့ အမှုမှန်ပေါ်ပေါက်ဖို့အတွက် တရားနည်းလမ်းကျကျ စုံစမ်းစစ်ဆေးသွားမှာပါ" ဟု ဆိုသည်။

တိုင်းစစ်ဌာနချုပ်သည် အမှုမှန်ပေါ်ပေါက်စေရန် ညွှန်ကြားထားပြီး ၎င်းတို့အနေဖြင့်လည်း အမှုတွင် ပါဝင်ပတ်သက်သူများအားလုံးကို သေချာစွာ စုံစမ်း စစ်ဆေး၍ အမှုမှန်ပေါ်ပေါက်ပြီဆိုပါက တပ်မတော်၏ လုပ်ထုံးလုပ်နည်းများအတိုင်း တပ်စည်းကမ်းဖြင့် လိုက်နာရမည့် သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် စစ်တရားရုံးက အမှုစီရင်မည်ဖြစ်ပြီး နယ်ဘက် စီရင်မှုဖြစ်လျှင်သက်ဆိုင်ရာ အရပ်ဘက်တရားရုံးသို့လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သေဆုံးသူ မောင်သန်းထိုက်အောင်၏ မိခင် ဒေါ်ကြည်ကြည်ခင်က "တပ်မတော်က ဗိုလ်ကြီးတွေက ကျွန်မတို့ကို စစ်ဆေးတဲ့အခါ သူတို့ကို မကြောက်ဘဲနဲ့ မှန်မှန်ကန်ကန် ထွက်ဆိုဖို့ ပြောပါတယ်။ ငါးရက်ဆက်တိုက် စစ်ဆေးခဲ့ပြီး နောက်ဆုံးနေ့မှာ ထွက်ဆိုခဲ့တာတွေ မှန်၊ မမှန် ပြန်ဖတ်ခိုင်းပြီး ကျွန်မတို့ ထွက်ဆိုခဲ့တဲ့ အတိုင်း ဖြစ်ခဲ့တဲ့အတွက် လက်မှတ် ထိုးပေးလိုက်ပါတယ်" ဟု ဆိုသည်။

ဒေါ်ကြည်ကြည်ခင်က ဆက်လက်၍ သားဖြစ်သူ သေဆုံးမှုနှင့်ပတ်သက်ပြီး ဟင်္သာတမြို့ပေါ်တွင် ပြောဆိုနေကြသလို မိဘများအနေဖြင့် တပ်မတော်မှ လျော်ကြေးယူ၍ ကျေအေးပေးလိုက်ပြီဆိုသည်မှာ မဟုတ်မှန်ကြောင်းနှင့် သားဖြစ်သူအပေါ် ပြစ်မှုကျူးလွန်သူများအား မှန်ကန်စွာ အရေးယူပေးရေးကိုသာ အလေးထားကြောင်း ပြောသည်။

ဟင်္သာတမြို့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မြှင့်တင်သူများကွန်ရက်မှ ကိုကျော်စွာက "ပြစ်မှုကျူးလွန်ကြောင်းလည်း ထင်ရှားနေပြီဖြစ်တဲ့ အတွက် တာဝန်ရှိသူတွေအနေနဲ့ ဘယ်လိုအရေးယူမလဲဆိုတာ သတင်းထုတ်ပြန်ပေးသင့်ပါတယ်" ဟု သုံးသပ်ပြောကြားသည်။

"စစ်သားဆိုတာ အရပ်ဘက်ဥပဒေနဲ့ စစ်ဘက်ဥပဒေ အုပ်ချုပ်မှုစနစ်အောက်မှာ ရှိပါတယ်။ စစ်သားမှန်သမျှ အမှုဖြစ်ရင် စစ်တပ်ကပဲ စုံစမ်းစစ်ဆေးရမှာပါ။ စစ်ဆေးပြီးကာမှ အရပ်ဘက်တရားရုံးက တရားစီရင်မလား။ စစ်ဘက်တရားရုံးက တရားစီရင်မလားဆိုတာ ဥပဒေအတိုင်း ဆက်လက်လုပ်ဆောင်ရမှာပါ" ဟု တရားရုံးလွှတ်တော် ရှေ့နေ ဦးကိုနီက ပြောသည်။

ဦးကိုနီက ဆက်လက်ပြောကြားရာတွင် အမှုအခင်းဖြစ်ပွားရာနေရာရှိ ဒေသခံများ အနေဖြင့် စစ်တပ်မှ စုံစမ်းစစ်ဆေးနေခြင်းကို စိတ်ရှည်ရှည်ထား စောင့်ကြည့်ရန် လိုအပ်ပြီး ဆန္ဒမစောရန် အရေးကြီးကြောင်း စစ်ဘက်မှ စုံစမ်းစစ်ဆေးခြင်းသည် အစဉ်အလာ အရပြစ်မှုကျူးလွန်သူများအပေါ် သက်ညှာလေ့မရှိသောကြောင့် တရားမျှတမှု ရှိလိမ့်မည်ဟု ယုံကြည်သင့်ကြောင်း ဖြေကြားသည်။



(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပွဲများကို နိုင်ငံတစ်ဝန်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ကျင်းပခဲ့ရာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်အတွင်း အားကစားပွဲတစ်ခုကို မြင်ရစဉ်

ဓာတ်ပုံ-ကျော်ဇင်သန်း

# ကရင်အမျိုးသားအစည်းအရုံး စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်ရန် စိတ်ဝင်စား

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၇**

ကရင်အမျိုးသားအစည်းအရုံး (KNU)က စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် စီးပွားကူးသန်းဝန်ကြီးဌာနသို့ အကူအညီတောင်းခံလာကြောင်း ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က ပြောကြားသည်။

"လောလောဆယ်တော့ ပြည်နယ်အတွင်း ဆေးဝါးအတုတွေ ကြီးစိုးနေလို့ စစ်မှန်တဲ့ ဆေးဝါးတွေကို ထုတ်လုပ်ဖြန့်ချိချင်တယ်လို့ ဥက္ကဋ္ဌ မူးတူးစေဖိုးကပြောတယ်" ဟု ဦးဝင်းမြင့်က သတင်းထောက်များအား ရှင်းပြသည်။

ကရင်အမျိုးသား အစည်းအရုံးအနေဖြင့် စီးပွားရေးလုပ်ကိုင်မည်ဆိုပါက အဆင်ပြေရန် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုစီးပွားကူးသန်းဝန်ကြီးဌာနကပြုလုပ်ပေးမည်ဖြစ်ကြောင်းပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**စာ(၁၂)သို့**



7 ရ ရက် သတင်းဂျာနယ် DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013



## ၂၀၁၃ ဇန်နဝါရီ ၉မှ ၁၅ရက်ထိ မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် လေထုမငြိမ်မသက်ဖြစ်ပေါ်ကာ လေဖိအားနည်းရပ်ဝန်း ဆက်လက်ဖြစ်ပေါ်နိုင်သော်လည်း မုန်တိုင်းတစ်ခုဖြစ်လာရန် အလားအလာမရှိနိုင်ပါ။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနိုင်ပါတယ်။ တောင်တရုတ်ပင်လယ်ပြင်တွင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဆက်လက်တည်ရှိနေနိုင်ပြီး ပိုမိုအားကောင်းလာတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းဒေသတွေမှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့် ၁ ပေခန့် ရှိနိုင်ပါတယ်။ ကမ်းလွန်ပင်လယ်ပြင်ဒေသတွေမှာတော့ လှိုင်းအမြင့် ၂ပေမှ ၃ ပေခန့် ရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

စစ်ကိုင်းတိုင်းအထက်ပိုင်းနဲ့ ကချင်ပြည်နယ်တို့မှာ တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကချင်ပြည်နယ် မြောက်ပိုင်းမှာ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါတယ်။ ကျန်တစ်ပြည်လုံးမှာ သာယာပါမယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ**

တစ်ပြည်လုံးတွင် မိုးတိမ်တောင်ဖြစ်ရန် အလားအလာများမရှိနိုင်ပါ။

**ညအပူချိန်များ**

မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းဒေသများဖြစ်ကြတဲ့ ကချင်ပြည်နယ်အရှေ့မြောက်ပိုင်းနဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသတွေမှာ ညအပူချိန်များ ၅ ဒီဂရီစင်တီဂရိတ်အောက် ကျဆင်းနိုင်။ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ ညအပူချိန်များ ဖြစ်မြဲထက် အနည်းငယ်ပိုနိုင်ပြီး အအေးပေ့ါနိုင်ပါတယ်။ ကျန်ဒေသများမှာ ညအပူချိန်များ ပုံမှန်ခန့် ရှိနိုင်ပါတယ်။

**နေ့အပူအချိန်များ**

တစ်ပြည်လုံးမှာ နေ့အပူချိန်များ ပိုမိုမြင့်တက်လာနိုင်။ အထူးသဖြင့် ရခိုင်ပြည်နယ်တောင်ပိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်း၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ နေ့အပူချိန်များ ဖြစ်မြဲထက် သိသိသာသာ ပိုမိုမြင့်တက်လာနိုင်ပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မန္တလေးတိုင်းနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှာ နေ့အပူချိန်များ ပုံမှန်ထက် အနည်းငယ်ပိုနိုင်ပါတယ်။ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်း အထက်ပိုင်းတွေမှာ နေ့အပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပြီး ကျန်တစ်ပြည်လုံးမှာ ဖြစ်မြဲခန့်သာ ရှိနိုင်ပါတယ်။

**မြူကျဆင်းနိုင်မှုအခြေအနေ**

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှာ နံနက်ပိုင်းအချိန်ခါများမှာ မြူထူများ ကျဆင်းနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်တွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဆက်လက်တည်ရှိနေနိုင်ပြီး ပိုမိုအားကောင်းလာပါတယ်။

**ဒေါက်တာထွန်းလွင်**

## အေအာရ်တီကုထုံး လိုအပ်နေသည့် ကချင်ပြည်နယ်ရှိ အိတ်ချ်အိုင်ဗီ လူနာ ၄၀ ခန့် ဒုက္ခသည်စခန်းများတွင် တိမ်းရှောင်နေရ

**မြတ်စုမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၆**

အေအာရ်တီဆေးဝါးကုထုံးဖြင့်ကုသရန်လိုအပ်လျက်ရှိသည့် HIV ပိုးဖြင့် အသက်ရှင်နေထိုင်သူ ၄၀ ဦးခန့်သည် ကချင်ပြည်နယ်တွင် လက်ရှိဖြစ်ပွားလျက်ရှိသောတိုက်ပွဲများကြောင့် ဒုက္ခသည်စခန်းများသို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း Myanmar Positive Group (MPG) ဥက္ကဋ္ဌက ပြောသည်။

"ကချင်အမျိုးသမီးအဖွဲ့တွေက ထုတ်ပြန်ချက်အရ KIO နဲ့ နီးစပ်တဲ့ စခန်းတွေဘက်ကို အများဆုံးရောက်နေတယ်လို့သတင်းအချက်အလက်ရတယ်။ ဒီလူတွေကို ကူညီနိုင်ဖို့အတွက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနဘက် ရော၊ တိုင်းရင်းသားလက်နက်ကိုင်တွေဘက်ကိုပါညှိနှိုင်းစီစဉ်ထားတယ်။ ဒီလထဲမှာ အဲဒီကို သွားမှာပါ" ဟု ဥက္ကဋ္ဌ ဦးမျိုးသန့်အောင်က ပြောသည်။

ကချင်ပြည်နယ်တွင် ARV ဆေးဝါးသောက်သုံးနေရသည့် HIV ပိုးဖြင့် အသက်ရှင်နေထိုင်သူ စုစုပေါင်း ၈၀၀ ကျော်ရှိပြီး ထွက်ပြေးတိမ်းရှောင်သူများမှ အပကျန် ၇၀၀ ကျော်မှာ ဆေးဝါးပုံမှန်သောက်သုံးခွင့်ရရှိကြောင်း MPG မှ သိရသည်။

မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်ရှိ ဒေသအချို့တွင် HIV Positive များအတွက် ဆေးကုသမှုနှင့် ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရခြင်းများကြောင့် အသက်အန္တရာယ်သာမက ဆေးယဉ်ပါးသည့် ပိုးများဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များရှိကြောင်း MPG က ထုတ်ပြန်ထားသည်။

"ရခိုင်ပြည်နယ်မှာ ပဋိပက္ခတွေကြောင့် ဆေးပုံမှန် မသောက်သုံးရလို့ သေဆုံးသွားသူ သုံးဦးရှိခဲ့တယ်။ ပဋိပက္ခတွေသာမရှိရင် ဒီလူတွေ မသေနိုင်ပါဘူး" ဟု ဦးမျိုးသန့်အောင်က ပြောသည်။

MPG သည် သက်ဆိုင်ရာတာဝန်ရှိသော အစိုးရဌာနများ၊ ကုလသမဂ္ဂတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဝန်ဆောင်မှုပေးနေသူများအား ၂၀၁၂ ခုနှစ်ကုန်ပိုင်းက ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ငြိမ်းချမ်းရေးကို အမြန်ဆုံးအကောင်အထည်ဖော်ပေးရန်နှင့် ဆေးဝါးကုသမှုလုပ်ငန်းများ အဆက်မပြတ်သွားစေရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ပေးရန် တောင်းဆိုချက်ထုတ်ပြန်ထားသည်။

MPG သည်ကိုယ့်အားကိုယ်ကိုး အုပ်စု (SHG) များဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံရှိ HIV ပိုးဖြင့် အသက်ရှင်နေထိုင်သူများပါ ဝင်သည့် ကွန်ရက်ဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ ပြည်နယ်နှင့် တိုင်း ၁၄ ခု၌ အဖွဲ့ပေါင်း ၂၁၄ ဖွဲ့ ပါဝင်ပြီး အဖွဲ့ဝင်ဦးရေ တစ်သောင်းကျော်ရှိသည်။

## အဲကွန်းပါလေအိတ်ယာဉ်များ ရန်ကုန်-ထားဝယ် စမ်းသပ်ပြေးဆွဲ

**အိမွန်ကျော်**

**ရန်ကုန်၊ ဇန်နဝါရီ -၄**

ရိုးရိုးမှန်လုံယာဉ်များဖြင့် ပြေးဆွဲနေသော ရန်ကုန်-ထားဝယ် -ရန်ကုန် အဝေးပြေးခရီးစဉ်ကို အဲယားကွန်းပါ လေအိတ်ယာဉ်များဖြင့် တိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်း ရွှေလီရတနာအဝေးပြေးယာဉ်လိုင်းမှ သတင်းရရှိသည်။

ရန်ကုန်မှ မိုင်ပေါင်း ၄၀၀ နီးပါး ကွာဝေးပြီး နာရီ ၂၀ ကျော်ကြာသွားလာရသည့် အဆိုပါ ခရီးစဉ်အတွက် သက်သောင့်သက်သာရှိစေရန် လေအိတ်များဖြင့် ပထမဆုံးအကြိမ် စမ်းသပ်ပြေးဆွဲခြင်းကို ဇန်နဝါရီ ၂ ရက်တွင် စတင်ခဲ့ကြောင်း အဆိုပါ ယာဉ်လိုင်းမှ တာဝန်ခံ ဦးရန်နိုင်က ပြောသည်။

ခရီးစဉ်တစ်ကြောင်းအတွက် စမ်းသပ်ပြေးဆွဲနေစဉ်ကာလအတွင်း လူတစ်ဦးလျှင် ၁၃,၀၀၀ ကျပ်အဖြစ် ယာယီသတ်မှတ်ထားပြီး လက်မှတ်ဈေးနှုန်း အတည်ပြုနိုင်ရန် သက်ဆိုင်ရာနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေကြောင်း အဆိုပါယာဉ်လိုင်းမှ တာဝန်ရှိသူက ပြောသည်။

မြန်မာပြည်တောင်ဘက်ပိုင်းရှိ ထားဝယ်မြို့သည် ရေနက်ဆိပ်ကမ်း အပါအဝင် စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများကြောင့် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်တွင် ယခင်နှစ်များထက် ခရီးသွားဦးရေ ပိုမိုများပြားလာကြောင်း အောင်မင်္ဂလာကားဝင်းအတွင်းရှိထားဝယ်ယာဉ်လိုင်းများမှ သတင်းရရှိသည်။

လေကြောင်းခရီးဖြင့်သွားပါက တစ်ကြောင်းစာကို ကျပ် ၇၀,၀၀၀ အထိ ကုန်ကျပြီး လက်ရှိပြေးဆွဲနေသော ရိုးရိုးမှန်လုံယာဉ်များဖြင့် သွားပါက ၉၅၀၀ ကျပ်ကျသင့်သော အဆိုပါ ထားဝယ်ခရီးစဉ်တွင် အဲယားကွန်းပါလေအိတ်ယာဉ်များဖြင့် တိုးချဲ့ပြေးဆွဲရာ၌ ခရီးသွားများ စိတ်ဝင်စားမှုကို ရရှိခဲ့ကြောင်း ရွှေလီရတနာမှ တာဝန်ရှိသူက ပြောသည်။

"စီးပွားရေးလုပ်ငန်းရှင်တွေက လေယာဉ်နဲ့ သွားတယ်။ လေယာဉ်မရတဲ့ သူတွေက ကားဘက်လှည့်လာတယ်" ဟု ဦးရန်နိုင်က ပြောသည်။

ခရီးသွားများလာသည့် ရန်ကုန်-ထားဝယ်ခရီးစဉ်အတွက် ယာဉ်လိုင်းများအနေဖြင့်ဝန်ဆောင်မှုတိုးချဲ့ခြင်းဖြင့် အပြိုင်အဆိုင်ဖြစ်လာသည်ကို ကြိုဆိုကြောင်း ထားဝယ်မြို့ ဝဲကျွန်းရပ်ကွက်မှ ဒေသခံတစ်ဦးကပြောသည်။ ထားဝယ်မြို့၏သတင်းများကိုဦးစားပေးဖော်ပြနေသော Dawei Watch ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်လည်း အဆိုပါခရီးစဉ်ကို "ထားဝယ်-ရန်ကုန်ခရီးစဉ်အတွက် မျက်နှာစာအသစ်တစ်ရပ်" ဟု ဖော်ပြထားသည်။

7 ရ ရက် သတင်းဂျာနယ် DAY NEWS JOURNAL

**ကိုယ့်ဒေသမှာပင် သတင်းထောက်လုပ်လိုသူများအတွက် အထူးအခွင့်အလမ်း**

**ကိုယ့်မွေးရပ်မြေတွင်နေထိုင်၍ သတင်းထောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများကို 7Day News က အလိုရှိသည်။ ထားဝယ်၊ မြိတ်၊ မိတ္ထီလာ၊ တောင်ကြီး၊ မူဆယ်၊ လားရှိုး၊ တာချီလိတ်၊ မြစ်ကြီးနား၊ မကွေး၊ ကလေး၊ မော်လမြိုင်၊ ဟားခါး၊ ဘားအံ၊ ပုသိမ်၊ လပွတ္တာမြို့များမှ သတင်းထောက်အလုပ်ကို အမှန်တကယ်စိတ်ဝင်စားသူ၊ အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ၊ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း (အထက်ပါမြို့များတွင်နေထိုင်သူ)ရှိသူများ လျှောက်ထားနိုင်သည်။ လိုအပ်လျှင် ခရီးထွက်နိုင်ရမည်ဖြစ်သည်။ သတင်းစာပညာသင်ကြားပေးမည်ဖြစ်၍ သတင်းထောက်အဖြစ် မလုပ်ကိုင်ဖူးသူများ ဦးစားပေးမည်။**

**7 Day News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် အခွင့်အရေး**

၁။ **စာပြင် (Proof Reader)** (၃) ဦး (ကျား/မ)
စာပြင်အတွေ့အကြုံရှိသူ ဦးစားပေးမည်။ မြန်မာစာဘာသာရပ်ဖြင့် ဘွဲ့ရပြီးသူ (သို့မဟုတ်) မြန်မာစာ သဒ္ဒါကျွမ်းကျင်သူ၊ အထွေထွေဗဟုသုတကြွယ်ဝသူ ဦးစားပေးမည်။ နေ့၊ ည မရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ (လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။)

၂။ **Layout Designer** (၅) ဦး (ကျား/မ)
Adobe Indesign (Expert), Adobe Photoshop (Essential), Adobe Acrobat(Essential), Adobe Illustrator(Essential), Newspaper Layout Design ကို ကောင်းမွန်စွာ နားလည်တတ်ကျွမ်းရမည်ဖြစ်ပြီး ဒီဇိုင်းအမြင်ရှိရမည်။

၃။ **Admin Staff** (၁) ဦး (မ)
တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်ပြီး ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

၄။ **စာစီစာရိုက်ကျွမ်းကျင်** (၅) ဦး (ကျား)
Adobe Indesign ကျွမ်းကျင်ရမည်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ နေ့၊ ည မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

**မှတ်ချက်** ✵ ✵ **အမှတ်စဉ် ၂ မှ ၄ အတွင်း လျှောက်ထားသူများသည် အသက် ၃၀ အောက်ဖြစ်ရမည်။**

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့်ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။
အခန်းအမှတ် (G-12)၊ မြေညီထပ်၊ တိုက်(B)၊ Diamond Center ၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph : 512887, 513515~519

Diamond Centre (G-12) မြေညီထပ်၊ တိုက်(B)၊ အမှတ်(၄၉၇)၊
ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

## နိုင်ငံခြားခရီးသွားများ ရွှေတိဂုံစေတီတော်သို့ တစ်နှစ်အတွင်း သုံးသိန်းကျော် လာရောက်

**ဇွဲညက်**

**ရန်ကုန်၊ ဇန်နဝါရီ - ၆**

နိုင်ငံခြားသားလာရောက်မှုနှုန်းနှစ်စဉ်တိုးတက်လာသည်နှင့်အမျှ ရွှေတိဂုံစေတီတော်သို့ ၂၀၁၂တစ်နှစ်လုံးတွင် ခရီးသည် ၃ သိန်းကျော် လာရောက်ခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သတင်းထုတ်ပြန်ချက်အရသိရသည်။

၂၀၁၂ ခုနှစ်အတွင်း နိုင်ငံခြားရီးသည် လာရောက်မှုနှုန်းသည် ပြီးခဲ့သည့် နှစ်နှင့် နှိုင်းယှဉ်လျှင် ခရီးသည် တစ်သိန်းကျော် မြင့်တက်ခဲ့ပြီး ပြင်သစ်၊ ဗြိတိန်နှင့် ရုရှားလူမျိုးများ လာရောက်မှုနှုန်း တိုးတက်ခဲ့ကြောင်း သတင်းရရှိသည်။

ရွှေတိဂုံစေတီတော်သို့ ၂၀၁၂ တစ်နှစ်လုံးတွင် အရှေ့တောင်အာရှ၊ ဥရောပ၊ အာဖရိက၊ မြောက်အမေရိက၊ တောင်အာဖရိကနှင့် အခြားနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၇ နိုင်ငံမှ ခရီးသွားဧည့်သည် ၃ သိန်းခွဲနီးပါး လာရောက်ခဲ့ပြီး အလှူငွေ အမေရိကန်ဒေါ်လာ ၁ သိန်းခွဲခန့်နှင့် FEC ၈ ရှစ်သိန်းကျော်ရရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၁၉ ရက်တွင် အမေရိကန်သမ္မတ အိုဘားမားသည် ရွှေတိဂုံစေတီတော်သို့ တက်ရောက်ကြည်ညိုခဲ့ပြီး အလားတူ အခြားသောနိုင်ငံအကြီးအကဲများလည်း တက်ရောက်ကြည်ညိုကြသည်။

၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လေဆိပ်ဝင်ပေါက်များမှ တစ်နေ့လျှင် နိုင်ငံခြားသား တစ်ထောင်ခန့် နေ့စဉ်ဝင်ရောက်ခဲ့သည်။

ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ၂၀၁၂ ဩဂုတ်လ ၁၅ ရက်မှစ၍ ဘုရားဖူးလာ နိုင်ငံခြားသားများကို အင်တာနက်အခမဲ့ မိနစ် ၃၀ သုံးစွဲခွင့်ပြုခဲ့သည်။

Life
7 DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

SETRA
မှန်တန်တိကျ စိတ္တာမှ
စိတ္တာ
ခရီးသွားလုပ်ငန်း
01-968 8829~30, 09-731 35270



ရွှေတိဂုံဘုရားပေါ်တွင်တွေ့ရသော မိသားစုတစ်စု

ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

# အလိုအလျောက် ကလေးတစ်ယောက်ပေါ်လစီ

သတင်းအဖွဲ့

**နှုတ်ခမ်းစူထားသည့်အသက်လေးနှစ်အရွယ်သမီးငယ်ကိုညာဘက်ရင်ခွင်တွင် ချီပွေ့လျက် ကိုသိန်းဌေးတစ်ယောက် ခြေလှမ်းကျဲကြီးများဖြင့် ခပ်မြန်မြန်လျှောက်လှမ်းနေသည်။ တစ်ဦးတည်းသော သမီးငယ်လေးကို ပြင်ပနေ့ကလေးထိန်းကျောင်းကိုပို့မည်။ ပြီးမှ သူ့မိန်းမ ရောက်နှင့်နေသော အုတ်သဲကျောက်ဆိုင်လေးဆီသို့ အပြေးသွားမည်ဟု စိတ်ကူးလိုက်သည်။**

ယနေ့ခေတ် မြို့ပြနေလူတန်းစားများတွင် အိမ်ထောင်ပြုပြီး မိသားစုများမှာ ရင်သွေးတစ်ယောက်ထက် ပိုယူရန် တဖြည်းဖြည်း ခက်ခဲလာနေသည်။

မြန်မာနိုင်ငံတွင် တရုတ်ပြည်ကဲ့သို့ “ရင်သွေးတစ်ဦးတည်းမူဝါဒ” မရှိသော်လည်း လူမှုစီးပွားရေးအခက်အခဲမျိုးစုံရှိသော မြို့ပြနေလူတန်းစား အများစုအတွက် အလိုလိုပြဋ္ဌာန်းပေးထားသကဲ့သို့ ဖြစ်နေပြီး ကလေးယူနှုန်းကျဆင်းနေခြင်းဖြစ်သည်။

ကိုသိန်းဌေးတို့မိသားစုမှာလည်း ထိုကဲ့သို့အခက်အခဲဖြစ်နေသော မြို့နေလူတန်းစားများထဲမှ ဘဝတစ်ခုပင်ဖြစ်သည်။

“ကလေးတစ်ယောက်တည်းနဲ့တောင် အလုပ်ကို လင်မယားနှစ်ယောက်လုံး ကြိုးစားနေရတာ။ နောက်တစ်ယောက်ထပ်ယူဖို့ တော်တော်စဉ်းစားရမယ်”ဟု ကိုသိန်းဌေးက သက်ပြင်းခပ်ဖွဖွချရင်း ညည်းတွားသည်။

လူပေါင်း ၃၅၀ ခန့်အား အင်တာနက်နှင့် လူတွေ့မေးမြန်းချက်များအရ မြို့ပြနေ လူတန်းစားများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ကလေးတစ်ယောက်ထက် ပိုယူရန် ခက်ခဲလာနေကြောင်း ပြောဆိုကြသည်။

“တစ်လကို ရှစ်သောင်းပဲရတယ်။ မိန်းမကလည်း ကလေးထိန်းမယ့်လူမရှိလို့ အလုပ်ထွက်လိုက်ရတယ်”ဟု အသက် ၃၅ နှစ်အရွယ် ကလေးတစ်ယောက်ဖခင် ကုမ္ပဏီဝန်ထမ်းတစ်ဦးက သူကြုံတွေ့နေရသည်များကို ပြောပြသည်။

လူတစ်ယောက်၏နေ့စဉ်ဝင်ငွေမှာ ယနေ့မြို့ပြလူနေမှုစနစ်တွင် ကလေးနှစ်ယောက်ယူရန် ခက်ခဲသည်ဟု စစ်တမ်းဖြေဆိုနေသူများ၏ ၈၅ ရာခိုင်နှုန်းကဆိုသည်။

ကလေး တစ်ယောက်အတွက် မွေးဖွားစရိတ်မှာလည်း မြို့နေလူတန်းစားများအတွက် အခက်အခဲတစ်ရပ်ပင်။ ပုဂ္ဂလိကဆေးရုံများတွင် ကျပ်သိန်းဆယ်ဂဏန်းမျှကုန်ကျနေပြီး အစိုးရကျန်းမာရေးဆေးရုံများတွင်ပင် ကျပ်တစ်သိန်းဝန်းကျင်ခန့် ကုန်ကျနေသည်။

“အိမ်ထောင်ကျပြီးတဲ့အချိန်မှာ ကလေးယူဖို့ တော်တော်ငွေစုခဲ့ရတယ်”ဟု အရောင်းဝန်ထမ်းအမျိုးသမီးတစ်ဦးကပြောသည်။

“အလုပ်လုပ်ပြီး ကလေးယူတဲ့အခါကျရင် နေ့ကလေးထိန်းကျောင်းတွေ ပြီးတော့ လူမှုရေးအထောက်အပံ့တွေ နိုင်ငံတော်က ပြည့်စုံစွာ ထောက်ပံ့ဖို့လိုအပ်တယ်။ အခြားနိုင်ငံတွေမှာဆိုရင် လူမှုစီးပွားရေး အထောက်အပံ့ကောင်းကောင်းရှိကြတယ်”ဟု အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူ မဇင်မာအောင်က တိုက်တွန်းပြောဆိုသည်။

အိမ်ထောင်ပြုသည့်အသက်အရွယ် နောက်ကျလာခြင်းမှာလည်း ကလေးတစ်ယောက်ထက်ပိုယူရန် အခက်အခဲတစ်ခုအဖြစ်ပါဝင်သည်။ မြို့ပြတွင် ပညာသင်ကြားနိုင်သည့် အခွင့်အရေးများပြားလာခြင်း၊ ပညာရေးကို ဦးစားပေးကြခြင်း၊ ငွေကြေးစုဆောင်းမှုအတွက် အချိန်ပိုမိုယူလာခြင်းတို့ကြောင့် အိမ်ထောင်ပြုချိန်နောက်ကျလာခြင်းဖြစ်သည်ဟု ပညာရှင်များက ထောက်ပြသည်။

“အိမ်ထောင်ကျတဲ့အချိန်မှာ အသက်က ၄၀ နားနီးနေပြီ။ နောက်တစ်ယောက် ထပ်ယူဖို့ မလွယ်တော့သလို အပြင်မှာ အလုပ်လုပ်နေတဲ့မိခင်တစ်ယောက်အတွက် ကလေးတစ်ယောက်နဲ့တင် တော်တော်မလွယ်တော့ဘူး” ဟု အိမ်ထောင်သည်အမျိုးသမီး ဆရာဝန်တစ်ဦးကပြောသည်။

မိခင်ရော ဖခင်ပါ ရန်းကန်အလုပ်လုပ်နေရသည့် သားသမီးများတွင် ကလေးတစ်ယောက်မှာ နွေးထွေးသောမေတ္တာနှင့်အကြင်နာအားပေးမှု၊ အသိအမှတ်ပြုမှုများ မရရှိလျှင် ထိုကလေးမှာ စိတ်ရောကိုယ်ပါ ကျန်းမာသော ကလေးဖြစ်ရန်မလွယ်ကူတော့ဘဲ ကလေးအတွက်အနာဂတ်လည်းမကောင်းနိုင်တော့ဟု စာရေးဆရာမဂျူးက ပြောသည်။

“ကလေးတွေ အနာဂတ်မကောင်းခြင်းဟာ တိုင်းပြည်ရဲ့အနာဂတ်မကောင်းခြင်းပါပဲ”ဟု ဆရာမဂျူးက ဆက်လက်ပြောသည်။

၁၉၇၉ ခုနှစ်တွင် “တစ်အိမ်ထောင်တစ်ဦး မူဝါဒ”ကျင့်သုံးခဲ့သော တရုတ်ပြည်၌ လူငယ်များတွင် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာမူမမှန်မှုနှင့် လူမှုပြဿနာများ ကြုံတွေ့လာရသည်။ ယခုအခါ အဆိုပါ မူဝါဒကို ပယ်ဖျက်ရန် တရုတ်ပြည်သူအများစုက အစိုးရကို တစ်ညီတစ်ညွတ်တည်း တောင်းဆိုနေကြပြီဖြစ်သည်။

တစ်ဦးတည်းသော ကလေးများ အရွယ်ရောက်လာသောအခါ အသက်အရွယ်ကြီးရင့်ပြီဖြစ်သော မိဘနှစ်ပါးနှင့် နှစ်ဖက်ဘိုးဘွားများကို တာဝန်ယူရသည့် ဝန်ပိစေသောပြဿနာဖြစ်ပေါ်လာတတ်သည်။ ၎င်းကို ပညာရှင်များက ၄-၂-၁ပြဿနာဟုကောက်ချက်ပြုသည်။ ယင်းပြဿနာကြောင့် နိုင်ငံတစ်နိုင်ငံ၏ သက်ကြီးရွယ်အိုစောင့်ရှောက်မှုအပိုင်း၌ အင်အားချည့်နဲ့နိုင်သည်ဟု သုံးသပ်ထားကြသည်။

ထို့အပြင် တစ်ဦးတည်းသော ကလေးများတွင် ပြင်ပပတ်ဝန်းကျင်နှင့် ဆက်ဆံသောအခါ အံဝင်ခွင်ကျမဖြစ်မှုနှင့်ပြဿနာများကြုံတွေ့ရသောအခါ ကိုယ်တိုင်ဖြေရှင်းရဲသည့် သတ္တိနည်းလာနိုင်သည်ဟု စိတ်ပညာဌာနမှ ကထိကတစ်ဦးကရှင်းပြသည်။

သားသမီးဆိုသည်မှာ မိမိနှင့်ထိုက်မှရသည်ဆိုသော ယုံကြည်မှု၊ ကလေးများနေသော်လည်း ကလေးအကြီးက အငယ်ကို ထိန်းသည်ဟု ထင်မှတ်ထားသော ခေလေ့နှင့် မျိုးဆက်ပွားကျန်းမာရေးဗဟုသုတအားနည်းသူများတွင် ကလေးယူမှုများသည်ကို တွေ့ရသည်။

“သားသမီးဆိုတာ ကိုယ်နဲ့မထိုက်ရင် ဘယ်လောက်ပဲလိုချင်လိုချင် မရဘူး”ဟု အသက် ၄၅ နှစ်အရွယ် ဟင်းသီးဟင်းရွက်ရောင်းသည့် ဒေါ်ညိုကပြောသည်။

မြို့ပြနေ လူတန်းစားအများစု၏ အိမ်ထောင်ကျလျှင် ကလေးနှစ်ယောက် အနည်းဆုံးယူချင်သော ရာခိုင်နှုန်းမှာ ၆၀ ရာခိုင်နှုန်းကျော်ရှိနေသော်လည်း လူမှုစီးပွားရေး အခက်အခဲများကြောင့် ကလေးတစ်ယောက်ထက် ပိုယူရန် စိုးရွံ့နေကြခြင်းဖြစ်သည်။

ကျန်းမာရေး၊ ပညာရေးနှင့် စားဝတ်နေရေးစသည့် အရည်အသွေးပြည့်ဝသော ဘဝကို ပေးရန်အတွက် ကလေးဦးရေများလျှင် မပေးနိုင်ဟု ယူဆကြပြီး သားသမီးအယူနည်းသော မိသားစုများ မြို့နေလူတန်းစားထဲ များပြားလာခြင်းလည်း ဖြစ်သည်။

“ဒီခေတ်ကြီးမှာ ရွေးချယ်ပိုင်ခွင့်က လူတိုင်းမှာရှိတယ်။ ဒါပေမယ့် မရွေးချယ်ခင်မှာတော့ ရှေ့ကို ကြိုပြီးကြည့်သင့်ပါတယ်။ ကိုယ့်ဘဝရဲ့ နောက်ပိုင်းအတွက်ပါ ရည်ရွယ်ပြီး စဉ်းစားသင့်ပါတယ်”ဟု ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဆွေဇင်ထိုက်က ပြောကြားသည်။

ငယ်စဉ်အခါက မိမိလိုချင်သမျှရ၍ ကျေနပ်ခဲ့ရသော်လည်း အရွယ် ရောက်လာသောအခါ တစ်ဦးတည်းဘဝမှာ မကောင်းကြောင်း တဖြည်းဖြည်း သိလာရသည်ဟု အသက် ၃၃ နှစ်အရွယ် တစ်ဦးတည်းသောသားအဖြစ် နေလာရသူ ကိုပြည့်ဖြိုးအောင်က ပြောသည်။ “အရေးအကြောင်းကိစ္စဖြစ်ရင်လည်း အဆင်မပြေဘူး။ ကူညီမယ့်သူ နည်းတယ်။ ပြီးတော့ စိတ်ဖိစီးမှုလည်း ပိုများတယ်”ဟု ၎င်းကဆိုသည်။

မျိုးဆက်ပွားကျန်းမာရေး ဗဟုသုတနှင့် မိသားစုအစီအစဉ်များ (Family Planning)ရေးဆွဲခြင်းတို့ကို မြို့နေလူတန်းစားများက ကျေးလက်နေ လူတန်းစားများထက် ပို၍ကျင့်သုံးကြသည်ဟု နေပြည်တော်တွင် ကျင်းပသော ကမ္ဘာ့လူဦးရေနေ့ အခမ်းအနား၌ ဒုတိယသမ္မတ စိုင်းမောက်ခမ်းက ထည့်သွင်းပြောကြားခဲ့သည်။


အချို့မှာ ကလေးတစ်ယောက်သာ ရသေးသော်လည်း နောက်ထပ်တစ်ယောက် ထပ်ယူရန် အဆင်မပြေ၍ ကလေးမယူဘဲ သားဆက်ခြားရန် ဆေးထိုး၊ ဆေးသောက်နေသူ အများအပြားရှိကြောင်း ရန်ကုန်မြို့ရှိ ဆရာဝန်တစ်ဦးက ကြုံတွေ့နေရသည်များကို ရှင်းပြသည်။

**စာ(၁၂)သို့**



## အိုးလေး ချက်ကြရအောင်

### ပဲငါးပိကြက်ဥမွှေ



ဒီတစ်ပတ်ဝိုက်ဖီက အညာပဲငါးပိကို ချက်နေကျပုံစံကနေ နဲနဲလေးပြင်ပြီးချက်ထားတာပါ။ ပဲငါးပိကြက်ဥမွှေဖြစ်ပါတယ်။

ဒီဟင်းချက်ဖို့ အညာပဲငါးပိ ငါးကျပ်သား၊ ကြက်ဥ တစ်လုံးနဲ့ ကိုင်းခရမ်းချဉ်သီးနဲ့ နံနံပင်ပဲလိုပါတယ်။

ပထမဆုံးတော့ ကြက်သွန်ဖြူနီကို နန္ဒင်းမှုန့်အနည်းငယ်နဲ့ ဆီသတ်ပါမယ်။ ပြီးရင် ခရမ်းချဉ်သီးကို ထည့်ပြီး လိပ်အောင် တည်ပေးပါ။

ပြီးတာနဲ့ ရေစင်အောင် ဆေးထားတဲ့ ပဲငါးပိကို ထည့်လိုက်ပါ။ ပဲငါးပိထည့်ပြီးတာနဲ့ ဟင်းခတ်မှုန့်ထည့်ပါ။ ပဲငါးပိမှာရော ဟင်းခတ်မှုန့်မှာပါ အလေးဓာတ်ပါတာကြောင့် ဆားထည့်မယ်ဆိုရင်လည်း နည်းနည်းပဲချိန်ထည့်ပါ။

ပဲငါးပိနူးအောင် ရေတည်ပြီးပြီဆိုရင် ခဏလောက်အုပ်ထားပါ။ ပဲငါးပိရေခန်းသွားပြီဆိုရင် မွှေထားတဲ့ ကြက်ဥလေးဖြူးပေးပြီး အဖတ်လေးတွေဖြစ်အောင် မွှေပေးပါ။ နောက်ဆုံးမှာတော့ နံနံပင်လေးတွေအုပ်ပြီး ချလိုက်လို့ရပါပြီ။

7 DAY NEWS JOURNAL
Vol.11, No.44 ▪ JANUARY 10 , 2013

# အရေပြားပေါ်က ဖက်ရှင်

ဥက္ကာကိုကို

"သေရင်ကိုယ့်နောက်ပါတာ ဒါပဲရှိတယ်" ဟု လူငယ်အချို့က သူတို့ခန္ဓာကိုယ်ပေါ် ရေးထိုးထားသော ဆေးမင်ရုပ်ပုံများကို ညွှန်ပြ၍ ပြောတတ်ကြသည်။

"အနုပညာကို ခန္ဓာမှာ ခြုံလွှမ်းထားတာ" ဟုလည်း သူတို့က ဂုဏ်ယူဝင့်ကြွားတတ်ကြပါသေးသည်။

သမိုင်းကြောင်းကို ခြေရာခံကြည့်လျှင် နှစ်ပေါင်းနှစ်ထောင်ကျော်လာခဲ့ပြီဖြစ်သော ဆေးမင်ထိုးသည့်ဓလေ့သည် ယခုနှစ်ပိုင်းများမှာတော့ တိုးတက်ပြောင်းလဲစပြုလာသည့် မြန်မာနိုင်ငံ၏ လူငယ်ထုအပေါ် သိသိသာသာ ရိုက်ခတ်လာခဲ့ပါပြီ။

မြန်မာနိုင်ငံတွင် ရှေးယခင်အမျိုးသားများသည် ကိုယ်တွင်ဆေးမင်ကြောင်၊ ပေါင်တွင် ထိုးကွင်းမင်ကြောင် ရေးထိုးမှသာ ယောကျာ်းပီသသည်ဟု မှတ်ယူကြပြီး သတ္တိတစ်ရပ်အနေဖြင့် ဖော်ကျူးခဲ့ကြသည်။ ထို့နောက် အနောက်တိုင်းအခေါ် တက်တူး (Tatoo) ကို ရေးထိုးရာ၌ သုံးစွဲရသော အပ်နှင့်ဆေးစသည့်ပစ္စည်းများ မသန့်ရှင်းမှုကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားလာခဲ့ပြီး တက်တူးထိုးခြင်းကို လူအများ ရှောင်ကြဉ်ခဲ့ကြသည်။

ယခုအခါ တစ်ခါသုံးအပ်များ၊ ခေတ်မီဆေးပစ္စည်းများ၊ အဆင့်မီလက်ရာများဖြင့် တက်တူးထိုးသည့်ဓလေ့သည်ပြန်လည်၍ တစ်ခေတ်ဆန်းလာနေပြီဖြစ်သည်။



ရန်ကင်းမြို့နယ်အတွင်းရှိ တက်တူးဆိုင်တစ်ဆိုင်တွင် နဂါးရုပ်ထိုးနေသည့် လူငယ်တစ်ဦး

ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

မြန်မာ့သမိုင်းကြောင်းတွင် ထိုးကွင်းမင်ကြောင်ရှိမှ အမျိုးသားများ လူရာဝင်ခဲ့ရာမှ ယခုခေတ်မှာတော့ ဆေးမင်ထိုးခြင်းသည် လိင်သဘာဝမခွဲခြားတော့ဘဲ လူသားထုဆီသို့ ကူးစက်ပျံ့နှံ့လာခဲ့ပြီဖြစ်ပါသည်။ အရေပြားပေါ်တွင် အပ်နှင့်ဆေးဖြင့် ရေးဆွဲရသော အနုပညာတစ်ရပ်ကို လူငယ်များသာမက လူလတ်ပိုင်းများလည်း နှစ်သက်လက်ခံလာခဲ့ကြပါပြီ။

"တက်တူးထိုးတာ စတိုင်ကြောင့်လည်းပါတယ်။ လန်းချင်လို့လည်းပါတယ်။ အဓိကကတော့ ကိုယ်နဲ့တစ်သက်လုံးပါသွားမယ့် အရာကို လိုချင်တာပါပဲ" ဟု လက်မောင်းနှင့် ကျောပြင်တွင် တက်တူးရေးထိုးထားသည့် အသက် ၃၀ ကျော်အရွယ် ကိုသူရမျိုးက ဆိုသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်းက လက်ဖျံ၊ လက်မောင်းတို့တွင် နဂါးရုပ်ပုံ၊ ငါးရုပ်ပုံ၊ စာလုံးတချို့၊ သင်္ကေတတချို့ကို ရေးထိုးခဲ့ကြရာမှ ယခုအခါ ကိုယ်ခန္ဓာအနှံ့ အရောင်စုံ၊ အရုပ်စုံ ရေးထိုးလာကြသည်။

"တဖြည်းဖြည်း ဘာလို့ပုံတွေများလာသလဲဆိုတော့ တက်တူးက တစ်ခါထိုးပြီးသွားရင် အဲဒီလူက နောက်တစ်ခါ ထပ်ထိုးဖို့ ဝန်မလေးတော့ဘူး။ စွဲသွားတယ်။ သူများတွေထိုးတာမြင်ရင် မနေနိုင်ဘူး။ ဝင်ထိုးရမှ ကျေနပ်တာ" ဟု အမျိုးသားတစ်ဦးက သုံးသပ်သည်။

တက်တူးထိုးခြင်း(သို့မဟုတ်) ဆေးမင်ထိုးခြင်းသည် ပန်းချီအနုပညာတစ်ရပ်ပင်ဖြစ်ပါသည်။ ပန်းချီပညာရပ်သည် ကင်းဗတ်စပေါ်၊ စက္ကူချပ်ပေါ်၊ နံရံပေါ်တွင် ဆေးသားတို့ကာ စုတ်တံဖြင့် ခြယ်မှုန်းရသကဲ့သို့ ဆေးမင်ထိုးခြင်းသည်လည်း ဆေးသားဖြင့် လူ့အရေပြားပေါ် ဆေးသားတို့ထားသည့် အပ်နှင့် ရေးထိုးခြယ်မှုန်းရခြင်းပင်ဖြစ်သည်။

ကွာခြားမှုတစ်ခုကတော့ ပန်းချီကားချပ်သည် မကြိုက်လျှင် ဖျက်ဆီး၍ရပြီး အရေးပြားပေါ် ထိုးထားသည့် ဆေးမင်သည် မကြိုက်လျှင် ပြန်ဖျက်ဖို့ မလွယ်ကူခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ရှေးလူကြီးများက "အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန် ခက်သည့်အမျိုး" ဟု စာချိုးခဲ့ကြခြင်း ဖြစ်ပါသည်။

ဆေးမင်ထိုးခြင်းသည် ပန်းချီပညာရပ်နှင့် ဆင်တူသော်လည်း လုံးလုံးတူညီမှုမရှိကြောင်းကို ရန်ကင်းမြို့နယ်တွင် ရန်ကင်းတက်တူးစတူဒီယိုဟူ၍ ဆိုင်ခန်းဖွင့်လှစ်ထားသော ကိုသန့်ဇင်ဝင်းက "ပန်းချီက ပိုလေးနက်တာပေါ့" ဟု မှတ်ချက်ပြုသည်။

ယနေ့ခေတ်တွင် အများက သုံးစွဲနေကြသည့် တက်တူးထိုးခြင်းသည် ကမ္ဘာအနှံ့မှ နိုင်ငံအနှံ့တွင် ရှေးယခင်နှစ်ပေါင်းများစွာကပင် တည်ရှိလာခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ထောင်ကျော်ကတည်းက မြှုပ်နှံထားခဲ့သည့် ရှေးဟောင်းမံမီရုပ်အလောင်းများတွင် တက်တူးထိုးထားခြင်းကို လေ့လာသူများက တွေ့ရှိခဲ့ကြသည်။

ရောမခေတ်တွင် ကျွန်လူတန်းစားများနှင့် ရာဇဝတ်သားများကို တက်တူးဆေးမင်ရိုက်နှိပ်၍ အမှတ်အသားပြုထားခဲ့ကြသည်။ ဂရိ၊ အမေရိက၊ ဂျပန်၊ အာဖရိကနှင့် ဥရောပနိုင်ငံများသည် တက်တူးထိုးခြင်းကို အစောဆုံးစတင်လာခဲ့ကြသည်ဟုလည်း မှတ်တမ်းများက ဆိုသည်။

ထိုစဉ်က တက်တူးကို ရိုးရာဓလေ့ရုပ်ပုံများ၊ တိရိစ္ဆာန်ရုပ်ပုံများ၊ ပန်းပွင့်ရုပ်ပုံများ၊ ဘာသာရေးသင်္ကေတများ၊ စာလုံးများကိုသာ ရေးထိုးလာခဲ့ကြပြီး ကမ္ဘာတွင် ပထမဆုံး တက်တူးထိုးစက်ကို အမေရိကန်နိုင်ငံက ၁၈၉၁ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့သည်။ ထို့နောက် ခန္ဓာကိုယ်တွင် ရေးထိုးမည့် တက်တူးရုပ်ပုံအသစ်အဆန်းများကို တီထွင်လာခဲ့ကြသည်။

ထိုမတိုင်မီက လူမျိုးစုအထိမ်းအမှတ်သင်္ကေတအဖြစ် ရေးထိုးခဲ့ကြသည့် တက်တူးရုပ်ပုံများသည် အလှအပတန်ဆာဆင်သည့်ရုပ်ပုံများအဖြစ်သို့ ရွေ့လျားထွန်းကားလာခဲ့သည်။ ပထမကမ္ဘာစစ်ပြီးဆုံးသည့်နောက်ပိုင်းတွင် စစ်ဘေးဒဏ်ခံစားခဲ့ရသည့် နိုင်ငံများမှ အမျိုးသမီးများသည် စစ်အတွင်းသေဆုံးသွားကြသည့် ချစ်သူရည်းစားများကို အောက်မေ့တမ်းတသည့်အနေဖြင့် လိပ်ပြာ၊ နှင်းဆီ၊ ချစ်သူ၏ အမည်စသည်တို့ကို ရေးထိုးခြင်းဖြင့် ချစ်ခြင်းမေတ္တာကို ပြသခဲ့ကြသည်ဟု သိရသည်။

ယနေ့ခေတ်မြန်မာနိုင်ငံတွင်လည်း လူငယ်ထုအကြားတွင် တဖြည်းဖြည်း စိမ့်ဝင်လာသည့်တက်တူး ယဉ်ကျေးမှုက ချစ်သူစုံတွဲ တချို့အတွက် ချစ်ခြင်းမေတ္တာကို သရုပ်ဖော်စရာတစ်ရပ်လည်း ဖြစ်လာခဲ့သည်။

"ခုခေတ်က အပြန်အလှန်ချစ်သူရည်းစားတွေ တက်တူးထိုးတာ ခေတ်စားလာတယ်လို့ ထင်တယ်။ စိတ်ကျေနပ်မှုဖြစ်စေတယ်လို့ထင်တယ်။ ကိုယ့်ချစ်သူက ကိုယ့်ကိုတကယ်ချစ်တယ်လို့ ပိုပြီးယုံကြည်လို့ရတယ်" ဟု အသက်နှစ်ဆယ်ကျော်အရွယ် မခိုင်ပြည့်က ပြောသည်။


သူမ၏ချစ်သူက သူမအမည်ကို ခန္ဓာတွင် ရေးထိုးထားသကဲ့သို့ ချစ်သူ၏အမည်ကိုလည်း သူမ၏ ကျောပြင်တွင် ကိုယ်တိုင်ရေးထိုးခဲ့သော မခိုင်ပြည့်က "တက်တူးဘာလို့ထိုးလဲဆိုတော့ ဂေါ်ချင်လို့ပေါ့နော်။ အနာခံပြီး ထိုးထားတာ။ မထိုးတဲ့သူတွေထက်တော့ ဂေါ်တယ်ဆိုတာဖြစ်ချင်တာ။ ဒါက လူငယ်တွေကြားက ယဉ်ကျေးမှုပဲ။ ကိုယ့်အရေပြားပေါ် ကိုယ် ယုံကြည်မှုတည်ဆောက်တာမျိုးလေ" သူမ၏ တက်တူးနှင့်ပတ်သက်သည့် လူငယ်အမြင်ကို ဆက်ပြောပြသည်။

၁၉ ရာစုနှောင်းပိုင်းက အင်္ဂလန်နိုင်ငံ လူကုံထံလူတန်းစားကြားတွင် ခေတ်စားခဲ့သည့် တက်တူးထိုးခြင်းဓလေ့သည် ယနေ့မှာတော့ ပိုမိုကျယ်ပြန့်လာပြီး ကမ္ဘာကျော် Celebrity များမှအစ သာမန်လက်လုပ်လက်စားလူငယ်လေး အဆုံးထိ ထိုးဖောက်လာနေခဲ့ပြီဖြစ်သည်။

ယနေ့ခေတ်မြန်မာနိုင်ငံတွင် တက်တူးထိုးသည့်လုပ်ရပ်ကို လူကြီးမိဘများက တားမြစ်လေ့ရှိပြီး တက်တူးထိုးခြင်းသည် မိုက်ရူးရဲဆန်ခြင်း၊ လမ်းဘေးစရိုက်ဆန်ခြင်း၊ သိက္ခာမရှိခြင်း စသည့် အမြင်မျိုးစုံဖြင့် ထင်မှတ်ယူနေဆဲဖြစ်သည်။ သို့သော် အချို့သော လူကြီးမိဘများကတော့ ထိုအရာများကို ခေတ်နှင့်လျော်ညီစွာပင် မျက်ကွယ်ပြုလာကြသည်ကို တွေ့ရသည်။

"ခုနောက်ပိုင်း မဆိုးပါဘူး။ လက်ခံလာပါတယ်။ တက်တူးထိုးတာကို ပျက်စီးတယ်လို့ ပြောလို့ရတဲ့အချက်တွေရှိရင် ပြောပေါ့။ တစ်ခုတော့ရှိတယ်။ အရမ်းကြီး ခရေစီဖြစ်ပြီး မျက်နှာတွေ နည်းနည်းကြည့်လို့ အဆင်မပြေတဲ့နေရာ အနှံ့ထိုးရင်တော့ မကောင်းဘူး" ဟု မခိုင်ပြည့်က ဆိုသည်။

စာ(၂၇)သို့



## မျက်နှာဖုံး-နယ်မြေမတည်ငြိမ်မှု၊ ဆင်းရဲမွဲတေမှုတို့ကြောင့် ဘိန်းစိုက်ပျိုးမှု ပြန်များလာ မှ

ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်ပြီးလျှင် ဒုတိယ အများဆုံး ဘိန်းစိုက်ပျိုးထုတ်လုပ်သောနိုင်ငံ ဖြစ်လာသည်။

“ဘိန်းစိုက်ပျိုးမှု တိုးလာရခြင်းမှာ ဒေသခံတောင်သူများ၏ ဆင်းရဲမွဲတေမှု၊ အစားအစာမဖူလုံမှု၊ ဝင်ငွေရရှိသည့် တရားဝင်သီးနှံများ စိုက်ပျိုးရန်နှင့် သီးနှံထွက်ကုန်များ ဈေးကွက်သို့ ရောက်ရှိရန် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ နယ်မြေအတွင်း မတည်ငြိမ်မှုများကြောင့် အလွယ်တကူစိုက်ပျိုးဖြစ်ထွန်းပြီး ဝင်ငွေရလွယ်သည့် ဘိန်းစိုက်ပျိုးမှု ပြန်လည်ရှင်သန်လာခြင်းဖြစ်ပါသည်”ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့က 7Day News ၏ မေးမြန်းမှုကို အွန်လိုင်းမှတစ်ဆင့် စာရေးသား၍ ပြန်ဖြေသည်။

တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံမှုမရှိသော ဒေသများတွင် ဘိန်းစိုက်ပျိုးမှု တိုးနေကြောင်း UNODC (ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး) မှ မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ ဂျေဆင်အဲလစ်ရှ်ကလည်း ၂၀၁၂ အောက်တိုဘာလကုန်ပိုင်းက ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

“အရင်က တစ်သီးတည်းစိုက်တာ။ အခု နှစ်သီးတောင်စိုက်လာပြီ။ ပိုဆိုးလာတယ်”ဟု ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်မှ ဒေသခံတစ်ဦးကလည်း ၎င်းနေထိုင်ရာဒေသရှိ ကျေးရွာအချို့တွင် ဘိန်းပိုစိုက်လာခြင်းကို ပြောသည်။

ပြည်တွင်း၌ ဘိန်းအများဆုံးစိုက်ပျိုးသော ဒေသမှာ ရှမ်းပြည်နယ်ဖြစ်ပြီး စိုက်ပျိုးမှုအားလုံး၏ ၉၀ ရာခိုင်နှုန်းရှိသည်။ အထူးသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းမှာ ဘိန်းစိုက်ပျိုးမှုပမာဏအားလုံး၏ ၅၀ ရာခိုင်နှုန်းကို စိုက်ပျိုးနေကာ၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင်လည်း ၂၀၁၂ တွင် ဘိန်းစိုက်ပျိုးမှု ထူးထူးခြားခြား တိုးလာခဲ့သည်။ တိုက်ပွဲများဖြစ်ပွားနေသော ကချင်ပြည်နယ်တွင်လည်းပြည်တွင်း ဘိန်းစိုက်ပျိုးမှုဧရိယာ၏ ၁၀ ရာခိုင်နှုန်း စိုက်ပျိုးနေကြောင်း UNODC က ၂၀၁၂ ခုနှစ်အတွက် အရှေ့တောင်အာရှနိုင်ငံများ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်းတွင် ဖော်ပြထားသည်။

၁၉၉၆ ခုနှစ်တွင်မြန်မာနိုင်ငံ၌ဘိန်းစိုက်ပျိုးမှုဧရိယာစုစုပေါင်း ၁၆၃,၀၀၀ ဟက်တာ (၄၀၂,၇၀၀ ကေကျော်)အထိရှိခဲ့ပြီး၊ ၂၀၀၅ ခုနှစ်တွင် ၂၁,၅၀၀ ဟက်တာ (၅၃,၀၀၀ ကေကျော်)အထိ လျော့ချနိုင်ခဲ့ကာ ၂၀၀၆ နောက်ပိုင်းပြန်တိုးလာပြီး ၂၀၁၁ တွင် ၄၃,၆၀၀ ဟက်တာ(၁၀၇,၇၀၀ ကေကျော်) ရှိလာသည်။ ထို့ကြောင့် ၂၀၁၂ မှ ယခင်နှစ်ကထက် ဘိန်းစိုက်ပျိုးမှု ၁၇ ရာခိုင်နှုန်း တိုးခဲ့ပြီး ဘိန်းစိမ်းထုတ်လုပ်မှုတွင် တန်ချိန် ၉၆၀ ရှိကာ ယခင်နှစ်ကထက် ၁၃ ရာခိုင်နှုန်း တိုးခဲ့ကြောင်း UNODC က ထုတ်ပြန်သည်။

အရှေ့တောင်အာရှတွင် ဘိန်းစိုက်ပျိုးမှုဧရိယာ၏ ၉၀ ရာခိုင်နှုန်းဝန်းကျင် ရှိနေသော မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု လျော့ကျရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် အဓိကစိန်ခေါ်မှုများမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ထိန်းချုပ်ထားသော နယ်မြေများတွင် အထက်ပါလုပ်ငန်းကို ထိရောက်စွာ မပြုလုပ်နိုင်ခြင်း၊ နယ်မြေမတည်ငြိမ်မှု၊ တရားဥပဒေမစိုးမိုးမှု၊ ဒေသခံများအတွက် တရားဝင်သီးနှံများမှာ စားဝတ်နေရေးအတွက် အခက်အခဲရှိနေမှုဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့ကဆိုသည်။ ထို့အပြင် အချို့ဘိန်းစိုက်တောင်သူများ ကိုယ်တိုင် ဘိန်းစွဲနေသဖြင့် ၎င်းတို့ကိုယ်တိုင်သုံးစွဲရန် စိုက်ပျိုးမှုမစွန့်လွှတ်နိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကပြောသည်။ ပြည်တွင်းမူးယစ်ဆေးဝါးသုံးစွဲမှုတွင်လည်း ဘိန်းစိမ်း၊ ဘိန်းဖြူ သုံးစွဲမှု အများဆုံးဖြစ်သည်။

အစိုးရက မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနကို ဖွင့်လှစ်ပြီး UNODC အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ တရုတ်၊ ထိုင်းတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၁၉၉၉-၂၀၀၀ မှ ၂၀၁၃-၁၄ အထိ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းကိုလည်း ၂၀၁၉ အထိ ငါးနှစ်ထပ်တိုးခဲ့ပြီး၊ ဘိန်းစိုက်ပျိုးမှု လျှော့ချရန် ငြိမ်းချမ်းရေးရရှိထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ပြည်ထဲရေးဝန်ကြီးဌာန ဒုဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ပြောကြားထားသည်။ ၁၉၉၀ မှ ၂၀၁၂ ထိ ဒေါ်လာသန်း ၁၈,၂၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဖျက်ဆီးခဲ့သည်ဟုလည်း ဆိုသည်။

## မျက်နှာဖုံး-ကာချုပ်နှင့် ကေအင်န်ယူခေါင်းဆောင်များ နှစ် ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ်တွေ့ မှ

“မြန်မာ့တပ်မတော်နဲ့ ကာကွယ်ရေးဦးစီးချုပ်နဲ့ အဆင့်မြင့်တပ်မှူးကြီးတွေတွေ့တဲ့အခါမှာတစ်ဦးနဲ့တစ်ဦး ယုံကြည်မှုပိုရတယ်လို့ ကျွန်တော်တို့ဘက်က ရှုမြင်ခံစားမိပါတယ်”ဟု ဖဒိုမန်းငြိမ်းမောင်က ပြောသည်။

နိုင်ငံတော်သမ္မတ၊ ကာကွယ်ရေး ဦးစီးချုပ်နှင့် KNU ခေါင်းဆောင်များ တွေ့ဆုံလိုက်သည့်အတွက် နှစ်ဖက်စလုံး ယုံကြည်မှုရရှိသွားသည်ဟု သုံးသပ်ကြောင်း မြန်မာငြိမ်းချမ်းရေးစင်တာမှ အပစ်အခတ်ရပ်စဲရေး ဒါရိုက်တာ ဒေါက်တာ မင်းဇော်ဦးကလည်း သုံးသပ်သည်။

ထို့အပြင် ပြည်တွင်းငြိမ်းချမ်းရေးကို အပစ်အခတ်ရပ်စဲရေးမှ စတင်ဆောင်ရွက်ပါမည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကပြောကြောင်း KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးဆေးဖိုးက ပြောသည်။

မကြာသေးခင်က ကျင်းပခဲ့သော(၁၅)ကြိမ်မြောက်ကေအင်န်ယူ ကွန်ကရက်က ရွေးချယ်တင်မြှောက်ခဲ့သော ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး အပါအဝင် ဗဟိုအလုပ်အမှုဆောင် အချို့သည် သမ္မတဦးသိန်းစိန်နှင့် ဇန်နဝါရီ ၅ ရက်တွင် တွေ့ဆုံခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇန်နဝါရီ ၆ ရက်တို့တွင် တွေ့ဆုံခဲ့ကြသည်။

ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် နိုင်ငံတော်သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ် နှစ်ဦးစလုံးအား မြောက်ပိုင်းဒေသရှိ KIO/KIA နှင့် တိုက်ပွဲများ ပြင်းထန်နေခြင်းက ငြိမ်းချမ်းရေးလုပ်ငန်းများအား ထိခိုက်မှုရှိလာသည့်အတွက် စစ်ရှိန်လျှော့ရန် မေတ္တာရပ်ခံတိုက်တွန်းခဲ့ကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့ တင်ပြသောအခါ “နိုင်ငံတော်လုံခြုံရေးကလွဲလို့ အခြားစစ်ရေးကိစ္စတွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ ဆောင်ရွက်သွားမယ်လို့ ကာကွယ်ရေးဦးစီးချုပ်က ပြောပါတယ်”ဟု ဖဒိုမန်းငြိမ်းမောင်က ပြောသည်။

ကရင်တစ်မျိုးသားလုံး ညီညွတ်ရေးအတွက် ကရင်အဖွဲ့အစည်းများနှင့် ပညာရှင်များပါသော ကရင်တိုင်းရင်းသား ညီလာခံတစ်ခု ပြုလုပ်ရန် နိုင်ငံတော်က ကူညီမှုပေးမည့်ကတိလည်း ရရှိခဲ့ကြောင်း KNU ခေါင်းဆောင်အချို့က ပြောသည်။

ကရင်အမျိုးသား အစည်းအရုံးနှင့် မြန်မာအစိုးရတို့သည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်က အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပြီးနောက် အောက်တိုဘာလဆန်းတွင် နှစ်ဖက်တပ်ဖွဲ့ဝင်များ လိုက်နာရမည့်စစ်သည်တော်ကျင့်ဝတ်မူကြမ်းအား လက်မှတ်ရေးထိုးထားခဲ့သည်။



ကာချုပ်နှင့် ကေအင်န်ယူဥက္ကဋ္ဌတို့ လက်ဆွဲနှုတ်ဆက်နေစဉ် ဓာတ်ပုံ-WYM

“နောက်တစ်ဆင့်က စစ်သည်တော်ကျင့်ဝတ်ကို အကောင်အထည်ဖော်တဲ့ကိစ္စမှာ နယ်နိမိတ်သတ်မှတ်တဲ့ ကိစ္စ အကောင်အထည်ဖော်ဖို့ပဲ။ ပြေလလောက်မှာ ဖြစ်ဖို့များတယ်။ အဲဒီမှာလည်း အသေးစိတ်ညှိနှိုင်းနိုင်မယ်လို့ထင်ပါတယ်”ဟု အပစ်အခတ်ရပ်စဲရေး ဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးကပြောသည်။

နှစ်ဖက်အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးခဲ့သည်မှာ တစ်နှစ်နီးပါးရှိပြီး နိုင်ငံတော်သမ္မတနှင့်နှစ်ကြိမ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တစ်ကြိမ် တွေ့ဆုံပြီးသော်လည်း တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသော ဒုက္ခသည်များအတွက် နေရပ်သို့ပြန်နိုင်သည့် အခြေအနေတော့ မရောက်ရှိသေးကြောင်း ဖဒိုမန်းငြိမ်းမောင်က ပြောသည်။

နိုင်ငံတော်သမ္မတ၊ ကာကွယ်ရေးဦးစီးချုပ်တို့နှင့်တွေ့ဆုံပြီး ကေအင်န်ယူဗဟိုအလုပ်အမှုဆောင်များသည် ရန်ကုန်မြို့ရှိ ကရင်လူမှု အဖွဲ့အစည်းများနှင့်လည်း မြန်မာ ငြိမ်းချမ်းရေးစင်တာတွင် တွေ့ဆုံခဲ့သည်။

ထိုတွေ့ဆုံမှုအပြီး ပြုလုပ်သော ညစာစားပွဲသို့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော ဦးမင်းကိုနိုင်၊ ဦးကိုကိုကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအုန်းကြိုင်၊ ဦးဖြိုးမင်းသိန်းနှင့် အခြားသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

## စာ-၇၊ စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်ရန် ကရင်အမျိုးသားအစည်းအရုံး စိတ်ဝင်စား မှ

ပြည်နယ်ပြည်မတစ်ပေါင်းတစ်စည်းတည်း လုပ်ကိုင်ရန်ပူးပေါင်းဆောင်ရွက်ရန်အတွက် ပါဝင်လာမှုကို ကြိုဆိုကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

“စီးပွားရေးနဲ့ပတ်သက်တဲ့ သင်တန်းတွေ သူတို့ဆီမှာ သွားပေးဆိုလည်းပေးမယ်။ ဒီမှာလာတက်ချင်တယ်ဆိုရင်လည်း ကူညီပေးမယ်”ဟု ဝန်ကြီးက ထပ်မံပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး ရေရှည်တည်တံ့ခိုင်မြဲရန် ဒေသတွင်း စီးပွားရေးနှင့် ဖွံ့ဖြိုးရေးမှာ များစွာအရေးကြီးကြောင်း မြန်မာ့ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနမှ အပစ်အခတ်ရပ်စဲရေး ဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးကပြောသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ အချိန်ကာလကြာမြင့်သည့်အတွက် လူထုမှာ ငြိမ်းချမ်းရေးအသီးအပွင့် ခံစားမှုကို နားလည်မှုရအောင်ပြုလုပ်ပေးရန်လိုကြောင်းလည်း၎င်းကအကြံပြုသည်။

“လူထုက ကိုယ့်အိမ်မှာ ကိုယ်အေးအေးဆေးဆေး နေထိုင်လုပ်စားနိုင်အောင် လုပ်ပေးဖို့လိုတယ်” ဟု ဒေါက်တာမင်းဇော်ဦးက ဆိုသည်။ ထို့အပြင် နယ်စပ်က ပြန်လာသူတွေ စားဝတ်နေရေး၊ အလုပ်အကိုင်ရရှိရေး ရပ်ရွာတွင် ဆက်လက်ရှင်သန်ဖို့ အစီအမံများ ပြုလုပ်ရန်၊ မြေပြင်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြေမြှုပ်မိုင်းရှင်းသည့် လုပ်ငန်းများလုပ်ကိုင်ရန်လည်း လိုအပ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

နိုင်ငံတော်သမ္မတကလည်း ကရင်အမျိုးသား အစည်းအရုံးနှင့် ဆွေးနွေးပွဲတွင် ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ရန် အထူးစီးပွားရေးဇုန်များလည်း ဖော်ဆောင်နေပြီဖြစ်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်စရာရှိသည်။

သယံဇာတခွဲဝေမှုနှင့်ပတ်သက်၍ တိုင်းရင်းသား အကျိုးစီးပွားကို မထိခိုက်စေရန်၊ မိမိနိုင်ငံဂုဏ်သိက္ခာကို မထိခိုက်စေရန်၊ မိမိနိုင်ငံအချုပ်အခြာအာဏာကိုမထိခိုက်စေရန်နှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန် သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

## စာ-၉၊ အလိုအလျောက် ကလေးတစ်ယောက်ပေါ်လစီ မှ

“မြို့နေလူတန်းစားတွေမှာ ကလေးတစ်ယောက် ထိန်းဖို့ဆရာမငှားရင် တစ်လတစ်သိန်းကျော်တယ်။ ကိုယ့်လစာတောင် အဲဒီလောက်မရဘူး။ အလုပ်ထွက်ဖို့ စဉ်းစားထားတယ်”ဟု ခြောက်ထပ်တိုက်၏ အခန်းကျဉ်းလေးထဲငှားရမ်းနေထိုင်ရသော မိခင်တစ်ဦးက ညည်းတွားပြောဆိုသည်။

အလုပ်လုပ်နေသောမိခင်များမှာကလေးယူပြီးသောအခါအလုပ်ထွက်၍ ကလေးထိန်းကျောင်းရမည်လား၊ ကလေးအားနေ့ကလေးထိန်းပို့၍ စီမံခန့်ခွဲရမည်လားဟု စဉ်းစားလာကြသည်။ စစ်တမ်းများအရ အိမ်ထောင်ကျပြီး ကလေးမွေးပြီးသောအခါ အလုပ်မှထွက်လိုက်ရသော မိခင်များမှာ ၇၀ ရာခိုင်နှုန်းအထိ ရှိနေသည်။

အစိုးရ နေ့ကလေးထိန်းကျောင်းများ မလုံလောက်မှု၊ ပြင်ပနေ့ကလေးထိန်းကျောင်းများတွင်လည်း စရိတ်ကြီးမြင့်နေမှု၊ ကလေးတစ်ယောက်မွေးဖွားသောအခါလူမှုဖူလုံရေးစရိတ်မရှိသလောက်နည်းပါးနေခြင်းတို့မှာ မြို့ပြလူနေမှုစနစ်တွင် ကလေးတစ်ယောက်ထက် ပိုယူရန် ကြောက်ရွံ့စေသော ပြဿနာထဲတွင်ပါဝင်နေသည်။

ကလေးငါးယောက် မွေးထားသော ဟင်းသီးဟင်းရွက်ရောင်းသည့် ဒေါ်ညိုအား မျိုးဆက်ပွား ကျန်းမာရေး၊ မိသားစုအစီအစဉ်များဟူသော မေးခွန်းများမေး သောအခါ “ငါတို့က အဲဒါတွေ မသိပါဘူး” ဟု တစ်ခွန်းတည်းသာပြန်ပြောသည်။

တစ်ဦးတည်းသော မွေးဖွားထားသော ကိုသိန်းဌေးတို့ ဇနီးမောင်နှံက “အလုပ်လည်း သိပ်အဆင်မပြေသေးဘူး။ နောက်တစ်ယောက် ထပ်မယူချင်လို့ သုံးလခံ ဆေးထိုးထားတယ်”ဟု ဆိုသည်။

**(ရဲနောင်၊ ဗိုလ်ဗိုလ်ဝင်း၊ ဝတ်ရည်အောင်၊ ခိုင်ခိုင်စိုး၊ဆွေမွန်)**

**အမှားပြင်ဆင်ချက်-**

7Day News ဂျာနယ်အတွဲ(၁၁)၊ အမှတ်(၄၃) အချပ်ပို (C) **မတော်တဆဖြစ်သော အဲပုဂံလေယာဉ်အာမခံလျော်ကြေး ဒေါ်လာလေးသန်းရမည်** သတင်းမှ “အဲပုဂံလေကြောင်းလိုင်းက မန္တလေးလင်းရှိန်အား သီးသန့်လျော်ကြေးအဖြစ်” စာသားအစား “အဲပုဂံလေကြောင်းလိုင်းက မန္တလေးလင်းရှိန်အတွက် သွေးသောက် အကူအညီငွေအဖြစ်” ဟူ၍ ပြင်ဆင်ဖတ်ရှုပေးပါရန်-

**အယ်ဒီတာ**

Health
7 DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

# ဆောင်းခိုငှက်ဝင်ရောက်ချိန်ဖြစ်၍ ကြက်၊ ငှက်တုပ်ကွေးရောဂါ သတိပေး

**ရဲနောင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၃**

အိမ်နီးချင်းနိုင်ငံအချို့တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုများ ရှိနေသောကြောင့် မြန်မာနိုင်ငံအနေဖြင့် ရောဂါကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက ဇန်နဝါရီ ၁ ရက်တွင် သတိပေးချက်ထုတ်ပြန်သည်။

"ဆောင်းတွင်းရောက်လာတော့ ဆောင်းခိုငှက်တွေဝင်လာတာကြောင့် ရောဂါပိုးတွေ ကူးလာနိုင်တယ်။ အိမ်နီးချင်းနိုင်ငံတွေမှာလည်း ဖြစ်နေတော့ ကြိုတင်ကြေညာထားတာ" ဟု မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဒေါက်တာအောင်ကြီးက ပြောသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် အင်ဒိုနီးရှား၊ တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၌ ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ၌ လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဆောင်းခိုငှက်များဝင်ရောက်သော ဘေးမဲ့သစ်တောများ ကဲ့သို့ အိမ်မွေးတိရစ္ဆာန်များ လွတ်၍ ထိန်းကျောင်းခြင်း၊ ရောဂါပိုးရှိသော တိရစ္ဆာန်များကို ဖမ်းဆီး၊ စားသောက်ခြင်းတို့ကြောင့် ကြက်၊ ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်သည်ဟု မြန်မာနိုင်ငံ ငှက်ဝါသနာရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးညွန့်က ပြောသည်။

"ပထမတော့ ရောဂါရှိတဲ့ ဆောင်းခိုငှက်တွေကတစ်ဆင့် အိမ်မွေးတိရစ္ဆာန်တွေကိုပါ ကူးစက်တာ။ နောက်မှ အဲ့ဒီတိရစ္ဆာန်တွေကနေ လူကိုကူးတာပါ" ဟု ဦးစိုးညွန့်က ပြောသည်။



ဓာတ်ပုံ-စိုးဝင်းညွန့်

**ရွှေတိဂုံစေတီတော်တွင် လာရောက်နားခိုသည့် ဆောင်းခို ဟိမဝန္တာလင်းတများ**

ကြက်၊ ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရသည့် လူတစ်ယောက်အနေဖြင့် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ မျက်စိရောင်ရမ်းခြင်းစသော ရောဂါလက္ခဏာများ ဖြစ်ပေါ်လေ့ရှိပြီး ရောဂါပြင်းထန်ပါက အသက်သေဆုံးနိုင်သည်ဟု သိရသည်။

"အဓိကကတော့ ကိုယ်လက်သန့်ရှင်းရေးနဲ့ အစားအသောက်ကိုကျက်အောင်ချက်ဖို့ အရေးကြီးပါတယ်" ဟု ဆရာဝန်တစ်ဦးက အကြံပြုပြောကြားသည်။

ကမ္ဘာအနှံ့တွင် ကြက်၊ ငှက်တုပ်ကွေးရောဂါကူးစက်ခံရသူ၆၀၈ ဦးရှိပြီး ၃၅၉ ဦးသေဆုံးခဲ့ရာ သေဆုံးမှုနှုန်းမှာ၆၀ ရာခိုင်နှုန်းရှိသည်။

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါမှာ ၂၀၀၆ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့ပြီး အဆိုပါရောဂါကြောင့် အသက်ဆုံးရှုံးမှု မရှိခဲ့ကြောင်း သိရသည်။

# ဆင်းရဲနွမ်းပါးသည့် ဆေးရုံတက်လူနာများအား အခမဲ့ဆေးဝါးထောက်ပံ့နိုင်ရေး ရန်ပုံငွေစီစဉ်ထားဟုဆို

**မောင်တာ**

**မန္တလေး၊ဇန်နဝါရီ-၅**

အမှန်တကယ် ဆင်းရဲနွမ်းပါးပြီး ဆေးဖိုးမတတ်နိုင်သည့် ဆေးရုံတက်လူနာများအတွက် အခမဲ့ဆေးဝါးထောက်ပံ့နိုင်ရန် ရန်ပုံငွေချပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က မန္တလေးတိုင်းလွှတ်တော်တွင် ပြောကြားသည်။

မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆေးဖိုးမတတ်နိုင်သည့် အမှန်တကယ် နွမ်းပါးသူများအား တာဝန်ရှိသူများအနေဖြင့် မည်ကဲ့သို့စီစဉ်ထားသည်ကို သိရှိလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းရာ ဒေါက်တာဝင်းလှိုင်က ယခုကဲ့သို့ပြန် လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိခုတင် ၂၀၀ နှင့်အထက်ဆေးရုံကြီးများတွင် နိုင်ငံတော်ကထောက်ပံ့သည့် CMSD ဆေးဝါးများအား အခမဲ့ပေးရန်နှင့် နိုင်ငံတော်မှ မထောက်ပံ့နိုင်သော ဆေးဝါးများဝယ်ယူနိုင်ရန် ၂၀၁၂/ ၂၀၁၃ ဘဏ္ဍာရေးနှစ်၏ နောက်ဆုံးသုံးလအတွက် ပျမ်းမျှ ကျပ်သိန်း ၅၀၀စီ ခွဲဝေပေးထားပြီး ဆင်းရဲနွမ်းပါးသူများအား ဦးစားပေး၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စီစဉ်ထားကြောင်း ဒေါက်တာဝင်းလှိုင်ကပြောသည်။

ထို့အပြင် မန္တလေးတိုင်းအတွင်း ခုတင် ၁၀၀ထိ ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာန ဌာနခွဲများအထိ ဆေးဝါးများဖြန့်ဝေရန် တင်ဒါခေါ် ယူထားပြီး ဆေးဝါးများအား ကျေးလက်ဒေသအောက်ခြေအထိ ဖြန့်ဖြူးကာ အဆိုပါ ဆေးဝါးများဖြင့် ကုသပါက အခမဲ့ကုသပေးရန်နှင့် ရောဂါ၏ ကုထုံးတွင် အဆိုပါဆေးဝါးများ မပါရှိသေးပါက စရိတ်မျှပေးစနစ်ဖြင့် ကုသပေးရန်စီစဉ်ထားကြောင်း ၎င်းကပြောသည်။

ဆေးရုံတက်ရောက်ရာတွင် ဆေးဝါးအများစုကိုပြင်ပနှင့် ဆေးရုံဝင်းအတွင်းရောင်းချနေသည့် ဆေးဆိုင်များမှ ဝယ်ယူနေကြရပြီး ကုန်ကျစရိတ်အလွန်များကြောင်း၊ ငွေကုန်ကြေးကျမှုများသဖြင့် ဆေးရုံတက်ဆေးဝါးကုသရန် ကြောက်ရွံ့မိလာကြောင်း လွန်ခဲ့သည့်တစ်လခန့်က မန္တလေးဆေးရုံကြီးသို့ တက်ရောက်ကုသမှု ခံယူခဲ့သည့် လူနာရှင်တစ်ဦးကပြောသည်။

ဆေးရုံတက်လူနာအများစုမှာ ဆေးဝါးဝယ်ယူစရိတ် မတတ်နိုင်ကြဘဲ များစွာအခက်တွေ့နေရကြောင်း၊ မန္တလေးဆေးရုံကြီးသို့ ရောက်တိုင်း ထိုသို့ကြုံတွေ့နေရသော လူနာများကို တွေ့ရှိနေရပြီး စိတ်မကောင်းဖြစ်မိကြောင်း အထက်ပါမေးခွန်းကို မေးမြန်းခဲ့သည့် ချမ်းအေးသာစံမြို့နယ် မဲ ဆန္ဒနယ်အမှတ်(၂)မှ မန္တလေးတိုင်း လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်မာကပြောသည်။



# ကားမောင်းစဉ် အိပ်ငိုက်ခြင်းကြောင့် ယာဉ်တိုက်မှုဖြစ်ပွားပြီး အသေအပျောက်များ

**အတ္တလန္တာ၊**

**ဇန်နဝါရီ-၃**

လွန်ခဲ့သော တစ်လအတွင်း ကားမောင်းနေစဉ် အိပ်ငိုက်ဖူးသည်ဟု အမေရိကန် ၂၅ဦးအနက်တစ်ဦးက ဝန်ခံခဲ့ကြောင်း သုတေသီများက ပြောကြားသည်။

ပြည်နယ်ပေါင်း ၁၉ ပြည်နယ်မှယာဉ်မောင်းတစ်သိန်းကျော်အား မေးမြန်းခဲ့ရာ ယင်းတို့အထဲမှ ၄ ဒသမ ၂ ရာခိုင်နှုန်းက လွန်ခဲ့သော ရက်ပေါင်း ၃၀ အတွင်း ကားမောင်းနေစဉ် ခဏတာ အိပ်ပျော်ခြင်း အနည်းဆုံးတစ်ကြိမ် ဖြစ်ခဲ့သည်ဟု ဝန်ခံကြောင်း ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး(CDC) မှ သုတေသီများက ပြောသည်။

ယင်းသို့ကားမောင်းစဉ် အိပ်ငိုက်သော အဖြစ်အပျက်ကို ညဘက်ခြောက်နာရီထက် လျော့၍ အိပ် သူများ၊ ဟောက်တတ်သူများ မရည်ရွယ်ဘဲ နေ့ခင်းဘက် အိပ်ငိုက်တတ်သူများကြားတွင် အဖြစ်များပြီး ယင်းလက္ခဏာ မပြသသူများမှာ အဖြစ်နည်းသည်ဟု ကန်သုတေသီများက ပြောကြားသည်။

အမေရိကန်နိုင်ငံတွင် ၂၀၀၉ ခုနှစ်အတွင်း အိပ်ငိုက်သော ယာဉ်မောင်းများကြောင့် လူသေဆုံးမှု ၇၃၀ ရှိခဲ့ပြီး ယာဉ်မတော်တဆမှု ၃၀,၀၀၀ မှာလည်း အိပ်ငိုက်သွားသော ယာဉ်မောင်းများကြောင့် ဖြစ်ပေါ်ခဲ့ရသည်။ အဝေးပြေးလမ်းမများဘေး အန္တရာယ်ကင်းရှင်းရေး အမျိုးသား အဖွဲ့အစည်းကမူ ယာဉ်မောင်းများ ပင်ပန်းနွမ်းနယ်မှုကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းမှာ ၃၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းကြား ရှိသည်ဟု ပြောသည်။

-UPI






Regional

7DAY NEWS JOURNAL

Vol.11, No.44 • JANUARY 10 , 2013

# ပြစ်မှု၊ တရားမမှုများ အမြန်ပြီးပြတ်စေရေး တစ်ပတ်အတွင်း ရုံးချိန်းသုံးချိန်းခေါ်ရန် မန္တလေးတွင်ညွှန်ကြားထား

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ-၅**

တရားခံ/တရားပြိုင်ဘက် စစ်ဆေးသည့်အဆင့်သို့ရောက်ရှိနေသော ပြစ်မှု၊ တရားမမှုများအား ရက်သတ္တပတ်တစ်ပတ်အတွင်း ရုံးချိန်းသုံးချိန်းခန့် စစ်ဆေးပြီး အမှုများ အမြန်ပြီးပြတ်စေရေး အထူးအလေးထားဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက ပြောသည်။

မန္တလေးတိုင်းအတွင်းတရားရုံးအဆင့်ဆင့်တွင် စွဲချက်တင်မှုနှင့် ခြောက်လအထက် ကြန့်ကြာနေသော အမှုများ အမြန်ပြီးပြတ်စေရန် မည်သို့စီစဉ်ဆောင်ရွက်မည်ကို သိလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ မေးမြန်းမှုအပေါ် ဖြေကြားရာတွင် တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တရားလွှတ်တော်အတွင်းရှိခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများတွင် ၂၀၁၂ ဇန်နဝါရီမှ နိုဝင်ဘာလအထိ စွဲဆိုတင်ပို့သော ပြစ်မှုဆိုင်ရာ အမှုပေါင်း ခုနစ်သောင်းကျော်ရှိခဲ့ပြီး ခြောက်လအထက်ကြန့်ကြာသော အမှုပေါင်း ၄၀၀ နီးပါးရှိခဲ့ကြောင်း၊ တရားမမှုပေါင်း ၆,၀၀၀ ကျော် အနက် ခြောက်လအထက် ကြန့်ကြာသော အမှုပေါင်း ၂၈၀ ရှိကြောင်း ဦးစိုးသိန်းကပြောသည်။

ထိုသို့ ခြောက်လအထက် ကြန့်ကြာမှုခင်းများအား ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မိတ်ဖက် အဖွဲ့အစည်းများဖြစ်သော တရားစွဲအဖွဲ့အစည်းများနှင့်အတူ ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲဆောင်ရွက်နေကြောင်း မန္တလေးတိုင်း တရားလွှတ်တော် တရားသူကြီးချုပ်က ပြောသည်။

နိုဝင်ဘာလဆန်းက ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဝင်များက မန္တလေးမြို့ရှိတရားရုံးအချို့ကို လေ့လာပြီး မန္တလေးမြို့တွင် တရားစီရင်ရေးစနစ် ပြိုလဲနေပြီဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားထားသည်။

အချိန်ကြန့်ကြာမှုနှင့် တရားရုံးဝန်းကျင်တွင် လာဘ်ပေးလာဘ်ယူမှုများ ရှိနေသည်ကို တွေ့ရကြောင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဝင် ဦးသိန်းညွန့်က မန္တလေးမြို့ တရားစီရင်မှုအပေါ် ပြောဆိုခဲ့သည်။

တည့်မတ်မှန်ကန်သော တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရေးအတွက် တရားစွဲအဖွဲ့အစည်းများဖြစ်ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေအရာရှိတို့အပြင် တရားလို၊ တရားခံ/တရားပြိုင်နှင့် ၎င်းတို့အသီးသီး၏ ရှေ့နေရှေ့ရပ်များ၊ အမှုသည်အသီးသီးတို့က တင်ပြကြသည့် နှစ်ဖက်သက်သေများ၊ လက်မှတ်လက်ရေး၊ လက်ဗွေပါရဂူတို့၏ ထင်မြင်ယူဆချက်၊ သက်သေခံချက်များနှင့် သက်သေခံအရာများကို တင်သွင်းကြရသော မှုခင်းပိုင်းဆိုင်ရာ ဆရာဝန်ကြီးများ၊ ဆေးဘက်ဆိုင်ရာ ဆရာဝန်ကြီးများ စသည့်ပုဂ္ဂိုလ်အသီးသီးကလည်း မှန်ကန်ဖြောင့်မတ်စွာဖြင့် တရားရုံးများနှင့် ပူးပေါင်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဦးစိုးသိန်းက ဆိုသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း ကြန့်ကြာနေသော အမှုများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး တရားလွှတ်တော်မှ တရားသူကြီးချုပ်နှင့် တရားသူကြီးများက မိမိတို့ ခွဲဝေတာဝန်ချထားခံရသည့် တရားရုံးများသို့ အချိန်နှင့်တစ်ပြေးညီ သွားရောက်ကြည့်ရှု စစ်ဆေးကာ အမှု တစ်ခုချင်းစီအလိုက် မည်သည့်အတွက် ကြန့်ကြာရခြင်းကို စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

# မန္တလေးတိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ တိုးချဲ့ဖွဲ့စည်းမည်ဟုဆို

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ - ၅**

မန္တလေးမြို့တွင် စည်းကမ်းမဲ့ မော်တော်ယာဉ် စီးနင်းမောင်းနှင်မှုများအား စနစ်တကျ ကြပ်မတ် အရေးယူနိုင်စေရန်နှင့် ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းစေရန် မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့အား တိုးချဲ့ဖွဲ့စည်းရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့သည် ယခင် တိုင်းရဲမင်း၏ လက်အောက်တွင် ရှိရာမှ ဖွဲ့စည်းပုံအသစ်ဖြင့် သီးခြားဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့အတွက် ဗိုလ်မှူးကြီးအဆင့် တစ်ဦးထားပြီး ဖွဲ့စည်းမည်ဖြစ်သလို ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် ရရှိပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးကျော်ဆန်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အား ၂၅၃ ဦးရှိကြောင်း သိရသည်။

မန္တလေးမြို့တွင် မော်တော်ယာဉ်စီးရေ နေ့စဉ်တိုးပွားများပြားလျက်ရှိရာ ယာဉ်ထိန်းရဲအင်အားနှင့် မော်တော်ယာဉ်စီးရေ မမျှတသဖြင့် စနစ်တကျ စည်းကမ်းကြပ်မတ်နိုင်မှုမရှိကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးလျှင် ပျမ်းမျှအားဖြင့် မော်တော်ယာဉ်စီးရေ ၂၀၀ ကျော်ကို ထိန်းသိမ်းနေရ၍ အခက်အခဲရှိကြောင်း မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် တစ်ဦးက ပြောသည်။



ဆိုင်ကယ်များအား စစ်ဆေးနေသည့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ

ဓာတ်ပုံ-စိုင်းသာအောင်

ယာဉ်ထိန်းရဲမရှိချိန် ယာဉ်တိုက်မှုဖြစ်လျှင် ထွက်ပြေးတိမ်းရှောင်သူများရှိသဖြင့် ညပိုင်း ယာဉ်ထိန်းရဲများမရှိသောအချိန်တွင် စည်းကမ်းမဲ့ မော်တော်ယာဉ်စီးနင်းမောင်းနှင်မှု များသဖြင့် ယာဉ်တိုက်မှုများပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း လူမှုကူညီရေးဆောင်ရွက်နေသူများနှင့် မြို့ခံများက ပြောသည်။ မန္တလေးမြို့တွင် ယာဉ်စည်းကမ်းထိန်းသိမ်းကြပ်မတ်ရန် ယာဉ်ထိန်းရဲများ ပိုမိုချထားစေလိုကြောင်း မြို့ခံများက ပြောသည်။

ယာဉ်စီးရေ တိုးပွားများပြားလာသလို လမ်းကြော ရှုပ်ထွေးခြင်း၊ စည်းကမ်းမဲ့မောင်းနှင်ခြင်း၊ ထိရောက်သော အရေးယူမှု အားနည်းခြင်းတို့ကြောင့် မန္တလေးမြို့ အပါအဝင် မန္တလေးတိုင်း ဒေသကြီးအတွင်း ယာဉ်တိုက်မှုများ နှစ်စဉ်ပိုမိုဖြစ်ပွားနေပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာ ၂၅ ရက်အထိ ယာဉ်တိုက်မှု ၁,၉၆၁ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၆၅၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၃,၄၁၁ ဦး ရှိခဲ့ကြောင်း၊ ယင်းပမာဏမှာ ၂၀၀၉ ခုနှစ်ထက် သေဆုံးသူ နှစ်ဆခန့် မြင့်တက်လာခြင်းဖြစ်ကြောင်း မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူးရုံး စာရင်းဇယားများမှ သိရသည်။

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ လက်ပံတောင်းတောင် ဒေသခံများ၊ မုံရွာဒေသခံ နိုင်ငံရေးအဖွဲ့များနှင့် တွေ့ဆုံ

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ - ၂**

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး တစ်လတာခရီးစဉ်အတွင်းမုံရွာမြို့သို့ဇန်နဝါရီလ ၁ ရက်နှင့် ၂ ရက်များတွင်ရောက်ရှိလာကာ လက်ပံတောင်းတောင် ဒေသခံများ၊ မုံရွာမြို့ဒေသခံ နိုင်ငံရေးအဖွဲ့များနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

“ဇန်နဝါရီလ ၁ ရက်တုန်းက လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီ(မုံရွာ)၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ (မုံရွာခရိုင်) က တာဝန်ရှိသူတွေနဲ့ တွေ့တယ်။ ဒီနေ့ ဇန်နဝါရီ ၂ ရက်မှာ လက်ပံတောင်းတောင်ဒေသခံတွေနဲ့ တွေ့တယ်။ မုံရွာကိုရောက်တုန်း ဆွေးနွေးဖြစ်တာက လက်ပံတောင်းတောင်ကိစ္စများတယ်။ နိုင်ငံရေးကိစ္စတွေမှာ ရှေ့ဆက်ပြီး လုပ်စရာတွေ အများကြီးရှိသေးတဲ့အတွက် အားလုံးညီညီညွတ်ညွတ်နဲ့ လက်တွဲလုပ်ဆောင်စေလိုပါတယ်။ ပြန့်ကျဲနေတဲ့ နိုင်ငံရေးလှုပ်ရှားသူတွေ စုစည်းပြီး နိုင်ငံသစ်အတွက် အင်အားစုတစ်ရပ်ဖြစ်လာနိုင်တယ်” ဟု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးငွေလင်းက ပြောကြားသည်။

ဦးငွေလင်းက ဇန်နဝါရီလ ၂ ရက် ညနေ ၄ နာရီအချိန်တွင် မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက် ဇနကာရုံကျောင်းတိုက်၌ ကျင်းပသော မုံရွာဒေသခံများတွေ့ဆုံပွဲတွင် သတင်းထောက်များအား ယခုကဲ့သို့ ပြောကြားခဲ့သည်။ အဆိုပါတွေ့ဆုံပွဲ၌ မုံရွာဒေသခံ မှိုင်းရာပြည့်အရေးတော်ပုံကျောင်းသားဟောင်းများ၊ ၈၈ ကျောင်းသားဟောင်းများ၊ ၈၈ မျိုးဆက်သစ်ကျောင်းသားများ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ တောင်သူလယ်သမားသမဂ္ဂအဖွဲ့ဝင်များ၊ ရှေ့နေများကွန်ရက် အဖွဲ့ဝင်များ၊ ပွင့်လင်းလူ့အဖွဲ့အစည်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

## မန္တလေး နှစ်သစ်ကူးည ယာဉ်တိုက်မှုများကြောင့် ၅၆ ဦး ဒဏ်ရာရရှိကာ နှစ်ဦးသေဆုံး

**စိုင်းသာအောင်**

**မန္တလေး၊ ဇန်နဝါရီ-၃**

မန္တလေးမြို့တွင် ၂၀၁၃ နှစ်သစ်ကူးအကြိုညက မူးယစ်သောက်စားပြီး ဆိုင်ကယ် မဆင်မခြင် မောင်းနှင်မှုများကြောင့် နှစ်ဦးသေဆုံးပြီး ဆိုင်ကယ်ထိခိုက်ဒဏ်ရာရမှုများကြောင့်မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်လူနာဌာနသို့ လူနာ ၅၆ ဦး ရောက်ရှိကြောင်း မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရဲမှူးဦးစီး ရဲမှူးစိုးငြိမ်းက “ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီကနေ ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီအတွင်းမှာ အရက်တွေ မူးယစ်သောက်စားပြီး အပျော်လွန်တာကြောင့် ဆိုင်ကယ်တိုက်ခိုက်မှုဖြစ်ပြီး လူ ၅၆ ဦး ဆေးရုံကြီးအရေးပေါ် ကုသရေးဌာနကို ရောက်တာမှန်ပါတယ်။ အဲဒီထဲက နှစ်ဦးသေဆုံးပြီး ၂၉ ဦးက ဦးနှောက်နဲ့ အာရုံကြောဌာနမှာ တက်ရောက်ကုသနေရပါတယ်။ သေတဲ့နှစ်ဦးကတော့ ဆိုင်ကယ်မျက်နှာချင်းဆိုင် တိုက်တာက အမျိုးသားတစ်ဦးသေဆုံးပြီး ဆိုင်ကယ်နဲ့ ကားနဲ့ တိုက်တာက အမျိုးသမီးတစ်ဦး သေဆုံးပါတယ်” ဟု အတည်ပြုပြောသည်။

မန္တလေး တိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့မှ အရာရှိတစ်ဦးက “နှစ်သစ်ကူးကြိုကြတာဆိုပြီး ဆိုင်ကယ်တွေ အုပ်စုဖွဲ့စီးတယ်။ အရှိန်နဲ့စီးတယ်။ ကျွန်တော်တို့လည်း ညပိုင်းတာဝန်တွေနဲ့ မဖြစ်သင့်တာ မဖြစ်အောင်ထိန်းလို့ နှစ်ဦးပဲ သေတယ်။ အထိန်းမရှိရင်တော့ အများကြီးသေကြမှာပါ” ဟု ပြောသည်။ မန္တလေးတိုင်းအတွင်း ဆိုင်ကယ်တိုက်မှုများကြောင့် တစ်ရက်လျှင်လူနှစ်ဦးခန့် သေဆုံးနေကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

# ဒုတိယအကြိမ်ဖြစ်ပွားသော ရခိုင်ပြည်နယ် ပဋိပက္ခတွင် အာမခံထားသည့် အိမ်သုံးလုံးသာ မီးအာမခံရ

**မိုးညို၊ ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် ဒုတိယအကြိမ် ပဋိပက္ခတွင် နေအိမ်များ မီးလောင်ဆုံးရှုံးရာ၌ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့များရှိ နေအိမ်သုံးလုံး၌သာ မီးအာမခံထားရှိကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းကပြောသည်။

အာမခံရရှိသည့်နေအိမ်သုံးလုံးမှာ ယခင်က မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဘဏ်များတွင် အပေါင်ခံထားသည့် အိမ်များဖြစ်ကြပြီး ယင်းဘဏ်များမှတစ်ဆင့်မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံထားခြင်းဖြစ်သည်။ ထို့ကြောင့်အာမခံရရှိသည့် ငွေကျပ်သိန်း ၂၀၀ ကို ဒီဇင်ဘာနောက်ဆုံးပတ်အတွင်းသက်ဆိုင်ရာဘဏ်များကိုသာ တိုက်ရိုက်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြန်မာ့အာမခံလုပ်ငန်းကထုတ်ပြန်သည်။

၂၀၁၂ အောက်တိုဘာ ၂၂ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တွင် နေအိမ်ပေါင်း ငါးထောင်ကျော် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း နိုဝင်ဘာ ၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြပါရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

“ကျွန်တော်တို့ မီးအာမခံထားဖို့ အရေးကို တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်ပြောဖို့ ဘယ်လိုမှ အဆင်မပြေနိုင်ဘူးလေ။ အခုဆို ရခိုင်ပြည်နယ်မှာ အိမ်ခြေတွေအများကြီး မီးလောင်ခဲ့ပေမယ့် အခု ကျွန်တော်တို့ဆီမှာ သုံးအိမ်ပဲရှိတဲ့အတွက် သုံးအိမ်ပဲ လျော်ပေးနိုင်ခဲ့တယ်”ဟု ဦးအေးမင်းသိန်းကပြောသည်။

ဇွန် ၁၂ ရက်က ရခိုင်ပြည်နယ်တွင် ပထမအကြိမ် ပဋိပက္ခဖြစ်ပွားစဉ်က ရှို့မီးကြောင့် ကူးစက်လောင်ကျွမ်းပြီး ဆုံးရှုံးမှုဖြစ်ပွားခဲ့သည့် ဈေးနှင့် အဆောက်အအုံများမှ အာမခံထားရှိသော စက်ရုံစုဈေးရှိ ဆိုင်ခန်းများအပါအဝင် မြဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်များမှ ချေးငွေရယူထားသော နေအိမ်များအတွက် စုစုပေါင်း ကျပ်သိန်းပေါင်း ၅၀၀ ကျော်ကို မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ပေးအပ်ပြီးဖြစ်သည်။

ဒုတိယအကြိမ် ပဋိပက္ခဖြစ်စဉ်၌ သေဆုံးသူ ၈၉ ဦး၊ ဒဏ်ရာရသူ ၁၃၆ ဦး မီးလောင်ပျက်စီးခဲ့သည့် လူနေအိမ် ၅,၀၀၀ ကျော်နှင့် လူဦးရေ ၃၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း နိုဝင်ဘာလထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။ ထို့အပြင် မီးအာမခံထားရှိသည့် လူနေအိမ်အချို့မှာ မြန်မာ့အာမခံလုပ်ငန်းတွင် တိုက်ရိုက်ထားခြင်းမျိုးမဟုတ်ဘဲ သက်ဆိုင်ရာဘဏ်များတွင် အပေါင်နှံထားစဉ် ယင်းဘဏ်များက မြန်မာ့အာမခံလုပ်ငန်းတွင် ပြန်လည်၍ အာမခံထားခဲ့ခြင်းဖြစ်သည်။

# မန္တလေးတိုင်းတွင် တစ်နှစ်အတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးမှု ယခင်နှစ်ကထက်ပိုများ

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ-၅**

မူခင်းကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်အရ မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးမှု ၁၇၉ မှု ဖမ်းဆီးနိုင်ခဲ့ရာ ယင်းမှာ ယခင်နှစ်ကထက် ဖမ်းဆီးရမိမှုများပြားကာ တိုင်းဒေသကြီးအတွင်းအများဆုံးဖမ်းမိသော မူခင်းများတွင် ပါဝင်ကြောင်း မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးက မန္တလေးတိုင်းလွှတ်တော်တွင် ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ်ထက် မူးယစ်ဆေးဝါးမှု ၃၁ မှုပိုမိုဖမ်းဆီးရမိခြင်းဖြစ်ပြီး ယင်းမှာ ယစ်မျိုး၊ လောင်းကစား၊ ခိုးမှုတို့ပြီးလျှင် အများဆုံးဖမ်းဆီးရမိသောအမှုဖြစ်ကြောင်း၊ ၎င်းအမှုများအပြင် အခြားအမှုများဖြစ်သည့် ပြည့်တန်ဆာမှုများလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း ဗိုလ်မှူးကြီးအောင်ကျော်မိုးက ပြောသည်။

ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးမှုများအနက် ၁၇၁ မှုကို တရားစွဲတင်နိုင်ခဲ့ကာ ၄၇ မှုပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပြီး တစ်မှုကိုပိတ်သိမ်းခဲ့ကြောင်း၊ ကျန်အမှုများအား တရားရုံးနှင့် ရဲတပ်ဖွဲ့က ဆက်လက်စစ်ဆေးနေကြောင်း ဝန်ကြီးကပြောသည်။

မန္တလေးမြို့ ဘူတာကြီးဝန်းကျင်တွင် မူးယစ်ဆေးဝါးမဟုတ်သော်လည်းမူးယစ်စေသော ကော်ရှူခြင်းများပြုလုပ်နေသည့် ကလေးငယ်များရှိကြောင်း၊ မန္တလေးမြို့တွင် ဆိုင်ကယ်ပျောက်ဆုံးခြင်းများ မကြာခဏကြုံတွေ့နေရသလို ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးနေသော်လည်း ညအချိန် မန္တလေးကျုံးဘေးပတ်လည်၌ အနားယူအပန်းဖြေနေသူများအပေါ် လူငယ်အချို့က မူးယစ်ရမ်းကားမှုများပြုလုပ်နေကြောင်း ကိုယ်တိုင်ကြုံနေရသူများ နှင့် မန္တလေးမြို့ခံတို့က ပြောသည်။

မန္တလေးတိုင်းတွင် ၂၀၁၂ ခုနှစ်အတွင်း ယစ်မျိုးမှု ၁,၁၇၇၊ လောင်းကစားမှု ၄၇၄၊ မူးယစ်ဆေးဝါးမှု ၁၇၉၊ ပြည့်တန်ဆာမှု ၁၁၂၊ တိရစ္ဆာန်ခိုးမှုသုံးမှု၊ ခိုးမှု၆(၁)- ၃၄ မှု၊ ခိုးမှု(ဆိုင်ကယ်) ၂၁၇ မှုနှင့် ခိုးမှု(ရိုးရိုး) ၃၃၃ မှုတို့ကို မှုခင်းကြိုတင်ကာကွယ်ရေးဆောင်ရွက်စဉ်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။






7 DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013



# မန္တလေးတိုင်းမှ နေ့စဉ် ဆိတ်ကောင်ရေ ၃၀၀ ခန့် တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့နေ

**မောင်တာ**

**မန္တလေး၊ဇန်နဝါရီ-၅**

မန္တလေးတိုင်းဒေသကြီးအတွင်းမှ နေ့စဉ်ပျမ်းမျှ ဆိတ်အရှင်ကောင်ရေ ၃၀၀ ခန့်အား တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့နေကြောင်း သတင်းရရှိသည်။

ထိုသို့တစ်ဖက်နိုင်ငံသို့တရားမဝင် နယ်ကျော်သယ်ယူမှုများရှိနေ၍ တားဆီးရန်နှင့် ဆိတ်သားဈေးများ တည်ငြိမ်ကျဆင်းစေရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ပတ်သက်၍မန္တလေးတိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်းက မန္တလေးတိုင်းလွှတ်တော်ပုံမှန်အစည်းအဝေးဆဌမနေ့တွင် မေးမြန်းခဲ့သည်။

ဆိတ်များ တရားမဝင် သယ်ယူနေမှုများအား ကြပ်မတ်တားဆီးပိတ်ပင်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး အစိုးရအနေဖြင့် ကျွဲ၊ နွားနှင့် ဆိတ်စသည့်တိရစ္ဆာန်များအားပြည်တွင်းတွင် မွေးမြူရန်နှင့်စားသုံးရန်ဖြစ်ပါက နယ်ကျော်သယ်ယူခွင့်ကိုစိစစ်ခွင့်ပြုလျက်ရှိကြောင်း မန္တလေးတိုင်းအစိုးရအဖွဲ့မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းက ပြောသည်။

ဆိတ်သားဈေးတည်ငြိမ်စေရန် တိုင်းဒေသကြီးအတွင်းမှ ဆိတ်များကိုတရားမဝင်သယ်ယူခြင်းပိတ်ပင်တားဆီးရန် လိုအပ်သလိုဆိတ်ကောင်ရေ တိုးပွားမွေးမြူရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆိတ်တိုးပွားမွေးမြူနိုင်ရေးအတွက် ဆိတ်မွေးသူများအား ကူညီထောက်ပံ့မှုများလုပ်ဆောင်နေကြောင်း ဦးမြင့်သန်းက ဆိုသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ၂၀၁၁ မှ ၂၀၁၂ ခုနှစ်အတွင်း ဆိတ်ကောင်ရေ ၆,၆၀၀ အတွက် ချေးငွေကျပ်သိန်း ၁,၆၅၀ ချေးငှားမွေးမြူစေခဲ့ရာ ဆိတ်ကောင်ရေ သုံးထောင်ကျော် တိုးပွားခဲ့ကြောင်း၊ လာမည့်နှစ်တွင်လည်း ဆိတ်တိုးချဲ့မွေးမြူနိုင်ရေး ချေးငွေများ ထုတ်ချေးပေးရန် စီစဉ်နေကြောင်း ဝန်ကြီးဦးမြင့်သန်းက ပြောကြားသည်။

# မုံရွာတက္ကသိုလ်နယ်မြေအတွင်းပုဂ္ဂလိကစကိတ်ကွင်းများဆောက်လုပ်ရန်မြေငှား

**မျိုးမင်းဦး**

**မုံရွာ၊ဇန်နဝါရီ-၅**



**စကိတ်ကွင်းတည်ဆောက်နေသည့် လုပ်ငန်းခွင်တစ်ခု** ဓာတ်ပုံ - ရန်နိုင်ကျော်

မုံရွာတက္ကသိုလ်နယ်မြေအတွင်း ပုဂ္ဂလိကစကိတ်ကွင်းများဖွင့်လှစ်ရန်အတွက်စီးပွားရေးလုပ်ငန်းရှင်များက အိမ်ခြံမြေငှားရမ်းခြင်း၊ စကိတ်ကွင်း တည်ဆောက်ခြင်းကို ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း မုံရွာမြို့ ပုဂ္ဂလိက စကိတ်ကွင်းများ တည်ဆောက်နေသော အင်ဂျင်နီယာ ဦးမျိုးမင်းအောင်က ပြောကြားသည်။

"ကျောက္ကာလမ်း ဇလုပ်အဝိုင်းရဲ့မြောက်ဘက် အဝေးပြေးလမ်းမကြီးအရှေ့ဘက်မှာ ပေ ၈၀× ၆၀ စကိတ်ကွင်းက ၈၀ ရာခိုင်နှုန်းပြီးစီးပါပြီ။ နောက်ထပ် ကျောက္ကာလမ်းပေါ်က မုံရွာတက္ကသိုလ်အနောက်ဘက် ပင်လုံလက်ဖက်ရည်ဆိုင်အနီးမှာ ပေ ၇၀ × ပေ ၁၀၀ စကိတ်ကွင်းကိုလည်း ဆောက်ဖို့ မြေငှားပြီးပြီ။ နောက်ထပ် သလ္လာမြို့သစ်အတွင်း မုံရွာတက္ကသိုလ် အနောက်ဘက်မှာလည်း စကိတ်ကွင်းဆောက်ဖို့ မြေငှားထားတဲ့သူတစ်ဦးလည်း ရှိတယ်ဆိုတော့ ဒီနှစ်စကိတ်ကွင်း ဆောက်ဖို့မြေငှားဆောင်ရွက်တာ သုံးနေရာရှိတယ်" ဟု ဦးမျိုးမင်းအောင်က ပြောကြားသည်။

စကိတ်ကွင်း တည်ဆောက်ရေးအတွက် မြေငှားရမ်းခများမှာ တစ်လလျှင်ကျပ်တစ်သိန်းမှ ကျပ်နှစ်သိန်းအထိရှိပြီး ရေတွင်းတူးခြင်းအဆောက်အအုံဆောက်ခြင်းများအား မြေငှားသည့်လူက ကျခံရကြောင်း ပုဂ္ဂလိက စကိတ်ကွင်း လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ဒီနှစ်မြေငှားခနဲ့ တစ်နှစ်ပဲ စာချုပ်ခွင့်ရတယ်။ နောက်နှစ်ဆက်ငှားမယ် မငှားဘူးဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ စကိတ်ကွင်းဆောက်လုပ်တာက ကျပ်သိန်း ၄၀ ဝန်းကျင် ကုန်တယ်။ အဆောက်အအုံဆောက်တာနဲ့ ကျပ်သိန်း ၁၀၀ ကျော် ရင်းနှီးမြှုပ်နှံရတယ်။ စကိတ်ကွင်းနဲ့အတူ ကော်ဖီဆိုင်၊ အအေးဆိုင်ဖွင့်လှစ်ထားရှိမှာဖြစ်ပါတယ်"ဟု မုံရွာတက္ကသိုလ်နယ်မြေအတွင်း ပုဂ္ဂလိက စကိတ်ကွင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်တုန်းက ဘုရားကြီးရပ်ကွက်အတွင်း ကန်တော်ကြီးအင်း အပန်းဖြေစခန်းမှာ စကိတ်ကွင်းတစ်ခုကိုကလေးငယ်တွေအခမဲ့ကစားနိုင်အောင် ဖွင့်လှစ်ပေးတာရှိပါတယ်။ စကိတ်ကွင်းဆိုတာ ပျောက်ကွယ်သွားတာကြာပါပြီ။ အခု ပုဂ္ဂလိကလုပ်ငန်းရှင်တွေက စကိတ်ကွင်းတွေကိုဖွင့်လှစ်မယ်ဆိုတော့ အစတုန်းက ယုံတောင်မယုံဘူး။ အခု မုံရွာမှာ စကိတ်ကွင်းဖွင့်ဖို့ မြေငှားရမ်းတာတွေ ရှိလာပြီဆိုတော့ စီးပွားရေးလုပ်ငန်းရှင်တွေ မုံရွာတက္ကသိုလ်နယ်မြေအတွင်း မြေငှားရမ်းခတွေ မြင့်လာပြီ"ဟု မုံရွာတက္ကသိုလ်အနီး အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မုံရွာတက္ကသိုလ်အနီးတစ်ဝိုက်ရှိသလ္လာမြို့သစ်ရပ်နှင့်နန္ဒဝန်ရပ်ကွက်တို့တွင် စားသောက်ဆိုင်များ၊ အလှပြင်ဆိုင်များ၊ ဓာတ်ပုံဆိုင်များ စသည့်စီးပွားရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူပိုမိုများပြားလာသည့်နောက်ပိုင်း အိမ်ခြံမြေရောင်းဝယ်မှုနှင့် ငှားရမ်းမှုများ မြင့်တက်လာသည်။

DIETHELM
TRAVEL

Diethelm Travel Ltd. a leading tourism company based in Yangon has vacancies for the following positions:

**Reservation Supervisor / Senior Staff- 2Posts**

Applicants should be motivated, creative, hard-working, great communicator with good written and spoken English, and fully computer literate in MS Office. Applicants must have at least 3 years experience in having worked in tourism.

**Diethelm Travel Ltd.**
**No.412, Merchant Street, Corner of 45th Street,**
**Botahtaung Township, Yangon.**
Tel: 01-8610 458 to 460 and 01- 203 751 to 753
Email: maypyonewin.n@mm.diethelmtravel.com

**ထပ်တန်းထားများအလိုရှိသည်**

International Language & Business Centre, ILBC တွင် **Preschool Trainee Teacher** အဖြစ် ခန့်ထားရန်အတွက် **Teacher Training** သင်တန်းဖွင့်လှစ်ရန် သင်တန်းသူ/သားများလိုအပ်နေပါသဖြင့် လျှောက်ထားလိုသူများ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုသူများသည် တက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အသက် ၃၀ နှစ်ထက်မကျော်ရ။ လျှောက်လွှာရွေးချယ်ခံရသူသည် သင်တန်း တက်ရောက်ခွင့် အင်္ဂလိပ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး၊ သင်တန်းကာလ ၃လ ပြီးဆုံးအောင်မြင်သည့်အခါ **Preschool Trainee Teacher** အဖြစ် တာဝန်ပေးခန့်အပ်မည်ဖြစ်ပါသည်။

ရောင်စုံလိုင်စင်ဓာတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ရပ်ကွက်နေထိုင်ကြောင်းထောက်ခံစာ၊ သန်းခေါင်စာရင်း၊ အလုပ်သမားမှတ်ပုံတင်နှင့် အခြားလိုအပ်သော စာရွက်စာတမ်းထောက်ခံစာများနှင့်အတူ **Human Resources Department** အမှတ် ၃၄၊ [illegible]လမ်း၊ တာမွေမြို့နယ် သို့ကိုယ်တိုင်လာရောက်လျှောက်လွှာတင်နိုင်ပါသည်။

# လျှပ်စစ်မီးရရှိရေးအတွက် ဝမ်းစာစပါးများ ထုတ်ရောင်း

**သန်းထူး**

**နေပြည်တော်၊ ဇန်နဝါရီ -၅**

နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးရရှိရေး ကြိုးပမ်းလျက်ရှိသောကျေးရွာအချို့ မီးရရှိရေးအတွက် ဝမ်းစာစပါးများကို ထုတ်ရောင်းနေကြကြောင်း သက်ဆိုင်ရာကျေးရွာသားအချို့နှင့် စပါးပွဲစားအချို့ထံမှ သိရှိရသည်။

"တစ်ရွာလုံးလိုလိုပဲပြောပါတော့။ မီးရဖို့ဆိုပြီး ဝမ်းစာစပါးတွေ ထုတ်ရောင်းနေကြတာ။ ပွဲစားတွေလည်း တအားပဲ။ ကျွန်တော်တောင် တစ်ရက်တည်းသွားလိုက်တာ စပါးတင်း ရှစ်ရာလောက်ရလိုက်တယ်" ဟူ၍ စပါးဝယ်ယူကာ တစ်ဆင့်ပြန်လည်ရောင်းချသော ပွဲစားကိုမျိုးလင်းက ပြောကြားသည်။

လျှပ်စစ်မီးရရှိရေးအတွက် ပျဉ်းမနားမြို့ တောင်ဘက်ကပ်လျက်ရှိသော လဲလူးအိုင် ကျေးရွာနှင့် ရှမ်းစုကြီး ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိပြီး မီးကြိုးသွယ်တန်းရန်နှင့် ဓာတ်တိုင်စိုက်ထူရန်အတွက် တစ်အိမ်ထောင်လျှင် ကျပ်နှစ်သိန်းမှ ခြောက်သိန်းအထိ အစားစားကုန်ကျမည်ဖြစ်ကြောင်း၊ ယင်းကုန်ကျမှုနှင့် စပါးချေးငွေများပြန်ဆပ်နိုင်ရန်အတွက် ဝမ်းစာစပါးပါမချန် ထုတ်ရောင်းနေရကြောင်း လဲလူးအိုင်ကျေးရွာမှ ရွာခံတစ်ဦးက ဆိုသည်။

"ဝမ်းစာကတော့ နောင်ခါလာနောင်ခါရှင်းပေါ့ဗျာ။ လောလောဆယ် မီးရဖို့ပဲ အိမ်မက်မက်နေတယ်" ဟု အသက် ၃၀ အရွယ်ထိုရွာခံက ပြောကြားခဲ့ခြင်းဖြစ်သည်။

ယမန်နှစ်ကလည်းပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာဆယ်ရွာခန့်မှာ ထိုကဲ့သို့ပင် ကိုယ်ထူကိုယ်ထဖြင့် မီးလင်းခဲ့ကြောင်း ဒေသခံများက ပြောဆိုကြသည်။

လက်ရှိအခြေအနေအရနေပြည်တော်တွင် မနောသုခစပါးအရောင်းအဝယ်သွက်သကဲ့သို့ ဈေးနှုန်းလည်းကျပ်လေးသိန်းဝန်းကျင် ပေါက်ဈေးရှိနေကြောင်း၊ ဆန်ဈေးကွက်တွင်လည်း မနောသုခအဟောင်းမှာတစ်အိတ်(တစ်တင်းခွဲ)လျှင် ကျပ်နှစ်သောင်း ဈေးရှိပြီး အသစ်မှာမူကျပ်တစ်သိန်းနှစ်သောင်းကျော်အသီးသီးရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

## အထက်ပေါင်းလောင်း စီမံကိန်းအရ ရွှေ့ပြောင်းရမည့်ရွာများတွင် ကုန်စည်ဒိုင်များ ဖွင့်လှစ်ရန်ရှိ

**သန်းထူး**

**နေပြည်တော်၊ ဇန်နဝါရီ -၅**

အထက်ပေါင်းလောင်း ရေအားလျှပ်စစ် စီမံကိန်းကြောင့် ရွှေ့ပြောင်းရမည့် ကျေးရွာများအတွက် သီးနှံများ ဈေးကွက်လက်လှမ်းမီရန် ကုန်စည်ဒိုင်များ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က ပြောသည်။

အဆိုပါ ဒေသခံများ၏ ပြန်လည်ထူထောင်ရေးအတွက် ထွက်ကုန်သီးနှံများအား မြို့အရောက် သယ်ယူပို့ဆောင်နိုင်ရန် ကုန်စည်ဒိုင်များဖွဲ့စည်းပေးမည်ဖြစ်ကြောင်း၊ ကားလမ်းများလည်း ချိတ်ဆက်ကာ မြို့အရောက် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းအပြင် သီးနှံအလိုက် အစုအဖွဲ့များ ဖွဲ့စည်းစေကာအောင်ပန်း၊ပင်လောင်းမှ ကုန်သည်ကြီးများနှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

ယင်းဒေသသည် မြေသယံဇာတများကြွယ်ဝသော်လည်း ဒေသတွင်း ရိက္ခာအတွက် စပါးနှင့် အခြားဝင်ငွေရသီးနှံအဖြစ် နနွင်းတစ်မျိုးကိုသာ အဓိက စိုက်ပျိုးကြကြောင်း၊ ပဲမျိုးစုံနှင့် အစေ့ထုတ်ပြောင်းများမှာ ဒေသရေမြေရာသီဥတုနှင့် သင့်လျော်သော်လည်း ပထဝီအနေအထားအရဈေးကွက်တင်ပို့ရန် အလွန်ခက်ခဲကြောင်း ဒေသခံအချို့ကပြောသည်။

"စပါးက ကိုယ့်ဒေသရဲ့ ရိက္ခာအတွက် စိုက်တာ၊ နနွင်းကလည်း အခြားဝင်ငွေရတာပေ့ါ။ ဒီဒေသက ပင်လောင်းကို မိုင် ၃၀ ကျော်လောက်၊ တပ်ကုန်းကို မိုင် ၅၀ လောက်ဝေးတော့ သယ်ယူစရိတ်နဲ့ မကိုက်ဘူး။ အခြားသီးနှံတွေကိုလည်း အဲဒါကြောင့် မစိုက်ကြတာပေ့ါ" ဟူ၍ ဒေသခံ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

အဆိုပါ ဒေသအတွက် အခြား ဝင်ငွေရသီးနှံများဖြစ်သော ဖာလာနှင့် ကွမ်းစိုက်ပျိုးရန် အတွက်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ မျိုးကောင်းမျိုးသန့်များ ရရှိစေရန် အတွက်လည်းကောင်း ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းဟန်က ပြောကြားသည်။

# မန္တလေးမြို့ရှိ မြေ ၄၇ ဧကပေါ်တွင် ကွန်ဒို၊ ဟိုတယ်နှင့် လုံးချင်းနေအိမ်များ ပါဝင်သည့် အိမ်ရာစီမံကိန်း တည်ဆောက်နေ

**မောင်တာ**

**မန္တလေး၊ဇန်နဝါရီ-၅**

မန္တလေးမြို့တွင် ကွန်ဒို၊ ဟိုတယ်နှင့် လုံးချင်းအိမ်များ ပါဝင်မည့်အိမ်ရာစီမံကိန်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူပူးပေါင်းကာ၍ Newstar Light ဆောက်လုပ်ရေးနှင့် C.A.D Construction& Decoration တို့က တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား မြေ ၄၇ ဧကပေါ် တွင် တည်ဆောက်နေခြင်းဖြစ်ကာ စီမံကိန်းကိုအဆင့်နှစ်ဆင့်ခွဲ ဆောင်ရွက်နေကြောင်း ပရောဂျက်မန်နေဂျာကိုဇင်မင်းဆွေက ပြောသည်။

ဆီးဂိမ်းအတွက် ကားအစီး ၁,၀၀၀ ရပ်နားနိုင်သော ငါးထပ်အဆောက်အအုံ ကားပါကင်၊ ဈေးဆိုင်ခန်း ၁၂၇ခန်းပါဝင်သော လေးထပ်အဆောက်အအုံ၊ အထပ်ငါးထပ်ရှိ ရှော့ပင်းစင်တာ၊ မန်းစည်ပင်အတွက် အခန်း ၅၀ပါဝင်သော ဟိုတယ်တို့ကို စီမံကိန်းပထမအဆင့်အနေဖြင့် ဆောက်လုပ်နေပြီး ၂၂ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ ၂၀၁၃ ဆီးဂိမ်းအမီ အပြီးတည်ဆောက်မည်ဖြစ်ကြောင်း ကိုဇင်မင်းဆွေက ပြောသည်။

စီမံကိန်း ဒုတိယအဆင့်အနေဖြင့် အထပ်ရှစ်ထပ်၊ အခန်း ၂၈၀ ပါ နိုင်ငံတကာအဆင့်မီ 4 Star ဟိုတယ်တစ်လုံး၊ အဆင့်မြင့်ကွန်ဒိုတစ်လုံး၊ လုံးချင်းအိမ်ရာ ၆၄ လုံးတို့ကို ထပ်မံတည်ဆောက်မည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် စီမံကိန်းကြီးတစ်ခုလုံးပြီးစီးရန် ရည်ရွယ်ထားကြောင်း ကိုဇင်မင်းဆွေက ဆိုသည်။

စီမံကိန်းတွင်ပါဝင်တည်ဆောက်မည့်လုံးချင်းအိမ်ရာများ၏ တန်ဖိုးကိုစိတ်ဝင်စားကြောင်း မန္တလေးမြို့ခံ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လုံးချင်းအိမ်ရာများအတွက် ဈေးနှုန်းသတ်မှတ်ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီလကုန်ပိုင်းမှသာ တရားဝင်ကြေညာခြင်းနှင့် ဝယ်ယူလိုသူများအတွက် ရောင်းချသွားမည်ဖြစ်ကြောင်း ကိုဇင်မင်းဆွေက ဆက်လက်ပြောသည်။

# ပုဂံဒေသတွင် ဧည့်လမ်းညွှန်သင်တန်း ပထမဆုံးအကြိမ်ဖွင့်မည်

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ - ၅**

ဒေသခံဘွဲ့ရလူငယ်များအတွက် အဓိကထားကာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ပုဂံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဧည့်လမ်းညွှန်သင်တန်း ဖွင့်လှစ်ရန် စီစဉ်နေကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးဖုန်းဇော်ဟန်က ပြောသည်။

သင်တန်းသားအနည်းဆုံး ၈၀ ဦးအထိ လက်ခံသင်ကြားပေးမည့် အဆိုပါ ဧည့်လမ်းညွှန်သင်တန်းကို ပုဂံမြို့၊ ရေဝါဟိုတယ်တွင် ဇန်နဝါရီ ၂၈ ရက်မှ မတ်လ ၂၂ ရက်အထိ ရက်သတ္တပတ် ရှစ်ပတ်ကြာ သင်ကြားပေးနိုင်ရန် စီစဉ်နေကြောင်း ဦးဖုန်းဇော်ဟန်က ပြောသည်။

ပုဂံ၊ ညောင်ဦးဒေသတွင် ဘွဲ့ရလူငယ် အများအပြားရှိနေကြောင်း၊ ဧည့်လမ်းညွှန် အလုပ်ကို စိတ်ဝင်စားပြီး ဧည့်လမ်းညွှန်သင်တန်း တက်ရောက်လိုသော်လည်း ရန်ကုန်မြို့သို့လနှင့်ချီ သွားရောက်၍ သင်တန်းတက်ရခြင်း၊ စရိတ်စက များပြားခြင်းတို့ကြောင့် သင်တန်းတက်ရန် အခက်အခဲများရှိနေသဖြင့် ပုဂံညောင်ဦးမြို့တွင် ဧည့်လမ်းညွှန် (Regional Guide) သင်တန်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်း၍ ညောင်ဦးမှ မန္တလေးတိုင်း လွှတ်တော်ကိုယ်စားလှယ် ဦးသန်းငွေ၏ မေးမြန်းမှုအပေါ် ဝန်ကြီးဦးဖုန်းဇော်ဟန်က ယခုကဲ့သို့ ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

မန္တလေးမြို့တွင်လည်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး မန္တလေး၊ ပုဂံညောင်ဦး ဒေသအပြင် တောင်ကြီး၊အင်းလေးကဲ့သို့သော ဒေသများတွင်ပါ ဧည့်လမ်းညွှန် သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးစေလိုကြောင်း၊ ဧည့်လမ်းညွှန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ဒေသခံ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာနိုင်ကြောင်း မန္တလေးမြို့မှ ဝါရင့်ဧည့်လမ်းညွှန် ကိုဝင်းဇော်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ဒေသခံ ဧည့်လမ်းညွှန်များ ရှားပါးနေကြောင်း၊ ဒေသအချို့တွင် လိုင်စင်ရဧည့်လမ်းညွှန်မဟုတ်ဘဲ ဧည့်လမ်းညွှန်ဝင်ရောက်လုပ်ကိုင်မှုများ ရှိနေ၍ မလိုလားအပ်သော ပြဿနာများဖြစ်ပွားမည်ကိုစိုးရိမ်နေရကြောင်း၊ မကြာမီကာလများတွင် မြန်မာ့ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ထားရာ ရန်ကုန်မြို့တွင်သာ ဧည့်လမ်းညွှန်သင်တန်းဖွင့်လှစ်ခြင်းမျိုးမဟုတ်ဘဲ နယ်မြို့များတွင်လည်း ဖွင့်လှစ်ပေးစေလိုကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်ပေးမှုကို ကြိုဆိုကြောင်း မန္တလေးမြို့ရှိ ဧည့်လမ်းညွှန်များက ပြောကြားသည်။

# စာ(၄၂) နာဂပွဲတော်အတွက် ကြိုတင်စာရင်းပေးထားသည့် နိုင်ငံခြားဧည့်သည် နည်းနေ မှ

"အခု စာရင်းပေးထားတာ နိုင်ငံခြားသား ၁၅ ယောက်ပဲ ရှိသေးတယ်။ မနှစ်က နိုင်ငံခြားသား ၄၀ ကျော်လောက်လာတယ်။ နန်းယွန်းမှာ လုပ်မယ်စီစဉ်ထားတော့ ခရီးသွား ကုမ္ပဏီတွေက လုံခြုံရေးကြောင့် ခရီးစဉ်တွေ မစီစဉ်တော့ဘူး။ လာမယ့်နှစ်မှာတော့ ဧည့်အဝင်ပိုမယ်လို့မှန်းတယ်။ လဟယ်ကနေ နန်းယွန်းကို လမ်းဖောက်နေပြီ" ဟု ဦးအေးလွင်က ပြောသည်။

နာဂလူမျိုးများ အနေဖြင့် တစ်နှစ်တာ လုပ်ငန်း (တောင်ယာလုပ်ငန်း) ပြီးစီးချိန်တွင် နှစ်သစ်ကူးပွဲတော်ကို ကျင်းပလေ့ရှိပြီး ပွဲတော်ကို ဇန်နဝါရီ ၁၄ နှင့် ၁၅ ရက်များတွင် လဟယ်မြို့တွင် ကျင်းပမည်ဖြစ်သည်။

နှစ်သစ်ကူးပွဲတော်တွင် ရိုးရာယဉ်ကျေးမှုအကများ၊ တိရစ္ဆာန်အစိတ်အပိုင်းများဖြင့် ပြုလုပ်ထားသည့်ရိုးရာလက်မှုအသုံးအဆောင်ပစ္စည်းများကြောင့် ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိတ်ဝင်စားလာကြသည်။

သို့သော် ယခုနှစ်တွင် ကချင်ပြည်နယ်နှင့်ထိစပ်နေသည့် နယ်မြေအချို့၌ ကချင်လွတ်မြောက်ရေးတပ်မတော်၏ လှုပ်ရှားမှုများကြောင့် နန်းယွန်းမြို့တွင် ဆက်သွယ်ရေးလမ်းကြောင်းများ လုံခြုံမှုမရှိ၍ လဟယ်မြို့သို့ ပြောင်းရွှေ့ကျင်းပရခြင်းဖြစ်သည်။

"လဟယ်မြို့မှာ ပြောင်းလုပ်ဖို့ လွန်ခဲ့တဲ့ တစ်လကျော်ကျော်တည်းက ရွှေ့လိုက်တာ။ လဟယ်မှာတော့ လုံခြုံရေးက စိတ်ချရပါတယ်။ ခရီးသွားလုပ်ငန်း တိုးတက်လာတာနဲ့အမျှ နောက်နှစ်တွေမှာ ခရီးစဉ် အစီအစဉ် ကြိုဆွဲမယ်။ ဧည့်သည်တွေ တည်းခိုဖို့ ဟိုတယ်၊ မိုတယ်တွေရှိမယ်ဆိုရင် နာဂရိုးရာ ပွဲတော်ကို ခရီးသွားများ စိတ်ဝင်စားစရာ နေရာအဖြစ် ဖော်ဆောင်နိုင်မှာပါ" ဟု နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှုစ်ကြူးက ပြောကြားသည်။

အဆိုပါပွဲတော်သို့မန္တလေး-ခန္တီးမှ လေကြောင်းဖြင့်တစ်ဆင့်သွားရမည်ဖြစ်သည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ၂၀၀၁ ခုနှစ် လေရှီးမြို့၌ ကျင်းပသော ပွဲတော်မှစတင်၍ နိုင်ငံခြားသား ဧည့်သည်များ လာရောက်ခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားများစိတ်ဝင်စားရာ နေရာတစ်ခု ဖြစ်ခဲ့သည်။

"လမ်းပန်းဆက်သွယ်ရေး ကောင်းမယ်။ လုံခြုံရေးစိတ်ချရမယ်ဆိုရင် ဒီရိုးရာပွဲတော်ကိုပြည်ပက ဧည့်သည်တွေ အရမ်းစိတ်ဝင်စားကြတယ်။ ရိုးရာဓလေ့၊ လူမျိုးတွေက ခရီးသွားလုပ်ငန်း ဖော်ဆောင်လို့ကောင်းတဲ့ ပွဲတော်ပဲ" ဟု ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

နန်းယွန်း၊ လဟယ်၊ လေရှီး မြို့နယ် သုံးမြို့နယ်နှင့် မြို့နယ်ခွဲငါးခုဖြင့် ဖွဲ့စည်းထားသော နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် နာဂလူမျိုး ၉၅ ရာခိုင်နှုန်းခန့် နေထိုင်ကြသည်။ နိုင်ငံခြားသားဧည့်သည်များအနေဖြင့် ၎င်းဒေသများသို့ သွားရောက်လိုပါက နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်တောင်းခံ ရသည်ဟု သိရသည်။


**အ.ထ.က(၂)ဒဂုံ (မြို့မ) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏**

**(၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ**

နှစ်စဉ်ကျင်းပမြဲဖြစ်သော အ. ထ. က(၂)ဒဂုံ (မြို့မ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲအား ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်၊ နံနက် ၉နာရီမှ ၂နာရီအထိ အ. ထ. က(၂)ဒဂုံ ဦးဘလွင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား၊ကျောင်းသူဟောင်းများတက်ရောက်နိုင်ပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါရန် အောက်ပါကျောင်းသား၊ ကျောင်းသူများထံသို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဒေါက်တာအေးလှ (၁၉၇၉) | - ၀၉-၅၀၀၁၃၀၀ | ကိုအောင်မိုးသိန်း (၁၉၇၉) | - ၀၉-၅၀၇၀၁၄၂ |
| မအေးမျိုးမြင့် (၁၉၈၀) | - ၀၁-၅၇၇၄၁၉ | မဓာဆို (၁၉၈၄) | - ၀၉-၅၀၈၇၀၄၄ |
| မထယ်(၁၉၈၅) | - ၀၁-၂၂၄၇၄၄ | မနေ့တာဇော်လွင် (၁၉၈၅) | - ၀၉-၅၄၁၁၁၃၄ |
| မသန္တာစိုး (၁၉၈၅) | - ၀၉-၅၁၃၂၂၀၂ | ကိုသီဟလွင် (၁၉၈၅) | - ၀၉-၅၁၅၃၂၈၀ |
| မခင်မိုးလွင် (၁၉၈၆) | - ၀၉-၅၁၅၈၃၅၂ | ကိုဝင်းအောင် (၁၉၈၇) | - ၀၉-၇၃၀၉၀၁၂၅ |
| မမြမြကြယ်(၁၉၈၈) | - ၀၉-၅၁၅၄၁၂၆ | ကိုညား (၁၉၉၀) | - ၀၉-၄၃၁၃၀၇၇၈ |
| ကိုအောင်လင်းမြင့် (၁၉၉၃) | - ၀၉-၅၁၈၉၁၃၂ | ကိုစိန်မင်း (၁၉၉၄) | - ၀၉-၇၃၀၇၇၃၀၇ |
| ကိုဝါဆို (၁၉၉၄) | - ၀၉-၇၃၀၄၀၁၄၄ | ကိုနိုင်းနေမျိုးဝင်း (၁၉၉၆) | - ၀၉-၈၆၁၃၂၁၇ |
| ကိုကျော်မင်းဟန် (၁၉၉၉) | - ၀၉-၇၃၀၆၀၉၁၆ | ကိုတင်ဟောင်ဟောင်ထွန်း (၂၀၀၀) | - ၀၉-၅၀၅၆၉၉၀ |
| မခင်ဝတ်ရည်ဦး (၂၀၀၂) | - ၀၉-၇၃၀၀၅၇၃၃ | မခင်အေးမွန်အောင် (၂၀၀၄) | - ၀၉-၅၀၄၂၀၉၁ |
| ကိုဝေဖြိုး (၂၀၀၆) | - ၀၉-၅၁၀၀၇၁၇ | မယုမွန်မြင့် (၂၀၀၇) | - ၀၁-၃၈၃၇၃၇ |
| မဖြိုးသန္တာအောင် (၂၀၀၈) | - ၀၉-၅၀၀၅၇၀၀ | မကြည်ဖြူ (၂၀၀၉) | - ၀၉-၇၃၁၂၂၇၉၄ |
| ကိုရဲသီဟမင်း (၂၀၁၂) | - ၀၉-၄၂၀၀၁၂၇၂၈ | | |

မော်ဒယ်မြင့်ကားများအတွက်ကွန်ပြူတာဘောက် သင်တန်း
**အမှတ်စဉ်(၈) (၉) (၁၀) ပုံမှန်တန်းခွဲသစ်များကို**
**ဇန်နဝါရီလ ၂၂ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်**
အကြိုမိတ်ဆက်နှစ်ရက်(အခမဲ့)သင်တန်း အပတ်စဉ် စနေ တနင်္ဂနွေ
နေ့များတွင်ဖွင့်လှစ်လျက်ရှိပါသည်၊ ကြိုတင်စာရင်းပေးသွင်းရန်လိုသည်
**Engine Doctor Engineering**
**No, 102, GFloor, 52nd st, Middle, Yangon. Tel: 09 4211 444 95, 96, 97**




TIGER BALM
နာချင်ရာ နာစမ်း... TIGER BALM®
Tiger Balm (White) သည် မူးဝေခြင်းနှင့်
အင်းဆက်ပိုးမွှားများကိုက်ခဲခြင်းဝေဒနာ
တို့ကိုပျောက်ကင်းစေပါသည်။
Reg No. 1308AA599
Tiger Balm (Red) သည် ကြွက်သား
နာကျင်ကိုက်ခဲခြင်းနှင့် အတွင်းဒဏ်ဖြစ်ခြင်း
တို့ကိုအလျင်မြန်ဆုံးသက်သာစေပါသည်။
Reg No. 1402AA1320
Reg No. 1308AA643
TIGER BALM
သင့်ရဲ့ နာကျင်ကိုက်ခဲမှုဝေဒနာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည်
TIGER BALM® PLASTER
Reg No. 1407AA1734
Cool သည်ထိခိုက်နာကျင်မှုများ၊ ကြွက်သားအဆစ်ဖြစ်ခြင်းများ
အတွက် အသုံးပြုရန် အထူးသင့်လျော်ပါသည်။
Reg No. 1407AA1733
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
WORKS WHEREVER IT HURTS.

# Education

7DAY NEWS JOURNAL

Vol.11, No.44 • JANUARY 10 , 2013





ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

## တက္ကသိုလ်ပညာရေးစနစ်တွင် သုတေသနလုပ်ငန်း အားနည်းနေဟု ပညာရှင်များသုံးသပ်

**ဖွဲ့ညက်၊ ရဲနောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

မြန်မာနိုင်ငံ၏ တက္ကသိုလ်ပညာရေးစနစ်၌ သုတေသနလုပ်ငန်းများ ဆောင်ရွက်မှု အားနည်းနေသည်ဟုပညာရေးနယ်ပယ်မှပုဂ္ဂိုလ်များက သုံးသပ်ပြောဆိုသည်။

"ဘယ်နိုင်ငံမှာမဆို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သုတေသနလုပ်ဖို့ လိုအပ်တယ်။ မြန်မာနိုင်ငံက ဗန်းပြလုပ်နေကြတာ"ဟု ပြည်နည်းပညာတက္ကသိုလ်မှ ဆရာတစ်ဦးက မှတ်ချက်ပြုပြောသည်။

တက္ကသိုလ်ကျောင်းများအား အရည်အချင်းထက် အရည်အတွက် များပြားရေးကိုသာ လုပ်ဆောင်နေကြခြင်း၊တက္ကသိုလ်များတွင် သီးခြားရပ်တည်ခွင့် မရရှိခြင်း၊ ဘာသာရပ်ရွေးချယ်ရာ၌ ရမှတ်ဖြင့်သာ ရွေးချယ်ကြခြင်း၊ တက္ကသိုလ် ပညာသင်ကြားရေးတွင် လက်တွေ့ပိုင်းထက် စာတွေ့ကိုသာ ဦးစားပေးနေရခြင်း၊ ကျောင်းများ၏ အခြေခံလိုအပ်ချက်ဖြစ်သော လက်တွေ့ခန်းများ၌ သင်ထောက်ကူပစ္စည်း မပြည့်စုံခြင်းတို့မှာ သုတေသနလုပ်ငန်းများ အားနည်းရခြင်း၏ အဓိကအကြောင်းရင်းများဖြစ်သည်ဟု ပညာရှင်များက သုံးသပ်ထားသည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ဘာသာရပ်ကို မိမိဝါသနာပါရာ မရွေးချယ်ဘဲ အမှတ်ဖြင့်သာ ရွေးချယ်၍ ဘာသာရပ်အပေါ် စိတ်ဝင်စားမှုနည်းနေခြင်းကြောင့် သုတေသနလုပ်ငန်းများ မဖွံ့ဖြိုးရခြင်းဖြစ်သည်ဟု တက္ကသိုလ်ဆရာတစ်ဦးဖြစ်သူ စာရေးဆရာမောင်သာချိုကပြောကြားသည်။

"သီအိုရီနဲ့ လက်တွေ့ ပေါင်းပြီး လုပ်ရတဲ့ သုတေသနပိုင်းကို ကျောင်းသားတွေက လန့်ကြတယ်"ဟု ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဆရာတစ်ဦးကပြောသည်။

တက္ကသိုလ်ပညာသင်ကြားရေးစနစ်တွင်လည်း စာတွေ့ပိုင်းကိုသာ ဦးစားပေးကာ လက်တွေ့လုပ်ဆောင်မှု နည်းပါးနေပြီး စာတွေ့၊ လက်တွေ့ပေါင်း၍ လုပ်ဆောင်ရသည့် သုတေသနလုပ်ငန်းများ အားနည်းလျက်ရှိသည်ဟု ပညာရှင်များကပြောသည်။

"တက္ကသိုလ်တွေရဲ့ အသက်က သုတေသနပဲ"ဟု ဆရာမောင်သာချိုကပြောသည်။

တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရပိုင်းသာမက စီးပွားရေးလုပ်ငန်းများကလည်း ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သင့်သည်ဟုနိုင်ငံခြားပညာရေးတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက အကြံပြုပြောကြားသည်။

ပညာရေး အဆင့်အတန်း မြှင့်တင်ရန်အတွက် ပညာရေးကဏ္ဍတစ်ခုလုံးအား လွှမ်းခြုံနိုင်မည့် အမျိုးသားပညာရေးဥပဒေကို ရေးဆွဲရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦးက နိုဝင်ဘာ ၉ ရက်တွင် ပြုလုပ်ခဲ့သော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး၌ အရေးကြီးအဆိုတစ်ရပ် တင်သွင်းခဲ့ပြီး လွှတ်တော်က အတည်ပြုခဲ့သည်။

## ထိုင်း–မြန်မာနယ်စပ်ရှိ ရွှေ့ပြောင်းစာသင်ကျောင်းများ စိန်ခေါ်မှု မြင့်တက်လာ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ -၃**

နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများကြောင့် ထိုင်းနိုင်ငံ နယ်စပ်ဒေသသို့ရောက်ရှိနေသော မြန်မာနိုင်ငံသားတို့၏ သားသမီးများတက်ရောက်ပညာသင်ယူနေသည့် ရွှေ့ပြောင်း စာသင်ကျောင်းများသည် ရေရှည်ရပ်တည်မှုအတွက် စိန်ခေါ်မှုဖြစ်လာနေကြောင်း မြန်မာရွှေ့ပြောင်းဒေသ ဆရာ၊ ဆရာမများ အစည်းအရုံး(BMTA)မှသိရသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲကြောင့် နိုင်ငံတကာ အလှူရှင်များ၏ စိတ်ဝင်စားမှုသည် ပြည်တွင်းသို့ ဦးတည်သွားခဲ့ခြင်းနှင့် လူစွမ်းအားအရင်းအမြစ်ရှားပါးမှုပြဿနာက ထိုင်း-မြန်မာနယ်စပ်ရှိ ရွှေ့ပြောင်းစာသင်ကျောင်းများ၏ အနာဂတ်ကို ခြိမ်းခြောက်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ရေရှည်ထောက်ပံ့မှုအတွက် အာမခံချက်မရှိတာက ကျောင်းအများစုအတွက် စိန်ခေါ်မှုဖြစ်ပါတယ်။မြန်မာ့နိုင်ငံရေး ပြောင်းလဲမှုနဲ့အတူ အလှူရှင်တွေရဲ့ စိတ်ဝင်စားမှုက ပြည်တွင်းကို ပိုမိုအာရုံစိုက်လာတာရှိပါတယ်။ တချို့လည်း ဒီနှစ်မှာပဲ စတင်ပြောင်းရွှေ့နေကြပါပြီ။ စာသင်ကျောင်းတွေက ဒီနှစ်မှာကို အထောက်အပံ့တချို့ လျှော့ချခံရတာတွေရှိလာပါတယ်။နောင်နှစ်တွေမှာ ပိုခက်ခဲလာနိုင်ပါတယ်"ဟု မြန်မာရွှေ့ပြောင်းဒေသ ဆရာ၊ဆရာမများ အစည်းအရုံးဥက္ကဋ္ဌမန်းရွှေနှင်းက ပြောသည်။

ထို့ပြင် ရွှေ့ပြောင်းစာသင်ကျောင်းများတွင် သင်ကြားပို့ချနေသော ဆရာ၊ဆရာမများ၏ လစာငွေရရှိမှုသည်စိန်ခေါ်မှုတစ်ခုဖြစ်နေပြီး ဆရာ၊ဆရာမများအတွက် ဆက်လက်ရပ်တည်ရန် ခက်ခဲလာကြောင်း ၎င်းကဆိုသည်။

ထိုင်း-မြန်မာနယ်စပ်တွင် ယာယီအသိအမှတ်ပြု ရွှေ့ပြောင်းစာသင်ကျောင်း(၇၃)ကျောင်းနှင့် ကိုယ်ထူကိုယ်ထ ကျောင်းရှစ်ကျောင်းရှိနေပြီး ကျောင်းသား၊ ကျောင်းသူပေါင်း တစ်သောင်းငါးထောင်နီးပါး ပညာသင်ယူနေကြကာ ပညာသင်ယူရန် အခွင့်အလမ်းမရရှိသော ကျောင်းနေအရွယ်ကလေးငယ်တစ်သောင်းကျော်ရှိနေကြောင်း မြန်မာရွှေ့ပြောင်းဒေသဆရာ၊ ဆရာများအစည်းအရုံးမှသိရသည်။

ပြည်တွင်းတွင် နိုင်ငံရေး အပြောင်းအလဲအချို့ဖြစ်ပေါ်နေသော်လည်း ထိုင်းနိုင်ငံရောက်မြန်မာမိဘမဲ့ကလေးငယ်များ၊ ရွှေ့ပြောင်းနေထိုင်နေသော မြန်မာနိုင်ငံသားများနှင့် သားသမီးများအနေဖြင့် နေရပ်ဒေသသို့ပြန်ရန် အခွင့်အလမ်း နည်းပါးနေသေးသလို ရွှေ့ပြောင်းလုပ်သားများလည်း ထိုင်းနိုင်ငံတွင် နောင်ဆယ်စုနှစ်ကြာ ဆက်လက်ရှိနေနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က သုံးသပ်သည်။

## မြန်မာကျောင်းသားများအတွက် ဗြိတိန်အစိုးရပညာသင်ဆု လျှောက်ထားရက် တိုးမြှင့်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ -၂**

ဗြိတိန်နိုင်ငံရှိ ထိပ်တန်းတက္ကသိုလ်များတွင် မဟာဘွဲ့ပညာသင်ယူနိုင်မည့်ပညာသင်ဆုအခွင့်အလမ်းအတွက် မြန်မာ ကျောင်းသားများ လျှောက်ထားနိုင်မည့် လျှောက်လွှာပိတ်ရက်ကို တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ဗြိတိသျှသံရုံးမှ သတင်းထုတ်ပြန်ထားသည်။

တစ်နှစ်ကြာမြင့်မည့်မဟာဘွဲ့ပညာသင်ဆုအခွင့်အလမ်းအတွက်ဇန်နဝါရီလ ၂ရက်နောက်ဆုံး လျှောက်ထားရန် သတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံမှ ကျောင်းသားများအတွက် ဇန်နဝါရီလ ၂၀ရက်ထိအချိန်တိုးမြှင့်သတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။

မြန်မာကျောင်းသားများအနေဖြင့် အဓိကကြုံတွေ့ရသော အခက်အခဲမှာ အွန်လိုင်းမှပညာသင်ဆုလျှောက်လွှာ တင်သွင်းရာတွင် အင်တာနက်ကွန်နက်ရှင်နှေးကွေးမှု ပြဿနာဖြစ်နေကြောင်း သံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခေါင်းဆောင်မှုအလားအလာရှိသောမြန်မာနိုင်ငံသားများအနေဖြင့် ဗြိတိန်၏အထင်ရှားဆုံး ပညာသင်ဆုအခွင့်အလမ်းအတွက် လျှောက်လွှာများ တင်သွင်းကြရန်ဗြိတိသျှသံရုံးက တိုက်တွန်းထားသည်။

ပညာသင်ဆုလျှောက်ထားသူများအနေဖြင့် ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲမဖြေဆိုမီ လျှောက်လွှာတင်သွင်းနိုင်မည်ဖြစ်သော်လည်း အင်တာဗျူး မဖြေဆိုရမီ ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ ဖြေဆိုပြီးရန်လိုအပ်သည်။

ပြီးခဲ့သည့်နှစ်အတွက်ဗြိတိန်အစိုးရပညာသင်ဆု လျှောက်ထားသော မြန်မာကျောင်းသား ဦးရေသည် ၁၀၀ နီးပါး ရှိခဲ့ပြီး ကျောင်းသားငါးဦးကို ရွေးချယ်ပညာသင်ယူပေးအပ်ခဲ့ သည်။

ဗြိတိန်အစိုးရပညာသင်ဆု လျှောက်ထားလိုသူများအနေဖြင့် www.chevening.org/burma ဝက်ဘ်ဆိုက်သို့ဝင်ရောက်ကြည့်ရှုလေ့လာလျှောက်ထားနိုင်သည်။


### ဝန်ထမ်းအလိုရှိသည်

Korea အလုပ်မြင်ဆရာများ ဦးစီး၍ အသစ်ဖွင့်လှစ်မည့် Korea အလုပ်မြင်ဆိုင်ကြီးအတွက် ဆံပင်ညှပ်ကျွမ်းကျင် အမျိုးသား အမျိုးသမီး ဝန်ထမ်းများ အလိုရှိသည်။

မှတ်ချက် - ရုပ်ရည်ပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်ရမည်။
- လုပ်ငန်းကျွမ်းကျင်ရမည်။

ဆက်သွယ်ရန်လိပ်စာ - Ph: 215929, 09-73071983
- အမှတ်(၅၁၅/၂) အောက်ကြည့်မြင်တိုင်လမ်း။

### International Language & Business Centre (ILBC)

No. 34, Lay Daunt Kan Road, Tamwe Township, Yangon.

Ph : 545720 Ext : 28, 556298

ILBC is urgently seeking well qualified and experienced local History teachers. He/She must be able to conduct lessons in English. Master & PhD degree holders are most preferable.

Please apply with update CV to HR department, ILBC.

### Y GROUP Engineering

Architectural-Structural Design & Decoration

the partner you can trust

- Architectural Design
- Structural Design
- Estimation
- Building Construction
- Painting
- Room & Shop Decoration
- Ceiling & Partition
- Electric System
- Air-con System

No.59-3A-Fifty Feet Road, Helden, Kamayut.

Ph : 095-414074

7DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013



# ဂျပန်တက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၃**

ဂျပန်နိုင်ငံရှိ အာရှပစိဖိတ် တက္ကသိုလ်တွင် ဒီဂရီဘွဲ့သင်တန်းများ တက်ရောက်သင်ယူလိုသော ကျောင်းသားများအနေဖြင့် ပညာသင်ဆုအစီအစဉ်ကို ယခုနှစ် ဧပြီလကုန် နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အာရှပစိဖိတ်တက္ကသိုလ်တွင် ပညာသင်အခွင့်အလမ်းများ ရရှိရန် ဂျပန်ဘာသာစကား တတ်ကျွမ်းထားခြင်းမရှိပါက အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းထားသူများလည်းပညာသင်ဆုလျှောက်နိုင်မည်ဖြစ်သည်။

မြန်မာကျောင်းသားများအတွက် အာရှပစိဖိတ်တက္ကသိုလ်သည် သက်ဆိုင်ရာ ပညာအရည်အချင်းအလိုက် ပညာသင်ဆု ၃၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း၊ ၆၅ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းနှင့် ၁၀၀ ရာခိုင်နှုန်းထိ ပေးအပ်နေကြောင်း သိရသည်။

"ကျောင်းတက်ရတာအဆင်ပြေပါတယ်။ ညီမက ဂျပန်စာ သိပ်မရတော့ ဂျပန်စာပါရောသင်ရတယ်။ ဂျပန်က သူတို့စာမသင်မနေရလေ။ ကျောင်းမှာဆိုရင်တော့ အင်္ဂလိပ်လိုပြောရတာ အဆင်ပြေတယ်။ အလုပ်လုပ်မယ်ဆိုရင်တော့ ဂျပန်စာတတ်မှရမယ်။ ဂျပန်မှာ ကျောင်းလာတက်မယ့် မြန်မာကျောင်းသားတွေကိုတော့ ဂျပန်စာ ကောင်းကောင်းသင်လာခဲ့ဖို့နဲ့ ကျောင်းလျှောက်မယ်ဆိုရင် အချိန်တစ်ခုသတ်မှတ်ပြီး သေသေချာချာလုပ်ဖို့တော့လိုမယ်လို့ အကြံပေးလိုတယ်"ဟု အာရှပစိဖိတ်တက္ကသိုလ်တွင် ပညာသင်ဆုဖြင့်တက်ရောက်နေသော မြန်မာကျောင်းသူတစ်ဦးကပြောသည်။

အာရှပစိဖိတ်တက္ကသိုလ်သည် ဂျပန်နိုင်ငံရှိ ဘတ်ပူမြို့တွင် တည်ရှိပြီး နိုင်ငံတကာ ကျောင်းသား အများအပြား တက်ရောက်ပညာသင်ယူနေသော တက္ကသိုလ်တစ်ခုဖြစ်ကာ ပညာသင်ဆု လျှောက်ထားလိုသူများ အနေဖြင့် ပြည်တွင်းရှိ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှတစ်ဆင့် လျှောက်ထားနိုင်မည်ဖြစ်သည်။

# မြန်မာကျောင်းသား ၃၄ ဦး ထိုင်းနိုင်ငံတွင် အမ်ဘီအေဘွဲ့သွားယူမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ -၂**

မြန်မာကျောင်းသား ၃၄ ဦးသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ Assumption တက္ကသိုလ်တွင် အမ်ဘီအေဘွဲ့ (စီးပွားစီမံခန့်ခွဲမှုမဟာဘွဲ့)ကို ယခုလ ၁၆ ရက်၌ သွားရောက်ရယူမည်ဖြစ်ကြောင်း Myanmar Professional Development Center(MPDC) မှ သတင်းရရှိသည်။

မြန်မာ အင်ဖိုတက်ခ်၌ ဖွင့်လှစ်သင်ကြားနေသော ထိုင်းပုဂ္ဂလိကတက္ကသိုလ်၏ တစ်နှစ်ခွဲကြာမြင့်သော အမ်ဘီအေဘွဲ့ သင်တန်းသည် ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပထမအသုတ်နှင့်ဒုတိယအသုတ်မှကျောင်းသား ၃၄ဦးက အမ်ဘီအေဘွဲ့ ရရှိခဲ့ခြင်းဖြစ် သည်။

ထိုင်းနိုင်ငံတက္ကသိုလ်၏အမ်ဘီအေသင်တန်းတက်ရောက်ကြသူများနှင့် ပတ်သက်၍


"ဒီမှာတက်နေတာကတော့ စီးပွားရေးလုပ်နေတဲ့သူတွေရော၊ ဘွဲ့ရပြီးသားလူငယ်တွေရောပဲ။ ကုမ္ပဏီဝန်ထမ်းတွေကတော့ စီးပွားရေးဗဟုသုတတွေရပြီး လက်တွေ့အသုံးချဖို့၊ ရာထူး၊ လစာတိုးဖို့နဲ့ ကိုယ်ပိုင်လုပ်ငန်းလုပ်တဲ့သူတွေလည်း သူတို့လုပ်ငန်းမှာပြန်အသုံးချဖို့ပါ။ ဒီကျောင်းကနေတစ်ဆင့် လုပ်ငန်းရှင်တွေ၊ အလုပ်လုပ်နေတဲ့သူတွေလည်း နက်ဝ့ါခ်ရသွားတာပေါ့"ဟု Assumption တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်နေသော MPDC မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံခြားသားဆရာ ၁၁ ဦးနှင့် မြန်မာနိုင်ငံသားဆရာ ၅ ဦးတို့က စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်၁၆ခုသင်ကြားပို့ချနေသော မဟာဘွဲ့အတွက် သင်တန်းကြေးနှင့် စာမေးပွဲကြေးမှာအမေရိကန်ဒေါ်လာတစ်သောင်းတစ်ထောင်ကုန်ကျမည်ဖြစ်သည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(UMFCCI)ကလည်းထိုင်းနိုင်ငံရှိ University of Thai Chamber and Commerce (UTCC)နှင့်ပူးပေါင်း၍ စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့(အမ်ဘီအေ)ကို ဖွင့်လှစ်သင်ကြားနေသည်။

အစိုးရစီးပွားရေးတက္ကသိုလ်များတွင် စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်းကို ဝင်ခွင့်စိစစ်၍ ဖွင့်လှစ်သင်ကြား ပို့ချလျှက်ရှိသော်လည်း ကျောင်းသားလက်ခံနိုင်မှုအကန့်အသတ်ရှိနေခြင်းကြောင့် ပုဂ္ဂလိက ပညာရေးလုပ်ငန်းများက နိုင်ငံခြား တက္ကသိုလ်များနှင့်ချိတ်ဆက်၍ ဈေးကွက်တောင်းဆိုမှု မြင့်မားသော အမ်ဘီအေသင်တန်းများကို ဖွင့်လှစ်သင်ကြားနေကြခြင်း ဖြစ်သည်။


နှာခေါင်းရောင်နာ လည်ချောင်းရောင်နာ အမြန်ပျောက်ကင်းစေသောကုထုံးသစ်



လည်ဆစ်ရိုး၊ ခါးဆစ်ရိုး လေးဘက်နာရောဂါများအတွက် လျှင်မြန်စွာသက်သာစေသည့် သုံးမျိုးစပ်ကုထုံး



ဒေါက်တာမို ဆေးကုခန်း ဖုန်း – ၀၉ ၄၂၁၁၈၀၈၀၀၀
အမှတ် (၈)၊ စည်ဆိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ် ဦးစီးတည်ထောင်သော
ပညာနန်းတော်
၅တန်း မှ ၁၀တန်းအထိ
ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ
နေ့နေကျောင်းကြီး (ရန်ကုန်မြို့အနီး ကျောင်းကားရှိသည်)
ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း (မတ်လ ဖွင့်မည်)
မြေအမှတ် 118 A/B ကျွန်းချောင်းမြင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ ဖုန်း 01-577 605

# ကျပ်တစ်သိန်းဝန်းကျင် ဖုန်းကတ်များ အကန့်အသတ်မရှိ ရောင်းမည်ဟုဆို

**နိုင်ချို**

**ရန်ကုန်၊ ဇန်နဝါရီ - ၄**

ကျပ်တစ်သိန်းဝန်းကျင် မိုဘိုင်းဖုန်းကတ်များအား အလုံးရေအကန့်အသတ်မရှိရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

"နှစ်သိန်းတန်ဖုန်းတွေလို အလုံးရေကန့်သတ်မှာမဟုတ်ဘူး။ လူတစ်ယောက်ကိုတစ်လုံးမဟုတ်ဘူး။ ဆယ်လုံးလောက်လိုချင်ရင်လည်း ရောင်းပေးမှာပါ" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းအင်ဂျင်နီယာချုပ်တစ်ဦးက ပြောသည်။

ယင်း ကျပ်တစ်သိန်းဝန်းကျင် မိုဘိုင်းဖုန်းများကို ယခုလ ၇ ရက်နှင့် ၈ ရက်တို့တွင် ထွက်ရှိရန် စီစဉ်ထားသော်လည်း အခြေအနေအရ လကုန်ပိုင်းကျမှသာ ထွက်ရှိမည်ဖြစ်သည်။

"အကန့်အသတ်မရှိရောင်းချပေးမယ်ဆိုတော့ အဆင်ပြေတာပေါ့။ နှစ်သိန်းဖုန်းတုန်းက ကန့်သတ်ချက်ရှိတော့ နောက်ပိုင်း နှစ်သိန်းထက် ပိုပေးရတဲ့အဖြစ်မျိုး ဖြစ်လာတာပေါ့" ဟု ရန်ကုန်မိုဘိုင်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖုန်းများရောင်းချရာတွင် မြန်မာ့ဆက်သွယ်ရေးရုံးများအပြင် ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မည့် ပုဂ္ဂလိက ကုမ္ပဏီများကိုပါ ရောင်းချခွင့်ပေးမည်ဖြစ်သည်။ အရောင်းဌာန အများအပြားဖွင့်လှစ်ရောင်းချပေးမည်ဖြစ်သောကြောင့် ဝယ်၍မရသည့် အခက်အခဲများကို ဖြေရှင်းနိုင်မည်ဟု မြန်မာ့ဆက်သွယ်ရေးမှ သိရသည်။

လက်ရှိတွင် အဆိုပါဖုန်းများကို ဇန်နဝါရီလကုန်ပိုင်းအမီ ရောင်းချနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက် ရှိသည်။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့်တန်ဖိုးနည်းလိုင်းဖုန်းများ ဈေးလျှော့ရောင်းခြင်းမှာ တတိယအကြိမ်ဖြစ်သည်။




# အီလက်ထရွန်နစ် ကုန်ပစ္စည်းပြပွဲတွင် နည်းပညာမြင့် ပစ္စည်းများ ရေပန်းစားမည်

**လက်စ်ဗီးဂက်စ်၊ ဇန်နဝါရီ-၆**

အမေရိကန်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ရေးပြပွဲ (CES) ကို လက်စ်ဗီးဂက်စ်မြို့တွင် လာမည့်ရက်သတ္တပတ်တွင် စတင် ပြသတော့မည်ဖြစ်ရာ အလိုအလျောက်မောင်းနှင်သော ကားများမှ နေ၍ ကွေးနိုင်ဆန့်နိုင်သော တို့ထိဖုန်းမျက်နှာပြင်များအထိ နည်းပညာမြင့်ပစ္စည်းများပါဝင်ပြသမည်ဖြစ်သည်။

တီထွင်ဆန်းသစ်မှုရှိသော နည်းပညာပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီကြီး၊ ငယ်များ ပါဝင်ပြသပြီး ကမ္ဘာတစ်ဝန်း ကုမ္ပဏီကြီးများမှ စီးပွားရေးသမားများ၊ ကုမ္ပဏီအလုပ်အမှုဆောင်များ၊ စီအီးအိုများ၊ အရောင်းမန်နေဂျာများ အဓိကတက်ရောက်သောပွဲ၌

စာမျက်နှာ(၂၄)သို့ »



# ဆမ်ဆောင်း Galaxy SIV မေလတွင် ထွက်ရှိလာနိုင်

**နယူးယောက်၊ ဇန်နဝါရီ-၆**

ဆမ်ဆောင်း၏ Galaxy SIV စမတ်ဖုန်းများ ထွက်ပေါ်လာတော့မည်ဟု ကောလာဟလသတင်းများ ထွက်ပေါ်နေသော်လည်း ၂၀၁၃ ခုနှစ် မေလမတိုင်မီ ထွက်ရှိလာဦးမည် မဟုတ်ကြောင်း နည်းပညာဝက်ဘ်ဆိုက်များတွင် ဖော်ပြသည်။

Galaxy SIV ထွက်ရှိမှုကို ဆမ်ဆောင်းက တရားဝင်ကြေညာဦးမည်မဟုတ်ဘဲ ၎င်း၏ စီးပွားဖက်များကို ဦးစွာပြသလိမ့်မည်ဟု တောင်ကိုရီးယားနည်းပညာဝက်ဘ်ဆိုက် MT က ဖော်ပြသည်။ Galaxy SIV တွင် ပုံရိပ်ပြတ်သားမှုမြင့်မားသော 1080x1920 pixels ၅ လက်မ မျက်နှာပြင်ပါရှိမည်ဖြစ်ပြီး မောင်းနှင်မည့် ပရိုဆက်ဆာမှာ Exynos 5440 ဖြစ်မည်ဟု သတင်းတွင် ဖော်ပြသည်။

စာမျက်နှာ(၂၄)သို့ »

# ကျပ်တစ်သိန်းတန်ဖုန်းကတ်များ ဆက်သွယ်ရေးက မရောင်းသေးသော်လည်း ဆိုင်အချို့တွင် ထိုဈေးဝန်းကျင်ဖြင့် ရောင်းနေ

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၃**

ကျပ်တစ်သိန်းဝန်းကျင်တန်ဖိုးရှိ မိုဘိုင်းဖုန်းကတ်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စတင်ရောင်းချ မပေးသေးသော်လည်း ဖုန်းဆိုင်အချို့၌တန်ဖိုးနည်းဟူ၍ ကျပ်တစ်သိန်းဝန်းကျင်ခန့်ဖြင့် ရောင်းနေကြောင်းသတင်းရရှိသည်။

မိုဘိုင်းဖုန်းများကို ဖုန်းဆိုင်အချို့တွင်ကျပ်တစ်သိန်းဖြင့် ဇန်နဝါရီလ ၁ ရက်မှစတင် ရောင်းချနေပြီး ယင်းဖုန်းကတ်လိုပင်မြို့နယ်အချို့၌ ကြိုတင်၍ပင် အရစ်ကျရောင်းချပေးနေသည်ဟု ဖုန်းဝယ်ယူထားသူတစ်ဦးက ပြောသည်။

"တကယ်တမ်းတော့မရောင်းသေးပါဘူး။ ရောင်းနေပြီဆိုတဲ့ သတင်းတွေက ထွက်နေတယ်။ နယ်တွေမှာလည်း ကြားတယ်" ဟု လူကြီးမင်းဖုန်းဆိုင်မှ ကိုလင်းလင်းက ပြောသည်။

လက်ရှိ ကျပ်တစ်သိန်းဝန်းကျင်ဖြင့် ဆိုင်အချို့၌ ရောင်းချနေသည့် မိုဘိုင်းဖုန်းကတ်များမှာ ယခင်နှစ်သိန်းတန်မိုဘိုင်းဖုန်းလက်ကျန်များကို ဈေးလျှော့ရောင်းချနေခြင်းဖြစ်နိုင်ပြီး နယ်များတွင် အရစ်ကျရောင်းပေးနေသည့်ဖုန်းများလည်းဖြစ်နိုင်ကြောင်း ရန်ကုန်မြို့ရှိ ဖုန်းဆိုင်များက သုံးသပ်ပြောကြားသည်။

"လောလောဆယ်မှာ တစ်သိန်းဝန်းကျင်နဲ့ ရောင်းတယ်ဆိုတာ နယ်တွေမှာ ချထားပေးတာတွေကို လှည့်ပြီးရောင်းတဲ့ သဘောပါပဲ" ဟု My Mobile ဖုန်းဆိုင်ပိုင်ရှင် ကိုအောင်အောင်က ပြောသည်။

၂၀၁၃ ဇန်နဝါရီလအတွင်း ကျပ်တစ်သိန်းတန် မိုဘိုင်းဖုန်းများကို ရောင်းချပေးမည်ဆိုသော်လည်း တန်ဖိုးနှုန်းထားများနှင့် ရောင်းချပေးမည့်ရက်ကို သတ်မှတ်ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရှိရသည်။

"ဝယ်တာကခြောက်သောင်းသွင်းပြီး တစ်လ တစ်သောင်းအရစ်ကျ ပေးရတယ်။ တစ်သိန်းဖုန်း ထွက်လာရင်တော့ တစ်သိန်းနှစ်သောင်းပဲ ပေးရတော့မယ်လို့ ပြောတယ်" ဟု သာကေတမြို့နယ်တွင် အရစ်ကျဖုန်း ဝယ်ယူထားသူတစ်ဦးက ပြောသည်။






စာမျက်နှာ(၂၃)မှ

### ဆမ်ဆောင်း Galaxy SIV မေလတွင် ထွက်ရှိလာနိုင်

ယင်းတွင် Quad-Core ARM စနစ်ပါဝင်သည်။

မီဒီယာများအတွက် ပြသခဲ့သည်ဟူသော ဓာတ်ပုံတွင် S4 မှာ S3 နှင့် ဆင်တူသည်။ Home ခလုတ်လည်း မပါရှိသောကြောင့် မျက်နှာပြင်ပေါ်မှာပင် ခလုတ်များ ပါရှိမည့်သဘောဖြစ်သည်။ ထို့အပြင် S4 တွင် 2GB RAM နှင့် ဂရပ်ဖစ်အတွက် Mali-T658 စနစ် အသုံးပြုထားကာ Android 4.2.1 (Jelly Bean) စနစ်အသုံးပြုထားသည်။ ကင်မရာမှာ 13 MP နှင့်



ရှေ့ကင်မရာ 2 MP ပါရှိမည်ဖြစ်သည်။ Galaxy S4 အား S3ထွက်ရှိပြီး တစ်နှစ်အကြာ မေလတွင်သာ ထွက်ပေါ်လာမည်ဆိုခြင်းမှာ အကျိုးအကြောင်း ဆီလျော်သည်ဟု သတင်းတွင် ဖော်ပြထားသည်။

*—Ref: ibtimes*

## ဘားကမ့်ရန်ကုန်သို့ လာရောက်နှီးနှောဖလှယ်မည့်နိုင်ငံများ ယခုနှစ် ပိုများလာ

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၄**

မကြာမီကျင်းပမည့် ဘားကမ့်ရန်ကုန်ပွဲတွင် နည်းပညာ လာရောက်နှီးနှောဖလှယ်မည့် နိုင်ငံများ ယခင်နှစ်များကထက် များပြားလာဖွယ်ရှိကြောင်း ထိုပွဲကျင်းပရေးကော်မတီမှ သတင်းရရှိသည်။

ဇန်နဝါရီ၁၉နှင့် ၂၀ ရက်များတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေအတွင်းရှိ Myanmar ICT Park ၌ ကျင်းပပြုလုပ်မည့် စတုတ္ထ အကြိမ်မြောက်ပွဲတွင် ၂၀၁၂ ခုနှစ်က လာရောက်ခဲ့သည့် နိုင်ငံပေါင်း ၂၀ ထက် ပို၍ လာနိုင်ဖွယ်ရှိသည်ဟု ထိုကော်မတီ၏ ပြန်ကြားရေး တာဝန်ခံ ဒေါ်ထိုက်ထိုက်အောင်ကပြောသည်။

"အခုလာမယ့် သူတွေက ဘားကမ့်ပွဲကိုလည်း လာချင်တယ်၊ မြန်မာနိုင်ငံကိုလည်း ကြည့်ချင်တယ်။ အဲဒါကြောင့် အရင်နှစ်ကထက် လာမယ့်လူ ပိုများလာနိုင်တယ်"ဟု ဒေါ်ထိုက်ထိုက်အောင်က ပြောသည်။

ယခုကျင်းပမည့် ဘားကမ့် (Barcamp) ပွဲအတွက် စိတ်ပါဝင်စားသည့် နိုင်ငံများမှ မေးမြန်းစုံစမ်းမှုများပြားလာပြီး ထိုနိုင်ငံများမှ အထင်ကရ ပုဂ္ဂိုလ်များလည်း တက်ရောက်လာနိုင်ဖွယ်ရှိသည်ဟု ညှိနှိုင်းရေးမှူး ကိုထူးမြင့်နောင်က ပြောသည်။

၂၀၁၂ ခုနှစ်က ပြုလုပ်ခဲ့သည့် ဘားကမ့်ပွဲ၌ကြိုတင်စာရင်းပေးသွင်းထားသူ ၅,၀၀၀ ဝန်းကျင်ခန့်ရှိခဲ့ပြီး ယခုနှစ်တွင်လည်း ထိုအရေအတွက်ဝန်းကျင်သာ ဖြစ်နိုင်ကြောင်း သိရသည်။

၂၀၁၃ ဘားကမ့်ပွဲအတွက် အခန်းအရေအတွက် တိုးမြှင့်စီစဉ်ထားပြီး ခေါင်းစဉ်တစ်ခုကို ၄၅ မိနစ်ကြာ ဆွေးနွေးဖလှယ်ကြမည်ဖြစ်သည်။ ယခင်နှစ်ပွဲကျင်းပခဲ့သည့် နှစ်ရက်တာကာလအတွင်း ခေါင်းစဉ် ၁၅၀ ခန့် နှီးနှောဖလှယ်ခဲ့ကြကြောင်း သိရသည်။

ကြိုတင်စာရင်းပေးသွင်းလိုသူများအနေဖြင့် ဇန်နဝါရီလ ၇ ရက်မှစတင်၍ ဖွင့်လှစ်ထားမည်ဖြစ်ပြီး Volunteer များကို ဇန်နဝါရီလ ၁ ရက်တွင် စတင်ခေါ်ယူနေပြီဖြစ်ကြောင်း ပွဲကျင်းပရေးကော်မတီမှ သတင်းရရှိသည်။

ဘားကမ့်ပွဲများကို ဇန်နဝါရီလအတွင်း လားရှိုး၊ ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်မြို့များတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဟောပြောချင်သူများ အပါအဝင် နားထောင်လိုသူများပါ လွတ်လပ်ရင်းနှီးစွာဖြင့် အသိပညာ၊ အတတ်ပညာများ ဖလှယ်နိုင်သည့် နှီးနှောဖလှယ်ပွဲဖြစ်ကြောင်း သိရသည်။




စာမျက်နှာ(၂၃)မှ

### အီလက်ထရွန်နစ် ကုန်ပစ္စည်းပြပွဲတွင် နည်းပညာမြင့် ပစ္စည်းများ ရေပန်းစားမည်

ယခုနှစ်တွင် Ultra HDTV များကို အဓိက ထုတ်ဖော်ပြသမည်ဖြစ်သည်။ ယင်းတို့မှာ သာမန် HDTV များထက် လေးဆပို၍ ပုံရိပ် ပြတ်သားမည်ဖြစ်ပြီး Sony ၊ LG တို့က အဓိကပြသကြမည်ဖြစ်သည်။ ထို့ပြင် သုံးဘက်မြင် တီဗီများ အင်တာနက်ချိတ်ဆက်တီဗီအများအပြားလည်း ပါဝင်ပြသမည်ဖြစ်သည်။

လက်ကိုင်ဖုန်းများကို တစ်နှစ်ပတ်လုံး မိတ်ဆက်နေကြသလို ယခုပြပွဲတွင်လည်း ၅ လက်မ မျက်နှာပြင်ထက်ကြီးသော ဖုန်းများ ဖော်ထုတ်ပြသမည်ဟု မျှော်လင့်ရသည်။ ကွန်ပျူတာပစ္စည်းများတွင်လည်း ကွေးနိုင်ဆန့်နိုင်သော တို့ထိမျက်နှာပြင်များ ကီးဘုတ်များမှ ဖြုတ်ထုတ်နိုင်သော မျက်နှာပြင်များ ပြသမည်ဖြစ်သည်။

ထို့အပြင် ခန္ဓာကိုယ်လှုပ်ရှားမှုဖြင့် ကိုယ်တွယ်စေခိုင်းနိုင်သော နည်းပညာများကိုလည်း ဧည့်ခန်းအတွင်းထားရှိမည့် အီလက်ထရွန်နစ်ပစ္စည်းများတွင် ပေါင်းစပ်ထားသည်ကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

*—Ref: ibtimes*




Malteser International
Order of Malta Worldwide Relief

**Public Tendering Announcement**

Malteser International is a German based non-governmental organisation providing humanitarian assistance and development aid for people in need in over 40 countries. Our main focus lies in the sector of health and water/sanitation.

Malteser International is currently running Health, Water and Sanitation projects in Wa Special Region II, Shan Special Region IV, Kyaing Tong and Tachileik Townships.

Malteser International requests tenders from contractors in order to construct,

- RsHC in Naing Ngin village, Kyaing Tong Township
- RsHC in Hwue Lin Lan village, Tachileik Township

The requested tenders will consists of construction materials supply, transport, labor costs and the completion of construction works in accordance with Malteser approved designs, quality and standards for the construction of the RsHC construction in Kyaing Tong and Tachileik Townships.

Interested constructors can collect detailed information at our Project Offices in Kyaing Tong and/or Tachileik, not later than **24th January 2013** or please contact the following offices;

**Kyaing Tong Office**
159, Myo Thit Ward
Airport Road, Kyaing Tong.
Eastern Shan State, Myanmar
Ph: +95 (0)84 222 45

**Tachileik Office**
No. 193, Par Lain (3) Street
Taw Kawt Ward, Tachileik
Eastern Shan State, Myanmar
Ph: +95 (0)9 495 886 71

7DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

# ဂန္ဓလရာဇ် ခရီးသည် (၇)

ကျော်ဝင်း

## တောင်များ၏ တောင်ဘက်သို့ (၃ နိုဝင်ဘာ ၂၀၁၂)



**ပိုးလမ်းမ**

အမှန်စင်စစ် ထိုနေ့မနက် အစီအစဉ်မှာ ပေကျင်းစီလီကွန်ဖဲလီဟုဆိုကြသော 'ကျိုးကွမ်ချွန်း' သို့ သွားကြဖို့ဖြစ်သည်။ သို့တစေ ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက ပေကျင်းမြို့ကြီး၏ နောက်ဆုံးနေ့တွင် ဝယ်စရာ ခြမ်းစရာလေးတွေ ဝယ်ကြဖို့ ဈေးဝယ်သွားလိုကြသည်။ သို့အတွက် အိမ်ရှင်များက ပေကျင်းစီလီကွန်ကို မပို့တော့ဘဲ နိုင်ငံခြား ခရီးသွားများ အသွားအလာများရာ ကုန်တိုက်ကြီးတစ်ခုသို့ လိုက်ပို့ပေးပါသည်။ ကုန်တိုက်အမည်က စိတ်ဝင်စားစရာ 'ပိုးလမ်းမ' ဟူ၏။

ပိုးလမ်းမမှာ ငါးထပ်လား၊ ခြောက်ထပ်လားမသိ အတော်မြင့်၊ အတော်ကြီးသော ကုန်တိုက်ကြီးဖြစ်သည်။ 'ပိုးလမ်းမမှ ကြိုဆိုပါ၏' ဆိုသော ဆိုင်းဘုတ်ကြီးက ကြိုဆိုနှင့်သည်။ အဆိုပါ ဆိုင်းဘုတ်ကြီးရှေ့တွင် ကျွန်တော်တို့ တစ်တွေ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ပြီးသည်နှင့် 'ကျန်းယီ' က ပိုးလမ်းမနှင့် ပတ်သက်သော သိသင့်သိထိုက်သည်များကိုကြိုပြောပြသည်။

"ဒီကုန်တိုက်ကြီးက ဆိုင်ရှင်အားလုံး အင်္ဂလိပ်လိုတတ်ပါတယ်။ ပစ္စည်းလည်း အစုံဆုံး၊ ဈေးလည်း အချိုဆုံးပါ။ ဒါပေမဲ့ ဈေးဆစ်ဖို့တော့ လိုလိမ့်မယ်။ တစ်ရာဆိုရင် နှစ်ဆယ်လောက် ဖမ်းဆစ်ပါ။ ဒါမှ တော်ကာကျမယ်။ အားမနာပါနဲ့"

ခက်ပြီကော. . ၊ ကျွန်တော်က ဈေးမဆစ်တတ်။ ဝန်ခံရလျှင် ဈေးဆစ်ရမှာ အားနာသည်။ ရန်ကုန်မှာ အမျိုးသမီးနှင့် ဈေးဝယ်လိုက်လျှင် မျက်နှာပူလို့ ခပ်ခွာခွာလိုက်ပါမြဲဖြစ်သည်။ "ဘယ်လိုလုပ်ရပါ့" ကျန်းယီက သူ့အစီအစဉ်ကို ဆက်ပြောနေသည်။

'ကျန်းကျိုးသွားမယ့်ရထားက ၁ နာရီမှာ ထွက်မှာဆိုတော့ ဒီမှာ ဈေးဝယ်ဖို့ ၁၂ နာရီ အထိပဲ အချိန်ရမယ်။ ဒီတော့ ဝယ်ချင်တာလည်း ဝယ်လို့ရအောင် အချိန်လည်းမြန်သွားအောင် သုံးစုခွဲလိုက်မယ်။ ကိုယ်ဝယ်ချင်တဲ့ ပစ္စည်းအလိုက် ကြိုက်တဲ့အဖွဲ့နဲ့ လိုက်ကြပါ။ တစ်ဖွဲ့ချင်းစီမှာ ကျွန်တော်တို့ အိမ်ရှင်တစ်ယောက်စီ ထည့်ပေးလိုက်မယ်။ ၁၂ နာရီ မတိုင်ခင်ဆိုရင် အခုကားရပ်ထားတဲ့ နေရာမှာ အားလုံးပြန်ဆုံကြပါမယ်။ ဟုတ်ပြီလား"

အလွန်သင့်မြတ်သော အစီအစဉ်ပါလေ။ အဝတ်အစားဝယ်ကြမည့် အဖွဲ့ထဲသို့ ကျွန်တော်ဝင်လိုက်သည်။ သားသမီးတွေ အတွက် အဝတ်အစား ဝယ်ရမည်လေ။ ပြီးတော့ ထိုအဖွဲ့တွင် ကျွန်တော်အားကိုးနိုင်လောက်သည့် နှစ်ယောက်ပါသည်။ အဖွဲ့ကို ဦးဆောင်ခေါ်သွားမည့် တရုတ်မလေး ဆိုဖီယာနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အေးအေးခိုင်။ သူတို့နှစ်ယောက်လုံးက ငယ်သည်။ သွက်သည်။ ထက်သည်။ ဈေးဆစ်တတ်မည့်ပုံမျိုး။ ဈေးမဆစ်တတ်သော ကျွန်တော့်အတွက် အားကိုးနိုင်လောက်သည်။

တကယ်ကုန်တိုက်ထဲရောက်တော့ ဆိုဖီယာတစ်ယောက် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိတော့ပါ။ သို့နှင့် အေးအေးခိုင်နောက်မှ အားကိုးတကြီး ကပ်လိုက်ရသည်။ ပထမဆုံးဝင်သွားသည်က အမျိုးသမီးဝတ် အထည်ဆိုင်။ ဆိုင်ရှင်ကလေးမှာ ကျွန်တော့်သမီးအငယ်အရွယ်လောက်ပင်ရှိဦးမည်။ အပြုံးချိုချိုဖြင့် ညှို့ခံသည်။ စိတ်ရှည်လက်ရှည် ခင်းပြသည်။ အေးအေးခိုင်က ကျန်းယီ ညွှန်ကြားချက်အတိုင်း ၂၀ ရာခိုင်နှုန်းလောက် ဖမ်းဆစ်သည်။ ကလေးမ မျက်နှာတစ်ချက်ပျက်။ သို့တစေ အပြုံးမပျက်ခေါင်းခါသည်။ အေးအေးခိုင်က နည်းနည်းတိုးပေးသည်။ ကလေးမက ထပ်တင်သည်။ ငြင်းရင်းခုံရင်းကပင် တရုတ်မရော၊ မြန်မာပါ အင်္ဂလိပ်စကားတွေ ပျောက်ပြီး တရုတ်လိုတွေဖြစ်ကုန်တော့သည်။ (အေးအေးခိုင်က တရုတ်လိုလည်း ကျွမ်းသည်)

တရုတ်လို နကန်းတစ်လုံးမှ မပေါက်သော ကျွန်တော့်မှာ ဘာမှနားမလည်။ သူတို့မျက်နှာတွေကိုသာ တစ်လှည့်စီကြည့်ရင်း ရင်မနေရတော့သည်။ မြန်မာမက ခပ်တင်းတင်းကျော်ခိုင်းတော့မည် ပြင်တော့ တရုတ်မမျက်နှာမှာ ပြုံးတော့မည်မိုးနယ်။ နောက်ဆုံး ငိုသံပင် ပါလာသည်။ ကျွန်တော့်မှာ အားနာလှပြီ။ သူပြောသည့်ဈေးနှင့်ပင် ဝယ်ချင်လှပြီ။ အေးအေးခိုင်ကို မျက်ရိပ်ပြတော့ သူမက မသိမသာ ခေါင်းရမ်းပြသည်။ နောက်ဆုံးတော့လည်း အလွန်ချိုသော ဈေးဖြင့် အင်္ကျီလှလှလေး နှစ်ထည် ရလိုက်ပါသည်။ အေးအေးခိုင် ကျေးဇူး။

နောက်တစ်ဆိုင်မှာ အနွေးထည်ဆိုင်။ ဆိုင်ရှင်မှာ တရုတ်မလေးမဟုတ်။ တရုတ်ထီးလေး ။ သွက်သလားမမေးနှင့် လက်လက်ထနေသည်။ လျှင်သလားမမေးနှင့် ဂျင်ပေါ်ကထုံး အရှုံးပေးလောက်သည်။ ထုံးစံအတိုင်း တရုတ်မြန်မာဈေးနှုန်းဒိုင်ယာလော့(ခ်)ကြသည်။ ဒိုင်ယာလော့ခ် 'တုန်း' မြင့်လာတော့ အင်္ဂလိပ်ဘာသာစကားကို ကျော်ပြီး တရုတ်လိုဖြစ်သွားသည်။ ဘာတွေပြောကြသည်တော့မသိ။ မျက်နှာချင်းဆိုင် ပြောရင်းပြောရင်း တစ်ယောက်နှင့်တစ်ယောက်နီးသထက် နီးလာသည်။ ကျွန်တော့်မှာ 'ရင်မ' ရုံမှုမက 'ရင်ဖိ'နေရတော့သည်။ "ဘယ်ချက်များ တရုတ်လေးက မြန်မာမလေးကို လှမ်းဖက်လိုက်လေမလဲ. . " ပေါ့။

အနွေးထည်လှလှလေး နှစ်စုံကိုလည်း အလွန်သင့်မြတ်သော ဈေးနှင့် ရလိုက်ပါသည်။ နောက်ခရီးဆောင်သေတ္တာ တစ်လုံးစီ ဝယ်ကြသည်။ သားအတွက်တစ်ခုခု ဝယ်ချင်သေးသော်လည်း အချိန်မရတော့ပြီ။ နောက်တစ်ဆိုင်ဝင်လျှင် ဘာတွေဖြစ်ဦးမည် မသိ။ ကျေးဇူးရှင် အေးအေးခိုင်ကို ပင် နောက်မိသေးသည်။

"ပြန်ကြစို့ဟာ၊ ဆက်ဝယ်နေရင်နင်ပေကျင်းမှာပင် အိမ်ထောင်ကျတော့မယ်"

"ဦးလေးလည်း ဘာထူးတုန်း၊ ဟိုတရုတ်မလေး ငိုမဲ့မဲ့ဖြစ်တော့ မျက်နှာကိုပျက်လို့"

အေးအေးခိုင်က ပြန်နောက်တော့ 'လူကြီးရှက်တော့ရယ်' လုပ်လိုက်ရသည်။ နိုင်ငံရေးဒိုင်ယာလော့(ခ်)တော့မသိ။ ဈေးဝယ်ဒိုင်ယာလော့(ခ်)ကား အသည်းတုန်ရင်ခုန်စရာကြီးပါလား။

**မီးရထားနှင့် ခရီးသွားခြင်း**

ပိုးလမ်းမနှင့် ဘူတာရုံမှာ အတော်လှမ်းဟန်တူသည်။ ပေကျင်းမြို့လယ်ကို ဖြတ်ပြီး တစ်နာရီ လျော့လျော့ ကားမောင်းရသည်။ ပေကျင်းမြို့ကြီးကို နောက်ဆုံးအနေနှင့် ကားပေါ် မှပင် နှုတ်ဆက်ခဲ့ရသည်။ တီယံမင်မုခ်ဦးနှင့် တားမြစ်မြို့တော်. . ၊ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ခန်းမ၊ ပြီး မော်စီတုန်းဗိမာန်။ ရောက်ဖူးချင်သည့်တိုင် မရောက်ခဲ့ရသောနေရာတွေကိုပင် အမြန်ပြေးနေသော ကားပေါ်မှ အမောတကော ငေးခဲ့ရသည်။ နေရစ်တော့ ပေကျင်း။

ကျွန်တော်တို့ဘူတာရုံရောက်တော့ အစောကပင် ကားတစ်စီးနှင့် ကြိုပို့ထားသော ဝန်စည်စလှယ်တွေက ရောက်နှင့်ပါပြီ။ ရထားထွက်ချိန် နီးပြီမို့ ကိုယ့်ပစ္စည်းကိုဆွဲပြီး ဒရောသောပါး ပြေးရသည်။ ကျွန်တော်တို့တစ်တွေမှာ မူလက ခရီးဆောင်သေတ္တာတစ်လုံးစီမျှသာပါသော်လည်း ပိုးလမ်းမကောင်းမှုကြောင့် အခုဆိုလူတိုင်းသေတ္တာနှစ်လုံး အနည်းဆုံးဖြစ်နေပြီ။ သေတ္တာနှစ်လုံးကို ဒရွတ်တိုက် ဆွဲရင်း ကျွန်တော့်မှာ မောနေတော့သည်။ ဒေါက်တာဖုန်းဝင်းက ကူညီ၍သာ ဘူတာထဲသို့ ချောချောမောမော ရောက်သွားတော့သည်။

ပေကျင်းဘူတာမှာ မျှော်လင့်သည်ထက်ပိုကြီးနေသည်။ ဤမျှကြီးကျယ်လှသည့်တိုင် သန့်ရှင်းသပ်ရပ်နေသည်မှာ မချီးကျူးဘဲ မနေနိုင်။ တရုတ်မီးရထားမှာလည်း အရောင်တစ်ဖိတ်ဖိတ်တောက်နေအောင် ခန့်ညားလှသည်။ ရထားပေါ်တက်လိုက်တော့ ဟိုတယ်သဖွယ်ခန်းဆောင်နှင့် မခြားစမတ်ကျလှပနေသည်ကို တွေ့ရသည်။ ထိုင်ခုံတွေဆိုလျှင် အိစက်ညက်ညော ဆိုဖာအကောင်းစားတွေနှင့်။ ကြမ်းပိုးကိုက်ကြမ်းလှသည် နာမည်ကြီးသော မြန်မာပြည် မီးရထားအကြောင်း တွေးမိတော့ ပြုံးရသေးသည်။

တစ်ခုတော့ ရှိသည်။ လက်ဂိတ်တွဲ မပါလို့လားမသိ။ ကျွန်တော်တို့ ပစ္စည်းတွေကို ကိုယ်နှင့်တစ်ပါတည်း ယူလာရသည်။ ခရီးဆောင်သေတ္တာအကြီးကြီးတွေမို့ နေရာယူလှရာ လွတ်ရာနေရာတွင်သာ စုပြုံထားရတော့သည်။ အကယ်၍ လက်ဂိတ်တွဲမှာသာ ထားခွင့်ရလျှင် ပိုအဆင်ပြေပါလိမ့်မည်။ ထို့ထက် စိတ်မောရသည်မှာ ပစ္စည်းတွေတစ်ပုံတစ်ပင်နှင့် ရသည့်အချိန်သုံးမိနစ်။ ကျွန်တော်တို့သွားမည့် ကျန်းကျိုးမှာ ရထားလမ်းဆုံးမဟုတ်။ ကြားဘူတာ။ ကြားဘူတာဆိုလျှင် သုံးမိနစ်ပဲ ရထားရပ်သည်။ ကျွန်တော်တို့အဖွဲ့က ၂၄ ယောက်။ တစ်ယောက်ပျမ်းမျှသေတ္တာနှစ်လုံး. . . ။ သုံးမိနစ်နှင့် ဘယ်လိုဆင်းကြမည်နည်း။

"အေးလေ . . ။ ဘာတတ်နိုင်မလဲ။ နောင်ခါလာ နောင်ဈေးပ" စိုးရိမ်စိတ်ကို ဖွတ်ဖြတ်ပြီး မှန်ပြတင်းမှမြင်နေရသော အပြင်ရှုခင်းကို အာရုံပြောင်းရသည်။ တရုတ်ကျေးလက်ရှုခင်းမှာ အောက်မြန်မာနိုင်ငံနှင့်ကွာလှသည်မထင်ပါ။ လယ်ကွင်းစိမ်း၊ သစ်ပင်စိမ်း၊ တောအစိမ်း၊ တောင်အစိမ်း။ ကျွန်တော်တို့ ကျောခိုင်းထွက်ခွာခဲ့ရာ ပေကျင်းမှာ မြောက်ပိုင်းကုန်းပြင်မြင့်ဒေသ။ ကျွန်တော်တို့ ဦးတည်သွားနေရာ. . ကျန်းကျိုးမြို့တည်ရာ ကျန်းရှုပြည်နယ်မှာ တရုတ်ပြည်အရှေ့အလယ်ပိုင်း ယန်စီမြစ်ဝှမ်းဒေသ. . ။

မီးရထားစီးရသည်မှာ အလုပ်အယမ်းသိပ်မရှိ၊ ငြိမ့်ငြိမ့်လေး ဖြစ်သည့်တိုင် မြန်နှုန်းက မသေးလှပါ။ တရုတ်ပြည်၏ ကျည်ဆန်ရထား။ ကျန်မီးရထားလမ်းကို ၁၉၀၈ ခုနှစ်က ဖောက်လုပ်ခဲ့သည်ဟုသိရသည်။ ကျွန်တော်တို့ မြန်မာမီးရထားလမ်းတွေနှင့် သက်တမ်းသိပ်ကွာလှဟန် မတူပါ။ ကျွန်တော်တို့ဆီမှာတော့ ရထားဘီးချော်လို့၊ ရထားလမ်းရေကျော်လို့ စသည်စသည်များကြောင့် မီးရထားဆိုလျှင် တော်တော်များများက အားမကိုးသလောက်ပင်။ တစ်ခါတစ်ခါ မိုင်းဗုံးထိတတ်သေးသည်မို့ မီးရထားကိုရှောင်ကြသည်များလည်းရှိသည်။ တရုတ်ပြည်တွင်ကား မီးရထားမှာ အများပြည်သူအားထားရသောပို့ဆောင်ရေးယာဉ်ဖြစ်နေပါပြီ။ တွဲအပြည့် ခရီးသည်တွေ လိုက်ပါလာကြသည်ကို သတိပြုမိသည်။

"စားသောက်တွဲမှာပါတယ်ဗျ။ လာဗျာ ကော်ဖီသွားသောက်ရအောင်"

ကိုခင်မောင်ဇော် အဖော်ညှိသည်နှင့် လိုက်သွားဖြစ်သည်။ စားသောက်တွဲမှာ အကျယ်ကြီးမဟုတ်သည့်တိုင် လူရှင်းသည်။ စားပွဲဝိုင်းလေးစုံရှိသည့်အနက် သုံးစုံတွင် ကျွန်တော်တို့ မြန်မာတွေက နေရာယူထားသည်။ သူတို့ရောင်းချသော ကော်ဖီမှာ ထူးထူးခြားခြားကောင်းလှသည်မဟုတ်သည့်တိုင် ရေနွေးကြမ်းကတော့ အတော်နိုင်သည်။ ကျွန်တော်တို့မှာ ကော်ဖီ တစ်ကျိုက်၊ ရေနွေးကြမ်းတစ်ရှိုက်နှင့် အဆင်ပြေနေတော့သည်။ သို့နှင့်တိုင် အစာတစ်ခုခုဝင်တော့ ခံတွင်းက ချဉ်ခြင်းတက်လာသည်။

"ဆေးလိပ်သောက်ချင်လိုက်တာဗျာ"

ပြောတော့ ဒေါက်တာ နေဇင်လတ်က အကြံပြုသည်။

"ရှေ့ဘူတာမှာ ဆင်းသောက်မယ်လေ" "အိုကေ"

ဘူတာဆိုက်သည်နှင့် ဆရာနေ အမူးပြေသော 'ဆေးရှူတဲ့မောင်' တစ်သိုက် ဒရောသောပါး ဆင်းသည်။ စီးကရက်ကို ကသောကမျောဖွာရသည်။ တစ်ရှိုက်. . နှစ်ရှိုက်. . သုံးရှိုက်. . ။ 'ရှီ' ခရာ တုပ်သည်နှင့် နောက်ဆုံး တစ်ဖွာ၊ မခွဲချင် မခွာချင်ဖွာပြီး ရထားပေါ် မလှမ်းချင်၊ လှမ်းချင် တက်ရသည်။ မဆိုးလှပါ။ နည်းနည်းတော့ အာသာပြေသွားသည်။ နောက်ဘူတာရောက်တော့လည်း ဒီအတိုင်း ကြာတော့ ပျော်လာသည်။ ဦးကျော်စံဝင်းလားမသိ၊ လူကြီးတစ်ယောက်က ကျွန်တော်တို့ကိုကြည့်ရင်း စိတ်မသက်မသာ မှတ်ချက်ပြုသည်။

"အင်းကိုယ့်ဒုက္ခကိုယ်ရှာတဲ့သူတွေ"

တကယ့်ဒုက္ခအစစ်မှာ ကျန်ကျိုးရောက်ခါနီးတော့မှ ဖြစ်သည်။ '3 minutes operation' အတွက် ဒေါက်တာနေကစစ်ဆင်ရေး အစီအစဉ်ဆွဲသည်။ "သန်သန်မာမာ လူငယ်လူရွယ်တွေတပ်စုသုံးစုခွဲ၊ ပစ္စည်းတွေ သုံးပုံခွဲပြီး နီးရာတံခါးပေါက်မှာ စုထား၊ ရထားဆိုက်တာနဲ့ အမြန်ချ" သူ့ကိုယ်သူလည်း လူငယ်စာရင်းသွင်းကာ အဆိုပါတပ်စုသုံးစုကို ဦးဆောင်မည့် တပ်ခွဲမှူး အဖြစ် တာဝန်ယူသည်။ ကျွန်တော့်ကိုတော့. .

စာ(၇၀) သို့

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013


ဟိုတလောက သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ မြန်မာ့သစ်တော ၄၀ ရာခိုင်နှုန်း ကျန်သေးသည်တဲ့။

မရနိုင်တော့ဘူးထင်ထားသည့် နာမကျန်းဖြစ်နေသော ဘိုးဘွား မိဘတစ်ဦး သွေးပေါင်ချိန်အထိုက်အလျောက်ကျန်နေသေးကြောင်းကြား လိုက်ရသလို တော်ပါသေးရဲ့ဟု စိတ်ထဲလှိုက်ခနဲခံစားလိုက်ရသည်။ ကြိုးစား၍ကုလျှင်ရနိုင်ပါသေးသည်ပေါ့။

ကျွန်တော်ကသစ်ပင်တွေကိုချစ်သည်။ တောထဲတောင်ထဲ သွားရခြင်းကိုပျော်သည်။ သစ်ရိပ်ဝါးရိပ်ကိုခုံမင်သည်။ ထို့ကြောင့်ပင်လွန်ခဲ့သည့် အနှစ်လေးဆယ်လူငယ်အရွယ်က ကျွန်တော့်ဇာတိ သဲကုန်းမြို့၏အရှေ့ဘက်ပဲခူးရိုးမထဲသို့ မကြာခဏဆိုသလို တမင်တဆင် သွားခဲ့ဖူးသည်။ အဲသည်တုန်းက ရိုးမကတကယ့်ပီဘိတောဆိုမှတော။

# ကျွန်တော်ချစ်သော သစ်ပင်များ

သင်းရီ



တချို့ကညင်ပင်ကြီးတွေ၊ အင်ဖိုပင်ကြီးတွေဆိုလူလေးငါးယောက် ဖက်စာလောက်ရှိသည်။ အဲ့သည် အပင်ကြီးတွေပေါ်ကို နွယ်တက်နေသည့် နွယ်ပင်ကြီးတွေကပင် ခြေသလုံးပေါင်လုံးလောက်။ အပင်အောက်ဆို နေပြောက်ပင်မထိုး။ အဲ့သည် အပင်ကြီးတွေ အောက်ဖြတ်လျှောက်ရသည့်အခါ အေးငြိမ်းချမ်းမြေ့သည့် အရသာကိုခံစားရသည်။

အခုတော့ဖြင့်လွမ်းစရာ. . ။

မကြာသေးခင်က အဲ့သည် ရိုးမထဲမှ ဘုန်းကြီးကျောင်းတွင် ညီတော်မောင်တစ်ယောက် ကထိန်ခင်းသဖြင့် ဟိုတုန်းက ရိုးမအလွမ်းပြေရယ်လို့ ကျွန်တော် တခုတ်တရ လိုက်သွားဖြစ်သည်။ သို့သော် မြင်ရသည့်မြင်ကွင်းက အလွမ်းမပြေ။ ရင်ထဲမှာဆို့သည်။ ဟိုတုန်းက တောကြီးဘယ်ရောက်သွားခဲ့ပြီလဲ။ ရှိခဲ့ဖူးသော သစ်ပင်ကြီးတွေနေရာမှာ တောင်ခေါင်းတုံးတွေသာ တံလျှပ်တွေ တဖွေးဖွေးတရှိန်ရှိန်နှင့်. . . ။

သစ်ကြီးဝါးကြီးတွေ မရှိတော့သည့် အဲ့သည်မြင်ကွင်းကို ကြည့်ရမြင်ရတော့ ကွယ်လွန်ခဲ့ကြပြီဖြစ်သည့် ကျွန်တော့် မိဘဘိုးဘွားတွေကို လွမ်းသလိုမျိုး လွမ်းမိသည်။

သဘာဝကပေးထားခဲ့သည့် အဖိုးတန်တွေကို ဖြုန်းချင်တိုင်း ဖြုန်းတီးပစ်ခဲ့ကြပါပကောလားဟု တွေးမိသည်။ ဆက်လက်ဖြုန်းတီးကြဖို့ ဟန်ပြင်နေကြသည့် လက်မရှိတွေကိုလည်း မြင်နေရဆဲရှိသဖြင့် စိတ်မကောင်းဖြစ်မိရသည်။ အဲ့သည် လက်မည်းကြီးတွေက မြန်မာ့လက်ကျန် သစ်တောတွေဆီမှာ တဝဲဝဲရှိနေဆဲ. . ။

သည်နှစ်ပွင့်လင်းရာသီ၌ ရှမ်းနှင့်ကချင်ဘက်တွင်ကျန်ရှိနေသေးသည့် သစ်တောတွေထဲမှ သစ်တွေကိုခိုးဖို့ တရုတ် သစ်တင်ကားကြီးတွေ ရှမ်းပြည်နယ် နယ်စပ်တွင်အစီး ၂၀၀လောက်ရောက်ရှိနေသည် ဆိုသည့်သတင်း တစ်ပုဒ် သည်ရက်ထဲမှာဖတ်ရသည်။ အချိန်တစ်လတာ သစ်ခုတ်ခွင့်ရဖို့ အဲသည့်နယ်မြေမှ မြန်မာ အာဏာပိုင်တွေကို တရုတ် ကုန်သည်တွေက မြန်မာကျပ်ငွေ သိန်းနှစ်ထောင် လာဘ်ငွေပေးရသည်တဲ့။ တိုင်းပြည့်ရတနာတွေကို သူခိုးနွားကောင်းမှန်းမသိသလို ထင်တိုင်းကြဲနေကြတာပါလားဟု တွေးမိသည်။

တရုတ်နိုင်ငံထဲတွင် မြန်မာငွေ ၃၅ သိန်းလောက်ရသည့် မြန်မာ့ကျွန်းသစ်တစ်တန်ကို မြန်မာနိုင်ငံထဲတွင်တော့ တရုတ်တွေက ငွေလေးသိန်းပဲ ပေးဝယ်သည်တဲ့။ သူခိုးဈေးဆိုသည့်အခါ ထင်သလို အနှိမ်ခံရတော့သည်ထင်ပါ့။

ဟိုတလောက သတင်းတစ်ပုဒ်ထဲတွင်တော့ ၂၀၁၄ ရောက်လျှင် သစ်အလုံးလိုက် တရားဝင် ထုတ်လုပ်ရောင်းချမှုကို ရပ်တန့်တော့မည်ဟု ဖတ်လိုက်ရသေးသည်။ ယခုအတိုင်းသာ တရားဝင်ရော တရားမဝင်ပါ လုပ်ချင်တိုင်းလုပ်နေကြမည်ဆိုလျှင်တော့ ၂၀၁၄ အထိပင်ခံပါဦးတော့မလား တွေးမိ၏။

တိုင်းတစ်ပါးသား အင်္ဂလိပ်တို့ အုပ်ချုပ်စဉ်တုန်းကပင် သစ်ပင်တွေကို စည်းမဲ့ကမ်းမဲ့ မခုတ်ခဲ့ကြ။ ခုလို တစ်တောလုံး ပြောင်အောင်မပြောနှင့် ကျွန်းသားကျွန်းပင်များဆို “သွားကြားထိုး နားပန်” ပင်ခွင့်မပြုခဲ့။ ယခုတော့ ထင်တိုင်းခုတ်ကြတော့သည်ထင်၏။ သစ်ကွင်းတွေထဲ တောင်ပုံရာပုံ ပုံထားသည့်သစ်လုံးတွေကို ကြည့်လိုက်လျှင် တချို့သစ်လုံးလေးတွေဆို သစ်ပင်ပင် မဖြစ်တတ်သေး။ လူဆိုလျှင်တော့ ကြီးကောင်တောင် မဝင်သေးသည့် အရွယ်။ ကြီးကြီးငယ်ငယ် တွေ့သမျှ အပြောင်ခုတ်ကြတာပဲဖြစ်မည်။ ကိုယ်စိုက်ခဲ့သည့် အပင်မဟုတ်တော့လည်း တန်ဖိုးထားရကောင်းမှန်းမသိကြ။

ရိုးပေါ်က ဆင်းလာသည့် ဆယ်ဘီး၊ ဆယ့်နှစ်ဘီးကားကြီးတွေပေါ်မှာ တုံးတင်းသရော ပါလာကြသည့် သစ်လုံးကြီးတွေကို မြင်လျှင်မြင်မကောင်းရှုမကောင်း တုံးလုံးပက် ခေါက်ပစ်တင်လာသည့် ကိုယ့်မိဘိုးဘွားများ၏ အသက်မဲ့ခန္ဓာကိုယ်တွေကိုမြင်ရသလို ရင်ထဲမှာ ခံစားရသည်။ အဲ့ဒီသစ်လုံးကြီးတွေ၏ အသက်က ကိုယ့်မိဘတွေ အသက်ထက်ပင်ကြီးနိုင်ပေသည်ကိုး။ သစ်ပင်ဖြုန်းတီးသူတွေအနေနှင့်ကတော့ သစ်ပင်တစ်ပင်ဖြစ်ဖို့နှစ်ပေါင်းအဲ့သည်လောက်ပင် ကြာတတ်ကြောင်း တွေးမှတွေးမိကြပါလေလားမသိ။

ဟိုတလောက သတင်းတစ်ပုဒ်ထဲတွင်တော့ ၂၀၁၄ ရောက်လျှင် သစ်အလုံးလိုက် တရားဝင် ထုတ်လုပ်ရောင်းချမှုကို ရပ်တန့်တော့မည်ဟု ဖတ်လိုက်ရသေးသည်။ ယခုအတိုင်းသာ တရားဝင်ရော တရားမဝင်ပါ လုပ်ချင်တိုင်းလုပ်နေကြမည်ဆိုလျှင်တော့ ၂၀၁၄ အထိပင်ခံပါဦးတော့မလား တွေးမိ၏။

ကျွန်တော်ကမူ သစ်ပင်တွေကိုချစ်သူမို့ အပင်ကြီးဖြစ်ဖြစ်၊ အပင်သေးဖြစ်ဖြစ် ဖြစ်ပြီးသားအပင်တိုင်းကို နှမြောသည်။

၂၀၀၈ နာဂစ်မုန်တိုင်းကြီး တိုက်ပြီးမနက် ရွှေဂုံတိုင်မီးပွိုင့်မြောက်ဘက် ကုန်းမြင့်ပေါ်တွင် ရှိသော ကျွန်တော်နေထိုင်ရာ ခုနစ်ထပ်တိုက်အပေါ်ဆုံးထပ်မှ မြင်ရသမျှ ပတ်လည်မြင်ကွင်းကို ကြည့်မိတော့ ဒုတိယကမ္ဘာစစ် အတွင်းက ပုလဲဆိပ်ကမ်းတိုက်ပွဲ အပြီး ယမ်းငွေ့မစဲခင်မြင်ကွင်းနှင့် တစ်ထပ်တည်းပါလားထင်မိသည်။ သစ်ပင်တွေအားလုံးနီးပါး မြေပြင်တွင် အတုံးအရုံး. . ။

ရွှေတိဂုံစေတီတော်ကြီးလည်း တောင်ခေါင်းတုံးကြီးတစ်ခုပေါ် ထီးထီးမားမား စံပါယ်နေရသည့်နှယ်. . ။

ရင်ထဲမှာ ဟင်းလင်းပြင်ကြီးဖြစ်သွားသလို ခံစားလိုက်ရသည်။ တစ်ဆက်တည်းလည်း ရန်ကုန်တက္ကသိုလ်ကြီးထဲမှ သက်တော်ရှည် သမိုင်းဝင် သစ်ပင်ကြီးတွေကို သတိရလိုက်မိသည်။ အထူးသဖြင့် သစ်ပုတ်ပင်ကြီး. . . ။

မတော်တဆ သည်အပင်ကြီးများ ကျိုးပဲ့လဲပြိုသွားခဲ့လျှင် တွေးမိကာ သစ်ပင်သစ်ကိုင်းတွေနှင့် ပိတ်ဆို့နေသည့် လမ်းတွေကို ကျော်ဖြတ်လျက် တက္ကသိုလ်ဝင်းထဲ အရောက်သွားမိသည်။ အချို့ပိတောက်ပင်၊ စိန်ပန်းပင်၊ ကုက္ကိုပင်ကြီးတွေ ကျိုးကြပဲ့ကြသော်လည်း အကောင်းပကတိ ကြံ့ခိုင်ကျန်းမာနေဆဲ သစ်ပုတ်ပင်ကြီးကို မြင်ရမှ တော်ပါသေးရဲ့ သက်ပြင်းချနိုင်သည်။ ရန်ကုန်တက္ကသိုလ်ကြီး၏ အထိမ်းအမှတ် သစ်ပုတ်ပင်ကြီးကိုကမ္ဘာတည်သရွေ့တည်နေစေချင်ပါသည်။

ကမ္ဘာပေါ်ရှိ အချို့နိုင်ငံများတွင်တော့ သက်တမ်းထောင်ချီသည့် မဟာသက်တော်ရှည် သစ်ပင် ကြီးတွေကိုတခုတ်တရ ထိမ်းသိမ်းပြုစုစောင့်ရှောက်ထားတတ်ကြသည်။

ယခုလက်ရှိ ရှင်သန်နေဆဲ ကမ္ဘာ့သက်တမ်းအရှည်ဆုံး သစ်ပင်များထဲမှ ၂၀၁၂ တွင် သက်တမ်း နှစ်ပေါင်း ၄၈၄၃ နှစ်ရှိပြီဖြစ်သည့် ကတော့ပုံ ထင်းရှူးပင်ကြီးက အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ထဲမှာရှိသည်။ အဲ့သည် အပင်ကြီးကို အမေရိကန်နိုင်ငံသားတို့က “မက်သရှူးစလက်ရှ်”(Methuselah)ဟု ချစ်စနိုးအမည်ပေးကာ ကယ်လီဖိုးနီးယားရှိ အမျိုးသား သစ်တောထဲတွင် ထိန်းသိမ်းစောင့်ရှောက်ထားကြ၏။ နောက် သက်တော်ရှည်အပင်ကြီးတစ်ပင်လည်း ကယ်လီဖိုးနီးယားပြည်နယ်ထဲတွင်ပင် ရှိခဲ့ဖူးသေးသည်။ ထိုအပင်ကြီးကိုမူ “နီဗာဒါ” ဟု နာမည်ပေးထားခဲ့ကြ၏။ သို့သော် သစ်တစ်ပင်၏ တန်ဖိုးကိုနားမလည်သော လူ့အန္တများက ခုတ်လှဲပစ်သဖြင့် ၁၉၆၄ ခုနှစ်တုန်းက ဆုံးရှုံးသွားခဲ့ရသည်။ ခုတ်လှဲခံရချိန်တွင် “နီဗာဒါ” မှာ အသက် ၄၈၄၄ နှစ်ရှိပြီဖြစ်၏။ အားလုံးက နီဗာဒါ့ကို နှမြောတသ ဖြစ်ကြရသည်။

နောက် သက်တော်ရှည်သစ်ပင်ကြီးတစ်ပင်ကမူ ဂျပန်နိုင်ငံ ဖူကူရှီးမား (Fukushima) နယ်တွင်ရှိသည့် ချယ်ရီပင်ကြီး ဖြစ်၏။ သက်တမ်း တစ်ထောင်ကျော်ပြီ ဖြစ်သည်။ ယခုထက်တိုင် ချယ်ရီပွင့်ချိန်တိုင်း အပွင့်တွေ ဝေနေအောင်ပွင့်ကာ ပန်းပန် နေနိုင်ဆဲရှိသည်။ နှစ်စဉ် ချယ်ရီပန်းတွေပွင့်ချိန်ဆိုလျှင် သူ၏ ပန်းနုရောင် ချယ်ရီပွင့်တွေကို ရှုမြင်ခံစားလိုကြသည့် သူ့ကိုချစ်သော ဂျပန်နိုင်ငံသားတွေက ပန်းကြည့်ဖို့ သူ့ထံ အရောက်လာကြသည်။ သောင်းနှင့်ချီသည့်ကမ္ဘာလှည့် ခရီးသည်တွေကလည်းသူ့ထံသို့လာရောက်ကာ သူ၏သက်တော်ရှည်အလှကို ဂုဏ်ပြုကြသည်။

နောက်တစ်ပင်မှာမူ သက်တော်ရှည်စာရင်းထဲတွင် မပါဝင်သော်လည်း လုံးပတ်အဝန်းအထည် အကြီးမားဆုံးအဖြစ် ကမ္ဘာ့မှတ်တမ်းဝင် အပင်ကြီးဖြစ်၏။ ထိုအပင်ကြီးမှာ ဆိုက်ပရပ်စ်တွင် ပေါက်လေ့ပေါက်ထရှိသော အပင်ကြီးတစ်မျိုး ဖြစ်လျက် မက္ကဆီကိုနိုင်ငံတွင် ယခု ထက်တိုင် သက်ရှိထင်ရှားရှိနေသေးသည်။ ထိုအပင်ကြီးကို ရင်စို့လောက်အမြင့်မှ တိုင်းထွာလျှင် အချင်း ၃၈ ပေရှိလေ၏။

ထိုအပင်ကြီးများကဲ့သို့ပင် အခြားသော ထူးခြား သက်တော်ရှည် သစ်ပင်ကြီးတွေ ကမ္ဘာပေါ်တွင် အများအပြားကျန်ရှိနေကြသေးသည်။ ထိုအပင်ကြီးတွေကို ပိုင်ဆိုင်ကြသော နိုင်ငံတိုင်း၏ ပြည်သူများက ထိုအပင်ကြီးများကို မိဘိုးဘွားများကဲ့သို့ တရိုတသေ တလေးတစား အမြတ်တနိုးဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းစောင့်ရှောက်ထားကြသည်။

ကျွန်တော်တို့နိုင်ငံတွင်လည်း ထိန်းသိမ်းစောင့်ရှောက်ထားအပ်သည့်ပင်ကြီးပင်အိုတွေ အထိုက်အလျောက်တော့ ရှိနေသေးဦးမည်ထင်သည်။ တမြန်နှစ်က မုံရွာမြို့ကိုရောက်တော့ သက်တမ်းရာဂဏန်းရှိမည်ထင်ရသည့် တမာပင်ကြီးတွေကို တစီတတန်း တွေ့ခဲ့ရသေးသည်။ ရှမ်းပြည်နယ် ပင်းတယ လိုဏ်ဂူအနီးမှ ဗုတ်တလုတ်ကန်စောင်းတွင်ရှိသော သက်တမ်းရင့် ညောင်ပိန္နဲပင်ကြီးတွေလည်းကျန်းမာသန်စွမ်းလျက် ရှိနေသေးသည်။ တောင်သမန်အင်းစောင်းမှ မယ်ဇယ်ပင်တန်းနှင့် လက်ပံပင်ကြီးတွေ. . . ။

အဲ့သည်လို အပင်ကြီးမျိုးတွေ သူ့နယ်ကိုယ့်နယ်မှာ အထိုက်အလျောက်တော့ဖြင့် ကျန်လိမ့်ဦး ရှိလိမ့်ဦးထင်သည်။

ကျွန်တော့်မွေးဇာတိသဲကုန်းမြေမှ မိုးကောင်းစေတီတော် ခြေရင်းရှိ ဗောဓိညောင်ပင်ကြီးမှာလည်း အသက် ၆၄ နှစ်ရှိပြီဖြစ်သော ကျွန်တော် လူမှန်းသိစ ပေါက်စန အရွယ်ကတည်းကပင် လူလေးငါးခြောက်ယောက် ဖက်စာလောက်ရှိသောပင်စည်ကြီးနှင့် ထီးရိပ်ကြီးဖြန့်မိုးထားသလို ခန့်ခန့်ထည်ထည်ကြီး ရှိနှင့်သည်မို့ သက်တမ်းက ရာချီမည်သေချာ၏။ အလားတူ ရောမကုက္ကိုပင်ကြီးတွေလည်း ကျွန်တော့်မွေးဇာတိမြို့လေးမှာ အတော်များများကျန်နေကြသေးသည်။

စာ(၃၅) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.44 • JANUARY 10 , 2013

# သင်္ဘောသားစီဒီစီအတုများလာ၍စနစ်သစ်ဖြင့် စာအုပ်ထုတ်

**နိုင်နိုင်စိုး၊ သွယ်သွယ်လင်း**

**ရန်ကုန်၊ဇန်နဝါရီ-၇**

သင်္ဘောသား လုပ်သက်မှတ်တမ်းစာအုပ် (CDC) အတုကိုင်ဆောင်သူ များပြားလာသဖြင့် လုံခြုံရေးစနစ်များပါဝင်သော စာအုပ် သစ်ပြောင်းလဲထုတ်ပေးသွားမည် ဖြစ်ကြောင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

လက်ရှိကိုင်ဆောင်နေသည့်စီဒီစီစာအုပ်အဟောင်းများသည်လွန်ခဲ့သည့်နှစ် ၃၀ ခန့်က စနစ်အတိုင်း ပြုလုပ်ထားသည့်အတွက်အတုပြုလုပ်ရာတွင် လွယ်ကူပြီးလုံခြုံမှုမရှိကြောင်း၊ ယခုပြောင်းလဲအသုံးပြုမည့် စီဒီစီ စာအုပ်အသစ်တွင်လုံခြုံရေးစနစ်ရှစ်ခုထည့်သွင်းအသုံးပြုထားသည်ဟု ယင်းဌာန ဒုညွှန်ကြားရေးမှူးက ပြောသည်။

ယခုထုတ်ပေးမည့် စာအုပ်ပုံစံအသစ်သည်နိုင်ငံတကာစံနှုန်းနှင့်အညီ ငါးနှစ်သက်တမ်းခွင့်ပြုမည်ဖြစ်ကာ စာအုပ်အဟောင်းများကို ၂၀၁၂ စက်တင်ဘာလမှစ၍ လဲလှယ်ပေးနေပြီး ၂၀၁၄ ဒီဇင်ဘာလကုန်အထိ လဲလှယ်ပေးသွားမည်ဟု ၎င်းကဆိုသည်။

"အရင် စီဒီစီမှာ လုံခြုံရေးက အတုလုပ်ဖို့ လွယ်ကူတော့ အတုထွက်လာတယ်။ အဲဒီတော့ အခြားနိုင်ငံက Complain တက်တာတွေဖြစ်လာတယ်"ဟု ဒုညွှန်ကြားရေးမှူးကပြောသည်။

အသစ်ထုတ်လုပ်ပေးမည့်စီဒီစီစာအုပ်ကို ယခုနှစ်တွင် ပြုလုပ်ခဲ့သည့် (၂၄)ကြိမ်မြောက်ရေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အလုပ်ရုံအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်IMO (နိုင်ငံတကာရေကြောင်းအဖွဲ့အစည်း)သို့ အသေးစိတ်ထုတ်ပြန်ခဲ့ပြီး အခြားမြန်မာနိုင်ငံနှင့် ဆက်သွယ်လျက်ရှိသော နိုင်ငံတကာရေကြောင်းဌာနများသို့လည်း အကြောင်းကြားထားပြီးပြီဟု၎င်းကဆက်လက်ပြောသည်။



**စီဒီစီစာအုပ်သစ်**

"အခုစာအုပ်မှာ IMO လက်မှတ်တွေ ပါလာတော့ ကောင်းပါတယ်။ အရင်စာအုပ်က အချက်အလက် အပြည့်အစုံ မပါဘူး။ အခု စာအုပ်က အချက်အလက်အပြည့်အစုံပါတယ်" ဟု အသစ်ထုတ်ပေးမည့် စီဒီစီ စာအုပ်နှင့်ပတ်သက်၍ သင်္ဘောသားတစ်ဦးက သူ၏အမြင်ကိုပြောသည်။

မြန်မာနိုင်ငံတွင် သင်္ဘောသားဦးရေ ၇၅,၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားပြီး လက်ရှိတွင် စာအုပ်အဟောင်းမှ အသစ်လဲလှယ်သူမှာ ၅,၀၀၀ ခန့်သာ ရှိသေးကြောင်း ယင်းဌာနမှ ထုတ်ပြန်ထားသည်။

## စာ-၉၊ အရေပြားပေါ်က ဖက်ရှင် မှ

၂၀၀၅ ခုနှစ်က တက်တူးထိုးဖူးပြီး ယခုအခါ ဆက်ထိုးရန် စိတ်မပါတော့ဟုဆိုသည့် အသက် ၂၇ နှစ်အရွယ် ကိုသူရကလည်း "လူကြီးအားလုံးလက်မခံကြသေးပေမယ့် တော်တော်များများကတော့ သိပ်မပြောကြတော့ဘူး။ လူငယ်တွေကြားထဲ တော်တော်စိမ့်ဝင်လာတယ်ပဲ ပြောရမှာပဲ။ ကျွန်တော်တွေ့တဲ့ လူငယ်တော်တော်များများကတော့ ထိုးချင်စိတ်ရှိရင် ထိုးလိုက်ကြတာပဲ။ အရင်လို သိပ် မစဉ်းစားကြတော့ဘူး။ ပြီးတော့ ဖက်ရှင်တစ်ခုဖြစ်လာတယ်။ မိန်းကလေးတွေပါ ထိုးလာကြတယ်ဆိုတော့" ဟု ပြောသည်။

၂၀၁၁၊ ၂၀၁၂ ခုနှစ်များတွင် ၁၇ နှစ်အရွယ်လူငယ်များသာမက ၄၀ ကျော်အရွယ် လူလတ်ပိုင်းများလည်း တက်တူးထိုးခြင်းကို စွဲမက်လာကြပြီး လူငါးဦးတွင် နှစ်ဦးက အမျိုးသမီးများ ပါတတ်ကြောင်း ရန်ကင်းတက်တူးစတူဒီယိုမှ ကိုသန့်ဇင်ဝင်း(ခ)ကိုကုလားက ပြောသည်။

ကိုကုလားမှာ ၂၀၀၃ ခုနှစ်ခန့်မှစ၍ တက်တူးလောကအတွင်း ဝါသနာအရ ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး အပေါင်းအသင်းမိတ်ဆွေများကို တစ်ပိုင် တစ်နိုင်ထိုးပေးရာမှတစ်ဆင့် နာမည်ကျော်လာခဲ့သူဖြစ်သည်။

"ကျွန်တော်ကငယ်ငယ်လေးကတည်းက ပန်းချီဆွဲတာ ဝါသနာပါတယ်။ ပန်းချီဆိုတာက အရုပ်ပုံတွေပေါ့။ တက်တူးထိုးတာကတော့ ငယ်ငယ်ကပဲဝါသနာပါတာ။ အသိတစ်ယောက်က ကျွန်တော်ပန်းချီဆွဲတတ်တာသိတော့ သူ့ကို ထိုးခိုင်းတယ်။ ပထမတော့ သူများအသားကို မထိုးရဲဘူး။ ဆေးဝင်သွားတာမြင်လိုက်တော့ ပျော်သွားတယ်။ အဲဒီနေ့ကစပြီး ဖီးလ်ဝင်သွားတာ။ တောက်လျှောက်ဒါပဲလုပ်လာတော့တယ်" ဟု သူ၏ဖြတ်သန်းမှု တစ်စိတ်တစ်ပိုင်းကို ရှင်းပြသည်။

လူ့အရေပြားပေါ်တွင် ရေးထိုးရမည့်ရုပ်ပုံများကို အွန်လိုင်းမှ တစ်ဆင့်ရှာဖွေရင်း ကိုယ်ပိုင် အတွေ့အကြုံဖြင့် ပေါင်းစပ်ရေးဆွဲပေးနေသည့် ကိုကုလားကို ရန်ကုန် တက်တူးအသိုင်းအဝိုင်းအတွင်း လူသိများလာခဲ့သည်။

ကိုယ်နှစ်သက်ရာ ဒီဇိုင်းများကို ခန္ဓာကိုယ်တွင် အလှဆင်လာကြသလို တချို့ကလည်း မြန်မာ့ရိုးရာ ကနုတ်ပန်းများ၊ ကိန္နရီကိန္နရာ ရုပ်ပုံ၊ လောကနတ်ရုပ်ပုံ၊ စစ်သူကြီးရုပ်ပုံ စသည်တို့ကို ရေးထိုးကြပြီး ယင်းမှာ နည်းပါးကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ဆိုင်နှင့်ကန္တားနှင့် ဖွင့်လှစ်ထားသည့် တတ်တူးဆိုင်များ ၈ ဆိုင်ခန့်သာရှိပြီး အိမ်မှာပင်ရေးထိုးပေးသူက ပိုများနေသေးသည်။ "ဆိုင်က အဓိကမဟုတ်ဘူး။ Player က အဓိကပါ" ဟု ကိုကုလားက ဆိုသည်။

ရန်ကုန်မြို့ထက်စာလျှင် မန္တလေးမြို့က တက်တူးရေးထိုးပေးသူ အများဆုံးရှိပြီး နာမည်ကျော်တက်တူးဆရာများကို "ကိုတွတ်ပီ၊ ကိုဖိုးကျော်၊ ကိုရှမ်းလေး၊ ကျော်လပြည့်၊ ကိုပိန်၊ ကိုအောင်သူတို့က မန္တလေးမှာနာမည်ကြီးတယ်" ဟု သူက ပြောပြသည်။

သွေးကြောထိ မရောက်ဘဲ အရေပြား၏ နှစ်လွှာမြောက်ကို အပ်ဖြင့်ရေးရသည့် တက်တူးထိုးခြင်းကို အလွယ်တကူ ရောင်ရမ်းတတ်သည့် အသားရေရှိသူ၊ ဆီးချိုရောဂါရှိသူ၊ သွေ့ငင်းရွိုက်ရောဂါရှိသူ၊ နှလုံးရောဂါ၊ အရေပြားရောဂါ၊ ဝက်ရူးပြန်ရောဂါရှိသူတို့ ထိုးနှံရန်မသင့်ဘဲ ထိုးနှံပေးသူကလည်း အသုံးပြုသည့်ပစ္စည်းများဖြစ်သည့် တစ်ခါသုံးအပ်၊ တစ်ခါသုံးလက်အိတ်၊ ဆေးထိုးစက်များကို အန္တရာယ်ကင်းရှင်းစေရန် အထူး ဂရုစိုက်ရမည်ဖြစ်သည်။ သို့မဟုတ်ပါက အရေပြားဒဏ်ရာမှတစ်ဆင့် ကူးစက်ရောဂါများ ဝင်ရောက်နိုင်ပြီး ရောဂါဖြစ်ပွားနှုန်း များနိုင်မည်ဖြစ်သည်။

တက်တူးထိုးသက် ၈ နှစ်ကျော်လာပြီဖြစ်သည့် အသက် ၂၉ နှစ်အရွယ် ကိုကုလားက "တက်တူးဆေးထဲမှာ အနီရောင်ပါတဲ့ဆေးတွေက ဟသ်ာပြဒါးပါတတ်လို့ သေချာကြည့်ဝယ်ရတယ်။ ပဒါးအရမ်းပွင့်နေရင် အသားနဲ့ပြဿနာဖြစ်တယ်။ အလာ့ဂျစ်ဖြစ်တတ်လို့ တက်တူးဆရာတွေ ဂရုစိုက်သင့်တယ်။ ကျန်တာတော့ ဆိုးကျိုးနည်းပါတယ်" ဟု ရှင်းပြသည်။

"တက်တူးနဲ့ ပတ်သက်ပြီးတော့ ပြဿနာအကြီးကြီးတွေတော့ သိပ်မကြားမိပါဘူး။ ဒါပေမဲ့ ဖြစ်နိုင်တာတွေကတော့ လူတစ်ယောက်နဲ့ တစ်ယောက် ကူးစက်တတ်တဲ့ ဘီပိုး၊ စီပိုး၊ HIV ရောဂါတွေကိုစိုးရိမ်ရတယ်။ အပ်မသန့်ခဲ့ဘူးဆိုရင် ဖြစ်ပွားနိုင်တဲ့ ရာနှုန်းများတယ်။ ဖြစ်လာရင်လည်း ကြောက်စရာအရမ်းကောင်းတယ်။ အရောင်တွေက ဆိုးဆေးတစ်မျိုးဖြစ်တဲ့အတွက်ကြောင့် တချို့တွေမှာ ခန္ဓာကိုယ်ရဲ့ အင်္ဂါအစိတ်အပိုင်းတွေကို သက်ရောက်မှုရှိနိုင်တယ်" ဟု အထွေထွေ ရောဂါကုဆရာဝန်ဒေါက်တာလှိုင်စိုးဝယ်က တက်တူးထိုးရာတွင် သုံးစွဲသည့်ပစ္စည်းများ မမှန်ကန်မှုကြောင့် ဖြစ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများကို ရှင်းပြသည်။

တက်တူးကို ကြိုက်နှစ်သက်၍ ထိုးကြသူတို့ရှိသကဲ့သို့ လူငယ်တို့သဘာဝ သူငယ်ချင်းအပေါင်းအသင်းများ တက်တူးထိုးကြသည်ကိုမြင်၍ ရောနှောလိုက်ထိုးကြသူများလည်းရှိသည်။ အသက် ၂၃ နှစ်အရွယ် ကိုမြတ်သူအောင်က "မေမြို့မှာထိုးတာ။ ထိုးတုန်းက ၁၉ နှစ်လောက်ပဲရှိသေးတယ်။ ကိုယ့်သူငယ်ချင်း အချင်းချင်းကြားမှာ အားကျလို့ ငါလည်းထိုးမယ်ဆိုပြီး သွားထိုးတာ။ အရုပ်ကို သဘောတော့မကျဘူး။ ထပ်ထိုးချင်သေးတယ်" ဟု၎င်းရေးထိုးခဲ့သည့်တက်တူးအတွေ့အကြုံကို ပြောပြသည်။

တက်တူးထိုးခြင်းကို နှစ်သက်သည့် လူငယ် ပရိသတ်ရှိသကဲ့သို့လည်း မနှစ်သက်သည့် လူငယ်များလည်း ရှိစမြဲပင်ဖြစ်သည်။ "အခုခေတ်က တက်တူးယဉ်ကျေးမှုကို လိုတာထက်ပိုပြီးနေရာစုံ ထိုးတယ်။ အခုခေတ်ထိုးတာတွေကိုတော့ မဆန့်ကျင်ပေမယ့် သဘောမကျဘူး" ဟု အသက် ၂၅ နှစ်အရွယ် လူ့ရှင်တော်ကိုစိုးမိုးက ဆိုသည်။

သဃ်န်းကျွန်းမြို့နယ်တွင် နေထိုင်သည့် အသက် ၁၉ နှစ်အရွယ် မအင်ကြင်းဖြူကတော့ "တစ်ချို့ကျတော့လည်း အလှထိုးတယ်လေ။ သေးသေးလေးပဲဖြစ်ဖြစ်ပေါ့။ အဲ့ဒါဆိုတော်သေးတယ်။ တချို့ယောကျ်ားလေးတွေဆို လက်မောင်းအပြည့်ထိုးကြတယ်။ ဘာပုံတွေမှန်းမသိဘူး။ လမ်းသရဲလိုလိုဘာ လိုလိုနဲ့။ နာမည်တို့ဘာတို့စာတန်းလေးတွေ မသိမသာထိုးတာမျိုးဆိုရင်တော့ တော်သေးတယ်" ဟု သူမ၏အမြင်ကို ပြောပြသည်။

အမျိုးသမီးများ တက်တူးထိုးခြင်းကိုလည်း အများစုက ယဉ်ကျေးမှုပေတံဖြင့် တိုင်းတာနေကြဆဲဖြစ်ပြီး အလှအပအနုပညာတစ်ရပ်အနေဖြင့် ခံစားသူ နည်းပါးနေသေးသည်။ တချို့သော အမျိုးသမီးတို့ကလည်း တက်တူးကို ရင်သားနှင့် ခါးအောက် တင်ပါးအထက်နားတွင် ထိုးနှံခြင်းမျိုးရှိသောကြောင့် ယဉ်ကျေးမှု အမြင်ဖြင့်ကြည့်လျှင် အမြင်စောင်းကြသည့်သဖွယ် ရှိနေသေးသည်။

ပြည်ပတွင် နေထိုင်သည့် စာရေးဆရာမင်းဒင်က "ပိုဆိုးတာက မိန်းကလေးတွေပါ ဆေးမင်ကြောင်ထိုးတဲ့ အလုပ်ကို စွဲစွဲလမ်းလမ်း ဖြစ်လာကြတာကို အရမ်းအံ့ဩတယ်။ လူသားတွေဟာ ကိုယ်ပိုင်အလှတရားကို ဖော်ကျူးဖို့ နည်းလမ်းရှာကြတာ လမ်းလွဲကုန်ရော့သလားလို့ စဉ်းစားမိတယ်" ဟု ဆိုလာသည်။

ယခင်ခေတ်ကာလများက တက်တူးထိုးခြင်းကို လူမျိုးစုတချို့၏ အသိုင်းအဝိုင်း၊ အဆင့်အတန်းနှင့် ဖော်ပြလေ့ရှိကြသော်လည်း ယခုအခါ တက်တူးထိုးခြင်းသည် အလှအပ အနုပညာတစ်ရပ် ဖြစ်လာခဲ့ပါပြီ။ အများသိကြသည်မှာတော့ ဘုရားပွဲ ဈေးတန်းများ၏ ၁၂ ပွဲဈေးသည်များကြား မော်တာစက်တစ်လုံးဖြင့် ရေးထိုးပေးနေသည့် ပျံကျတက်တူးဆိုင်လေးများပင် ဖြစ်သည်။

နာမည်ကျော် တက်တူးဆိုင်များတွင် ထိုးနှံလျှင် ရုပ်ပုံအရွယ်အစားနှင့် အနေအထားပေါ်မူတည်၍ အနည်းဆုံး ကျပ်သုံးသောင်းမှသည် သိန်းနှင့်ချီ၍ ကုန်ကျတတ်သောကြောင့် ငွေကြေးမတတ်နိုင်သူ လူငယ်တို့အတွက် ပွဲဈေးတန်းတက်တူးကိုသာ ဖက်တွယ်စရာဖြစ်လာရသည်။

လူငယ်အများစု၏ ခန္ဓာကိုယ်ပေါ်မှ တက်တူးရုပ်ပုံများသည် ထို ၁၂ ပွဲ တက်တူးဆိုင်လေးများထံမှ အစတည်လာလေ့ရှိပြီး တချို့ကတော့ သူငယ်ချင်း အချင်းချင်း ရေးထိုးပေးခြင်းမျိုးဖြင့် စတင်ခဲ့ကြသည်။ ထိုအရင်းအမြစ်များမှတစ်ဆင့် မလိုလားအပ်သော ရောဂါပြဿနာများ ဖြစ်ပေါ်လာလေ့ရှိသည့်အတွက် တက်တူးရေးထိုးခြင်းအပေါ် တွန့်ဆုတ်ခဲ့ကြခြင်း ဖြစ်သည်။ သို့သော် ယခုအခါတွင်တော့ ၁၂ ပွဲဈေးမှ တက်တူးဆိုင်များကလည်း တစ်ခါသုံးအပ်ကို သုံးစွဲလာကြသည်ကို တွေ့ရသည်။

"ပွဲဈေးတန်းမှာ ထိုးပေးတာတွေ မဖြစ်စေချင်တော့ဘူး။ ကိုယ့်ပညာနဲ့ ဆိုင်ဖွင့်ပြီး သင့်တင့်တဲ့ ဈေးနဲ့ ထိုးပေးကြစေချင်တယ်။ ဒီလိုပွဲတွေမှာ လိုက်ထိုးနေမယ့်အစား ကိုယ့်အနုပညာနဲ့ကိုယ် ထိုးမယ့် လူကရောက်လာမှာပဲ" ဟု ကိုကုလားက ၁၂ ပွဲဈေးတန်းများမှ တက်တူးဆိုင်ခန်းများအပေါ် အကြံပြုသည်။

ဆယ်စုနှစ် အတော်ကြာ အများစု လက်သင့်မခံခဲ့ကြသော တက်တူးရေးထိုးခြင်း အနုပညာသည် ၂၀၁၀ နောက်ပိုင်းတွင် အလှအပ ဖက်ရှင်ဒီဇိုင်းတစ်ရပ်အဖြစ် လူငယ်၊ လူလတ်ပိုင်း အမျိုးသား၊ အမျိုးသမီးတို့ ကြားထဲသို့ တိုးဝင်လာခဲ့သည်။

လူသိများ ထင်ရှားသော အနုပညာ ရပ်ဝန်းမှ ငွေကြယ်ပွင့်တချို့ထံတွင်လည်း ကျား၊မ မရွေး တက်တူးဖက်ရှင်များဖြင့် တန်ဆာဆင်ထားသည်ကို တွေ့လာရသည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်တွင် တက်တူးဆိုင်များက နေ့စဉ် လူမပြတ်တမ်း ထိုးနှံပေးခဲ့ရပြီး ယခုနှစ်မှ စတင်ကာ ပိုမို ပွင့်လန်းလာလိမ့်မည်ဟု တက်တူးရေးထိုးသူတို့က ယုံကြည်ထားကြသည်။

"ဖြစ်သလို မလုပ်ဘူးဆိုရင် ဒီထက်ပိုတိုးတက်ဖို့ပဲ ရှိတယ်။ ဖြစ်သလိုရေး၊ ဖြစ်သလို ထိုးမယ်ဆိုရင်တော့ တက်တူး ထိုးတာကို ရှုတ်ချတဲ့လူများလာမယ်။ မြင်တာနဲ့ အသားက လှတယ်လို့ ပြောနိုင်ဖို့ လိုတယ်" ဟု ကိုသန့်ဇင်ဝင်းက တက်တူး ရေးထိုးသူ တစ်ဦးအနေဖြင့် မှတ်ချက်ပြုသည်။

တက်တူးသည် အလှအပ တစ်ရပ်သာ ဖြစ်ပါသည်။ တက်တူးထိုးသူတိုင်းသည် လမ်းသရဲ မဟုတ်၊ လူမိုက်မဟုတ်ကြသလို တက်တူးထိုးသည့် မိန်းကလေးများကိုလည်း မကောင်းသည့် အမျိုးသမီးဟု သတ်မှတ်လို့ မရဘဲ ခေတ်နှင့်အညီ မျောပါလာသော ဖက်ရှင်တစ်ရပ်သာဖြစ်ကြောင်း တက်တူးထိုးထားသူများက တညီတညွတ်တည်း မှတ်ချက်ပေးကြပါသည်။

လူငယ်တစ်ဦး၏ ယုံကြည်ချက်အရ ပြုလုပ်ခဲ့သည့် လုပ်ရပ်နှင့်ပတ်သက်၍ ချစ်သူ၏အမည်ကို ခန္ဓာကိုယ်တစ်နေရာတွင် အမြတ်တနိုး ရေးထိုးထားသော မခိုင်ပြည့်တစ်ယောက် နောင်တ မရမိပါ။ သူကအောက်ပါအတိုင်း ပြောပါသည်။

"ကိုယ်ယုံကြည်ရာ ကိုယ်လုပ်ခဲ့တဲ့ အမှတ်တရပေါ့။ တက်တူးဆိုတာ အသက်ကြီးလာတဲ့အခါ လူငယ်ဘဝရဲ့ အမှတ်ရစရာတစ်ခုတော့ ဖြစ်လာမှာပေါ့" ဟူ၍ ဖြစ်သည်။

7DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

# လေထဲက ဥပစာကိုဝယ်ယူကြခြင်း

သတင်းအဖွဲ့

**မြေရှင်၊ အခန်းရှင် ပိုင်ဆိုင်မှု ပြဿနာများ ပြေလည်စေရေးမှာ ခေတ်မမီတော့သည့် မြို့ပြဆိုင်ရာ ငှားရမ်းကြီးကြပ်ရေးဥပဒေပြင်ဆင်ရေးသည် အဓိကဖြစ်**


ဓာတ်ပုံ-ထက်ဝင်းပြုံး(၉၀၅)

ရန်ကုန်မြို့အတွင်းက ကန်ထရိုက်တိုက်ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု

မျက်နှာကြက်တွင် ပေါ်နေသည့် သံချောင်းများကို ကြည့်ရင်းကိုကျော်မိုးနေထိုင်ရာ ခြောက်ထပ်တိုက်ကြီးမှာ သဘာဝဘေး တစ်စုံတစ်ရာကြောင့် ပြိုကျပျက်စီးခဲ့ပါက သူ၏ပိုင်ဆိုင်မှုမှာ လေထဲတွင် ပင်ပျောက်သွားတော့မည့် အရေးတွေးပူရင်း ရင်မောနေမိသည်။

ရွာမှ ခြံနှင့်လယ်ကို ရောင်းကာ မြို့တက်အခြေချနေထိုင်ရန် ရန်ကုန်မြို့တွင် ကန်ထရိုက်တိုက်ခန်းတစ်ခန်း ဝယ်ယူခဲ့သည့် ကိုကျော်မိုးတစ်ယောက် တိုက်ခန်းဝယ်ယူစဉ်က မြေရှင်နှင့် ချုပ်ဆိုခဲ့သော စာချုပ်မှာ ခိုင်မာမှုမရှိသည်ကိုတိုက်ခန်းဝယ်ယူပြီးတစ်နှစ်ကျော်ကြာမှသာ တဖြည်းဖြည်းနားလည်သဘောပေါက်လာသည်။

ရွှေ့ပြောင်းအခြေချနေထိုင်သူ အများဆုံးဖြစ်လာသည့် မြို့တော်ရန်ကုန်၌ မြေကွက်တစ်ကွက်ပေါ်တွင် တိုက်ဆောက်ကာ အခန်းပေါင်းများစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ကန်ထရိုက်အများစု၌ မြေရှင်နှင့် အခန်းရှင်တို့၏ ပိုင်ဆိုင်မှု ပြဿနာမှာ တစ်နေ့ထက်တစ်နေ့ ကြီးမားလာသည်။

မြန်မာနိုင်ငံတွင် ၁၉၆၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့သော မြို့ပြငှားရမ်းခကြီးကြပ်ရေးဥပဒေအရ လက်ရှိ ရန်ကုန်မြို့တွင် တိုက်ခန်းဝယ်ယူနေထိုင်သူ အများစုမှာ လေထဲမှ ဥပစာကို ဝယ်ယူထားရခြင်းဖြစ်သည်။ တစ်နည်းဆိုသော် အပျောက်စနစ်ဖြင့် မြေပေါ်တွင် ငှားရမ်းနေထိုင်ခြင်းသာ ဖြစ်သည်။

“လေထဲမှာ အိမ်ဆောက်တဲ့ စကားလိုပဲ လေထဲက ဥပစာကို ဝယ်ထားရတာ” ဟူသည့် စကားသံမှာ ရန်ကုန်မြို့လယ်က ကန်ထရိုက် တိုက်ခန်းတစ်ခန်း ဝယ်ယူထားသောဒေါ်ခိုင်ခိုင်လှဲ့ထံမှ မခံချိမခံသာ ထွက်ပေါ်လာခြင်းဖြစ်သည်။

ကျောက်တံတားမြို့နယ်တွင် ကန်ထရိုက်တိုက်ခန်း ဝယ်ယူခဲ့သည့် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးက “မြေရှင်မသိဘဲ အိမ်မှာ သံတစ်ချောင်းတောင် ရိုက်လို့မရဘူး” ဟု သူ၏ အတွေ့အကြုံကို ပြောသည်။

တန်ရာတန်ကြေးပေးဝယ်ယူခဲ့သည့် မိမိပိုင်တိုက်ခန်းကို လူမျိုးခြားမငှားရ၊ ဆေးပြောင်းမသုတ်ရစသည့် မြေရှင်၏ ပညက်ချက်များစွာ ကန့်သတ်ခြင်း ခံနေရသောသူများမှာ ရန်ကုန်နှင့် မန္တလေးမြို့တိုက်ခန်းပိုင်ရှင်များဖြစ်သည်။

ထို့အတူ အခန်းရောင်းရာတွင်လည်း မြေရှင်၏ ခွင့်ပြုချက်လက်မှတ်မပါဘဲရောင်းမရ။ လက်မှတ်ထိုးခကလည်း ကျပ်တစ်သိန်းနှင့်အထက်တွင်ရှိသည်။

ကန်ထရိုက်တိုက်များကို မြေရှင်ကိုယ်ပိုင်ဖြစ်စေ၊ ကန်ထရိုက်နှင့် မြေရှင်ညှိနှိုင်း၍ ဖြစ်စေ တိုက်ခန်းများ ဆောက်လုပ်ကြသည်။ ဆောက်လုပ်ပြီးသော အခန်းများကို ကန်ထရိုက်က ၆၀ ရာခိုင်နှုန်း၊ မြေရှင်က ၄၀ ရာခိုင်နှုန်း ခွဲတမ်းရရှိပြီး လွှဲပြောင်းရောင်းချကြသည်။ အဆိုပါစနစ်ကို အပျောက်စနစ်ဖြင့် ဝယ်ယူခြင်း(နေထိုင်ခွင့်အတွက် တန်ရာတန်ကြေးပေးပြီး ဥပစာကို လွှဲပြောင်းယူသော စနစ်) ဟု ခေါ်သည်။ အပျောက်စနစ်တွင် ကြုံတွေ့နေရသော မြေရှင်၊ တိုက်ခန်းပိုင်ရှင်တို့အကြား အငြင်းပွားမှုအများစုမှာ ၁၉၆၀ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေ (Urban Rent Control Act) ကြောင့်ဖြစ်သည်ဟု ပညာရှင်များက သုံးသပ်ကြသည်။

အပျောက်စနစ်ဖြင့် ဝယ်ယူသူများမှာ တန်ရာတန်ကြေးပေး၍ အပိုင်ဝယ်ယူကြခြင်းဖြစ်သော်လည်း အဆိုပါ ဥပဒေအရ အိမ်ငှားဟု သတ်မှတ်ထားသည်။ ထို့ကြောင့် အပျောက်စနစ်ဖြင့် ဝယ်ယူသူများသည် ရန်သူမျိုးငါးပါးကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ တိုက်ခန်းပျက်စီးဆုံးရှုံးသွားပါက ပိုင်ဆိုင်ခွင့် မရှိတော့ဘဲ မြေပိုင်ရှင်သာလျှင် အလိုအလျောက် ပြန်၍ ပိုင်ဆိုင်သွားကြသည်။ ထို့ပြင် တိုက်ခန်းဝယ်ယူသူများသည် မြေရှင်အား မြေငှားရမ်းခကို လစဉ်ပေးဆောင်ရသောကြောင့် ၁၉၆၀ ဥပဒေ၏ အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုနှင့်သာ အကျုံးဝင်သည်။ အဆိုပါ ဥပဒေသည် အပျောက်စနစ်ဖြင့် ဝယ်ယူသူများအတွက် ဥပဒေအရ အကာအကွယ်ပေးမှုလုံးဝမရှိကြောင်း ဥပဒေပညာရှင်များက ထောက်ပြပြောဆိုသည်။

“စပေါ်တင်လည်း အိမ်ငှား၊ အပျောက်နဲ့ဝယ်လည်း အိမ်ငှား၊ မြေရဲ့ ခံစားခွင့်ကို မရဘူး။ နေထိုင်ပိုင်ခွင့်ကိုပဲ ဝယ်တာဖြစ်တဲ့အတွက် ပိုင်ဆိုင်မှုက မြေရှင်ဆီမှာပဲ” ဟု တရားလွှတ်တော်ရှေ့နေ ဦးအောင်သန်းစိုးက ပြောသည်။

၁၉၆၀ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေကို မဆလ အစိုးရလက်ထက်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ စစ်ပြီးကာလတွင် ၎င်းတို့တိုင်းပြည်များသို့ ပြန်သွားကြသော နိုင်ငံခြားသားများပိုင်ဆိုင်သော တိုက်ခန်းများကို အစိုးရဝန်ထမ်းများအားနေရာချထားပေးရန် ရေးဆွဲခဲ့ခြင်းဖြစ်သည်။

**အချပ်ပို(D)သို့**



# ကချင်ပြည်နယ်ငြိမ်းချမ်းရေး
# ဘယ်သူယူပေးမလဲ

အေးမြကျော်

ကုလသမဂ္ဂအပါအဝင်နိုင်ငံတကာမှ ကချင်ပြည်နယ်တွင်းဖြစ်နေသောတိုက်ပွဲများ ရပ်တန့်ရန်၊ လေကြောင်းဖြင့်တိုက်ခိုက် ထိုးစစ်ဆင်ခြင်းများ ရပ်တန့်ရန် တိုက်တွန်းနေသော်လည်း လိုင်ဇာမြို့အနီးနှင့် ကချင်ပြည်နယ်တွင်း နေရာအတော်များများတွင် တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာ ၁၄ ရက်မှစကာ ပြင်းထန်ခဲ့သောတိုက်ပွဲများသည် ၂၀၁၃ ဇန်နဝါရီပထမပတ်ရောက်သည့်တိုင် လျော့နည်းသွားခြင်းမရှိဘဲ ဇန်နဝါရီ ၅ ရက်မှစတင်ကာ လိုင်ဇာမြို့နှင့်နီးသော ကေအိုင်အေတပ်စွဲထားသည့် နေရာများကို ၁၂၀၊ ၁၀၅ မမ လက်နက်ကြီးများဖြင့် ဆက်တိုက်ပစ်ခတ်မှုများရှိနေကြောင်း လိုင်ဇာဒေသခံများက ဖုန်းမှတစ်ဆင့်ပြောကြားသည်။

အစိုးရတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကချင်ပြည်နယ်အတွင်း တိုက်ပွဲများနှင့်ပတ်သက်ပြီး ပထမဆုံးထုတ်ဖော်ပြောကြားမှုအဖြစ် ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ်က မိမိကိုယ်ကိုခုခံကာကွယ်မှုနှင့် စစ်ရေးအရပြန်လည်တုံ့ပြန်မှုများကို မလွှဲမရှောင်သာ ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဇန်နဝါရီ ၄ ရက်က အစိုးရသတင်းထုတ်ပြန်ရေးအဖွဲ့၏ တပ်မတော်နှင့် ကေအိုင်အို၊ ကေအိုင်အေတို့အကြား တိုက်ပွဲများနှင့်ပတ်သက်သော သတင်းထုတ်ပြန်ချက်တွင်လည်း ကေအိုင်အေတပ်ဖွဲ့ဝင်များအား တပ်မတော်က ထိုးစစ်များ ရပ်ဆိုင်းရန် ညွှန်ကြားထားပြီးဖြစ်သော်လည်း ယင်းတို့ဘက်မှပို့ဆောင်ရေးလမ်းကြောင်းများ၊ ရေကြောင်းလျှပ်စစ်ဓာတ်အားပေးလိုင်းများ ဖျက်ဆီးခြင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များကို ချုံခိုတိုက်ခိုက်ခြင်းများ မပြတ်ပြုလုပ်နေသဖြင့် တပ်မတော်အနေနှင့် စစ်ရေးအရ မလွှဲသာမရှောင်သာ တုံ့ပြန်ရခြင်းဖြစ်ကြောင်းနှင့် တပ်မတော်တပ်ဖွဲ့ဝင်များ အနေနှင့်လည်း အင်အားကို အစွမ်းကုန် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ထို့အပြင် အစိုးရအနေနှင့် ကေအိုင်အို၊ ကေအိုင်အေနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ၁၁ ကြိမ် ပြုလုပ်ခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ထိုသတင်းထုတ်ပြန်ချက်ကဆိုသည်။

ကေအိုင်အေမှ ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်ကလည်း ကချင်ပြည်နယ်တွင်ဖြစ်ပွားနေသောစစ်ပွဲများ အဆုံးသတ်ရေးအတွက် မည်သူမဆို ကြားဝင်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း ဧရာဝတီ သတင်းဌာနသို့ ပြောကြားထားသည်။

လဂျားယန်အနီးရှိပို့င့် ၇၇၁ တောင်ကုန်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် သိမ်းယူရာတွင် လေကြောင်းအကူအညီ အသုံးပြုခဲ့ကြောင်း ဇန်နဝါရီ ၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

နေ့စဉ်လိုလိုပင်လိုင်ဇာအနီး လဂျားယန်တွင် တိုက်ပွဲများ ပြင်းထန်နေပြီး မန်စီ၊ မိုးမောက်၊ ဒေါ့ဖုန်းယန်၊ ချီဖွေ၊ အင်ဂျန်းယန်မြို့နယ်များထဲတွင်တိုက်ပွဲများဖြစ်ပွားနေပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ပစ်ခတ်မှုများ အဆက်မပြတ်ဖြစ်ပွားနေပြီး အခြေအနေမှာအပစ်ရပ်ထားရာမှတိုက်ပွဲများပြန်လည်ဖြစ်ပွားသောတစ်နှစ်နှင့်ခြောက်လကျော်အတွင်း နှစ်ဖက်အကြား အတင်းမာဆုံး အခြေအနေရောက်နေကြောင်း ကချင်တိုက်ပွဲများကိုအနီးကပ်စောင့်ကြည့်လေ့လာနေသူများက ပြောကြားသည်။



လိုင်ဇာမြို့ရှိ ဝယ်ဂျိုင်ဒုက္ခသည်စခန်းမှ ကလေးငယ်များကို တွေ့ရစဉ်

ဓာတ်ပုံ-ဇေယျာလွင်(ဧရာဝတီ)

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အစိုးရတပ်များ လေကြောင်းမှ တိုက်ခိုက်နေခြင်းများ ရပ်တန့်ရန်ဇန်နဝါရီ ၃ ရက်က ကြေညာချက်တစ်စောင်ထုတ်ပြန်ကာ တိုက်တွန်းခဲ့သည်။ အမေရိကန်နိုင်ငံကလည်း ကချင်အရေးကိစ္စကို အလွန်အမင်း စိုးရိမ်ပူပန်မိကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံက ဇန်နဝါရီလဆန်းပိုင်းက အစိုးရတပ်မတော်မှ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ရာတွင် တရုတ်နိုင်ငံပိုင်နက်အတွင်းသို့ ဗုံးသုံးလုံးကျရောက်ခဲ့သဖြင့်လည်း သံတမန်နည်းလမ်းဖြင့် မြန်မာအစိုးရကို ကန့်ကွက်မှုများပြုလုပ်ခဲ့သည်။ တရုတ်နိုင်ငံခြားရေး ပြောခွင့်ရအမျိုးသမီး ဟွာချွန်ယင်းက မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်တွင် ဖြစ်နေသော ကိစ္စသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးဖြစ်ပြီး ထိုကိစ္စကို ငြိမ်းချမ်းသော စေ့စပ်ဆွေးနွေးမှုနည်းဖြင့် ကိုင်တွယ်ဖြေရှင်းမည်ဟု မျှော်လင့်ကြောင်းလည်း ပြောကြားခဲ့သည်။

ပြည်တွင်းမှ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ကလည်း ဒီဇင်ဘာ ၃၁ ရက်က ကြေညာချက်တစ်စောင်ထုတ်ပြန်ကာ တိုက်ခိုက်မှုများ အမြန်ဆုံးရပ်ကာ ဆွေးနွေးညှိနှိုင်းအဖြေရှာရန် တိုက်တွန်းထားသလို ကချင်ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ (PCG)ကလည်း ဇန်နဝါရီ ၃ ရက်တွင် ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းများကို ချက်ချင်းရပ်စဲပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ အမြန်ဆုံးအကောင်အထည်ဖော်ရန် တိုက်တွန်းခဲ့ကြသည်။


ကချင်အရေးကို နှုတ်ဆိတ်နေခြင်းကြောင့် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်မှုများရှိနေပြီး သူမက ကချင်အရေးကြားဝင်ဆောင်ရွက်ရန်မှာ အစိုးရအပေါ်တွင် မူတည်ကြောင်း အေအက်ဖ်ပီသတင်းဌာနသို့ ဖြေကြားသည်။

လိုင်ဇာမြို့အနီးတွင် ဖွင့်လှစ်ထားသော စစ်ဘေးရှောင် ဒုက္ခသည်ပေါင်း ၃,၀၀၀ ကျော်နေထိုင်သော ဝယ်ဂျိုင်စခန်းတွင်ဇန်နဝါရီ ၃ ရက်က လေယာဉ်ဖြတ်ကာ ပျံသန်းသွားသည်ကို တွေ့ရှိခဲ့ပြီး ချိန်ကတည်းက ဒုက္ခသည်များမှာ ကြောက်ရွံ့လျက်ရှိကြောင်း စခန်းတာဝန်ခံက ပြောကြားသည်။

လိုင်ဇာ အနီးတစ်ဝိုက်တွင်ရှိသော ဒုက္ခသည်စခန်းများတွင် တစ်ကျင်းလျှင် လူဆယ်ဦးခန့် ပုန်းခိုနိုင်သော ဗုံးခိုကျင်းများ တူးထားပြီး လေယာဉ်သံကြားပါက ဗုံးခိုကျင်းများသို့ ဝင်ရောက်ပုန်းခိုကြကာ အန္တရာယ်ကင်းရှင်းကြောင်း အချက်ပေးသံကြားမှသာ ကျင်းအတွင်းမှ ထွက်ခွာရကြောင်း စခန်းတာဝန်ခံက ပြောကြားသည်။

**အချပ်ပို(D)သို့**





# တော်စတွိုင်းရဲ့ ခြောက်ပေနဲ့ တို့ပိုင်တဲ့မြေ

မောင်သာချို

(တစ်)

တချို့တလေက Tolstoy ဟုစာလုံးပေါင်းကာ တချို့တလေကမူ Tolstoi ဟု စာလုံးပေါင်းတတ်ကြသော ကမ္ဘာကျော် ရုရှစာရေးဆရာကြီးကို မြန်မာတို့က တော်စတွိုင်းဟု မြန်မာအသံထွက်ဖြင့် ခေါ်ဝေါ် သုံးနှုန်းကြပါသည်။ စင်စစ် သူ့နာမည်အပြည့်အစုံက ကောင့်လီယိုတော်စတွိုင်း (Count Leo Tolstoy) ။ ကမ္ဘာ့စာပေကို လေ့လာလိုက်စားသူ မြန်မာစာချစ်သူတို့ ရုရှစာအုပ်များကို ဘာသာပြန်များမှတစ်ဆင့် ဖတ်ရှုခံစားခဲ့ကြရာတော်စတွိုင်းသည် မြန်မာကြိုက် ရုရှစာရေးဆရာများထဲ၌ ထိပ်တန်းပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။ ၁၈၂၈ မှာ မွေး၍ ၁၉၁၀ ၌ ကွယ်လွန်သူ စာရေးဆရာကြီး။

စစ်နှင့်ငြိမ်းချမ်းရေး (War and Peace) ကို ကျွန်တော်တို့ ကောင်းကောင်းသိပါသည်။ အဲန်နာကရီနာ (Anna Karenina) ကိုလည်း ကျွန်တော်တို့ ကောင်းကောင်းသိပါသည်။ ထို့ပြင် အခြားအခြားသော ဝတ္ထုတိုရှည်နှင့် အတွေးအခေါ် အယူအဆဆိုင်ရာ စာပေလက်ရာများ။

မြန်မာကြိုက်တော်စတွိုင်း၏ ဝတ္ထုတိုလက်ရာများစွာတို့အနက် How much Land Does a man need ဟူသည့် ဝတ္ထုတိုက အလွန်ထင်ရှားပါသည်။ လူတစ်ကိုယ်လျှင် မြေမည်မျှလိုသနည်းဟူ၍ အနက်အဓိပ္ပာယ်သက်ရောက်သည့် ဤဝတ္ထုတိုကလေးကို မြန်မာစာရေးဆရာတချို့တချို့တို့က ဘာသာပြန်ဆိုခဲ့ကြပြီးလည်း ဖြစ်ပါသည်။

ဝတ္ထုဇာတ်လမ်းက သိပ်ပြီး ဆန်းဆန်းကြယ်ကြယ်ကြီးထဲက မဟုတ်ပါ။ မြေပိုင်ရှင်ကြီးတစ်ယောက်က မြေလိုအပ်နေသည့် ဇာတ်ဆောင်ကို သင်ပြေးနိုင်သလောက်ပြေးခဲ့ပြီး မူလစတင်ထွက်ခွာရာနေရာသို့ပြန်လည်ရောက်ရှိသည်ရှိသော် ထိုပြေးခဲ့သည့် မြေနေရာ အဝန်းအဝိုင်း ပမာဏအတိုင်း အလကားပေးမည်ဟူ၍ စိန်ခေါ်လိုက်သော ဇာတ်လမ်းမျှသာဖြစ်ပါသည်။ ဝတ္ထုပါဇာတ်ဆောင်က ပြေးနိုင်သလောက် ပြေး။ အလကားပေးမည်ဟူသော ကတိစကားကြောင့် လောဘမီးတောက်အလျှံတညီးညီးဖြင့် တစ်နေကုန်ပြေးနေခဲ့ပြီးမှ မူလနေရာသို့ ပြန်လည်ဝင်ရောက်လာခဲ့သော် မြေပိုင်ရှင်ကြီးက သူ့ကတိစကားအတိုင်း ပြေးခဲ့သမျှ မြေကိုပေးရန် ပြောမည်ကြံဆဲမှာပင် ပြေးနိုင်သမျှ ပြေးခဲ့သူ မြေငတ်မွတ်သူ ထိုတစ်ယောက် အမောဆို့ကာ အနိစ္စရောက်သွားခဲ့ရကြောင်း ရေးထားသည့် ဝတ္ထုတို ကလေးမျှသာ ဖြစ်ပါသည်။

တော်စတွိုင်းက လဲကျသေဆုံးသွားသည့်သူ့ကို မြေမြှုပ်သင်္ဂြိုဟ်သည့် အခမ်းအနားဖြင့် ဝတ္ထုတိုကို နိဂုံးချုပ်ရင်း ဝတ္ထုခေါင်းစဉ်ဖြစ်သော လူတစ်ကိုယ်လျှင် မြေမည်မျှလိုသနည်း (How much land does a man need) ဟူသည့် အမေးကို လူတစ်ကိုယ်လျှင် မြေများများစားစား မလို၊ ခြောက်ပေခန့်သာလိုသည်ဟူ၍ ဖော်ပြထားခဲ့ရာ စာဖတ်သူတို့ သဘောတွေ့စရာ ဖြစ်သွားခဲ့ရပါသည်။

လူတစ်ယောက်အတွက် သူ့ကို မြှုပ်နှံစရာ မြေခြောက်ပေ။ ဟုတ်ပါသည်။ မြေခြောက်ပေ။

သို့သော်. . . . . . .

မသေမီ နေခွင့်ရခိုက် အချိန်အပိုင်းအခြားအတွင်း၌မူ လူတစ်ယောက်သည် ခြောက်ပေမျှနှင့် လုံလောက်ပါစ။ ဆယ်ပေပတ်လည်လား၊ ပေနှစ်ဆယ်ပတ်လည်လား၊ (သို့မဟုတ်) ပေတစ်ရာပတ်လည်လား၊ တစ်ခုခုတော့ လိုအပ်လိမ့်မည်ဟု ထင်ပါသည်။

တို့ပိုင်တဲ့ မြေဟူသည့်စကားအတိုင်း ဘိုးဘွားအမွေအနှစ် မြေရေလေသဘာဝသယံဇာတမှန်သမျှတို့သည် ထိုနိုင်ငံသူ နိုင်ငံသားတိုင်းနှင့် သက်ဆိုင်ကြသည်ဖြစ်ရာ ကောင်းမွန်သော အစိုးရတို့သည် မိမိတို့ နိုင်ငံသူနိုင်ငံသားတိုင်း ထိုမြေပေါ်၌ နေခွင့်ရရန် ဖန်တီးပေးကြရမြဲဖြစ်ပါသည်။ လူနေအိမ်ခြေ မြို့ရွာရပ်ကွက် အသစ်အသစ်များ ဖန်တီးပေးခြင်း၊ တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးခြင်း စသည် . . စသည်။

(နှစ်)

၁၉၈၈ အလွန် စစ်အာဏာရှင်အုပ်ချုပ်ရေးလက်အောက်မြန်မာနိုင်ငံ၌ မြေဖြင့် ကြီးပွားသွားသူတွေ အမြောက်အမြား ရှိခဲ့ဖူးပါသည်။

ထိုအချိန်က မြို့တိုင်းနယ်တိုင်းလိုလို၌ မြို့သစ်ဟူ၍ ချဲ့ကြထွင်ကြခဲ့ရာ ဩဇာအာဏာရှိသူတို့ကလည်း အကောင်းဆုံးနေရာ၌ အကျယ်ဆုံးအကွက်ကို ယူကာ တို့ပိုင်တဲ့မြေဇာတ်လမ်းထဲ၌ ဝင်ရောက်ကပြခဲ့ကြသည်သာ ဖြစ်ပါသည်။

ထူးဆန်းသည်မှာ တချို့တချို့ များဆိုလျှင် မြေကွက်ကို မိမိတာဝန်ကျရာ နေရာ၌ပင် ရယူထားခြင်းမျိုး မဟုတ်ဘဲ ပေါင်းသင်းဆက်ဆံရေး ခွင်ကျယ်လျှင် ကျယ်သလောက် မြန်မာတစ်ပြည်လုံးကို ကိုယ့်အိမ်ကိုယ့်ယာမှတ်ပါဟူသည့် စကားအတိုင်း ဟိုမြို့မှာ တစ်ကွက် သည်မြို့မှာတစ်ကွက် စသည်ဖြင့် မြေကွက်ပေါင်း အမြောက်အမြားကို ရယူပိုင်ဆိုင်ထားခဲ့ကြခြင်းဖြစ်ပါသည်။ ကိုယ်ကသည်မြို့၌ အရာရှိဖြစ်သော်လည်း ကိုယ့် အပေါင်းအသင်းကိုယ့် ရောင်းရင်းတို့က အခြားအခြားသော မြို့ပြဒေသများ၌ ကိုယ့်လိုပဲ အရာရှိများဖြစ်ကြရာ မြို့သစ်အကွက်များချသောအခါ ကိုယ့်အတွက်ကိုပါတစ်ကွက်မေတ္တာလက်ဆောင် ထည့်သွင်းချထားပေးတတ်ကြပါသည်။ ကိုယ်ကလည်း ထိုနည်းလည်းကောင်းပဲပေါ့။ ကိုယ့်ဆီ၌မြို့သစ်အကွက်ချသော် သူ့အတွက်လည်း တစ်ကွက် မေတ္တာလက်ဆောင် နှင်းအပ်လိုက်သည်ပဲပေါ့။

သို့ဖြစ် အသိုင်းအဝိုင်းခွင်ကျယ်လျှင် ကျယ်သလောက် ဟိုမြို့ သည်မြို့များ၌ ဟိုတစ်ကွက်သည်တစ်ကွက်နှင့် မြေတစ်ကွက်ပြီးတစ်ကွက် ခွဲတမ်းမှန်သမျှ မလွဲစတမ်းရရှိသွားခဲ့ကြရာက ခေတ်သစ်မြေပိုင်ရှင်ကြီးများအဖြစ် လက်ဖျားရွှေသီးတွေရော ငွေသီးတွေပါပွင့်တတ်နေအောင် သီးကုန်ကြ

> ၁၉၈၈ အလွန် စစ်အာဏာရှင်အုပ်ချုပ်ရေး လက်အောက် မြန်မာနိုင်ငံ၌ မြေဖြင့်ကြီးပွားသွားသူတွေ အမြောက်အမြား ရှိခဲ့ဖူးပါသည်။ ထိုအချိန်က မြို့တိုင်းနယ်တိုင်းလိုလို၌ မြို့သစ်ဟူ၍ ချဲ့ကြထွင်ကြခဲ့ရာ ဩဇာအာဏာရှိသူတို့ကလည်း အကောင်းဆုံးနေရာ၌ အကျယ်ဆုံးအကွက်ကို ယူကာ တို့ပိုင်တဲ့မြေ ဇာတ်လမ်းထဲ၌ ဝင်ရောက်ကပြခဲ့ကြသည်သာဖြစ်ပါသည်။

ပါတော့သည်။

ကျွန်တော်စိတ်မကောင်းဖြစ်မိသည်က တချို့ တချို့သော ဝန်ထမ်းများဆိုလျှင် အငြိမ်းစားသာ ယူသွားခဲ့ကြရသည်။ တို့ပိုင်တဲ့ မြေပေါ်က မည်သည့် တို့ဘိုးဘွားအမွေအနှစ်ကိုမှ လက်တစ်ဝါးစာကလေးမျှကိုပင်လျှင် ရယူပိုင်ဆိုင်ခွင့် ရမသွားခဲ့ကြပါ။ သာမန် ပြည်သူလူထုအတွက်ကမူ နိုင်ငံတော်ကပေးသည့် မြေကွက်ဆိုသည်မှာ ဆောင်းအိပ်မက်မျှသာ။

မြေ၊ မြေ၊ မြေ. . . ။

တော်စတွိုင်းက သေသော် ခြောက်ပေပဲလိုပါသည်တဲ့။ မသေခင် ဘယ်လိုနေရပါ့။ တစ်ကွက်ပြီး တစ်ကွက်နှင့် လက်မြန်ခြေမြန်သူတို့ ခပ်သွက်သွက်တို့ဘိုးဘွားအမွေအနှစ်ကို ရယူနေစဉ် ပြည်ရွာအနှံ့မှာ မြေဗလာတို့က ဒုနဲ့ဒေး။

(သုံး)

ရုရှစာရေးဆရာကြီး တော်စတွိုင်းအသက်ကြီးတော့ သူ့မွေးရပ်မြေက သူပိုင်ယာစနာယာပိုလီယာနာ (Ya snaya polyana) ရှိမြေများကို မြေမဲ့ယာမဲ့များစွာကို ခွဲခြမ်းစိတ်ဖြာပေးဝေခဲ့ဖူးပါသည်။

စင်ကာပူကို တတိယကမ္ဘာမှ ပထမကမ္ဘာသို့ (From Third world to first world) ပို့ဆောင်သူအဖြစ် ထင်ရှားသူ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယု (Lee Kuan Yeu) စင်ကာပူကို တည်ဆောက်စဉ် နိုင်ငံသားတို့အတွက် တန်ဖိုးနည်းအိမ်ရာအများအပြား တည်ဆောက်ပေးကာ နားခိုဖို့ရာ ကျောတစ်နေရာစာရဖို့ အားသွန်ခွန်စိုက်လုပ်ဆောင်ခဲ့ပုံတွေကို သူကိုယ်တိုင် ရေးသားသည့် ထို From third world to first world မှာ ဖတ်ခဲ့ရဖူးပါသည်။

နိုင်ငံတစ်နိုင်ငံ၌ ထိုနိုင်ငံသားတစ်ယောက်ကို နိုင်ငံတော်က မြေပိုင်ခွင့်ဆိုင်ခွင့်၊ ထိုမြေပေါ်၌ နေခွင့်သေခွင့် ဖန်တီးပေးရမြဲဖြစ်ပါသည်။ အထူးသဖြင့် အဆမတန်ဖွံ့ထွားလာသော မြို့မြများ၌ နေရေးထိုင်ရေး ဖန်တီးပေးရန်မှာ ပိုမိုလိုအပ်လာပါသည်။

တော်စတွိုင်းပြောသလိုသေလျှင်တော့ ခြောက်ပေပဲ လိုပါသည်။ သို့သော် မသေခင်. . . ။ ဟုတ်ပါသည်။ မသေခင်။ သြော်. . မသေခင်အချိန်ကလေးမှာ ခြောက်ပေတောင်ပိုင်ဆိုင်ခွင့်မရရှာသော နိုင်ငံသားများ၏ ဘဝတွေ ဘဝတွေကျတော့ အားနာစရာ ကောင်းမနေဘူးတဲ့လား။ ။

---

# မန္တလေးတိုင်းလွှတ်တော် မြို့လူထုစိတ်ဝင်စားမှုများသည့် စည်ပင်သာယာဥပဒေ မတင်နိုင်သေး

မောင်တာ

**မန္တလေး၊**
**ဇန်နဝါရီ - ၅**

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမအကြိမ်၊ ပဥ္စမ ပုံမှန်အစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက်မှ စတင်ကာ ဇန်နဝါရီ ၃ ရက်တွင် ပြီးဆုံးခဲ့သော်လည်း မြို့လူထုစိတ်ဝင်စားမှုများသည့် စည်ပင်သာယာနှင့်သက်ဆိုင်သည့် ဥပဒေ တင်သွင်းနိုင်ခြင်း မရှိသေးကြောင်း သတင်းရရှိသည်။

စည်ပင်သာယာဝန်ကြီးဌာနသည် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရမှုအများဆုံး အစိုးရဌာနဖြစ်ပြီး မန္တလေးတိုင်းလွှတ်တော်တွင် တင်သွင်းပြဌာန်းမည့် စည်ပင်သာယာနှင့် သက်ဆိုင်သောဥပဒေတွင် စည်ပင်ဝန်ထမ်းများကို ပြည်သူလူထုမှ မိမိတို့ စိတ်ကြိုက်ရွေးချယ်ခွင့်ရှိမည် ဟုသတင်းထွက်ပေါ်နေရာ မြို့နေလူထုမှ ၄င်းဥပဒေကို စိတ်ဝင်စားခြင်းဖြစ်သည်။

ပြီးခဲ့သောလအတွင်းက မန္တလေးစည်ပင်မှ ဌာနမှူးတစ်ဦးကို ကျူးကျော်ဟု သတ်မှတ်ခံရသူများမှ တရားစွဲဆိုရန်ကြိုးစားမှုဖြစ်ပေါ်ခဲ့သလိုလက်ရှိမန္တလေးစည်ပင်တွင် တာဝန်ထမ်းဆောင်နေသူအချို့မှာ မြို့လူထုနှင့် ဆက်ဆံရာတွင် အဖုအထစ်ရှိနေပြီး မန္တလေး စည်ပင်ဝန်ထမ်းများနှင့်ပတ်သက်၍ မြို့လူထုအကြား ဝေဖန်မှုများ ရှိနေသည်။

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့များဥပဒေနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးအဖွဲ့ ဥပဒေများကို ဥပဒေကြမ်းအဖြစ် ရေးဆွဲရာတွင် ပြီးစီးခဲ့သော်လည်း အချက်လက်အချို့ထပ်မံဖြည့်စွက်ရေးဆွဲရန် လိုအပ်နေသေးသည့် အတွက် လာမည့် ဆဌမအကြိမ်ပုံမှန် အစည်းအဝေးမှသာတင်သွင်းနိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောသည်။

သက်တမ်းနှစ်နှစ်ရှိလာပြီဖြစ်သော မန္တလေးတိုင်းလွှတ်တော်အနေဖြင့် ဥပဒေကြမ်းရေးဆွဲရာတွင်ဘာသာရပ်အလိုက်တာဝန်ယူသည့် ဝန်ကြီးမှဦးဆောင်ကာ လွှတ်တော်ကိုယ်စားလှယ်အချို့၊ သက်ဆိုင်ရာဌာနအကြီးကဲများ၊ ဥပဒေပညာရှင်များ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် ရေးဆွဲပြီး ပြည်သူများအကြား၊ အဖွဲ့အစည်းများကြား၊ သာနာမှုမရှိ၊ မျှတစွာဖြစ်ရေး ကြိုးစားရေးဆွဲနေကြောင်း၊ ပြည့်စုံပြီး အရည်သွေး ကောင်းမွန်သော ဥပဒေများ ပေါ်ထွက်ရေး အချိန်များစွာယူ၍ ရေးဆွဲနေရကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းကူညီနိုင်ရေး လွှတ်တော်ကော်မတီများဖွဲ့စည်းပြီး ဘာသာရပ်အလိုက် လေ့လာခြင်း၊ သုံးသပ်ခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ကာ ပြည့်စုံသော ကောင်းမွန်သော ဥပဒေကြမ်းများ လွှတ်တော်သို့ တင်သွင်းနိုင်ရန် စီစဉ်နေကြောင်းလည်း မန္တလေးတိုင်းလွှတ်တော်ဥက္ကဋ္ဌဦးဝင်းမောင်က ပြောသည်။

ယခုအကြိမ် ပဥ္စမပုံမှန်အစည်းဝေးတွင် စည်ပင်သာယာနှင့်သက်ဆိုင်သည့် မေးခွန်းအများစုပါဝင်သည့် မေးခွန်း(၁၃၇)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၂)ခုတင်သွင်းခြင်း၊ ဥပဒေကြမ်း(၁)ခု၊နည်းဥပဒေ(၁)ခု အတည်ပြုခြင်းနှင့် လွှတ်တော်ရေးရာကော်မတီ(၁၁)ရပ်ဖွဲ့စည်းခြင်း၊ အကြံပြုကော်မတီများ ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်အကောင်ထည်ဖော်မည့် ဒေသဖွံ့ဖြိုးရေး စီမံကိန်း(၃)ခုအတည်ပြုပေးခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ကြောင်း မန္တလေးတိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောသည်။

မန္တလေးတိုင်း ဒေသကြီး လွှတ်တော် ပထမအကြိမ်၊ ဆဌမပုံမှန်အစည်းအဝေးများကို လာမည့် ဖေဖော်ဝါရီ ပထမပတ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် သတင်းအချက်လက်၊ အသိပညာ၊ဗဟုသုတများ ပိုမိုပြည့်စုံအောင် ဖြည့်ဆည်းကြရန်နှင့် စွမ်းဆောင်ရန်ပိုမိုကောင်းမွန်အောင် ကြိုးစားကြရန် တိုက်တွန်းသည်။

လာမည့်လွှတ်တော် အစည်းဝေးတွင် တင်သွင်းမည့် အဆို၊ မေးခွန်းများ ကြိုတင်ပြင်ဆင်ထားရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းကာ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်သို့သွားရောက်လေ့လာနိုင်ရေး ကြိုးစားကြရန် ဦးဝင်းမောင်က တိုက်တွန်းသည်။

7 ရ ရက် သတင်းဂျာနယ် DAY NEWS JOURNAL
l.11, No.44 · JANUARY 10 , 2013

7 ရ ရက် သတင်းဂျာနယ် DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနီ၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညက် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ၊ မောင်တာ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၁၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006




## နွားဦးချိုနှင့်

# မြင့်မိုရ်တောင်

ဝိုင်ကေသူ

အခုတလော မြန်မာပြည်သူတွေ ခဏခဏကြားနေကြရတာက ကျေးဇူး၊ ကျေးဇူးဆိုတဲ့ စကားတွေ ဖြစ်နေတယ်။ နိုင်ငံတော် အကြီးအကဲတွေ၊ ပြောရေးဆိုခွင့်ရှိသူတွေက တရုတ်က မြန်မာပြည်အတွက် ကျေးဇူးတွေရှိတယ်။ တစ်ချိန်တုန်းက ကမ္ဘာ့အလယ်မှာ မြန်မာပြည်ကြီးကို ဘယ်လို ကာကွယ်ပေးထားတယ်။ အနောက်နိုင်ငံတွေ စီးပွားရေးပိတ်ဆို့ထားချိန်မှာ တရုတ်က ဘယ်လိုကူညီခဲ့တယ် စသည်ဖြင့် ကျေးဇူးတရားတွေကို သီကျူးဖွဲ့ဆိုနေကြတာတွေကိုကြားနေရတာကတော့ နားဝမှာ မချမ်းသာပါလားလို့ပြောချင်တော့တယ်။ အဲဒါနဲ့ ဂျာနယ်တွေ၊ စာစောင်တွေ၊ သတင်းတွေမှာ အဲဒီကျေးဇူးအကြောင်း တုံ့ပြန်တဲ့ စကားတွေ မြင်ရကြားရဖတ်ရမလားလို့ စိတ်ဝင်တစားနဲ့ လေ့လာခဲ့ပေမယ့်ဘယ်သူဘယ်ဝါကမှ ချက်ချင်းမတုံ့ပြန်ကြတော့ (ကိုယ်က မသိလိုက်တာလားဆိုတာတော့ မပြောတတ်ဘူးလေ)ကို တရုတ်ပြည်ကြီးကို သီတင်းကျွတ်အခါသမယမှာ သွားရောက်ကန်တော့ကြဖို့ စဉ်းစားနေကြတယ်။

အဲဒီလိုစဉ်းစားပြီး ဖယောင်းတိုင်၊ အမွှေးတိုင်လေးတွေ ဝယ်မလို့ လုပ်နေတုန်း ဂျာနယ်တစ်စောင်မှာ ဆရာအော်ပီကျယ်ရဲ့ “သူက ကျေးဇူးရှိတယ်လေ၊ ပွဲလန့်တုန်း ဖျာခင်းပေးခဲ့တာ” ဆိုတဲ့ ကာတွန်းလက်ရာလေးတစ်ခု တွေ့လိုက်တော့မှပဲ မောင်မင်းကြီးသား ကျေးဇူးရှင်ရဲ့ ဇာတိရုပ်ကို ကွက်ကွက်ကွင်းကွင်း သိလိုက်ရတော့တာပဲဗျာ။

မြန်မာပြည်သူတွေမှာတော့ အာဏာရှင် လက်အောက်က လွတ်မြောက်ပြီး လွတ်လပ်တဲ့ ဘဝတွေကို ရချင်ကြလွန်းလို့ ၁၉၈၈ ခုနှစ်မှာ ပြည်လုံးကျွတ် အရေးတော်ပုံကြီး ဆင်နွှဲခဲ့ရ၊ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးကြီးအပါအဝင် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြရတာတွေ၊ အဲဒီဆန္ဒပြပွဲမှာ ရဟန်း၊ ရှင်၊ လူ၊ ကျောင်းသား ပြည်သူတွေရဲ့ အသက်အိုးအိမ်၊ သွေးချွေးပေါင်းများစွာ ပေးခဲ့ဆပ်ခဲ့ကြရတာပေါ့ဗျာ။ အဲဒီလို ပေးဆပ်ခဲ့ကြရတာတွေဟာ ရာထူးတွေ၊ အာဏာတွေ၊ စည်းစိမ်တွေ လိုချင်လို့ မဟုတ်ခဲ့ကြပါဘူး။ ပြည်သူတွေအားလုံး လွတ်လပ်တဲ့ ဘဝ၊ လုံခြုံတဲ့ ဘဝ၊ အေးချမ်းတဲ့ဘဝတွေကို ပိုင်ဆိုင်စေချင်တဲ့ဆန္ဒတွေနဲ့အသက်၊သွေးချွေးတွေ ဘဝတွေကို ပေးဆပ်ခဲ့ကြတာပေါ့။

ဒီမိုကရေစီရဲ့ အနှစ်သာရတွေကိုစားသုံးနေကြတဲ့ နိုင်ငံတွေလည်းမြန်မာပြည်သူတွေ အာဏာရှင်လက်အောက်က လွတ်မြောက်စေဖို့ သူတို့တတ်နိုင်တဲ့ ဘက်ကနေပြီး ပြည်သူတွေကို ထောက်ခံပေးကြ၊ အာဏာရှင်ကို ရှုတ်ချကြ၊ စီးပွားရေးပိတ်ဆို့ကြနဲ့ နည်းမျိုးစုံကူညီပေးခဲ့ကြတာပေါ့။ ကိုယ်နဲ့ ဆွေမတော်၊ မျိုးမတော်၊ အိမ်နီးချင်းလည်းမဟုတ်၊ ဘာသာမတူ၊ ယဉ်ကျေးမှုမတူ၊ စရိုက်မတူ၊ အစားအသောက်မတူ၊ ဘာသာစကားမတူ၊ ရုပ်ချင်းတောင်မတူကြတဲ့ မြန်မာပြည်က ပြည်သူတွေ အတွက် ဟိုးအနောက်ဖျားက နိုင်ငံတွေ၊ ပြည်သူတွေက ဆုမွန်ကောင်းတောင်းချွေရင်းနဲ့ ကူညီပေးခဲ့တာတွေကို ကျေးဇူးတင်ရမယ်ဆိုရင်လည်း တင်ထိုက်ပါပေမယ်။

အခုတော့ ပွဲလန့်တုန်း ဖျာခင်း၊ ပြည်သူတွေမကြိုက်တဲ့ အာဏာရှင်ကိုမှ စကားလုံးတွေနဲ့ ကာကွယ်ပေးပြီး မြန်မာပြည်က ကောင်းပေ့ညွတ်ပေ့ဆိုတဲ့ သယံဇာတတွေကို ဈေးပေါပေါနဲ့ ဝယ်ယူ၊ မြန်မာပြည်အတွက်ကိုတော့ တရုတ်နောက်ဖေးပေါက်ကထွက်တဲ့ ဆီတွေကို အရောင်အနံ့စုံလင်အောင် ပြုပြင်ပြီး တင်ပို့ပေးနေတဲ့ ကိုတရုတ်တွေကိုတော့ ဈေးပေါပေါနဲ့တောင်မှ ကျေးဇူးမတင်ပါရစေနဲ့ဗျာ။ မဖြစ်မနေ ကျေးဇူးတင်ရမယ်ဆိုရင်လည်း ပြည်သူတွေကိုတော့ မတင်ခိုင်းလိုက်ပါနဲ့။ အဲဒီကျေးဇူးတွေကို ပြည်သူတွေကို မဆပ်ခိုင်းလိုက်ပါနဲ့။ ကျေးဇူးဆပ်ဖို့အတွက် နိုင်ငံ့သယံဇာတတွေ ထပ်ပြီး မပေးလိုက်ကြပါနဲ့တော့။

အဲဒီလိုပြောတဲ့အတွက် မြန်မာပြည်သူတွေဟာ ကျေးဇူးမသိတတ်တဲ့သူတွေလားလို့ မေးစရာရှိပါလိမ့်မယ်။ ဒါလုံးဝ မဟုတ်ပါဘူး။ မြန်မာပြည်သူတွေဟာ သူတစ်ပါးရဲ့ကျေးဇူးကို သိတတ်ပြီး ပြန်ဆပ်လေ့ရှိကြတဲ့ နှလုံးသားကို ပိုင်ဆိုင်ထားကြတဲ့သူတွေပါ။ အရာရာကို အကောင်းဘက်က တွေးခေါ် ရှုမြင်ပြီး နေကြတဲ့သူတွေပဲလေ။

အနီးစပ်ဆုံး ဥပမာပေးရရင် လက်ရှိသမ္မတ ဦးသိန်းစိန်ကိုပဲကြည့်ပေါ့။ တစ်ချိန်က ပြည်သူတွေနဲ့ ဆန့်ကျင်ဘက် အာဏာရှင်အဖွဲ့အစည်းက ပုဂ္ဂိုလ်ပဲ။ ဒါပေမဲ့ လက်ရှိအချိန်မှာ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် တင်ပေးပြီး ပြည်သူတွေနဲ့ တူညီစွာ လျှောက်လှမ်းနေတဲ့အတွက် ပြည်သူတွေက သမ္မတကြီးကို ထောက်ခံပါတယ်။ သမ္မတကြီး ကျန်းမာပါစေလို့ ဆုတောင်းပေးခဲ့ကြတာ မဟုတ်လား။ ဒါပေမဲ့ လက်ပံတောင်းတောင် သပိတ်စခန်းကို အကြမ်းဖက် ဖြိုခွင်းလိုက်တော့ သမ္မတကြီးက စိတ်များပြောင်းသွားပြီလား၊ ဒါမှမဟုတ် တရုတ်ပြည်ကိုပဲ ကျေးဇူးဆပ်လိုက်တာလားဆိုပြီး ဝေဖန်သံတွေ ထွက်ပေါ်လာခဲ့တယ်။

ဆိုလိုချင်တာက မြန်မာပြည်သူတွေဟာ နှစ်ပေါင်းများစွာ အာဏာရှင်လက်အောက်မှာ ဖိနှိပ်ချုပ်ချယ် ပိတ်ဆို့ခံခဲ့ကြရပေမယ့် ငတုံး ငအတွေတော့ မဟုတ်ခဲ့ကြပါဘူး။ ကိုယ့်အပေါ် ကောင်းတာကို ကောင်းမှန်းသိခဲ့ကြသလို ဆိုးတာကိုလည်း ဆိုးမှန်း သိခဲ့ကြပါတယ်။

ဒါကလည်း ကိုယ့်နိုင်ငံသားချင်းမို့ အကောင်းမြင်နေတာ မဟုတ်ပါဘူး။ ဂျပန်ကိုပဲကြည့်လေ။ ဖက်ဆစ်ဂျပန်တွေက မြန်မာပြည်ကို အုပ်ချုပ်ခဲ့ကြပြီး မြန်မာပြည်သူတွေကို နှိပ်စက်ညှဉ်းပန်းခဲ့ကြသူတွေပါ။ ဒါပေမဲ့ အခုချိန်မှာ မြန်မာပြည်အတွက် အထောက်အပံ့တွေပေး၊ ချေးငွေတွေကို လျှော်ပစ်၊ နောက်ချေးမယ့်ငွေကလည်း အတိုးနည်းနည်းနဲ့ ချေးမယ်စသည်ဖြင့် ကူညီနေတာတွေကို ကျေးဇူးတင်ရမယ်ဆိုရင် ကျေးဇူးတင်ပါတယ်လို့ အလေးအနက် ပြောလိုက်ချင်ပါတယ်။

ဒါပေမဲ့ ကိုတရုတ်ကြီးကိုတော့ ခပ်ပါးပါးပေးလိုက်ချင်တာက တရုတ်ပြည်ကို မြန်မာပြည်သူတွေက ကျေးဇူးရှင်အဖြစ် ရှုမြင်ရမှာလား၊ ဒါမှမဟုတ် မြန်မာပြည်သူတွေ သွားချင်တဲ့လမ်းကို ပိတ်ဆို့ပေးခဲ့တဲ့ အိမ်နီးချင်းအဖြစ် ရှုမြင်ရမှာလား။ ဘာပဲဖြစ်ဖြစ် မြန်မာပြည်သူတွေရဲ့ ကျေးဇူးကို အတင်ခံချင်ရင်တော့ ပြည်သူတွေရဲ့ဆန္ဒကို စာနာထောက်ထားပြီး အိမ်နီးချင်းကောင်းပီသခဲ့သင့်ပါတယ်။ အခုတော့ အာဏာရှင်တွေရဲ့ ကိုးကွယ်ရာအဖြစ်သာ နေခဲ့ရတဲ့ တရုတ်ပြည်ကြီးကိုတော့ တစ်ချိန်က အာဏာရှင်တွေကပဲ လှိုက်လှဲစွာ ကျေးဇူးတင်ကြပါတော့လို့ ပြောချင်ပါတယ်။

မြန်မာ ပြည်သူပြည်သားတွေအတွက်တော့ တရုတ်ပြည်ရဲ့ ကျေးဇူးတွေ၊ တရုတ်ပြည်ရဲ့ ကူညီထောက်ပံ့မှုတွေဟာ ရှိကောင်း ရှိခဲ့ပါလိမ့်မယ်။ အဲဒီပမာဏဟာ ဘယ်လောက်များသလဲလို့ ဥပမာပေးရရင်တော့ နွားဦးချို ပမာဏလောက်ပဲရှိပါလိမ့်မယ်။ အဲဒီ နွားဦးချိုပမာဏလောက်ပဲရှိတဲ့ ကျေးဇူးတွေအတွက်မြန်မာပြည်သူတွေက မြင့်မိုရ်တောင်လောက် ပမာဏရှိတဲ့ ကျေးဇူးတုံ့ပြန်မှုတွေ နှစ်ပေါင်းများစွာ ပေးဆပ်ခဲ့ကြပြီးပါပြီ။

မြန်မာပြည်သူပြည်သားတွေအတွက် မြင့်မိုရ်တောင်လောက်ကြီးမားတဲ့ ကျေးဇူးရှင်တွေကတော့ သူ့ကျွန်ဘဝမှလွတ်မြောက်ဖို့နဲ့ အာဏာရှင်လက်အောက်က လွတ်မြောက်ဖို့ ဘဝတွေ၊ အသက်တွေ၊ သွေးချွေးတွေ ပေးဆပ်ခဲ့ကြရတဲ့ခေတ်အဆက်ဆက်က ရဟန်း၊ ပြည်သူ၊ ကျောင်းသားတွေအပါအဝင် သူရဲကောင်းတွေ၊ အာဇာနည်တွေပဲ ဖြစ်ကြပါတယ်။

ဒါကြောင့်မို့လို့ ကျေးဇူးရှင်အဖြစ် ရှုမြင်ရမယ်ဆိုရင် တိုင်းပြည်အတွက် ဘဝတွေ အသက်တွေ ပေးဆပ်ခဲ့ကြပြီး အများအကျိုးဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေကိုသာ ရှုမြင်ကြဖို့ တိုက်တွန်းလိုက်ရပါတော့သည်။ ။

Business 7DAY NEWS JOURNAL

Vol.11, No.44 • JANUARY 10 , 2013

# CIF တန်ဖိုး ပြင်ဆင်ပြီးနောက် ကားအရောင်းအဝယ်ပြန်သွက်လာ

**မိုးညို**

**ရန်ကုန်၊ ဇန်နဝါရီ -၅**

ပြည်တွင်းကားဈေးကွက်၌ ဆိပ်ကမ်းအရောက်တန်ဖိုးများ (CIF) ပြင်ဆင်သတ်မှတ်လိုက်ပြီးနောက် အရောင်းအဝယ်ပြန်သွက်လာပြီဖြစ်ကြောင်း ကားဝယ်ရောင်းများက ပြောသည်။

ပါမစ်မလိုဘဲ တင်သွင်းခွင့်ရရှိထားသည့် အင်ဂျင်ပါဝါ ၁၃၀၀ cc ကားများမှာ အထူးအဝယ်လိုက်လာခြင်းဖြစ်ကြောင်း ဟံသာဝတီကားပွဲစားဝင်းမှ ဦးမင်းဦးက ပြောသည်။



*ဗြိတိန်နိုင်ငံထုတ် ရိုးရွိုက်စ်ကားတစ်စီးအား ပြပွဲတစ်ခုတွင် ပြသထားစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကားတင်သွင်းမှုမူဝါဒပြောင်းလဲခြင်းနှင့်အတူ ပြည်တွင်းသို့ကားတင်သွင်းမှု များပြားလာသောကြောင့် ၂၀၁၂ ခုနှစ်တစ်ခုလုံး ပြည်တွင်းကားဈေးကွက် အေးစက်ခဲ့ပြီး အရောင်းအဝယ်များလည်း ထင်သလိုမဖြစ်ခဲ့ပေ။ ထို့နောက်ယခု ၂၀၁၃ ဇန်နဝါရီလ ပထမပတ်မှစတင်ကာ ကားဈေးကွက်၌ အရောင်းအဝယ်ပြန်သွက်လာခဲ့သည်။ အထူးသဖြင့် Probox၊ Vista ၊ AD Van ၊ Honda Fit ၊ Nissan ၊ Toyota အမှတ်တံဆိပ်ကားများမှာ ဈေးနှုန်းများ ကျဆင်းလာပြီး ပျမ်းမျှကျပ်ငါးသိန်းမှ ၁၀ သိန်းအထိ ကျဆင်းလာကြောင်း ဟံသာဝတီကားပွဲစားဝင်းမှ ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

"အရင်တုန်းက ဝယ်ဖို့စောင့်ကြည့်နေတဲ့သူတွေ လာဝယ်ကြတာ" ဟု အထက်ပါ ကားဝယ်ရောင်းကပင်ပြောသည်။ အောက်ကားများ အရောင်းအဝယ်ဖြစ်နေချိန်တွင် အပေါ်ကားအချို့ဖြစ်သည့်လပ်ဇ(ပ်)၊အော်ဒီ၊ဆာ့ဖ်အစရှိသော ကားများမှာ ဈေးကျဆင်းခြင်းမရှိဘဲအရောင်းအဝယ်လည်း ထင်သလောက်မဖြစ်ကြောင်း အထက်ပါ ဝယ်ရောင်းကပင် ပြောသည်။

ယာဉ်ရောင်းဝယ်ရေးစခန်းများ၌ ဈေးကွက်ပြန်သွက်လာချိန်တွင် တစ်ဖက်မှ ကားအရောင်းပြခန်းအချို့နှင့်ပတ်သက်၍ "CIF တန်ဖိုးက ဘာမှမထူးပေမဲ့ စောင့်ကြည့်နေတဲ့သူတွေက ကြေညာချက်ထွက်ပြီဆိုတော့ လိုက်ဝယ်ကြတာပေါ့" ဟု ကားတင်သွင်းသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စာမျက်နှာ(၃၄)သို့ »

# နိုင်ငံခြားသားအား ကွန်ဒိုတိုက်ခန်း တရားဝင်ရောင်းချခွင့်ဥပဒေတစ်ရပ် အမြန်ဆုံးထွက်ပေါ်သင့်ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်များ တောင်းဆို

**မိုးညို၊ဆွေမွန်**

**ရန်ကုန်၊ဇန်နဝါရီ-၅**

ကွန်ဒိုတိုက်ခန်းများအား နိုင်ငံခြားသားများထံသို့ တိုက်ရိုက်လွှဲပြောင်း ရောင်းချခွင့်ရရှိရန် ဥပဒေတစ်ရပ် အမြန်ဆုံးပြင်ဆင်ပြောင်းလဲပေးသင့်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များကပြောကြားသည်။

လက်ရှိတွင် ကွန်ဒိုတိုက်ခန်းများကို နိုင်ငံခြားသားများသို့ ရောင်းချမှုရှိသော်လည်း နိုင်ငံခြားသားများက အမည်ခံဝယ်ယူမှုများဆုံးဖြစ်ပြီး အခြားသော နိုင်ငံခြားသားများက လက်ရှိရေးဆွဲနေသော ကွန်ဒိုဥပဒေမူကြမ်းကို လေ့လာစောင့်ကြည့်လျက်ရှိကြောင်း ရွှေမင်းသား အိမ်ခြံမြေအကျိုးဆောင်မှ ဦးမြတ်သူဝင်းကပြောသည်။

လက်ရှိ အကြမ်းဖျင်းရေးဆွဲထားသော ကွန်ဒိုဥပဒေကြမ်းတွင် နိုင်ငံခြားသားများ ဝယ်ယူပါက ခြောက်ထပ်နှင့် အထက်ကိုသာ ဝယ်ယူခွင့်ပြုထားပြီး ခြောက်လွှာအထက် အခန်းများ၏ ၄၀ ရာခိုင်နှုန်းကိုသာ နိုင်ငံခြားသားသို့ ရောင်းချခွင့်ရှိကာ ကျန် ၆၀ ရာခိုင်နှုန်းကို မြန်မာတိုင်းရင်းသားများကိုသာ ရောင်းချရမည်ဟု ဖော်ပြပါရှိသည်။

နိုင်ငံခြားသားများထံ သို့ တိုက်ရိုက်လွှဲပြောင်း ရောင်းချခွင့်ရရှိပါက လက်ရှိဈေးကွက်တွင် ဖြစ်ပေါ်နေသော အငှားထက် အရောင်းမှာ ပို၍တက်လာမည်ဖြစ်ကာ အရည်အသွေးမီ ကွန်ဒိုတိုက်ခန်းများလည်း ပေါ်ပေါက်လာနိုင်ကြောင်း ကွန်ဒိုတိုက်ခန်း အကျိုးဆောင်တစ်ဦးကပြောသည်။

လက်ရှိရေးဆွဲထားသည့် ဥပဒေမူကြမ်းတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းရှင်အများစု၌ အချင်းချင်းဒွိဟများစွာဖြစ်ပေါ်နေပြီး မြေပိုင်ဆိုင်မှုစွန့်လွှတ်ရေး၊ စုပေါင်းပိုင် အသုံးအနှုန်းကို ပြန်လည်ပြင်ဆင်ရေး၊

စာမျက်နှာ(၃၄)သို့ »

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၄ | ၈၆၈ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၄ | ၈၆၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၆ | ၇၀၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၂၅ | ၁၁၂၈ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၈. ၁၃ | ၂၈. ၂ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၇ | ၁၃၈ | ကျပ် |

၂၀၁၃ ဇန်နဝါရီ ၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၁၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၅၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၈. ၁၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၃၀၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၄. ၉၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၆၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၂. ၁၄ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၄၇၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၄၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၇၇၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၃၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၀. ၈၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၄၉၈ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၅၄၂ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၁၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၈၆၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၃၂၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၅၈. ၃၀ |
| ရေနံစိမ်း | စည် | ၁၁၁. ၃၆ |
| ငွေ | ၁ အောင်စ | ၃၀. ၁၆ |
| ကြေးနီ | ပေါင် | ၃၆၇. ၉၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၂၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇန်နဝါရီ ၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

# မငြိမ်သက်မှုများကြောင့် ရွှေအထွက်နှုန်း လျော့သော်လည်း ကျန်ဒေသထွက် ရွှေများနှင့် ဈေးကွက်လည်ပတ်

**ဆွေမွန်**
**ရန်ကုန်၊ဇန်နဝါရီ-၅**

ဆန္ဒထုတ်ဖော်မှုနှင့် ကချင်ပြည်နယ်တွင်း ပဋိပက္ခအချို့ကြောင့် ရွှေဈေးကွက်အတွင်းသို့အဝင်နှုန်းထိခိုက်လာမှု ရှိနေသော်လည်း အခြားရွှေလုပ်ကွက်များဖြင့် ဈေးကွက်အတွင်းလည်ပတ် လုပ်ကိုင်နေကြောင်း ရွှေလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

ရွှေအထွက်နှုန်းများပြားသည့် ရမည်းသင်း မိုးထိ-မိုးမိဒေသရှိ ဆန္ဒထုတ်ဖော်မှုများနှင့် ကချင်နယ်တွင်ပြဿနာများကြောင့် ပြည်တွင်းရွှေဈေးကွက်သို့ ကုန်ကြမ်းအဝင် လျော့ပါးလာပြီး အရောင်းအဝယ် နည်းပါးလာကြောင်း အောင်သမာဓိရွှေဆိုင်ပိုင်ရှင် ဦးအောင်ကပြောသည်။

"ရမည်းသင်းဘက်က ဖောက်သည်တွေက လာမရောင်းတော့ဘူး။ အဝင်က အရင်ကထက် ရာခိုင်နှုန်း ၈၀ လောက် လျော့သွားတာ"ဟု ဦးအောင်ကပြောသည်။

နယ်စပ်ပြဿနာဖြစ်ပွားနေသည့် ကချင်ပြည်နယ်ဘက်တွင် ရွှေအထွက်နှုန်းကျဆင်းပြီး အချို့သော ရွှေလုပ်ကွက်များ ရပ်ဆိုင်းထားရသော်လည်း ရွှေထုတ်လုပ်မှု ၈၀ ရာခိုင်နှုန်းခန့်ရှိသည့် တနိုင်းရှင်ဘွဲ့ယန်ဒေသဘက်တွင် လုပ်ကိုင်ခွင့်ရရှိနေဆဲဖြစ်ကြောင်း သိရှိရသည်။

"ရွှေလုပ်ကွက်က စစ်ဆင်ရေးတွေရှိနေလို့ မေခဘက်ကြောကမ်းနားမှာ ရပ်ထားရတယ်။ ဟိုဘက်ကမ်း ဒီဘက်ကမ်းမကူးရတော့ လောလောဆယ် ရပ်နားထားရတာ"ဟု ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား)မှ ဒုဥက္ကဋ္ဌ ဦးလာခရီလာအောင်ကပြောသည်။

ပြည်တွင်းရွှေထုတ်လုပ်မှုမှာ ထိုဒေသများတွင်သာမက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သပိတ်ကျင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်း ရွှေကျင်မြို့နယ်၊ မွန်ပြည်နယ်ရှိ ကျိုက်ထိုနှင့် ဘီးလင်းမြို့များတွင် ပုံမှန်ထွက်ရှိနေခြင်းကြောင့် ထိခိုက်မှုမရှိနိုင်ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။

ယနေ့ မေးမြန်းချက်အရ ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် ၁,၆၅၅ ဒေါ်လာဖြစ်ပြီး အခေါက်ရွှေတစ်ကျပ်သား ၇၆၀,၀၀၀ ကျပ်နှင့် ၁၅ ပဲရည် ရွှေတစ်ကျပ်သား ၇၁၆,၀၀၀ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။

"လက်ရှိကတော့ ဟိုရက်ကျပြီး နည်းနည်းပြန်တက်တယ်။ နည်းနည်းတော့ လူးတာပေါ့"ဟု တာလီရွှေဆိုင်ပိုင်ရှင် ကိုတင်မောင်စိုးကပြောသည်။




# ငါးဖမ်းကွက် လေလံရောင်းချသည့်စနစ် ရခိုင်ပြည်နယ်တွင် ပယ်ဖျက်

**အောင်နိုင်**
**ရန်ကုန်၊ ဇန်နဝါရီ -၅**

ရခိုင်ပြည်နယ်တွင် ငါးဖမ်းကွက်များအား လေလံတင်ရောင်းချသောစနစ်ကို ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ ပယ်ဖျက်လိုက်ပြီဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင်ကျော်က ပြောသည်။

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးကိုကိုလှိုင်တင်သွင်းသော ငါးဖမ်းကွက်များကို လုံးဝကင်းလွတ်ခွင့်ပြုပြီး ငါးလုပ်ငန်းဥပဒေနှင့်အညီ အခွန်အခများကို သာကောက်ခံရန်ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်အားလုံးက ထောက်ခံခဲ့ကြောင်း အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

"အားလုံးက ထောက်ခံတယ်၊ ပြည်နယ်အစိုးရက ဆောင်ရွက်သွားမယ်လို့ သဘောတူတဲ့အတွက် မဲခွဲစရာမလိုတော့ဘူး"ဟု ဆိုသည်။

ထို့ကြောင့် ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ ရခိုင်ပြည်နယ် မြစ်ချောင်း၊ အင်းအိုင်များတွင် အခွန်ဆောင်၍ လွတ်လပ်စွာ ငါးဖမ်းခွင့်ရရှိတော့မည်ဖြစ်သည်။ ယခင်အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ်ရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ငါးဖမ်းလုပ်ကွက်များကို အပိုင်းလိုက်သတ်မှတ်ပြီး နှစ်စဉ်လေလံတင်၍ ငှားရမ်းလုပ်ကိုင်ခွင့်ပြုခဲ့သည်။ အဆိုပါ လေလံစနစ်ကြောင့် ရေလုပ်သားများမှာ လွတ်လပ်စွာ ငါးဖမ်းခွင့်မရရှိခဲ့ဘဲ အခက်အခဲများ ရှိခဲ့သည်ဟု ပေါက်တောမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

လေလံစနစ်ကို ပယ်ဖျက်လိုက်ခြင်းနှင့်စပ်လျဉ်း၍ "ရေလုပ်သားတွေအတွက် အကျိုးအရမ်းရှိသွားတယ်။ အရင်က ငါးဖမ်းတဲ့သူတွေက လေလံရတဲ့သူတောင်းသလို ပေးရတယ်။ မပေးနိုင်ရင် ပိတ်တာ သိမ်းတာတွေရှိတယ်"ဟု ရသေ့တောင်မြို့နယ် ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးမောင်လှမြင့်က ပြောသည်။

စာမျက်နှာ(၃၃)မှ

## နိုင်ငံခြားသားအား ကွန်ဒိုခန်း တရားဝင်ရောင်းချခွင့်ဥပဒေ အမြန်ဆုံး ထွက်ပေါ်သင့်ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်များ တောင်းဆို

ရောင်းသူဝယ်သူနှစ်ဦးသဘောတူစာချုပ်များနှင့်သာ ဆောင်ရွက်နေခြင်းတို့ကို အဓိကပြန်လည်ပြင်ဆင်သတ်မှတ်ရန် လိုအပ်နေပြီဖြစ်ကြောင်း Asia Express ကုမ္ပဏီမှ ဒါရိုက်တာ မသက်သက်နိုင်က ပြောသည်။

ကွန်ဒိုတိုက်ခန်းများနှင့် ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေမူကြမ်းကို စက်တင်ဘာလကစ၍ မူကြမ်းအဆင့် ရေးဆွဲခဲ့ပြီးဖြစ်သည်။ အချောသတ်၍ လွှတ်တော်မှ အမြန်ဆုံးပြဋ္ဌာန်းပေးရန် လိုအပ်နေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပြောသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အထပ်မြင့်ဓာတ်လှေကားပါ အဆောက်အအုံ ၆၆ လုံးခန့် တည်ဆောက်ခွင့်ချထားပေးခဲ့ပြီး အထပ်နိမ့်အပါအဝင် ၂၀၂ လုံးခန့် ဆောက်လုပ်ခွင့်ချထားပေးရန် ကျန်ရှိနေသေးကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)က ထုတ်ပြန်ထားသည်။

စာမျက်နှာ(၃၃)မှ

## CIF တန်ဖိုး ပြင်ဆင်ပြီးနောက် ကားအရောင်းအဝယ်ပြန်သွက်လာ

ကားအရောင်းပြခန်းများ၌ ယခင်တစ်ရက်လျှင် သုံးစီးမှ လေးစီးခန့်သာ ရောင်းချနေရာမှ ယခုကြေညာချက်ထွက်ပြီးနောက် တစ်ရက်လျှင်ပျမ်းမျှ ၁၀ စီးကျော်ရောင်းချနေပြီဖြစ်ကြောင်း Farmer Auto ကားအရောင်းပြခန်းမှ ဒေါက်တာစိုးထွန်းက ပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၁၂ ဒီဇင်ဘာလ ၂၂ ရက်က မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ CIF တန်ဖိုးများ ပြင်ဆင်ရာတွင် ဥရောပနှင့် အမေရိကန်ထုတ် ကားများအား ၅၀ ရာခိုင်နှုန်းခန့် လျှော့ချပြင်ဆင်သတ်မှတ်ခဲ့ပြီး ကျန်နိုင်ငံထုတ်ကားများကိုမူ ပြင်ဆင်ခဲ့ခြင်း မရှိပေ။

# Commodity Watch

## စာ(၂၆) ကျွန်တော်ချစ်သော သစ်ပင်များ မှ

သပိတ်အိုင်တောရ သီတဂူ သဲကုန်းဆရာတော်ကြီး အရှင်ဉာဏိဿရ စာသင်သားဘဝက သီတင်းသုံးတော်မူခဲ့သည့်သဲကုန်းမြို့ ရပ်ကွက် ၄ တပ်ရွာ အလယ်ကျောင်း ကျောင်းဝိုင်းထဲမှ ရောမ မယ်ဇယ်ပင်ကြီး၊ ပိတောက်ပင်ကြီး နှင့် ဗောဓိညောင်ပင်ကြီးတို့သည်လည်း သက်တမ်းရာကျော်ရှိ အံ့ထင်သည်။ ဆရာတော်ကြီးက ထိုအပင်ကြီးများကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အကိုင်းအခက်ကိုပင် မခုတ်မပယ်ရဟု မိန့်မှာထား၏။ သစ်ပင်ကြီးများ၏ အထင်ကရ သက်တမ်းကိုတန်ဖိုးထားခြင်းဖြစ်ပေလိမ့်မည်။

သို့သော် သစ်ပင်များ၏တန်ဖိုးကိုနားမလည် အလေးမထားတတ်ကြသူများလည်း ကျွန်တော်တို့မြန်မာ့မြေပေါ်တွင် ရှိနေပြန်၏။ တောင်တွင်းကြီး မြို့ပေါ်မှ ကုက္ကိုပင်ကြီးတွေ မန်ကျည်းပင်ကြီးတွေကို ထင်းမီးအတွက်အသုံးပြုရန် ခုတ်လှဲနေကြသဖြင့် မြို့သူမြို့သားများက တောင်းပန် တားဆီးနေကြရကြောင်း သတင်းတစ်ပုဒ် သည်ရက်ထဲမှာ ဖတ်လိုက်ရသေးသည်။ ဟိုဘက်နှစ်တွေတုန်းကလည်း ပခုက္ကူ ရေစကြို ဘက်ဆီမှ သက်တော်ရှည် မန်ကျည်းပင်ကြီးတွေကိုခုတ်လှဲကာ အမွှေးတိုင်တွေလုပ်ပစ်နေကြသဖြင့် မန်ကျည်းသီး မန်ကျည်းရွက်ပင် စားရဖို့ခပ်ခက်ခက် ဆိုသည့်အကြောင်းကြားလိုက်ရသေး၏။

လွန်ခဲ့သည့် လေး၊ ငါးလအတွင်းက ထင်သည်။ ရန်ကုန်မြို့၏ အလှပဆုံးနှင့် အထင်ကရလမ်းမကြီးဖြစ်သည့် ဦးဝိစာရလမ်းပေါ်မှ သက်တမ်း နှစ် ၇၀ ခန့် ရှိမည့် ရေတမာပင်အချို့ကို လမ်းချဲ့ရန်ရည်ရွယ်ချက်ဖြင့် မြို့တော်စည်ပင်က ခုတ်လှဲမိသဖြင့် သည်လောက်မှ သစ်ပင်တန်ဖိုး နားမလည်ရကောင်းလား ကန့်ကွက်သံတွေ သတင်းမီဒီယာတွေထဲ သောသောညံသွားခဲ့သေး၏။

သည်ဆယ်စုနှစ်အတွင်းတွင် ကမ္ဘာ့ရာသီဥတုများ ပြောင်းလဲလာမှု၊ ကမ္ဘာကြီးပူနွေးလာမှု ဆိုသည့်အသံတွေ ကမ္ဘာနှင့်အဝန်း ဆူဆူညံညံကြားလာရသည်။ ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောများမပြုန်းတီးရေး လှုပ်ရှားမှုတွေ ကမ္ဘာ့နေရာအနှံ့ပြုလုပ်လာကြသည်။ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲတွေကို ကိုယ့်အသိစိတ်နှင့်ကိုယ်ဆောင်ရွက်လာကြသည်။ သစ်ပင်၏ကျေးဇူးကို နားလည်သဘောပေါက်လာခဲ့ကြသည်။

မှတ်မှတ်ရရဟု ဆိုရမည်။ ၁၉၈၈ တွင်စစ်တပ်မှအာဏာသိမ်းပြီးနောက်ပိုင်း မြို့တွေ၊ ရွာတွေမှာ၊ အဝေးပြေးလမ်းမကြီးတွေ ဝဲယာမှာ " တစ်အိမ်လျှင် သစ်ပင်တစ်ပင်မစိုက်မနေရ၊သစ်ပင်မရှင်လျှင်မိမိတာဝန်သာဖြစ်ကြောင်း" အမိန့်ဖြင့် သေနတ်ပြကာ စိုက်ခိုင်းသောကြောင့် စိုက်ခဲ့ကြရသေးသည်။ အဲ့သည်သစ်ပင်လေးတွေက ခုဆိုအသက် နှစ်ဆယ်ကျော်နှစ်ဆယ့်ငါးဝန်းကျင်ဆိုတော့ လူပျို၊ အပျိုလေးတွေ ဖြစ်ကုန်ကြပြီ။ အရိပ်လည်း ဝေကြပြီ။

နဝတ၊ နအဖ ခေတ် နှစ်ပေါင်း ၂၀ ကျော် ၂၅ နှစ်အတွင်း အရှေ့ရိုး၊ အနောက်ရိုး၊ အလယ်ရိုးတွေပေါ် မှသစ်တောတွေ မမြင်ကွယ်ရာ၌ ကုန်ခမန်း ပြုန်းခဲ့သည့်တိုင် လမ်းဘေးဝဲယာ လူမြင်ကွင်းတွင်တော့ ကျွန်းပင်လေးတွေ အပေါက်မြန်ခဲ့သည်အမှန်။ မြို့ထဲရွာထဲ စိုက်ခဲ့ရသည့် အော်ရေးရှား၊ ယူကလစ်၊ ဗာဒံ၊ စသည့်အပင်လေးတွေက အရိပ်ရ နားခိုစရာလေးတွေ ဖြစ်နေကြပြီလည်း အမှန်။ ကြက်ဆူပင်လို ဖုံမဟုတ် ပတ်မဟုတ် အရှူးချေးပန်း အပင်မျိုးကိုတော့ဖြင့် ထားတော့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်က သစ်ပင်ချစ်သူဆိုတော့ အဲ့သည် သစ်ပင်လေးတွေ အရိပ်ရလာသည့် အတွက်ဖြင့် နဝတ၊ နအဖ တို့အပေါ် အမှန်ပင် ကျေးဇူးတင်မိသည်။ တကယ်။

သို့ပါလျက်. . . ဟိုတစ်နေ့က ဂျာနယ်တစ်စောင်ထဲ သတင်းတစ်ပုဒ်ဖတ်လိုက်ရပြန်သည်။ အခြားမဟုတ် ကျွန်တော့် မွေးဇာတိသဲကုန်းမြို့မှသတင်းဖြစ်၏။ ဓာတ်ပုံနှင့်တကွ ဖော်ပြထားသဖြင့် စိတ်ထဲမှာ ပို၍ကသိကအောက်ဖြစ်ရသည်။ ကျွန်တော်တို့မြို့မှ ကျွန်တော်သံယောဇဉ်တွယ်သည့် ဗာဒံပင်လေးတွေ ပင်ခြေမှ ဓားဖြင့်ရစ်ပြီး လုပ်ကြံသတ်ဖြတ်ခံထားရသည်။ တကယ်တော့ အဲသည်အပင်လေးတွေက အရိပ်ကောင်းကောင်းပေးနေပြီ။ ထိုအရိပ်ကိုမှီခို၍ ဆိုက်ကားဂိတ်ကလေးတစ်ခုရှိသည်။ လက်ဖက်ရည်ဆိုင်မှ ခုံလေးတွေလည်း ချခင်းထားတတ်သည်။ ကွမ်းယာဆိုင်လေးတစ်ဆိုင်လည်း ထိုအရိပ်မှာခိုသည်။

သို့ပါလျက် သစ်ပင်၏တန်ဖိုး၊ အရိပ်အာဝါသ၏တန်ဖိုးကိုနားမလည်သူတစ်ယောက်၏ခိုင်းစေချက်ဖြင့် ထိုဗာဒံပင်လေးတွေ ပင်ခြေမှဓားဖြင့်ရစ်ကာ တိတ်တခိုးလုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရသည်တဲ့။

လူအများကို အေးချမ်းသောအရိပ်ဖြင့်ထီးမိုးပေးခဲ့သည့် ထိုအပင်လေးတွေ မကြာခင်ရက်ပိုင်းအတွင်းမှာ မရှုမလှနှင့် ရိုးတံပြိုင်းပြိုင်းဖြစ်ကြရတော့မည်ကို တွေးပြီးကျွန်တော် စိတ်မချမ်းသာ။

သစ်ပင်တွေကို ချစ်တတ်သူ ကျွန်တော့်အနေနှင့်တော့ ကမ္ဘာပေါ်ရှိ သစ်ပင်မှန်သမျှ သစ်ပင်တန်ဖိုးနားမလည်သူများ၏ ဘေးမှ ထာဝရ ကင်းဝေးကြပါစေဟု သာ . . . ။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 103,500 |
| Galaxy GIO | 123,500 |
| Galaxy Ace | 154,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 224,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 342,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 498,000 |
| Galaxy Tab 7.1 | 295,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### Sony

| Model | Price |
|---|---|
| Xperia Sola | 165,000 |
| Xperia Acrs | 238,000 |
| Xperia Go | 186,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 790,000 |
| iPhone 5 (32 GB) | 730,000 |
| iPhone 4S (64 GB) | 690,000 |
| iPhone 4S (32 GB) | 645,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8655 | 83,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| U 8661 | 77,000 |
| U 8818 D | 110,000 |
| U 8836 D | 169,000 |
| U 8825 D | 116,000 |
| C 8950 D | 170,000 |
| U 8950 D | 162,000 |
| Ascend P1 | 270,000 |

ဇန်နဝါရီ(၃)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 210,000 |
| Panasonic(LCD) | 32SC4S | 235,000 |
| Sony (LCD) | 35BX | 240,000 |
| Sony (LED) | 32EX33 | 300,000 |
| **DVD** | | |
| EVD(Sony) | DVK75 | 20,000 |
| I-MAX | DVD-SR81220XDM2 | 28,500 |
| EVD (AEK) | HDMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Samsung | RT2ASHMG | 225,000 |
| Hitachi | 190W | 215,000 |
| Panasonic | NR.BT224 | 220,000 |
| **Washing** | | |
| Samsung | WA85V$_3$ | 145,000 |
| Samsung | WT8J | 165,000 |
| **Aircon** | | |
| Chigo | 1.0HP | 180,000 |
| Mitsubishi | 1.0HP | 225,000 |
| Samsung | 1.0HP | 180,000 |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၃ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၄၅၀ |
| Posco ကြယ်စိမ်း (၉၊၁၀ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉၊၁၀ ပေ) | ၁ ပေ | ၂၅၅ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁၊၁၂ပေ) | ၁ ပေနှုန်း | ၂၆၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၅) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၄၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၅၀-၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၉၀၀-၁,၉၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၁၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၂၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၄,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၅၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၄,၅၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၆,၀၀၀ |
| ငေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၁၆,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၂၀၀-၃,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဇန်နဝါရီ(၄)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Dec(30) | 815 | 860 | 880 | 880 |
| Dec(31) | 815 | 860 | 880 | 880 |
| Jan(1) | 815 | 860 | 880 | 880 |
| Jan(2) | 815 | 860 | 880 | 880 |
| Jan(3) | 815 | 860 | 880 | 880 |
| Jan(4) | 815 | 860 | 880 | 880 |
| Jan(5) | 815 | 860 | 880 | 880 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှုအနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Apple** | |
| Intel 2.5 GHz, 4GB DDR3, 500GB HDD, HD, 13.3" | 1,070,000 |
| Intel 2.6 GHz, 8GB DDR3, 512GB Flash Storage, HD, 15.4" | 2,619,000 |
| Intel 1.7 GHz, 4GB DDR3, 128GB Flash Storage, 11.6" | 1,044,000 |
| Intel 1.86 GHz, 4GB DDR3, 256GB Flash Storage, 13.3" | 1,348,000 |
| **Dell** | |
| Intel 2.5 GHz, 4GB DDR3, 500GB HDD, VGA, 15.6" | 496,500 |
| Intel 2.5 GHz, 4GB DDR3, 500GB HDD, VGA, 14" | 547,000 |
| Intel 2.3 GHz, 6GB DDR3, 640GB HDD, 15.6" | 851,700 |
| Intel 2.5 GHz, 6GB DDR3, 1TB HDD, VGA, 15.6" | 556,400 |
| **HP** | |
| Intel 2.4 GHz, 8GB DDR3, 1TB HDD, VGA, 15.6" | 993,000 |
| Intel 2.5 GHz, 8GB DDR3, 750GB HDD, 14" | 667,700 |
| Intel 2.4 GHz, 8GB DDR3, 500GB HDD, 1GB VGA, 14.5" | 719,000 |
| Intel 1.7 GHz, 6GB DDR3, 640GB HDD, VGA, 15.6" | 625,000 |

7 DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013




**ကြည်နေဝင်းမင်း**

နှစ်သစ်ဟာ အစကောင်းလှတာတော့ မဟုတ်ပါဘူး။ အာရှ-ပစိဖိတ်ကမ်းရိုးတန်း ဒေသတစ်လျှောက် မတည်ငြိမ်မှု မျဉ်းကွေးဟာ ဂျပန်ကနေ အိန္ဒိယသမုဒ္ဒရာ၊ ထိုမှ ပါရှန်ပင်လယ်ကွေ့၊ ပင်လယ်နီဆီကနေ မက်ဒီတရေးနီးယန်းဒေသအထိ ရောက်ရှိသွားပါတယ်။

တရုတ်နိုင်ငံနဲ့ သူ့ရဲ့ရေပြင်ပိုင်နက် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ ဖိလစ်ပိုင်၊ မလေးရှားနဲ့ ဗီယက်နမ်တို့အကြား ကျွန်းငယ်တွေမှာ နှစ်ဖက်စလုံးအတွက် အကျိုးမရှိနိုင်တဲ့ စိုးရိမ်ဖွယ်ရာ မဟာဗျူဟာ ကစားပွဲတစ်ရပ် ဖြစ်ပေါ်နေပါတယ်။

အာရပ်နွေဦးဟာ အီဂျစ်မှာ ဆောင်းရာသီဆန်လာပြီး ဆွန်နီ-ရှီဟိုက်ပဋိပက္ခမှာလည်း ဆီးရီးယားနိုင်ငံမှ ကြောက်မက်စရာအဖြစ်အပျက်သစ်များကြောင့် မီးခိုးတွေအူလာပါတယ်။ အီရန်ကို အစ္စရေးက စစ်တိုက်မယ်လို့ကောလာဟလအသစ်တွေလည်း ပေါ်ထွက်နေပါတယ်။

တကယ်တော့ ဒီလိုထိပ်တိုက် ရင်ဆိုင်မှုတွေဟာ တစ်နေ့တခြားပို၍ပို၍ မြင့်တွေ့ရ များလာပြီး ပထဝီဝင်နိုင်ငံရေးရဲ့ အစိတ်အပိုင်းအဖြစ် အာဖရိကမှ အတင်းအဓမ္မအာဏာသိမ်းယူမှုတွေ၊ အာဖဂန်နစ္စတန်မှ စိတ်မသက်သာစရာ စစ်ပွဲအဆုံးသတ်ခြင်းတွေနဲ့အတူ သတင်းအတွင်းစာမျက်နှာများဆီ ရောက်သွားတယ်ဆိုတာ နှစ်သိမ့်စရာ မဟုတ်ပါဘူး။

ကျွန်တော်တို့တစ်တွေဟာ ၁၉၃၀ ခုနှစ်များဆီက သင်ခန်းစာတွေကို ပြန်ပြီးသင်ယူနေကြရပါတယ်။ အဲဒါကတော့ နိုင်ငံရေးနဲ့ နိုင်ငံတကာ တည်ငြိမ်မှုဟာ လက်ရှိဖြစ်ပေါ်နေတဲ့ စီးပွားရေးအခြေအနေအပေါ် အများကြီး တည်မှီနေတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းနဲ့ တရုတ်နိုင်ငံ တစ်ဝိုက် ပင်လယ်ပြင်မှာ တင်းမာမှုတွေ မြင့်တက်နေတာဟာ သူ့ဟာသူ အရေးကြီးတဲ့ နိုင်ငံရေးအဖြစ် အပျက် များသာမကဘဲ ကမ္ဘာ့စီးပွားရေး ငလျင်ပြတ်ရွေ့ကြောတွေရဲ့ လှုပ်ရှားမှုတွေလို့တောင် ဆိုနိုင်ပါတယ်။

ဒီအဖြစ်အပျက်တွေဟာ နိုင်ငံတကာ စီးပွားရေးပါဝါ၊ စီးပွားရေး ချိန်ခွင်လျှာ ရွေ့လျားသွားတာထက်တောင် ပိုပါတယ်။ ဂျပန်နိုင်ငံ ကျဆင်းလာတာ၊ တရုတ်နိုင်ငံ အင်အားကြီးလာတာ၊ ဥရောပစီးပွားရေး တန့်နေတာ၊ အမေရိကန်မှာ ဘဏ္ဍာရေး အကျပ်အတည်းကြုံနေရတာတွေဟာ ချိန်ခွင်လျှာ ရွေ့လျားမှုကို ပြသနေပါတယ်။ ဒီအပြောင်းအလဲတွေဟာ ပို၍ ကြီးမားပြီး အနှောင့်အယှက်ဖြစ်နိုင်စရာ ကူးပြောင်းမှုရဲ့ အစိတ်အပိုင်းဖြစ်ပြီး ဒီအကူးအပြောင်းကာလဟာ မရေရာ လှသလို ထွက်ပေါ်လာမယ့် ရလဒ်ကလည်း ရှင်းရှင်း လင်းလင်း မရှိပါဘူး။

ဒီပဟေဠိရဲ့ တချို့အစိတ်အပိုင်းတွေကိုတော့ ကျွန်တော်တို့ သိပါတယ်။ စီးပွားရေး ဖွံ့ဖြိုးနေတဲ့ ကမ္ဘာ့နိုင်ငံတွေမှာ လူဦးရေ ထိတ်လန့်မှု ရှိနေပြီး ကလေးမွေးဖွားနှုန်း ကျဆင်းတာ တစ်ဖက်မှာ အသက်အရွယ်ကြီးရင့်မှု များပြားလာခြင်းကနေ လူမှုရေးရာကိစ္စတွေမှာ အပြောင်းအလဲတွေ ဖြစ်ပေါ်စေပါလိမ့်မယ်။

အစဉ်အလာအားဖြင့် နိုင်ငံတော်က ကြည့်ရှုစောင့်ရှောက်ခဲ့တဲ့စနစ်နဲ့ လူမှုဖူလုံရေး စနစ်တွေဟာ အချိန်အခါနဲ့ သင့်တော်အောင် ပြောင်းလဲရပါမယ်။ အနောက်နိုင်ငံတွေနဲ့ တရုတ်နိုင်ငံမှာပါ လူတွေဟာ အသက် ၇၀ ကျော်လောက်ထိ အလုပ်လုပ်ကြပြီး သူတို့ရဲ့ ပင်စင်နဲ့ အသက်အရွယ်ကြီးရင့်ချိန် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆက်လက်ဝန်ထမ်းကြရပါမယ်။

ဖောင်းပွနေတဲ့ အစိုးရနဲ့ ပုဂ္ဂလိက ကြွေးမြီတွေကို လျှော့ချဖို့လိုတယ်ဆိုတာလည်း ကျွန်တော်တို့ သိနေပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုအရဖြစ်စေ၊ ငွေကြေးဖောင်းပွမှု



အရဖြစ်စေ၊ ကြွေးမြီပျက်ကွက်မှုအရဖြစ်စေ၊ ကြွေးမြီတွေကို လျှော့ချရပါမယ်။ ဒါကိုလည်း စီးပွားရေး ဒီထက်ပိုကျဆင်းမှာ ကြောက်ရွံ့ပြီး ဗဟိုဘဏ်တွေက အတိုးနှုန်းကို သုညရာခိုင်နှုန်းနီးပါး ချထားချိန်မှာ လုပ်ဆောင်ရပါမယ်။ ဒါဟာ ကောင်းလှတဲ့ လမ်းကြောင်းတော့ မဟုတ်ပါဘူး။ ဒီလိုလုပ်ခြင်းအားဖြင့် များပြားလာတဲ့ ပင်စင်စားတွေကို ငွေကြေးထောက်ပံ့ရေး ခက်ခဲစေပါတယ်။

ဘဏ္ဍာရေးအစွန်းထွက်မှုနဲ့ ပတ်သက်ပြီး ဝါရှင်တန်မှာ ကြာရှည်ကြာညောင်း နိုင်ငံရေးအရ ထိပ်တိုက်ရင်ဆိုင်မှုတွေရှိနေခဲ့တယ်ဆိုတာကနေပြီး အထက်ပါလမ်းကြောင်း နှစ်ခုရဲ့ သက်ရောက်မှုအတွက် အထင်ရှားဆုံး နမူနာပဲ ဖြစ်ပါတယ်။ နောက်ပြီး ဆန်ဒီဟာရီကိန်းမုန်တိုင်းကာလ နယူးယောက် JKF နဲ့ La Guardia လေဆိပ်တွေမှာ ရေလှိုင်းတွေ ရိုက်ခတ်နေခဲ့တဲ့ မမေ့နိုင်စရာ ဓာတ်ပုံတွေကနေပြီး အနာဂတ်ကို ပုံသွင်းမယ့် လမ်းကြောင်းတစ်ခုရဲ့ ကုန်ကျစရိတ်အကြောင်း ကျွန်တော်တို့ကို သတိပေးစကား ပြောကြားနေသလိုပါပဲ။ အစွန်းရောက်မိုးလေဝသနဲ့ ရာသီဥတုပြောင်းလဲမှု အခြေအနေတွေကို ရင်ဆိုင်ဖို့ ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်ရမှာတွေကို မီးမောင်းထိုးပြနေပါတယ်။

စတုတ္ထ ပေါ်ထွက်လာတဲ့ လမ်းကြောင်းကိုလည်း ကျွန်တော်တို့ အခုမှပဲ စတင်သဘောပေါက်လာခါစ ရှိပါသေးတယ်။ လူတိုင်း လူတိုင်း အလုပ်အကိုင်ရှိပြီး အစားအသောက် ဈေးပေါတဲ့ အနေအထားကို ကျွန်တော်တို့ ဆုံးရှုံးနေပြီဆိုတာလည်း ဖြစ်ပါတယ်။ ၁၉၄၅ နောက်ပိုင်းကတည်းက ကျွန်တော်တို့ အဲဒီအခွင့်အရေးရနေခဲ့တာပါ။

အလုပ်သမားရေးရာ စာရင်းအင်းဗျူရိုကနေ နောက်ဆုံးထွက်ပေါ်လာတဲ့ ကိန်းဂဏန်းတွေအရ ၁၉၈၀ ပြည့်နှစ်က အမေရိကန်နိုင်ငံမှာ အလုပ်သမားသန်း ၂၀ ကနေ ပြီး ကန်ဒေါ်လာ ၈၀၀ ဘီလီယံတန်ကြေးရှိတဲ့ ကုန်ပစ္စည်းတွေကို ထုတ်လုပ်ခဲ့ပါတယ်။ အခုအချိန်မှာဆိုရင် လုပ်သား ဆယ့်နှစ်သန်းကနေ ကန်ဒေါ်လာ နှစ်ထရီလီယံဖိုး ကုန်ပစ္စည်းတွေ ထုတ်လုပ်နေပါတယ်။ ဒါဟာ စီးပွားရေးအတွက် ကောင်းပါတယ်။ ဒါပေမဲ့ အလုပ်အကိုင်အတွက်တော့ မကောင်းပါဘူး။

၁၉၅၅ ခုနှစ်မှာ ဂျင်နရယ်မော်တော်ကား ကုမ္ပဏီကနေ အမေရိကန်က စက်ရုံတွေမှာ အလုပ်သမား ၅၅၅,၀၀၀ နဲ့ ကားနဲ့ ထရပ်ကားပေါင်း ၄,၄၇၇,၀၀၀ ထုတ်လုပ်ခဲ့ပါတယ်။ အလုပ်သမားတစ်ဦးကို ကားရှစ်စီးနှုန်း ထုတ်လုပ်တဲ့သဘောပါ။ ၂၀၀၉ ခုနှစ်မှာ ဂျီအမ်က အလုပ်သမား ၇၇,၀၀၀ နဲ့ အမေရိကန်မှာ ကားပေါင်း ၂,၀၈၄,၀၀၀ ရောင်းချခဲ့ပါတယ်။ အလုပ်သမားတစ်ဦး ကား ၂၇ စီးနှုန်းပါ။ တိုယိုတာကုမ္ပဏီက လူတစ်ယောက်ကို ကားအစီးရေ ၅၀ နှုန်း ထုတ်လုပ်ပါတယ်။ တရုတ်နိုင်ငံ ဘေဂျင်းမြို့ ဟွန်ဒိုင်းကားစက်ရုံအသစ်ကနေပြီး အလုပ်သမားတစ်ယောက်ကို ကားအစီးရေ ၁၀၀ ထုတ်လုပ်ဖို့ ရည်မှန်းထားပါတယ်။

ဒီအချက်အလက်တွေ အားလုံးကို ပေါင်းစည်းလိုက်မယ်ဆိုရင် ၁၉၃၀ ခုနှစ်များက ဖြစ်ပေါ်ခဲ့တဲ့ စီးပွားပျက်ကပ်နဲ့ ၁၉ ရာစုနှောင်းပိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ စီးပွားကျကပ်ရှည်လိုမျိုး လူမှုစီးပွားတော်လှန်ရေး တစ်ရပ်ဆီ ဦးတည်နေပါတယ်။ အခုအချိန်ထိတော့ အမည်နာမ အခေါ်အဝေါ် မထွက်ပေါ်သေးပါဘူး။ ဒါပေမဲ့ အထက်မှာဆိုခဲ့တဲ့ လမ်းကြောင်းတွေကနေပြီး ပြဿနာရဲ့အတိုင်းအတာနဲ့ ရှုပ်ထွေးမှုကိုခန့်မှန်းမိစေနိုင်ပါတယ်။

ဒီစိန်ခေါ်မှုကို ကျွန်တော်တို့ ဘယ်လို ကိုင်တွယ်ဖြေရှင်းမလဲ၊ တစ်ချိန်တည်းမှာပဲ အကန့်အသတ်တွေ ရှိတဲ့ မြေကြီးကနေ စားနပ်ရိက္ခာ ပိုပိုလျှံလျှံ ထွက်အောင်၊ သန့်ရှင်းတဲ့ ရေရအောင် ဘယ်လို လုပ်ဆောင်ကြမလဲဆိုတာ ၂၀၁၃ ခုနှစ်နောက်ပိုင်း အချိန်ကြာမြင့်စွာ ကမ္ဘာ့စီးပွားရေးကို ပုံဖော်သွားပါလိမ့်မယ်။ စားနပ်ရိက္ခာနဲ့ အလုပ်အကိုင်တွေ မရှိဘဲနဲ့ အရှေ့အလယ်ပိုင်း အရေး၊ တရုတ်အင်အားကြီးမှု၊ ဥရောပစီးပွားရေး ရပ်တန့်နေမှုစတဲ့ ပထဝီဝင် နိုင်ငံရေးကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းဖို့ရာ အများကြီး ပိုခက်ခဲပါတယ်။


နှစ်သစ်မှာ ပျော်ရွှင်ပါစေ။ ။

—*Ref: Looking ahead to 2013*


မြန်မာစာ အသုံးပြုနိုင်မည့် အကောင်းဆုံးအတွေ့အကြုံသစ်နဲ့
smartphones များကို HTC ကိုယ်စားလှယ်ဆိုင်တွေမှာ ဝယ်ယူရရှိနိုင်ပါပြီ
HTC အရောင်းပြခန်းအသစ်ကို ရန်ကုန်နှင့် မန္တလေးတွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်းကြေညာလိုက်ပါတယ်။
HTC အရောင်းပြခန်းဖွင့်ပွဲကို ဇန်နဝါရီလ (၁၄) ရက်နေ့တွင် ရန်ကုန်မြို့နှင့် ဇန်နဝါရီလ (၁၅) ရက်နေ့တွင် မန္တလေးမြို့၌ ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။
အဲဒီဖွင့်ပွဲမှာ စိတ်လှုပ်ရှားဖွယ်ရာ ရွေးချယ်စရာများနဲ့ ထူးခြားကောင်းမွန်တဲ့ ဈေးဝယ်အတွေ့အကြုံတွေက သင့်ကိုကျေနပ်ပျော်ရွှင်စေပါလိမ့်မယ်။
ကျွန်တော်တို့ရဲ့ အံ့ဩဖွယ်ရာအရောင်းအစီအစဉ်ကို အောက်မှာ ဖော်ပြပေးထားပါတယ်။
သင်နဲ့ တွေ့ဆုံဖို့ ကျွန်တော်တို့မျှော်နေပါမယ်။
Japan 日本
HTC Butterfly
バタフライ
လက်ဆောင်
ပထမဆုံးဝယ်ယူသူ အယောက်(၁၀၀)အတွက်
HTC 6,000 mAh battery ($75 တန်ဖိုးရှိ) အပိုတစ်ခု
HTC One X+
လက်ဆောင်
ပထမဆုံးဝယ်ယူသူ အယောက်(၁၀၀)အတွက်
HTC 6,000 mAh battery ($75 တန်ဖိုးရှိ) အပိုတစ်ခု
HTC Desire X
လက်ဆောင်
ပထမဆုံးဝယ်ယူသူ အယောက်(၁၀၀)အတွက်
ဖုန်းကာဗာ တစ်ခု ($25 တန်ဖိုးရှိ)
HTC Desire VC
လက်ဆောင်
ပထမဆုံးဝယ်ယူသူ အယောက်(၁၀၀)အတွက်
HTC 6,000 mAh battery ($75 တန်ဖိုးရှိ) အပိုတစ်ခု
HTC Desire C
လက်ဆောင်
ပထမဆုံးဝယ်ယူသူ အယောက်(၁၀၀)အတွက်
ဖုန်းကာဗာ တစ်ခု ($25 တန်ဖိုးရှိ)
• လက်ဆောင်ပစ္စည်း ကုန်ရှိသည်အထိသာ။
ပိုပြီး အမျိုးအစားစုံလင်တာတွေကြည့်ရှုနိုင်ဖို့ ကျွန်တော်တို့ရဲ့ HTC ဆိုင်များသို့ လှမ်းခဲ့ဖို့ဖိတ်ခေါ်ပါရစေ
HTC
quietly brilliant

7 DAY NEWS JOURNAL
Vol.11, No.44 ▪ JANUARY 10 , 2013

# 7DAY BOOK REVIEW



## POT (ပေါ်ဦးသက် အမှတ်ရချက်များ)

၁၉၉၃ မေ ၁၃ ရက်တွင် ကွယ်လွန်ခဲ့ရှာသော ပန်းချီဆရာကြီး ပေါ်ဦးသက်၏ ပန်းချီကားများ၊ ၎င်းရေးခဲ့သောစာများနှင့် ရင်းနှီးကျွမ်းဝင်သော လုပ်ဖော်ကိုင်ဖက်များ၊ စာရေးဆရာများ၏ အမှတ်ရချက်များ စုစည်းထားသည့် စာအုပ်ဖြစ်သည်။

ပေါ်ဦးသက်သည် ပန်းချီပညာကို ဖခင်ဖြစ်သူ ပန်းချီဆရာထံမှ ငယ်စဉ်ကပင် သင်ယူရေးဆွဲခဲ့ပြီး အရွယ်ရောက်လာသောအခါ ပန်းချီဆရာကြီး ဦးဘသက်နှင့် ဦးခင်မောင်(ဘဏ်)တို့ထံမှ သင်ယူလေ့လာခဲ့ကာ ၁၉၅၉ တွင် အမေရိကန်ပြည်ထောင်စု Famous Artist School မှ အနုပညာသင်ဆုကိုရရှိခဲ့ပြီး ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သူဖြစ်သည်။ ထို့နောက် သတင်းစာ၊ ဂျာနယ်များတွင် စာနယ်ဇင်းပန်းချီရေးဆွဲခဲ့သလိုတစ်ဖက်၌လည်း ပန်းချီကားများ စဉ်ဆက်မပြတ် ရေးဆွဲခဲ့ရာ ကမ္ဘာသိမြန်မာပန်းချီဆရာတစ်ဦးအဖြစ် ထင်ရှားခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂကပင် ၎င်း၏ ပန်းချီလက်ရာများဖြင့် ပို့စကတ်များ ထုတ်ဝေသည်အထိ အောင်မြင်ခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့ လောကနတ် ပန်းချီပြခန်း တည်ထောင်သူတစ်ဦးဖြစ်ပြီး မြန်မာ့ရှေးရိုးစွဲဟန်နှင့် ခေတ်ပေါ် မော်ဒန်ပန်းချီအနုပညာကို ပေါင်းစပ်ထားခြင်းဖြင့် ပေါ်ဦးသက်၏ ပန်းချီများမှာ ကမ္ဘာထိတိုင် ပျံ့နှံ့ခဲ့သည်။ ယခုစာအုပ်သည် ပေါ်ဦးသက်ကွယ်လွန်သည့် ၁၉၉၃ ခုနှစ်တွင် ပထမတစ်ကြိမ် ထုတ်ဝေဖူးပြီး ဖြည့်စွက်ချက်များနှင့် ထပ်မံထုတ်ဝေလိုက်ခြင်းဖြစ်သည်။ စာအုပ်တွင် ပန်းချီပေါ်ဦးသက်၏ ရှားပါးပန်းချီလက်ရာများကို မူရင်းအတိုင်း ရောင်စုံရိုက်နှိပ်ဖော်ပြထားပြီး ပန်းချီအနုပညာနှင့် သက်ဆိုင်သည့် ၎င်း၏ထင်မြင်ယူဆချက်များကို စာတမ်းအဖြစ် ရေးသားထားသည်။ ထို့ပြင် ပေါ်ဦးသက်နှင့်ပတ်သက်၍ ဦးခင်မောင်(ဘဏ်)၊ ဒေါက်တာသန်းထွန်း၊ မင်းသုဝဏ်၊ မင်းနိုင်၊ ဝင်းပ၊ ဦးချစ်ဝိန်(ဓာတ်ပုံ)၊ ခင်ဝမ်း၊ ဦးအောင်ခင်၊ နန္ဒာသိန်းဇံ၊ မောင်ဒီ၊ လူထုဒေါ်အမာ၊ ခင်မောင်ရင်၊ ဝင်းဖေ အစရှိသည့် ပညာရှင်များ သုံးသပ်ရေးသားထားသည်။

နိုင်ငံခြား စက္ကူအဖြူပေါ်တွင် မူရင်းပန်းချီကားများကို ထည့်သွင်းရိုက်နှိပ်ထားပြီး အကွခရာစာပေက တန်ဖိုး ၈,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



## သူခိုးကြီးကာလည ကာတွန်းများ

၂၀၁၂ တန်ဆောင်တိုင်ကာလက မြန်မာ-တရုတ်နယ်စပ် မူဆယ်နှင့် ကြယ်ခေါင်မြို့များ၌ ကျင်းပပြုလုပ်ခဲ့သော ကာတွန်းပြပွဲတွင် ပါဝင်ပြသခဲ့သည့် ကာတွန်းများနှင့် ယင်းနေ့ညက ဖြစ်ပွားခဲ့သော လက်ပံတောင်းတောင်အရေးနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် ခံစားတွေးမြင်ချက်များကို ကာတွန်းဆရာတစ်စုက ပုံဖော်ထားသော စာအုပ်ဖြစ်သည်။ စာအုပ်တွင် အော်ပီကျယ်၊ ဇော်မောင်၊ စောမင်းဝေ၊ မောင်မောင်အောင်၊ အောင်မော်၊ ကျော်သူရိန်နှင့် နိုင်လင်းအစရှိသည့် ကာတွန်းဆရာများပါဝင်ရေးဆွဲကြသလို တစ်အုပ်လုံးကို ရောင်စုံပုံနှိပ်ထားသည်။

တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ညကို သူခိုးကြီးညအဖြစ် သတ်မှတ်ထား၍ ယင်းကာလအတွင်း ကျင်းပခဲ့သော ကာတွန်းပြပွဲအား ပမာပြု၍ **သူခိုးကြီးကာလည** ကာတွန်းများဟု အမည်ပေးထားခြင်းဖြစ်သည်။

ခေတ်ကာလ အခြေအနေအရ ပွင့်လင်းမြင်သာမှု အထိုက်အလျောက်ရှိလာသည့်အချိန်တွင် လင်းပွင့်သော အတွေးအမြင်ဖြင့် ကာတွန်းများကို ရေးဆွဲထားရာ ဖတ်ရသူအဖို့ အချို့ကာတွန်းများသည် ဝါးလုံးကွဲရယ်ရသလို အချို့ကာတွန်းများမှာ လေးလေးနက်နက် တွေးတောစရာများ ပြည့်နေပါသည်။

အထူးသဖြင့် လက်ပံတောင်းတောင်အရေးနှင့်ပတ်သက်၍ ရေးဆွဲထားသော ကာတွန်း အော်ပီကျယ်၏ လက်ရာများမှာ လွန်စွာထိမိလှသည်။

ဥပမာ - မီးလောင်ဗုံးမသုံးဘူး အော်ဟစ်နေသောလူပုဂ္ဂိုလ်တစ်ဦး၏ပါးစပ်ထဲမှ မီးတောက်မီးလျှံများထွက်နေခြင်း၊ အင်တာနက်မှတစ်ဆင့်မြင်ရသော ရဟန်းသံဃာတို့၏ ကြေကွဲဖွယ်ရုပ်ပုံများကို ကြည့်ရှုနေကြသည့်မိသားစုတွင် ပါးစပ်က မျက်ရည်ယိုဗုံးဟုမြည်တမ်းပြီး မျက်ရည်စက်လက်ကျနေပုံမှာ ကာတွန်းဟုဆိုသော်လည်း ရင်ကိုထိခိုက်စေသော ကာတွန်းကွက်ဖြစ်သည်။

စာအုပ်ကို ဖြိုးမောက်သာ စာပေက တန်ဖိုး ၅,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကမ္ဘာ့တန်ဖိုးအကြီးဆုံးအိမ် ဘယ်မှာရှိသလဲ

ကမ္ဘာ့တန်ဖိုးအကြီးဆုံးအိမ်မှာ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင်တည်ရှိသော အန်တီလာအမည်ရှိ ၂၇ထပ်ပါ စံအိမ်ဖြစ်သည်။ အကျယ်အဝန်း စတုရန်းပေ ၄၀,၀၀၀ ရှိသော ယင်းမျှော်စင်အဆောက်အအုံကို မွမ်ဘိုင်းအခြေစိုက် လောင်စာဆီနှင့် ဓာတုပစ္စည်းလုပ်ငန်းကုမ္ပဏီ Reliance Industries ကို ပိုင်ဆိုင်သည့် ကမ္ဘာ့ပဉ္စမမြောက်အချမ်းသာဆုံးပုဂ္ဂိုလ် အိန္ဒိယသူဌေးမူကတ်ရှ်အမ်ဘီနီက ပိုင်ဆိုင်သည်။

မှန်သားပြင် အများစုဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ယင်းအဆောက်အအုံတွင် အိမ်တော်ဝန်ထမ်း ၆၀၀ ထားရှိပြီး ဆောက်လုပ်စဉ်က ကုန်ကျစရိတ် စုစုပေါင်းဒေါ်လာတစ်ဘီလီယံခန့် တန်ဖိုးရှိသဖြင့် ကမ္ဘာ့ဈေးအကြီးဆုံးအိမ်အဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။ ယင်း'အန်တီလာ' အိမ် နောက် ကမ္ဘာ့ဒုတိယ တန်ဖိုးအကြီးဆုံးအိမ်မှာ ပြင်သစ်နိုင်ငံ၊ ကို့တ်ဒီအဇားဒေသရှိ 'ဗီလာလီယိုပိုလ်ဒါ' စံအိမ်ဖြစ်ကာ ဆောက်လုပ်မှုကုန်ကျစရိတ်ကန်ဒေါ်လာ ၅၀၆ သန်းရှိကြောင်း သိရသည်။ -Ref: Bronrich.com

# ဟစ်ပတ်တာကံကြမ္မာ

ဇန်နဝါရီ ၉ ရက်မှ ၁၅ ရက်အထိ

စံအောင်ဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ငွေကြေးကံကောင်းမည်။ အလုပ်အကြံအစည်အောင်မြင်မည်။ အတိုက်အခံကြားမှ တိုးတက်မည်။ လူမျိုးကွဲ အကျိုးပေးမည်။ စိတ်ကူးသစ်များ အကြံအစည်သစ်များကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည်။ အခက်အခဲများကို ကျော်လွှားပြီး အလုပ်စီးပွားတိုးတက်ခြင်း၊ အောင်မြင်ခြင်းရှိမည်။ နိုင်ငံခြား ခရီးစဉ်နှင့် တိုင်းတစ်ပါးလုပ်ငန်းများ ဆောင်ရွက်အဆင်ပြေမည်။ ပြည်ပလုပ်ငန်းနှင့် ခရီးဝေးလုပ်ငန်းများ အကြံအစည် အောင်မည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အကြံအစည်နှစ်မျိုး၊ လုပ်ငန်းနှစ်မျိုးကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ ငွေကြေးကိစ္စစကားပြောဆိုခြင်းများ အောင်မြင်မည်။ လက်လွှန်ပြန့်ကျဲနေသော ငွေ၊ ပစ္စည်းများ ပြန်လည်စုစည်းနိုင်မည်။ အခက်အခဲကြုံ၍ ရှေ့တိုးမရ ရပ်တန့်ထားသည့် ကိစ္စများကို အောင်မြင်အောင် ရှေ့တိုးဆောင်ရွက်နိုင်မည်။ အိုးအိမ်နေရာကိစ္စအတွက် စီမံဆောင်ရွက်မှုအပေါ် အလုံးစုံအဆင်ပြေမည်။ ရပိုင်ခွင့်များ ပြန်လည် တောင်းခံနိုင်မည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ဆောင်ရွက်သမျှကိစ္စအလုံးစုံ ထိထိမိမိနှင့် အကျိုးရှိမည်။ ငွေကြေးကိစ္စပြောဆိုဆောင်ရွက်ခြင်းများ အောင်မြင်မည်။ စီးပွားလာဘ်လာဘတိုးပွားမည်။ အကြံအစည်အောင်မြင်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ကောင်း၊ ဆွေကောင်းအထောက်အကူရမည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ မင်္ဂလာရှိသော ကိစ္စများ၊ ဘာသာရေးဆိုင်ရာကိစ္စများ ဆက်တိုက်ဆောင်ရွက်နိုင်မည်။ စီစဉ်ထားသော ကိစ္စဆက်တိုက် အဆင်ပြေမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

သတိရှိရမည်။ ရန်အတိုက်အခံများ၊ အခက်အခဲများနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်းများရှိမည်။ မတော်တဆ ထိခိုက်ခြင်း၊ ထိခိုက်မှုအန္တရာယ်များဖြစ်လွယ်သည်။ ငွေကုန်ကြေးကျများမည်။ သူတစ်ပါးကြောင့် မိမိ ရည်မှန်းချက်များ ပျက်ယွင်းခြင်းကြုံမည်။ ခရီးသွားစဉ် လမ်း၌ စိတ်မနှံ့သူတွေ့က အထူးနိမိတ်ကောင်းသည်။ အပေါင်းအသင်း မှားခြင်းများဖြစ်လွယ်သည်။ ငွေကုန်ကြေးကျများမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

တည်တည်ငြိမ်ငြိမ်နှင့် အလုပ်ကိစ္စမှန်သမျှကို ဖိဖိစီးစီး ဆောင်ရွက်နိုင်မည်။ အရောင်းအဝယ်ကိစ္စမှန်သမျှ သတိနှင့် ဆောင်ရွက်ပါ။ ဈေးကွက်အပြောင်းအလဲများဖြစ်ခြင်း၊ သတ်မှတ်တန်ဖိုးကို အပြောင်းအလဲဖြစ်ခြင်းများ ကြုံမည်။ တစ်ပါးသူရေးရာကိစ္စများ ခေါင်းခံဖြေရှင်းခြင်း၊ တာဝန်ယူဖြေရှင်းခြင်းများ ရှောင်ပါ။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ပူလောင်ထိရှခြင်းများ ဖြစ်တတ်သည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

တိုးတက်မှုနှင့် အပြောင်းအလဲပူးတွဲကြုံမည်။ အလုပ်အကြံအစည်များတွင် ကိုယ်လုပ်သမျှအောင်မြင်မည်။ ရုတ်တရက်ပေါ် ပေါက်လာသော အခွင့်အရေးများကို ပိုင်ပိုင်နိုင်နိုင် အသုံးချပါ။ မျှော်လင့်ချက်ကုန်ပြီဟု ယူဆထားသည့်ကိစ္စများပင် ပြန်လည်အဆင်ပြေမည်။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ ဤကာလအတွင်း လက်ဆောင်ရပါက အမြတ်တနိုးသိမ်းဆည်းပါ။ ကံပွင့်၊ လာဘ်ပွင့်မည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ဆန့်ကျင်ဝေဖန်သူများနှင့် ထိပ်တိုက်တွေ့မည်။ ဆန္ဒရှိသည်များကို လက်တွေ့ဆောင်ရွက်ရန် နှောင့်နှေးခက်ခဲခြင်းများ ရှိနေမည်။ အလိုက်မသိ၊ အပြောအဆို ရိုင်းစိုင်းမောက်မာသူများနှင့် တွေ့တတ်သည်။ စိတ်ရှည်သည်းခံ၍ မိမိစိတ်ဓာတ်မြင့်မြတ်ကြောင်းပြရန် အခါကောင်းဖြစ်သည်။ ပေါ်လာသော အခြေအနေကို သုံးသပ်ပြီး လိုရာဆောင်ရွက်ပါ။ ပြဿနာများဖြစ်လာပါက ခေါင်းအေးအေးနှင့် စဉ်းစားဖြေရှင်းပါ။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အလုံးစုံအောင်မြင်ခြင်း၊ တိုးတက်ခြင်းရှိမည်။ ချမ်းမြေ့ဖွယ်သတင်းစကားများ၊ ပျော်ရွှင်မှုများ ဖုံးလွှမ်းနေသော ကာလဖြစ်သည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူ တိုးတက်မည်။ ရုတ်တရက်ပေါ် လာသော အခွင့်အရေးအပေါ် စနစ်တကျ ရယူ၍ တိုးတက်မှုများ ဖန်တီးနိုင်မည်။ ခရီးနှင့် အပြောင်းအလဲများ အဆင်ပြေအောင် ဆောင်ရွက်နိုင်မည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ရင်းနှီးသောသူများနှင့် စကားများရမည်။ ကြန့်ကြာနေသော ရပိုင်ခွင့်များလက်ဝယ်ပြန်လည်ရရှိမည်။ ဦးတည်ချက်၊ ခံယူချက်မတူသော သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ရမည်။ ကာလအတန်ကြာ ဝေးကွာနေသောသူများနှင့်ပြန်လည်ဆုံစည်းရမည်။ လွန်ခဲ့သော နှစ်က ရသင့်သည်များ ယခုကာလမှ ပြန်လည်ရရှိမည်။ ခရီးကိစ္စအပြောင်းအလဲကိစ္စများ ပြောဆိုဆောင်ရွက် အဆင်ပြေမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ထူးခြားသော တိုးတက်မှုများရရှိမည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ ပေါ်ပေါက်လာသော အခြေအနေများကို အသုံးချ၍ အောင်မြင်မှုများ အဆင့်ဆင့်ဖြစ်ပေါ်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ပြည့်ပခရီးရှိသည်။ မိသားစုအလုပ်စီးပွားများ အထူးတိုးတက်မည်။ လုပ်ငန်းခွင်မှ သူများကောင်းသော ပတ်ဝန်းကျင်နှင့် ဆက်ဆံရမည်။ အကြီးအကဲမစမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

နေရာကောင်းသို့ ပြောင်းရွှေ့ရမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအဖို့ ဥစ္စာတိုးခြင်း၊ လိုရာပြည့်ခြင်းနှင့် ကံမြင့်မားခြင်းများရှိမည်။ စုပေါင်းလုပ်ငန်း အကျိုးပေးမည်။ ငယ်ရွယ်သူများ စန်းပွင့်မည်။ ခရီးကိစ္စ ကြံရွယ်ထားသူများ လိုရာခရီးရောက်မည်။ ပစ္စည်းအထားအသိုဂရုစိုက်ပါ။ အပျောက်အရှများတတ်သည်။ အလုပ်တိုးချဲ့ခြင်း၊ စီးပွားတိုးတက်ခြင်း၊ ရည်ရွယ်ချက်အောင်မြင်ခြင်းများ ရှိမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

သူတစ်ပါးအတွက် စေတနာသန့်သန့်နှင့် ကူညီရင်း အထင်လွဲခံရမှုကြုံမည်။ ရန်ကြားမှ တိုးတက်မှုများနှင့် ရှာ ဖွေရမည်။ အများနှင့်တွဲလုပ်သော ကိစ္စတွင် သစ္စာမဲ့သူတစ်ဦးကြောင့် ဆုံးရှုံးမည့် ငွေ၊ အခွင့်အရေးများ ပြန်လည်ရရှိမည်။ ငွေကြေးလက်လွှဲလက်ပြောင်း သတိရှိပါ။ စိတ်ရှည်သည်းခံခြင်းကြောင့် အောင်မြင်မှုများ ရရှိနိုင်မည်။ တစ်ဖွတ်ထိုးလုပ်ခြင်း လျှော့ပါ။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

# မြန်မာ့ ထွက်ရပ်လမ်း

**အောင်စည်ဟိန်း**

၂၀၁၂ ခုနှစ် ဩဂုတ် ၂၇ ရက် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော မြန်မာတိုင်းမ် ဂျာနယ်တွင်မြန်မာ့စီးပွားရေးအပေါ် အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူအချို့၏ သုံးသပ်ချက်များ ပါရှိသည်။ အရေးကြီးသည့် အချက်များမှာ မြန်မာနိုင်ငံသည် ၁၉၅၀ ပြည့်လွန်ကာလက တစ်ဦးချင်းဝင်ငွေ စံနှုန်းတွင် ထိုင်းနိုင်ငံထက်နှစ်ဆကျော်သာလွန်ခဲ့ပြီး ယခုအခါအာဆီယံအဆင့်တစ်ဦးချင်းဝင်ငွေတွင် အနိမ့်ဆုံးဖြစ်နေကြောင်း၊ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အတွင်းကျရောက်ခဲ့သော ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးဒဏ်များသည် မြန်မာ့စီးပွားရေးတုံ့နှေးမှုကိုဖြစ်စေခဲ့ကြောင်း၊ သဘာဝသယံဇာတ ပေါကြွယ်မှု၊ လုပ်သားအင်အားရှိမှုနှင့် အိန္ဒိယနှင့် တရုတ်အကြား တည်နေရာ အချက်အချာကျမှုတို့ကြောင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု အောင်မြင်လျှင် ၂၀၃၀ ပြည့်နှစ်လောက်တွင် လက်ရှိဝင်ငွေထက် သုံးဆတိုးပြီး အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံတစ်ခုဖြစ်လာနိုင်ကြောင်း စသည်တို့ဖြစ်ပါသည်။

၎င်းသုံးသပ်ချက်ကို ဖတ်ရသည့်အခါမြန်မာနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ဆန်းစစ်ပုံဖော်ကြည့်မိပါသည်။ ဦးစွာအတိတ်က ပုံရိပ်ကိုစာပေထဲမှာ ရှာကြည့်သည်။ သမိုင်းပညာရှင် စာရေးဆရာသန့်မြင့်ဦး (ဆရာကြီးဦးသန့်၏မြေး၊ ဦးသန့်မြင့်ဦး)၏ မြန်မာ့သမိုင်းဆိုင်ရာ ခေတ်မီအချက်အလက်များ ပါရှိသည့် စာအုပ်နှစ်အုပ်ကိုတွေ့ရသည်။ ယင်းစာအုပ်များအရမြန်မာတို့၏ ဧရာဝတီမြစ်ဝှမ်းယဉ်ကျေးမှုသည် ဘီစီ (၁၅၀၀)ဝန်းကျင်ကာလကပင် ကြေးနီ-ကြေးညိုခေတ်နှင့်အတူ စိုက်ပျိုးမွေးမြူရေးများ ဖြစ်ထွန်းလျက်ရှိကြောင်း၊ ဘီစီ ၁၄၀ ဝန်းကျင်လောက်တွင် ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် တရုတ်-အိန္ဒိယကုန်းလမ်းကုန်သွယ်မှုရှိနှင့်နေပြီဖြစ်ကြောင်းနှင့် အေဒီ ၉၇ ခုနှစ်က အရှေ့ရောမမြို့မှ သံတမန်တစ်ဖွဲ့သည်လည်း ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် တရုတ်ပြည်သို့ သွားခဲ့ဖူးကြောင်း သိရပါသည်။ တစ်ဖန် ၁၉၂၀ ပြည့်နှစ်တစ်ဝိုက်မှ ဒုတိယကမ္ဘာစစ်အကြိုကာလအထိ ဗြိတိသျှ အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံသည်စီးပွားရေးကောင်းသော အဖိုးတန်ရတနာမြေသဖွယ်ဖြစ်ခဲ့ကြောင်း၊ ရန်ကုန်လေဆိပ်သည် ကမ္ဘာ့လေကြောင်းလိုင်းများအတွက် အာရှတိုက်၏ ဗဟိုချက်သဖွယ်ဖြစ်ခဲ့ကြောင်း၊ ရန်ကုန်ဆိပ်ကမ်းသည်လည်း အမေရိကန်ပြည်ထောင်စု နယူးယောက်ဆိပ်ကမ်းထက် လူဝင်မှု ပိုမိုများပြားခဲ့ကြောင်း၊ ၁၉၃၀ ပြည့်လွန်နှစ်များတွင် မြန်မာတစ်ဦးချင်းဝင်ငွေသည်တရုတ်ပြည်ထက် အနည်းဆုံးနှစ်ဆ ပိုမိုခဲ့ကြောင်း သိရပါသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည့်အခါ ဖဆပလခေါင်းဆောင် ဝန်ကြီးချုပ်ဦးနုက "မြန်မာပြည်ဟာ လွတ်လပ်ရေးရရင် အချုပ်အခြာအာဏာရှိပြီ။ သဘာဝသယံဇာတလည်းပေါကြွယ်သည်။ ပြည်ထောင်စုတိုင်းရင်းသား စည်းလုံးညီညွတ်မှုလည်းရှိသည်။ ပြည်သူတစ်ရပ်လုံးချမ်းသာစေမည့် အခြေခံဥပဒေဝါဒလမ်းစဉ်လည်း ရှိပြီဆိုတော့ ငါးနှစ်အတွင်း ရွှေမိုး၊ ငွေမိုး ရွာချိမ့်မည်"ဟု ၁၉၄၇ ခုနှစ်က ကြွေးကြော်ခဲ့ဖူးသည့်အတိုင်း ခေတ်ပညာတတ်သော၊ ဉာဏ်ပညာထက်မြက်သော၊အောက်သက်ကျေသော လူတော်လူကောင်းများဖြင့် တိုင်းပြည်ကို ပြန်လည်ထူထောင်ခဲ့ရာ ဖဆပလခေတ်တွင်စီးပွားရေးလည်း ကောင်းခဲ့သည်။ လူ့ဂုဏ်သိက္ခာလည်း မြင့်မားခဲ့သည်ဟု ဆိုနိုင်ပါသည်။

အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံနှင့် ဗြိတိသျှဓနသဟာယနိုင်ငံများသို့ ရာနှင့်ချီသော မြန်မာ ပညာတော်သင်များကိုလည်း စေလွှတ်ခဲ့ဖူးပါသည်။ ထို့ကြောင့် စာပိုဒ်(၁)တွင် ဖော်ပြခဲ့သည့် ထိုင်းနိုင်ငံထက် မြန်မာက တစ်ဦးချင်းဝင်ငွေ နှစ်ဆကျော်သာ လွန်ခဲ့သည်ဆိုသော အချက်မှာ မှန်ကန်ကြောင်း တွေ့နိုင်ပါသည်။

ဆက်လက်ပြီး ပစ္စုပ္ပန်အခြေအနေကို ပုံဖော်ကြည့်ကြပါဦးစို့။ အာဆီယံနိုင်ငံများ၏ စုစုပေါင်းပြည်တွင်းထွက်ကုန်တန်ဖိုး တွက်ချက်မှုနည်းလမ်းအရ ၂၀၁၁ ခုနှစ် အာဆီယံအဆင့်တစ်ဦးချင်း ပျမ်းမျှဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃,၁၀၀ ခန့်ဖြစ်ပါသည်။ တစ်နိုင်ငံချင်းစီ ခွဲပြောရလျှင်မူ စင်ကာပူက ဒေါ်လာ ၆၀,၀၀၀၊ ဘရူနိုင်းက ဒေါ်လာ ၅၀,၀၀၀၊ မလေးရှားက ဒေါ်လာ ၁၆,၂၀၀၊ ထိုင်းက ဒေါ်လာ ၉,၀၀၀၊ အင်ဒိုနီးရှားက ဒေါ်လာ ၄,၆၀၀၊ ဖိလစ်ပိုင်က ဒေါ်လာ ၄,၁၀၀၊ ဗီယက်နမ်က ဒေါ်လာ ၃,၄၀၀၊ လာအိုက ဒေါ်လာ ၂,၇၀၀၊ ကမ္ဘောဒီးယားက ဒေါ်လာ ၂,၂၀၀ နှင့် မြန်မာက ဒေါ်လာ ၁,၃၀၀ အသီးသီးဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံပျမ်းမျှဝင်ငွေကို မမီသည့်အထဲတွင် အနိမ့်ဆုံးဟု သတ်မှတ်ခံရခြင်းဖြစ်ပါသည်။ အာဆီယံ အဆင့်မီသော်လည်း ကမ္ဘာ့အဆင့်မီဖို့ကလည်း တက်လှမ်းရဦးမည်ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်၏ ကမ္ဘာ့လူတစ်ဦးချင်းပျမ်းမျှဝင်ငွေမှာ ဒေါ်လာ ၁၁,၈၀၀ ဖြစ်ပါသည်။ အာဆီယံနိုင်ငံများထဲမှ စင်ကာပူ၊ ဘရူနိုင်းနှင့် မလေးရှားတို့သာလျှင် ကမ္ဘာ့အဆင့် သတ်မှတ်ချက် ဘောင်ဝင်ကြောင်းနှင့် သဘာဝသယံဇာတ မရှိသည့် စင်ကာပူနိုင်ငံသည် အာဆီယံသာမက အာရှနိုင်ငံများ၏ တစ်ဦးချင်းဝင်ငွေတွင် ထိပ်တန်း၌ ရှိနေကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ယခုတစ်ဖန် အနာဂတ်ကာလ မျှော်မှန်းချက်ကိုကြည့်ကြပါဦးစို့။ ၂၀၃၀ ပြည့်နှစ်လောက်တွင် မြန်မာတို့သည် တစ်ဦးချင်းတစ်နှစ်ဝင်ငွေမှာ လက်ရှိထက် သုံးဆတိုးပြီး အလယ်အလတ်ဝင်ငွေရှိသည့် အနေအထားသို့ ရောက်ရှိနိုင်သည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က သုံးသပ်ချက်ဖြစ်ပါသည်။ အလယ်အလတ်ဝင်ငွေက နှစ်မျိုးရှိသည်။ အလယ်အလတ် (အနိမ့်)က ဒေါ်လာ(၁၀၂၆ မှ ၄၀၃၅ ထိ) ဖြစ်ပြီး အလယ်အလတ်(အမြင့်) (upper-middle-income)က ဒေါ်လာ (၄၀၃၆ မှ ၁၂၄၇၅ ထိ) ဖြစ်ပါသည်။ နောက်ထပ် ၁၈ နှစ်ခန့် ကြိုးစားရမည့်အတူတူ အလယ်အလတ် အမြင့်တန်းသို့ ရောက်အောင်ကြိုးစားဖို့ မြန်မာတိုင်းတွင် တာဝန်ရှိလာပြီဖြစ်ပါသည်။ ဒီမိုကရေစီအရေး. . . နှေးလို့မဖြစ်သည့် တွန်းအားလည်း ဖြစ်ပါသည်။

စင်စစ်အားဖြင့် ၂၁ ရာစုတွင် နိုင်ငံတိုင်းက နိုင်ငံရေးရည်မှန်းချက်မြင့်မားဖို့ လိုပါသည်။ ၂၀ ရာစုနှောင်းပိုင်းကာလလောက်ကစပြီး အဆင့်မြင့်နိုင်ငံကာကွယ်ရေးစနစ်နှင့် သဘာဝဘေးဒဏ်ခံနိုင်ဖို့ နိုင်ငံတိုင်းက အရန်သင့် ပြင်ဆင်ရန် တာစူခဲ့ကြပါသည်။ ၂၁ ရာစုတွင်မူ ပြည်ပနိုင်ငံတစ်ခုခုတွင် သဘာဝဘေးခံရပါက ကူညီဖို့ တာဝန်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် ပါဝင်ကူညီဖို့ တာဝန်များလည်း ရှိလာပါသည်။ ၎င်းတာဝန်များကို စွမ်းဆောင်နိုင်ဖို့ နိုင်ငံပိုင် အရန်ခနအင်အားတောင့်တင်းရေး၊ အဆင့်မြင့်အင်န်ဂျီအိုအဖွဲ့အစည်းများ ပေါ်ထွန်းရေးနှင့်လူတစ်ဦးချင်းဝင်ငွေကောင်းမွန်ရေးတို့သည် မရှိမဖြစ် လိုအပ်မည်ဖြစ်ပါသည်။

၎င်းနေရာတွင် သယံဇာတနှင့် ပတ်သက်၍ သတိပြုသင့်သော အချက်ကို တင်ပြလိုပါသည်။ သယံဇာတသည် လက်ရှိမျိုးဆက်နှင့်သာမက အနာဂတ်မျိုးဆက်များနှင့်ပါ သက်ဆိုင်ပါသည်။ ပညာရှင်များ အဆိုအရ ထိန်းသိမ်းစောင့်ရှောက်သွားရမည့် သယံဇာတအမျိုးအစားများမှာ မြေဆီ၊ ရေထု၊ လေထု၊ အပင်အုပ်စု၊ တောရိုင်းတိရစ္ဆာန် အုပ်စု၊ ကျောက်တုံး၊ သတ္တု၊ ဓာတုပစ္စည်း၊ ရွှံ့စေးမြေစေး၊ သဲနှင့် ရေနံ၊ ကျောက်မီးသွေး စသည့်လောင်စာများပင်ဖြစ်ပါသည်။ အဖိုးတန်ကျောက်မျက်ရတနာများသည်လည်း အထူးထိန်းသိမ်းစောင့်ရှောက်ရမည့် ရတနာအရင်းအမြစ်များဖြစ်ပါသည်။ လူသားအရင်းအမြစ် စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးတာဝန်ကိုမူ တန်ဖိုးမဖြတ်နိုင်သော တာဝန်အဖြစ် လူ့အဖွဲ့အစည်းတိုင်းက လက်ဆင့်ကမ်းထမ်းရွက်သွားကြရန်ဖြစ်ပါသည်။ မြေပေါ်မြေအောက် သယံဇာတထုတ်ယူရာတွင် စဉ်းစားရမည့်အချက်က "သယံဇာတကုန်ကြမ်းကို ကုန်ချောပြန်ထုတ်တဲ့အခါပြည်တွင်းဈေးကွက်မှာဖြစ်ဖြစ်၊ ပြည်ပဈေးကွက်မှာဖြစ်ဖြစ် ဈေးနှုန်းက တွက်ခြေကိုက်ရဲ့လား"ဆိုသည့်အချက်ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် သယံဇာတနှင့် ပတ်သက်၍ နောက်လာနောက်သားများ စီမံခန့်ခွဲရ ခက်ခဲလောက်အောင် မလုပ်မိဖို့ ဆင်ခြင်ရမည်ထင်ပါသည်။

ကျွန်တော်အထက်တွင်တင်ပြခဲ့သည့် အတိတ်၊ ပစ္စုပ္ပန်အခြေအနေနှင့် အနာဂတ်တာဝန်များသည် သိသင့်သိထိုက်သူအားလုံးသိထားသင့်သည့် ကိစ္စများဖြစ်ပါသည်။ ၎င်းအသိ၏နောက်တွင် အလုပ်က ကပ်ပါလာပါသည်။ ယနေ့ခေတ်သည် ၂၁ ရာစု ပညာခေတ်ဖြစ်သည်။ အမြန်ခေတ်အိုင်တီခေတ်ဖြစ်သည်။ အလုပ်လုပ်ကြရာတွင် ဂျပန်လူမျိုးစိတ်ဓာတ်၊ ဗီယက်နမ်လူမျိုးစိတ်ဓာတ်သည် အားကျအတုယူဖို့ ကောင်းသည်ဟု ကျွန်တော်ထင်သည်။ သမိုင်း၏ဆိုးမွေအားလုံးကို ပြည်ဖုံးကားချနိုင်ပြီး ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် စည်းစည်းလုံးလုံး၊ ပြတ်ပြတ်သားသား စွမ်းဆောင်နိုင်သော လူမျိုးများဟု ကျွန်တော်မြင်သည်။ ယနေ့ခေတ်သည် ပြိုင်ဆိုင်မှုကြီးမားသော ခေတ်ဖြစ်၍ ကံ၊ ဉာဏ်၊ ဝီရိယ ထူးချွန်ပါမှ ဒေသအတွင်း တင့်တင့်တယ်တယ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။ တစ်နည်းပြောရလျှင် ဗြိတိသျှ ပညာရှင်ကြီးဟား ဘတ်စပင်န်ဇာ (Herbert Spencer)၏ "မတော်သူခံ-တော်သူစံ"အမြင်သဘောထား (Survival of the fittest concept) ကို ပြန်လည်သတိမူရမည့်အချိန်ဖြစ်မည်ထင်ပါသည်။

အချုပ်အားဖြင့် အထက်တွင်တင်ပြခဲ့သည့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အချက်အလက်များထဲက မြန်မာ့အနာဂတ်အတွက် စိန်ခေါ်နေသည့် အခက်အခဲများကို အစိုးရနှင့် ပြည်သူတို့ ညီညီညွတ်ညွတ် ပူးပေါင်းရင်ဆိုင်ကျော်လွှားကြရမည်သာဖြစ်သည်။ ထိုသို့ ရင်ဆိုင်ကျော်လွှားကြရာတွင် ပြည်ထောင်စုကို ချစ်မြတ်နိုးသည့် ခေါင်းဆောင်တိုင်း အသိအမြင် စေတနာတူညီရေးသည် ပထမအချက်ဖြစ်မည်ထင်ပါသည်။ ဒုတိယအချက်ကတော့ တိုင်းပြည်တစ်ဟုန်ထိုး တိုးတက်ဖို့ဆိုလျှင် ပြည်ထောင်စုနှင့် ထိုက်တန်သည့် အခြေခံဥပဒေတစ်ရပ် ရှိသင့်ပါသည်။ တတိယနှင့်နောက်ဆုံးတစ်ချက်ကတော့ လက်တွေ့အကောင်အထည်ဖော်ကြမည့် ခေါင်းဆောင်ပိုင်းအားလုံးကို အပျော်တမ်း (amateur) အားကစားသမားပုံစံမျိုးမှ ကျွမ်းကျင်ပညာရှင် (professionals)အားကစားသမားပုံစံမျိုးသို့ တက်လှမ်းသည့် စံနမူနာတိုင်း အဆင့်ဆင့်အသွင်ပြောင်းသွားနိုင်ရေးပဲဖြစ်ပါသည်။

***ကျမ်းကိုးစာရင်း*** -
(၁)ပြည်တော်သာခရီး၊ ပထမပိုင်း၊ ဦးသန့်(၁၉၆၁)
(၂)Myanmar Times Journal, 27 August, 2012
(၃) River of Lost Footsteps by Thant Myint - U, USA, UK, 2007
(၄)Where China Meets India by Thant Myint - U, UK, 2011




## JOKE

### မေးခွန်းမေးပါ

ကျောင်းသားတစ်ယောက် ကျောင်းက ပြန်လာပြီး ဖခင်ဖြစ်သူကို ယခုလိုမေးသည်။

"ဖေဖေ၊ တရုတ်နိုင်ငံရဲ့မြို့တော်ကိုသိလား"

ဖခင်ကလည်း "ဖေဖေ မသိဘူးသားရယ်" ဟုပြန်ဖြေသည်။

"ဒါနဲ့ ပထမကမ္ဘာစစ်ပြီးဆုံးကြောင်း ဘယ်မြို့မှာစာချုပ်ချုပ်တာလဲ ဖေဖေ" ဟု ထပ်မံမေးရာ အဖေကလည်း မသိကြောင်း ပြောသည်။

"တိုက်တန်းနစ်မြုပ်တဲ့နှစ်ကော ဖေဖေ" ယင်းကိုလည်း ဖခင်က မသိ။ နောက်ဆုံးတွင် သားဖြစ်သူက "ဖေဖေ၊ ဖေဖေကျတော့ အဲဒီလိုမေးခွန်းမျိုးတွေ သားကိုလျှောက်မေးတာပဲနော်" ဟု ဆိုရာ "ဟုတ်တယ်လေသားရဲ့ သားဒီလိုမေးခွန်းမျိုးတွေမမေးရင် ဒီအကြောင်းအရာတွေ သားဘယ်တော့မှ သိမှာမဟုတ်ဘူးလေကွာ" ဟု ဆိုပါတော့သည်။

### နောက်ဆုံးစကား

လင်မယားနှစ်ယောက် ရန်ဖြစ်၍ အငြင်းအခုံဖြစ်ကြတိုင်း မိန်းမမှာ နောက်ဆုံးစကားပြောသူ ဖြစ်သည်။ နောက်ဆုံးစကားကို ချေပရန် ယောကျ်ားက တစ်စုံတစ်ခုပြန်ပြောတိုင်း ယင်းမှာနောက်ထပ်အငြင်းပွားမှုအသစ်တစ်ရပ် အစပြုခြင်းပင်ဖြစ်တော့သည်။

# Environment

7Day News Journal

Vol.11, No.44 • JANUARY 10 , 2013

## နယ်မြေမငြိမ်းချမ်းသည့်ကြားက ကချင်ပြည်နယ်မှ သစ်လုံးများ တရုတ်သို့ တရားမဝင်တင်ပို့နေ

**အေးမြကျော်**

**လိုင်ဇာ၊ ဇန်နဝါရီ-၄**

ကချင်ပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ပွားပြီး နယ်မြေမငြိမ်မသက်ဖြစ်နေသော်လည်း နယ်နိမိတ်ချင်း ထိစပ်နေသော တရုတ်နိုင်ငံသို့ တရားမဝင် သစ်လုံးတင်ပို့မှုများမှာ ပုံမှန်ရှိနေဆဲ ဖြစ်ကြောင်း ဒေသခံများနှင့် မကြာသေးမီက ထုတ်ပြန်လိုက်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စုံစမ်းထောက်လှမ်းရေး အေဂျင်စီ (EIA) ၏ စစ်တမ်းတစ်ခုတွင် ဖော်ပြချက်များအရ သိရသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် ချောင်းတစ်ခုသာခြားသော လိုင်ဇာမြို့ရှိတရားမဝင်ဖြတ်သန်းသော လမ်းကြောင်းတွင် တန်းစီရပ်နားထားသော သစ်လုံးတင်ကားများကို လက်ညှိုးညွှန်ရင်း ဒေသခံတစ်ဦးက “ဒီသစ်လုံးကားတွေက တရုတ်ဘက်ကို သွားမယ့်ကားတွေ။ စစ်ပွဲတွေဖြစ်နေတာတောင် ဒီကားတွေက အမြဲသွားနေတာပဲ”ဟု ဒီဇင်ဘာလ ၂၅ ရက်က ပြောကြားခဲ့သည်။

လိုင်ဇာမြို့ကိုဖြတ်ကာ တစ်ဖက်နိုင်ငံသို့ မှောင်ခိုတင်ပို့သော သစ်လုံးကားများကို အမြဲလိုလို မြင်တွေ့နေရကြောင်းဒေသခံများ ကပြောကြသည်။

“တိုက်ပွဲတွေဖြစ်နေလည်း သစ်လုံးတွေက ထွက်နေတာပဲ။ ဒါကိုတောင် အခွင့်ကောင်းယူပြီး သစ်ခိုးထုတ်နေတဲ့သူတွေ အများကြီးပဲ”ဟု ဒေသခံတစ်ဦးက ပြောသည်။

ကချင်ပြည်နယ်တွင်း တိုက်ပွဲများ ပြင်းထန်လျက်ရှိသော်လည်း နယ်နိမိတ်ချင်း ထိစပ်နေသော ယူနန်ပြည်နယ်သို့ သစ်အလုံးလိုက်တင်ပို့မှုများမှာ နေ့စဉ်လိုလိုရှိပြီး တရုတ်နိုင်ငံသို့ မှောင်ခိုလမ်းကြောင်းမှ ဖြတ်သန်းကာ အများဆုံးတင်ပို့နေကြောင်း ဒေသခံများနှင့် EIA ၏ တရုတ်နိုင်ငံ၏ မှောင်ခိုသစ်လုပ်ငန်း (China's trade in illegal timber)စစ်တမ်းတွင် ဖော်ပြထားသည်။

၂၀၁၂ နှစ်ဆန်းပိုင်းက မြန်မာနိုင်ငံတွင်းနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့တွင် စုံစမ်းထောက်လှမ်းခဲ့ရာမှ တွေ့ရှိချက်များကို နိုဝင်ဘာလက စစ်တမ်းတစ်စောင် ထုတ်ပြန်ခဲ့ပြီး ထိုစစ်တမ်းတွင် မြန်မာနိုင်ငံမှ ယူနန်ပြည်နယ်သို့ တရားမဝင် တင်ပို့နေသော သစ်လုံးပမာဏမှာ တစ်နှစ်လျှင် ကုဗမီတာ တစ်သန်းရှိကြောင်း ဖော်ပြထားသည်။ EIA ၏ နိုဝင်ဘာလက ထုတ်ပြန်ခဲ့သော ထိုစစ်တမ်းတွင်မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်အတွင်းမှ သစ်တောများသည် တရုတ်နိုင်ငံ ဈေးကွက်ကို ဖြည့်ဆည်းနေရသည့်အတွက် အဆိုးဝါးဆုံး အနေအထားသို့ရောက်ရှိနေကြောင်း သုံးသပ်ထားသည်။

ကချင်ပြည်နယ်တွင်းမှ ယူနန်ပြည်နယ်သို့ နယ်စပ်မှ တရားမဝင် တင်ပို့နေသော ဂိတ်ငါးခုကို စုံစမ်းထောက်လှမ်း တွေ့ရှိခဲ့မှုများအရ အများဆုံး တင်ပို့နေသော သစ်အမျိုးအစားများမှာ ပြည်နယ်အတွင်း အများဆုံးပေါက်ရောက်သော ထင်းရှူး၊ ဝက်သစ်ချ၊ ဘုဇပတ်စသည့် သစ်အမျိုးအစားများ အများဆုံးဖြစ်ကြောင်း EIA စစ်တမ်းတွင် ဖော်ပြထားသည်။

တရားမဝင် သစ်တင်ပို့မှုကို လေ့လာစောင့်ကြည့်သော နိုင်ငံတကာ အဖွဲ့တစ်ဖွဲ့ဖြစ်သည့် Global Witness အဖွဲ့က ခန့်မှန်းသည်မှာ ၂၀၀၇ ခုနှစ်အတွင်းက မြန်မာနိုင်ငံမှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ တရားမဝင် တင်ပို့ခဲ့သော သစ်လုံးပမာဏမှာ ကုဗမီတာကိုးသိန်းရှိပြီး ထိုပမာဏ၏ သုံးပုံနှစ်ပုံမှာ ကချင်ပြည်နယ်မှ ဖြစ်ကြောင်း ယင်းအဖွဲ့ကဆိုထားသည်။

တရုတ်နှင့် မြန်မာနှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ကာ သစ်တင်ပို့ခြင်းမပြုရန် ၂၀၀၆ ခုနှစ်ကတည်းက သဘောတူထားခဲ့သော်လည်း ပြည်နယ်တွင်းဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ထိရောက်စွာ ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ယခုနှစ်များ၌ တရားမဝင် တင်ပို့မှု ပိုမိုများပြားလာကြောင်း EIA စစ်တမ်းက ဆိုထားသည်။

ကချင်ပြည်နယ်မှယူနန်ပြည်နယ်သို့ သစ်လုံးများ တရားမဝင် တင်ပို့ရာ လမ်းကြောင်းများကို လျှို့ဝှက်စွာ စုံစမ်းထောက်လှမ်းခဲ့ရာ တရားမဝင် မှောင်ခိုလမ်းကြောင်းများစွာမှ ခိုးထုတ်နေသည်ကိုတွေ့ရပြီး ကချင်ပြည်နယ်ရှိ တောင်များတွင် သစ်တောများ မကျန်တော့သလောက် ဖြစ်နေကာ နယ်စပ်တစ်လျှောက်တရုတ်နိုင်ငံဘက်ခြမ်း Gaoligong သဘာဝထိန်းသိမ်းရေး တောတွင်မူ သစ်တောများ မပျက်မစီးအောင် ပကတိအတိုင်း ထိန်းသိမ်းထားသည်ကို တွေ့ရကြောင်းစစ်တမ်းတွင်ဖော်ပြသည်။

မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုဧရိယာမှာ တစ်နိုင်ငံလုံး၏ ၂၄ ရာခိုင်နှုန်းသာကျန်ရှိတော့ပြီး သစ်တောပြုန်းတီးမှုများ လျော့နည်းစေရန် သစ်အလုံးလိုက်တင်ပို့မှုကို ၂၀၁၄ ခုနှစ်တွင် တားမြစ်သွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။



*မြန်မာနိုင်ငံဘက်မှ တရားမဝင်တင်ပို့သော သစ်လုံးများတင်ဆောင်လာသည့် ယာဉ်တစ်စီးကို တရုတ်နိုင်ငံ ယန်ကျန်းမြို့အနီးတွင် တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

---

## ရွှေ့ပြောင်းတောင်ယာ ပပျောက်စေရေး သဘာဝပတ်ဝန်းကျင်မပျက် စိုက်ပျိုးရေးစနစ် အစားထိုးကျင့်သုံးသင့်ဟုဆို

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

တောင်တန်းဒေသများတွင် ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်စေရန် သဘာဝဝန်းကျင် မပျက် စိုက်ပျိုးရေးနည်းပညာကိုအစားထိုး လုပ်ဆောင်သင့်ကြောင်း စိုက်ပျိုးရေးပညာရှင် ဦးနေဝင်းပေါ်က ပြောကြားသည်။

သဘာဝဝန်းကျင် မပျက် စိုက်ပျိုးရေးနည်းပညာသည် မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးရုံမျှမက ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို လျော့နည်းစေကာ ဆုံးရှုံးသွားသော အာဟာရဓာတ်များ ပြန်လည်ဖြည့်ဆည်းပေးနိုင်သည့်နည်းပညာဖြစ်ကြောင်း Farm Business Development (FBD) ဥက္ကဋ္ဌဖြစ်သူဦးနေဝန်းပေါ်ကဆိုသည်။

ရှမ်း၊ ကချင်၊ ကရင်၊ ချင်း စသည့် တောင်တန်းဒေသများတွင် ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် အဓိကလုပ်ကိုင်လျက်ရှိပြီး ယင်းစနစ်ပပျောက်စေရန် သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေးနည်းပညာကို အသုံးပြုသင့်ကြောင်း ၎င်းက ဆိုသည်။

“တောင်တွေပေါ်က တောတွေပြုတ်မသွားဖို့ အရေးကြီးတယ်။ တောတွေပြန်ဖြစ်လာဖို့အရေးကြီးတယ်”ဟု ဦးနေဝန်းပေါ်က ဆက်ပြောသည်။

မြန်မာနိုင်ငံတွင် သစ်တောများ တရားဝင်ခုတ်ခြင်းနှင့် တရားမဝင် ခုတ်နေခြင်းတို့ကြောင့်ဆုံးရှုံးလျက်ရှိပြီး ရွှေ့ပြောင်းတောင်ယာစနစ်ကို အသုံးပြုခြင်းသည်လည်း သစ်တောပြုန်းတီးမှု တစ်စိတ်တစ်ဒေသဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်ဦးအုန်းက ပြောကြားသည်။

ရွှေ့ပြောင်းတောင်ယာစနစ်ကို ဝဒေသတွင် အများဆုံးလုပ်ကိုင်လျက်ရှိပြီး ထိုရွှေ့ပြောင်းတောင်ယာစနစ် စာရင်းအတိအကျကိုမူ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စစ်တမ်းကောက်ယူရန် မလွယ်ကူကြောင်း ရှမ်းမြောက်ပိုင်းတွင် စီမံကိန်းများ ဆောင်ရွက်နေသည့် ဂျာမနီအခြေစိုက် WHH အင်န် ဂျီအိုမှ စီမံကိန်းမန်နေဂျာ ဦးသိန်း စုကပြောသည်။

“မြန်မာနိုင်ငံမှာတောင်ကိန်းဂဏန်းက စနစ်တကျ ကောက်ထားတာမရှိဘူး။ ရွှေ့ပြောင်းတောင်ယာရှိတယ်ဆိုတာ နိုင်ငံတော်ကတောင် လက်မခံဘူး”ဟု ဦးသိန်းစုကပြောသည်။

သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေးနည်းပညာကိုအသုံးပြုခြင်းဖြင့် အပေါ်ယံအကောင်းဆုံး မြေဆီလွှာသည် ရေနောက်သို့ ပါမသွားသည့်အတွက် မြေဆီလွှာ ဆုံးရှုံးမှုမဖြစ်ပေါ်ခြင်း၊ ပင်ကြွင်းများဖုံးအုပ်ထားသည့်အတွက် မြေဆီဩဇာ ပြန်တက်စေခြင်း၊ စိုက်သည့်နေရာကိုသာ ထွန်ယက်စိုက်ပျိုးသည့်အတွက် အချိန်နှင့် လုပ်သားသက်သာခြင်းစသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ဦးနေဝန်းပေါ်က ပြောသည်။

သဘာဝဝန်းကျင်မပျက် စိုက်ပျိုးရေးနည်းပညာကို ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၌ စတင်အသုံးပြုခဲ့သည်။

Vol.11, No.44 • JANUARY 10 , 2013

## ကမ္ဘာလှည့်ခရီးသွားများကြား မြန်မာပုဆိုးဝတ်ဆင်မှု ခေတ်စားနေ

**နိုင်ချို၊ အောင်သစ်လွင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၄**

ကမ္ဘာလှည့်ခရီးသွားများအကြား မြန်မာပုဆိုးဝတ်ဆင်မှု ခေတ်စားလျက်ရှိကြောင်း ဧည့်လမ်းညွှန်များက ပြောကြားသည်။

မြန်မာအမျိုးသားများ ဝတ်ဆင်သော ကော်လံကတုံးလက်ရှည်အင်္ကျီများနှင့် ချည်ထည်ပုဆိုးများကို ယခုနောက်ပိုင်း နိုင်ငံခြားသားခရီးသွားဧည့်သည်အမျိုးသား ၅၀ ရာခိုင်နှုန်းခန့်က ဝယ်ယူ၍ ပိုမို ဝတ်ဆင်လာလေ့ရှိကြောင်း တွေ့ရှိရသည်။

"နိုင်ငံခြားသားတွေက ကော်လံကတုံးလက်ရှည်အင်္ကျီနဲ့ ချည်ပုဆိုးတွေကို အရမ်းသဘောကျကြတယ်။ ချည်သားတိုက်ပုံအင်္ကျီလေးတွေလည်း ထူးထူးခြားခြား ရောင်းရတယ်" ဟု ရန်ကုန်ရိုးရာ ချည်ထည်ဆိုင်ပိုင်ရှင် ကိုသောင်းရွှေက ပြောသည်။

"ကျွန်တော် မြန်မာလူမျိုးတွေ ဝတ်တဲ့ပုဆိုးကို အရမ်းဝတ်ကြည့်ချင်တာ။ ဝတ်ကြည့်တော့ သွားရ၊ လာရ အဆင်ပြေတယ်။ ဒီ ရာသီဥတုနဲ့လည်း အဆင်ပြေတယ်လို့ထင်တယ်" ဟု ဂျာမန်လူမျိုးတစ်ဦးဖြစ်သူ မစ္စတာ Jan Schlenk က ပြောသည်။

နိုင်ငံခြားသားအများစုမှာ မြန်မာနိုင်ငံ၏ ရိုးရာအဝတ်အထည်များကို ပိုမိုဝတ်ဆင်လာကြပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည့် နောက်ပိုင်း ရွှေတိဂုံစေတီတော်ကဲ့သို့ အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်ရာတွင် ပုဆိုးများကို အများစုဝတ်ဆင်လာကြသည်ဟု ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးက ၎င်း၏အတွေ့အကြုံကိုပြောသည်။

နိုင်ငံခြားသားအများစုက မြန်မာပြည်သို့လာရောက်စဉ် အမှတ်တရအနေဖြင့် ဝတ်ကြည့်လိုကြပြီး ပုဆိုးများ ဝယ်ယူရာတွင် တံဆိပ်အားရွေးချယ်ခြင်း မရှိဘဲ ၎င်းတို့မျက်စိကျရာကိုသာ ကြိုက်ဈေးပေး၍ဝယ်ယူလေ့ရှိကြသည်။

ဈေးနှုန်းများ အနေဖြင့် ကျပ် ၄,၀၀၀ နှင့် အထက်ရှိသည်ဟု လသာမြို့နယ်ရှိထက်ထက်အောင် တိုင်းရင်းသားဝတ်စုံနှင့် ချည်ထည် ပင်ရင်းဆိုင်မှ ပိုင်ရှင်ကိုဝင်းတင်က ပြောသည်။

ပုဂံ-ညောင်ဦးတွင်လည်း တိုင်းရင်းသားရိုးရာချည်ထည်များထက် မြန်မာပုဆိုးများကိုနိုင်ငံခြားသားများက ပိုမိုကြိုက်နှစ်သက်ကြပြီး ဈေးနှုန်းများမှာ နှစ် ထောင်ကျပ်မှ လေးထောင်ကျပ်ကြား ပိုမိုရောင်းရကာ ၂၀၁၂ နှစ်ဆန်းမှစ၍ သိသိသာသာ ရောင်းအားတက်လာသည်ဟု ပုဂံမြို့ အလိုတော်ပြည့်ဘုရားရှေ့မှ ချည်ထည်ဆိုင်ပိုင်ရှင် မဖွေးဖွေးက ပြောသည်။



မြန်မာရိုးရာဝတ်စုံနှင့် တွေ့ရသည့် နိုင်ငံခြားဧည့်သည်နှစ်ဦး ဓာတ်ပုံ - နိုင်ချို

## ပုဂံ – ညောင်ဦးလေဆိပ် လေယာဉ်ပြေးလမ်း ပြုပြင်နေ၍ လေကြောင်းခရီးစဉ်များ ကမောက်ကမဖြစ်

**အောင်သူရ**

**ရန်ကုန်၊ဇန်နဝါရီ-၅**

ကမ္ဘာလှည့် ခရီးသွားများ လာရောက်မှု မြင့်တက်နေချိန်တွင် ပုဂံ-ညောင်ဦး လေဆိပ်ပြေးလမ်းအား ပြုပြင်ရန် ဇန်နဝါရီ ၁၁ ရက်မှစ၍ ညနေပိုင်းလေယာဉ်ဆင်းသက်ခွင့် မပြုတော့သဖြင့် ခရီးစဉ်များ ကမောက်ကမ ဖြစ်ကုန်ကြောင်း ခရီးသွား ကုမ္ပဏီများမှ သတင်းရရှိသည်။

ညောင်ဦးလေဆိပ်အား ပြေးလမ်းပြုပြင်ရန်ရှိ၍ ဇန်နဝါရီ ၁၁ မှ ၂၀ ရက်အထိ နံနက် ၆ နာရီမှ ၁၁ နာရီထိသာ လေယာဉ်ဆင်းသက်ခွင့်ပြုမည်ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ထားသည်။

"ပုဂံကိုသွားတဲ့ ခရီးသည်တွေရဲ့ ၃၅ ရာခိုင်နှုန်းလောက်က မနက်ပိုင်းလည်ပြီး နောက်တစ်နေ့ ညနေပြန်ထွက်ကြတဲ့ ခရီးစဉ်တွေကမောက်ကမဖြစ်ကုန်တယ်။ ညနေပိုင်းလေယာဉ်မရှိတော့တဲ့အတွက်ပုဂံမှာအပြည့်လည်လို့မရတော့ဘူး"ဟု Nature Dream ခရီးသွားကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စံပယ်အောင်က ပြောသည်။

ကမ္ဘာလှည့် ခရီးသွားများသည်မြန်မာနိုင်ငံသို့ နိုဝင်ဘာလဆန်းမှ မတ်လကုန်ထိလာရောက်မှုမြင့်မားလေ့ရှိပြီး လာရောက်သူအများစုမှာလည်း ပုဂံနှင့် အင်းလေးဒေသများသို့ သွားရောက်လည်ပတ်လေ့ရှိကြသည်။

ထိုကဲ့သို့ ညနေပိုင်း လေယာဉ်ဆင်းခွင့် မပြုတော့သည့်အတွက် Air KBZ လေကြောင်းလိုင်းသည် ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်အတွင်း ခရီးစဉ်အချို့ အပြောင်းအလဲပြုလုပ်ခဲ့သည်။

အစိုးရသစ်တက်လာပြီးနောက်ပိုင်း မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမြင့်တက်လာပြီး ၂၀၁၂ နှစ်ဆန်းပိုင်းမှစ၍ ဟိုတယ်အခန်း မလုံလောက်ခြင်းနှင့် လေယာဉ်လက်မှတ်ရရှိရန် ခက်ခဲလာကြသည်။

ယခုနှစ်ခရီးသွားရာသီအစမှစ၍ လေဆိပ်ဝင်ပေါက်များမှာ တစ်နေ့လျှင် နိုင်ငံခြားဧည့်သည် တစ်ထောင်ခန့် နေ့စဉ်ဝင်ရောက်နေပြီး ဇန်နဝါရီလမှ နိုဝင်ဘာလဆန်းထိ လေဆိပ်ဝင်ပေါက်များမှ တစ်ဆင့်နိုင်ငံခြားသား လေးသိန်းနီးပါး ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

## မြန်မာ၊ ကိုရီးယားနှစ်နိုင်ငံ လေကြောင်းလိုင်းများ အကန့်အသတ်မရှိ ပျံသန်းနိုင်မည်

**ခန့်ထက်** **ရန်ကုန်၊ ဇန်နဝါရီ - ၃**

မြန်မာနှင့်ကိုရီးယားနှစ်နိုင်ငံကြား လေကြောင်းလိုင်းများ အကန့်အသတ်မရှိပျံသန်းခွင့်ပြုလိုက်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှသတင်းရရှိသည်။

ကိုရီးယားနိုင်ငံတွင် ဒီဇင်ဘာ ၁၈ ရက်က ပြုလုပ်ခဲ့သော လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ၌ ပြင်ဆင်ချုပ်ဆိုခဲ့သော စာချုပ်အရနှစ်နိုင်ငံကြား လေကြောင်းလိုင်းများ အကန့်အသတ်မရှိပျံသန်းနိုင်မည်ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဝင်းကျော်က ပြောသည်။

၂၀၀၆ ခုနှစ်က ချုပ်ဆိုခဲ့သောနှစ်နိုင်ငံကြားလေကြောင်း တိုးချဲ့ပျံသန်းခွင့်စာချုပ်အရ တစ်နိုင်ငံလျှင် လေကြောင်းလိုင်း နှစ်လိုင်းသာ ပျံသန်းခွင့်ရှိသောကြောင့် ယခုကဲ့သို့ပြင်ဆင်ချုပ်ဆိုခြင်းဖြစ်ကြောင်း ဒေါ်နွယ်နီဝင်းကျော်က ဆက်လက်ပြောသည်။

ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့တိုက်ရိုက်လေကြောင်းလိုင်း အနေဖြင့် ၂၀၁၂ စက်တင်ဘာ ၁၃ ရက်တွင် Korea Air နှင့် ၂၀၁၂ ဒီဇင်ဘာ ၁၉ ရက်တွင် Asiana Airlines စသော လေကြောင်းလိုင်းနှစ်လိုင်း ပျံသန်းပြေးဆွဲလျက်ရှိသည်။

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လေကြောင်းလိုင်း ၂၃ လိုင်းအထိ ပြေးဆွဲလျက်ရှိပြီး ၂၀၁၂ ခုနှစ်အတွင်း နိုင်ငံတကာလေကြောင်းလိုင်း ကိုးလိုင်းတိုးတက်လာခဲ့သည်။ ပြည်တွင်းတွင်လည်း လေကြောင်းလိုင်း ခြောက်လိုင်းမှာ လေဆိပ် ၂၇ ခုသို့ ပြေးဆွဲလျက်ရှိသည်။

မြန်မာနိုင်ငံသို့ဝင်ရောက်နေသော ကိုရီးယားလူမျိုး ဧည့်သည်မှာ လစဉ်ပျမ်းမျှ လူဦးရေ ၂,၀၀၀ ဝင်ရောက်နေပြီး ၂၀၁၂ ခုနှစ်အတွင်း လူဦးရေ ၃၀,၀၀၀ ကျော်ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန်သောစာရင်းဇယားများအရ သိရသည်။

## နာဂပွဲတော်အတွက် ကြိုတင်စာရင်းပေးထားသည့် နိုင်ငံခြားဧည့်သည် နည်းနေ

**နိုင်ချို** **ရန်ကုန်၊ ဇန်နဝါရီ - ၃**

၂၀၁၃ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ သွားရောက်ရန် ကြိုတင်စာရင်းပေးသွင်းထားသော ကမ္ဘာလှည့်ခရီးသည်မှာ လက်ရှိအချိန်တွင် အလွန်နည်းပါးနေသေးကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ သတင်းရရှိသည်။

ယခုနှစ်တွင် နာဂနှစ်သစ်ကူးပွဲတော်ကို နန်းယွန်းမြို့၌ကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ခရီးသည်များမှာ နန်းယွန်းမြို့သို့ လုံခြုံရေး အခြေအနေကြောင့် သွားရောက်လည်ပတ်ရန် စာရင်းပေးသွင်းမှုနည်းပါးခဲ့သည်။ ယင်းနောက်ပွဲတော်ကို လဟယ်မြို့သို့ ပြောင်းရွှေ့ကျင်းပရန် ဆုံးဖြတ် ခဲ့သော်လည်း ခရီးသွားကုမ္ပဏီများမှာ ခရီးစဉ်များ စီစဉ်ရန် အချိန်နီးကပ်နေခြင်းကြောင့် ယခုကဲ့သို့နိုင်ငံခြားဧည့်သည်အဝင် နည်းပါးရခြင်းဖြစ်သည်ဟု နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အတွင်းရေးမှူးဦးအေးလွင်က ပြောသည်။

စာ(၁၈) သို့




7DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

# Cartoon

























7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.44 ▪ JANUARY 10 , 2013

# တရုတ်နိုင်ငံတွင် ရပ်ဆိုင်းထားသော အကြီးဆုံးနျူစက်ရုံဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်

**ဘေဂျင်း၊ ဇန်နဝါရီ-၅**

တရုတ်အစိုးရသည် ဂျပန်နိုင်ငံတွင် ဖူကူရှီးမားနျူစက်ရုံ မတော်တဆမှုပြီးနောက် ခေတ္တရပ်နားထားခဲ့သော အကြီးမားဆုံး နျူခတ်အားပေးစက်ရုံ စီမံကိန်း ဆောက်လုပ်ရေးလုပ်ငန်းများပြန်လည်စတင်နေပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ဖော်ပြသည်။ ထိုစက်ရုံသည် ဆောက်လုပ်ပြီးစီးခဲ့ပါက နိုင်ငံ၏ အကြီးမားဆုံး နျူစက်ရုံဖြစ်လာမည်ဖြစ်သည်။

စက်ရုံကို ရှန်တုန်ပြည်နယ် ရှွန်ချန်မြို့တွင် တည်ဆောက်နေပြီး လုပ်ငန်းများကို ပြီးခဲ့သည့်လက ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ တရုတ်နိုင်ငံပိုင် အင်တာနက် သတင်းအချက်အလက်စင်တာမှ ထုတ်ပြန်ချက်အရ ထိုစက်ရုံကို စတုတ္ထမျိုးဆက် နျူ နည်းပညာဖြင့် တည်ဆောက်မည်ဖြစ်ပြီး ပိုမိုလုံခြုံစိတ်ချစေရန်နှင့် မလိုအပ်သည့် ကုန်ကျစရိတ်များ လျှော့ချကာ ဆောက်လုပ်သွားမည်ဟု သိရသည်။



စက်ရုံအတွက် အဓိကရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီမှာ ချိုင်းနားဟွမ်နင်ဂရုပ်ကုမ္ပဏီ ဖြစ်သည်။ စက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုကို ၂၀၁၇ ခုနှစ်တွင် စတင်မည်ဖြစ်ကာ မဂ္ဂါဝပ် ၆,၆၀၀ ခန့် ထုတ်ပေးနိုင်ကြောင်း၊ ကနဦး ရင်းနှီးမြှုပ် နှံမှုအနေဖြင့် ယွမ်ငွေသုံးဘီလီယံ (ဒေါ်လာ ၄၈၀ သန်း) မြှုပ်နှံမည် ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ယခုအခါ စီးပွားရေးလုပ်ငန်းသုံး ဓာတ်အားထုတ်လုပ်သည့် နျူစိတ်ပေါင်းဖို ၁၅ ခုရှိ ပြီး နောက်ထပ် ၂၇ ခုကို ကမ်းရိုး တန်းဒေသများ၌ ထပ်မံတည် ဆောက်နေကြောင်း ကမ္ဘာ့နျူကလီယား အသင်းကြီး၏ ထုတ်ပြန်ချက်အရ သိရသည်။

*—Ref: AFP*

# ပါကစ္စတန်ဆယ်ကျော်သက်ကျောင်းသူ မာလာလာ ဆေးရုံမှ ဆင်းပြီ

**လန်ဒန်၊ ဇန်နဝါရီ-၅**

ပါကစ္စတန်နိုင်ငံမှ ကလေးများ ပညာရေး တက်ကြွလှုပ်ရှားသူ ဆယ်ကျော်သက်ကျောင်းသူလေး မာလာလာ ယူဆွတ်ဖိုင်သည် တာလီဘန်တို့၏ သေနတ်ဖြင့် အပစ်ခံရပြီးနောက် အင်္ဂလန်တွင် ဆေးကုသမှုခံယူခဲ့ရာပြန်ကောင်းလာခဲ့သဖြင့် ဆေးရုံမှ ဆင်းနိုင်ခဲ့ပြီ ဖြစ်သည်။




Photo - AFP

အသက် ၁၅ နှစ်အရွယ် ခေါင်းမြီးခြုံထည် ဝတ်ဆင်ထားသော မာလာလာသည် ဗြိတိန်ရှိ ဘာမင်ဂမ်မြို့မှ ဘုရင်မကြီး အယ်လိဇဘက်ဆေးရုံတွင် သေနတ်ဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူပြီးနောက် ပြန်လည်ကောင်းမွန်လာခြင်း ဖြစ်သည်။ မာလာလာသည် ပါကစ္စတန်တွင် မိန်းကလေးငယ်များ ပညာသင်ကြားခွင့်ရရေး စည်းရုံးလှုံ့ဆော်ခဲ့ပြီး ဘီဘီစီ သတင်းဝက်ဘ်ဆိုက်၏ အူရဒူဘာသာ အစီအစဉ်တွင်လည်း တာလီဘန်တို့၏ လက်အောက်၌ နေထိုင်ရသော နေ့စဉ်ဘဝအကြောင်းရေးသားတင်ဆက်ခဲ့သည်။

ထို့ကြောင့် သူမကိုပြီးခဲ့သည့် အောက်တိုဘာတွင် ကျောင်းမှ အပြန်လမ်း၌ တာလီဘန်တို့က ဦးခေါင်းနှင့် လည်ပင်းသို့ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံကြသည်။ သို့သော် သူမမှာ သေနတ်ဒဏ်ရာကြောင့်မသေဘဲ ဆေးရုံတွင် အချိန်အတန်ကြာ မေ့မြောပြီးနောက် ဗြိတိန်သို့ ဆက်လက်ပို့ဆောင်ကုသစေခဲ့ရသည်။

လုပ်ကြံခံရပြီးနောက် မိန်းကလေးများအတွက် ပညာရေး စွမ်းဆောင်မှုကိုဂုဏ်ပြုသောအားဖြင့် သူမ၏အမည်ဖြင့် ၂၀၁၅ တွင် ကမ္ဘာတစ်ဝန်းလုံး၌ မိန်းကလေးအားလုံး ပညာသင်ကြားခွင့်ရရေး အစီအစဉ်တစ်ခုဖော်ဆောင်ခဲ့သည်။ မာလာလာ၏မိသားစုသည် ယခုအခါ ဗြိတိန်နိုင်ငံတွင်အခြေချနေထိုင်ဖွယ်ရှိပြီး သူမ၏အစ်ကို ဇီယက်ဒင်ယူဆွတ်ဖိုင်ကိုလည်း ယခုအခါ ဘာမင်ဂန်ရှိပါကစ္စတန်ဆိုင်ရာ ပညာရေးအကြံပေးအဖြစ် ခန့်အပ်ထားသည်ဟု သိရသည်။

*—Ref: LA Time*

# အုပ်စုလိုက်အဓမ္မပြုကျင့်ခံရပြီး ကွယ်လွန်ခဲ့သည့် အိန္ဒိယအမျိုးသမီးငယ်ကို ရည်စူး၍ ဂစ်တာသမား ၆၀၀ ဂုဏ်ပြုဖြေဖျော်

**နယူးဒေလီ၊ ဇန်နဝါရီ-၄**

အိန္ဒိယနိုင်ငံ ဒါဂျီလင်မြို့တွင် ဂစ်တာသမားပေါင်း ၆၀၀ ခန့်သည် မကြာသေးမီက အဓမ္မပြုကျင့်ခံရပြီး သေဆုံးသွားခဲ့သည့် အမျိုးသမီး ငယ်အတွက် ဂျွန်လင်နွန်၏ Imagine သီချင်းကို တီးခတ်ကာ ဂုဏ်ပြုဖြေဖျော်ခဲ့ကြသည်။

အဆိုပါ ဂစ်တာသမားများ အဖွဲ့သည်နိုင်ငံအရှေ့ပိုင်းတောင်ကုန်းမြို့ဖြစ်သော ဒါဂျီလင်တွင် ဂီတပွဲတော်တစ်ခု၌ ဆုံစည်းခဲ့ကြခြင်းဖြစ်သည်။ ဂျွန်လင်နွန်၏ သီချင်းကို ရွေးချယ်ရခြင်းနှင့်ပတ်သက်၍ ဒါဂျီလင်ခရီးသွားလုပ်ငန်းဌာနအတွင်းရေးမှူး ဆိုနမ်ဘူတီယာက "ဒီသီချင်းဟာ မျှော်လင့်ချက်၊ ငြိမ်းချမ်းရေးနဲ့ ကတိစကားအကြောင်းဖွဲ့နွဲ့ထားလို့ရွေးချယ်ရတာပါ" ဟု ပြောသည်။

အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့် သုံးပတ်အတွင်းနယူးဒေလီ၌အမျိုးသမီးတစ်ဦးအား အုပ်စုလိုက်မတရားပြုကျင့်ပြီးနောက် ဘတ်စ်ကားပေါ်မှ ပစ်ချထားခဲ့မှုအတွက် လူထုအတွင်းဒေါသပေါက်ကွဲကာ အမျိုးသမီးများ ဘဝလုံခြုံရေးဥပဒေများ ပြဋ္ဌာန်းပေးရန် ဆန္ဒပြတောင်းဆိုမှုများဖြစ်ပေါ်ခဲ့သည်။ ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် ၂၃ နှစ်အရွယ် အမျိုးသမီးငယ်မှာ ပြီးခဲ့သောရက်ပိုင်းအတွင်းဒဏ်ရာများကြောင့် စင်ကာပူနိုင်ငံရှိ ဆေးရုံတစ်ရုံတွင် ကွယ်လွန်ခဲ့ရှာသည်။

*—Ref: AFP*

# အင်ဒိုနီးရှားတွင် အကြမ်းဖက်သမားဟု ယူဆရသူ ငါးဦးကို အသေဖမ်းမိ

**ဂျကာတာ၊ ဇန်နဝါရီ-၅**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ရဲတပ်ဖွဲ့၏ အကြမ်းဖက်မှုနှိမ်နင်းရေး စစ်ဆင်ရေးများမှ နောက်ဆုံးဝင်ရောက်စီးနင်းမှုတစ်ခုတွင် သံသယရှိသည့် အကြမ်းဖက်သမား ငါးဦးကို အသေဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ်က နောက်ဆုံးစီး နင်းမှုများမှာ ပြီးခဲ့သော သောကြာနေ့(ဒီဇင်ဘာ ၂၈ရက်)ကပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အနောက်ပိုင်း နူဆာတင်ဂါရာပြည်နယ်မှစစ်သွေးကြွများ၏ လေ့ကျင့်ရေးစခန်းနှစ်ခုကို စီးနင်းခဲ့ကြောင်း ဆိုသည်။

စစ်ဆင်ရေးတွင် ဗုံးပြုလုပ်သည့် နိုက်ထရိတ်ယူရီးယား အမှုန့်များ၊ စနက်တံများ၊ ဘက်ထရီများနှင့် ဗုံးငါးလုံး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ထိုစီးနင်းမှုများမှာ သံသယရှိသူ စစ်သွေးကြွနှစ်ဦးကို သေနတ်များ၊ စိန်ပြောင်းများနှင့် အသေဖမ်းဆီးမိကာ လူလေးဦးကို လက်ရဖမ်းဆီးမိခဲ့သည်။ ထိုဖြစ်စဉ်မှာ တောင်ပိုင်းဆူလာဝေဆီ ပြည်နယ် မြို့တော် မာကတ်ဆာတွင် ဖြစ် ပွားခဲ့ခြင်း ဖြစ်သည်။

အင်ဒိုနီးရှားတွင် ပြီးခဲ့သော ဆယ်စုနှစ်အတွင်း အနောက်တိုင်းသားများကို ပစ်မှတ်ထားသော အကြမ်းဖက်မှုများ မကြာခဏ ဖြစ်ပေါ်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဘာလီ ကျွန်းဗုံးခွဲမှုတွင် လူပေါင်း ၂၀၂ ဦး သေဆုံးခဲ့ရသည်။ ထိုတိုက်ခိုက်မှုကို အယ်ကိုင်းဒါအဖွဲ့နှင့် ဆက်နွှယ်သော ဂျာမားအစ္စလာမ်မီးယားအဖွဲ့ကကြိုးကိုင်ခဲ့ကြောင်း အာဏာပိုင်များက ပြစ်တင်စွပ်စွဲထားသည်။

*—Ref: AFP*

# မှောင်ခိုတင်သွင်းလာသော ဆင်စွယ်အစိတ်အပိုင်း တစ်တန်ကျော် ဟောင်ကောင်တွင် ဖမ်းဆီးရမိ

**နယူးဒေလီ၊ ဇန်နဝါရီ-၄**

ဟောင်ကောင်အာဏာပိုင်များသည် တန်ဖိုးဒေါ်လာ ၁ ဒသမ ၄ သန်းခန့်ရှိသော ဆင်စွယ်တစ်တန်ကျော်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဟောင်ဟောင်အကောက်ခွန်တပ်ဖွဲ့၏ အဆိုအရ ဆင်စွယ်အစိတ်အပိုင်းပေါင်း ၇၇၉ ခုမှာ စုစုပေါင်း တန်ချိန် ၁ ဒသမ ၃ တန်ရှိကြောင်း ၎င်းတို့ကို သစ်သားသေတ္တာ ငါးလုံးတွင် လျှို့ဝှက်ထည့်သွင်းထားခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။

ယခုကဲ့သို့ရှာဖွေသိမ်းဆည်းရမှုမှာ သုံးလတာအတွင်း တတိယအကြိမ်မြောက် အများဆုံး ဖမ်းဆီးရမှု ဖြစ်သည်။ အကောက်ခွန်ဌာနက ဆင်စွယ်သေတ္တာများ ပါဝင်သည့် သင်္ဘောမှာ မလေးရှားနိုင်ငံမှ ရောက်လာပြီး မည်သည့်နေရာသို့ ဆက်လက်သွားမည်ကို ပြောဆိုခြင်း မရှိပေ။

ယခုကိစ္စနှင့်ပတ်သက်၍ ဖမ်းဆီးထားသည့် တရားခံများလည်း တစ်ဦးမှ မရှိသေးကြောင်း ဆိုသည်။ ဆင်စွယ်များ ဟောင်ကောင်သို့မှောင်ခိုဝင်ရောက်မှုမှာ အာဖရိကမှ အဓိကဖြစ်သည်။ ပြီးခဲ့သည့် အောက်တိုဘာလတွင် ကင်ညာနှင့် တန်ဇန်းနီးယားနိုင်ငံတို့မှတင်သွင်းလာသော ဆင်စွယ်နှင့်ပြုလုပ်ထားသည့် လက်မှုပစ္စည်းပေါင်း ၁၂၉၀ အား သိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း အလေးချိန်မှာ ၃ ဒသမ ၈ တန်အထိ ရှိခဲ့သည်။

*—Ref:AFP*

7DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

Leader's Profile

# နယ်သာလန် ဝန်ကြီးချုပ် မာ့ခ်ရပ်တီ

ရဲမင်း



မစ္စတာမာ့ခ်ရပ်တီသည် ဒတ်ချ် နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၄ ရက်မှစ၍ နယ်သာလန် ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်နေကာ ၂၀၀၆ ခုနှစ် ဇွန်လမှစ၍ People's Party for Democracy and Freedom (VVD) ပါတီ ခေါင်းဆောင်ဖြစ်သည်။ ၂၀၀၄ ဇွန်မှ ၂၀၀၆ ဇွန်လအထိ ပညာရေး၊ ယဉ်ကျေးမှုနှင့် သိပ္ပံပညာ ဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ယင်းမတိုင်မီ ၂၀၀၂ ဇူလိုင်မှ ၂၀၀၄ ဇွန်လအထိ လူမှုရေးနှင့် အလုပ်အကိုင်ဝန်ကြီးအဖြစ် လုပ်ကိုင်ခဲ့သည်။

ရပ်တီအား ၁၉၆၇ ဖေဖော်ဝါရီ ၁၄ ရက်တွင် နယ်သာလန်နိုင်ငံသည်ဟေ့ဂ်မြို့၌ မွေးဖွားခဲ့သည်။ အားကစားပညာအထက်တန်းကျောင်းတွင် တက်ရောက်ပြီး အနုပညာဘာသာရပ် အထူးပြုယူသည်။ လိုင်ဒင်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ပြီး သမိုင်းဘာသာ သင်ယူသည်။ ၁၉၉၂ ခုနှစ်တွင် သမိုင်းအဓိကဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

တက္ကသိုလ်တက်နေစဉ်မှာပင် Democracy and Freedom (VVD) ပါတီ လူငယ်အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ၁၉၈၈ မှ ၁၉၉၁ ခုနှစ်အထိ VVD ပါတီ လူငယ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

ကျောင်းပညာ ပြီးဆုံးချိန်တွင် ရပ်တီသည် နယ်သာလန်နိုင်ငံမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သော နာမည်ကြီး Unilever ကုမ္ပဏီကြီးတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနတွင် အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၂ ခုနှစ်မှစ၍ Unilever ကုမ္ပဏီကြီး၏ လက်အောက်ခံ Iglomora အုပ်စု၏ HR ဒါရိုက်တာအဖြစ် တာဝန်ယူထားသည်။ တစ်ချိန်တည်းမှာပင် မစ္စတာ ရပ်တီသည် ၁၉၉၃ မှ ၁၉၉၇ ခုနှစ်အထိ VVD ပါတီအမျိုးသားဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး ၂၀၀၂ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ၌ ကိုယ်စားလှယ် ရွေးချယ်ရေး အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ပါလီမန်အမတ်အဖြစ် မိမိကိုယ်ကို အမည်စာရင်းတင်သွင်းခဲ့သည်။

မစ္စတာရပ်တီသည် ၂၀၀၆ ခုနှစ်တွင် VVD ပါတီ ခေါင်းဆောင်ဖြစ်လာခဲ့သည်။ ယင်းနှစ် မြူနီစပယ် ရွေးကောက်ပွဲများတွင် VVD ပါတီ ခေါင်းဆောင်ဟောင်း ဂျိုးဇက်ဗင်အက်ဆန်နုတ်ထွက်ခဲ့၍ VVD နှင့် နီးစပ်သူ သြဇာကြီးခေါင်းဆောင်များက ရပ်တီအား ခေါင်းဆောင်နေရာ အပ်နှင်းခဲ့ခြင်း ဖြစ်သည်။ သို့သော် ယင်းနှစ် အထွေအထွေရွေးကောက်ပွဲတွင် ၎င်းတို့ပါတီ အနိုင်မရရှိဘဲ အတိုက်အခံ ခေါင်းဆောင်သာဖြစ်ခဲ့သည်။

ပါတီတွင် ပြိုက်ဘက်များ၏ ထိုးနှက်တိုက်ခိုက်မှုများကိုလည်း ကျော်လွှားခဲ့ရသော မာ့ခ်ရပ်တီသည် ၂၀၁၀ ရွေးကောက်ပွဲတွင်မူ ပြင်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သည်။ VVD ပါတီမှာလည်း အမတ်နေရာအများဆုံး အနိုင်ရရှိကာ မစ္စတာ မာ့ခ်ရပ်တီသည်လည်း နိုင်ငံ ဝန်ကြီးချုပ်နေရာရယူ၍ ဗဟိုနှင့် ညာယိမ်းညွန့်ပေါင်း အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၂၀၁၂ ခုနှစ်တွင်မူ နိုင်ငံ၏ ခြိုးခြံချွေတာ ရေးဘတ်ဂျက်အတွက် ဆွေးနွေးမှုများ လိပ်ခဲတည်းလည်း ဖြစ်နေခဲ့ရာ မစ္စတာရပ်တီက ရာထူးမှနုတ်ထွက်ရန်ကမ်းလှမ်းပြီး ရွေးကောက်ပွဲအသစ်များ ခေါ်ယူခဲ့သည်။ အဆိုပါ ရွေးကောက်ပွဲတွင်လည်း VVD ပါတီကပင် အမတ်နေရာ အများဆုံးအနိုင်ရရှိခဲ့ပြီး မစ္စတာ ရပ်တီသည် နောက်တစ်ကြိမ် ဝန်ကြီးချုပ်နေရာရယူ၍ လေဘာပါတီနှင့် ပေါင်းစည်းကာ ဒုတိယညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းခဲ့သည်။

မစ္စတာ မာ့ခ်ရပ်တီသည် ဘာသာရေးကိုင်းရှိုင်းသူ တစ်ကိုယ်ရေတစ်ကာယ သမားဖြစ်ပြီး သည် ဟေ့ဂ်မြို့ရှိJohan de Witt ကောလိပ်တွင် သီတင်းတစ်ပတ်လျှင် နှစ်နာရီ သင်ကြားပို့ချမှုများ ပြုလုပ်နေဆဲ ဖြစ်သည်။

—*Ref: Wikipedia*

နောက်ကျောဖုံး မှ

## ကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် ဆေးရုံးမှဆင်းပြီးနောက် ရုံးပြန်တက်

ယင်းအစီအစဉ်အရ ကန်နိုင်ငံခြားရေးဝန်ကြီးသည် ဇန်နဝါရီ ၇ ရက်တွင် ၎င်း၏လက်ထောက်အတွင်းဝန်များနှင့် အစည်းအဝေး လုပ်ဆောင်မည် ဖြစ်သည်။ ယခုရက်သတ္တပတ်အတွင်းမှာပင် ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာနှင့် အမျိုးသားလုံခြုံရေး အကြံပေး တွမ်ဒီနီလွန်တို့နှင့်လည်း အိမ်ဖြူတော်၌ စည်းဝေးရန် စီစဉ်ထားသည်။

ယင်းနောက် ဇန်နဝါရီ ၁၀ ရက်တွင် မစ္စစ်ကလင်တန်သည် အမေရိကန်နိုင်ငံသို့ လာရောက်လည်ပတ်မည့် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ခံတွေ့ဆုံကာ အလုပ်သဘော ညစာတည်ခင်းဧည့်ခံမည်ဖြစ်သည်။

ဦးခေါင်း နားရွက်နောက်တွင် သွေးခဲနေကြောင်း တွေ့ရှိခဲ့၍ နယူးယောက်မြို့ ဆေးရုံ၌ တက်ရောက်၍ ဆေးကုသမှု ခံယူခဲ့ရသော မစ္စစ်ကလင်တန်သည် အလုပ်ပြန်လုပ်ရန်အတွက် စိတ်မရှည်နိုင်ဖြစ်နေသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီး ဗစ်တိုးရီးယားနူလန်က ယခင်ရက်သတ္တပတ်အတွင်း ပြောကြားခဲ့သည်။ —*Ref: AFP*

နောက်ကျောဖုံး မှ

## တိုယိုတာကားကုမ္ပဏီ စက်ရုံအသစ်များ ထူထောင်ခြင်း သုံးနှစ်တာ ရပ်နားထားမည်



ပေါ်လစီအသစ်အရ ထပ်မံဆောက်လုပ်ရန် ကြေညာထားပြီးသား စက်ရုံများမှလွဲ၍ ၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်အထိ နောက်ထပ်စက်ရုံအသစ်များ ဆောက်လုပ်ခြင်းကို ရပ်ဆိုင်းထားမည်ဖြစ်သည်။

ရှေ့လာမည့် လများအတွင်း စီမံခန့်ခွဲရေး အစီအစဉ်သစ်များ ထုတ်ပြန်ချိန်တွင် အဆိုပါ ဆုံးဖြတ်ချက်ကို တရားဝင်ကြေညာလိမ့်မည်ဖြစ်ကြောင်း ဂျိဂျိသတင်းဌာနက ပြောကြားသည်။ တိုယိုတာကုမ္ပဏီသည် လက်ရှိတွင် နိုင်ငံရပ်ခြား၌ စက်ရုံပေါင်း ၅၀ နီးပါး ထူထောင်ထားပြီး ပြည်တွင်း၌ ၃၀ ခန့်ရှိသည်။

၂၀၁၂ ခုနှစ်တွင် မော်တော်ကားစီးရေ ၉ ဒသမ ၇ သန်းရောင်းချခဲ့ရသည်ဟု တိုယိုတာကုမ္ပဏီက ဒီဇင်ဘာ နှောင်းပိုင်းတွင် ပြောကြားပြီး လာမည့်နှစ်တွင် ကားအစီးရေ ၉ ဒသမ ၉၁ သန်းရောင်းချနိုင်မည်ဟု မျှော်လင့်ထားကြောင်း ကုမ္ပဏီက ထုတ်ပြန်ထားသည်။
—*Ref: AFP*

နောက်ကျောဖုံး မှ

## ဆီးရီးယားပဋိပက္ခ အဆုံးသတ်ရေး လမ်းပြမြေပုံ သမ္မတအာဆတ်တင်ပြ

ဒမတ်စကတ်စ်မြို့ယဉ်ကျေးမှုစင်တာ၌ ပြည့်လျှံနေသော ပရိသတ်ကိုစကားပြောရာတွင်မစ္စတာ အာဆတ်က ၂၁ လ ကြာ ပဋိပက္ခ အဆုံးသတ်ရေး အစီအစဉ်ကို ချပြခဲ့သည်။ ပထမအဆင့်အနေဖြင့် အင်အားကြီး ပြည်ပနိုင်ငံများက သူပုန်များအား ထောက်ခံနေခြင်းကို ရပ်တန့်ရမည်ဟု ၎င်းက ပြောသည်။

"အဲဒါ ပြီးတာနဲ့ ကျွန်တော်တို့ရဲ့ စစ်ဆင်ရေးတွေ ရပ်စဲသွားပါမယ်" ဟု ပြောပြီး ယင်းသို့အပစ်အခတ်ရပ်စဲရေးကိုစောင့်ကြပ်ကြည့်ရှုရေး ယန္တရားတစ်ရပ် ထူထောင်သွားမည်ဟု ဆိုသည်။ သို့သော် မည်ကဲ့သို့ လုပ်ဆောင်မည်ကိုမူ အကျယ်ချဲ့ရှင်းလင်းခြင်း မရှိပေ။



Photo - AFP

ယင်းနောက်တွင် အစိုးရက အမျိုးသား တွေ့ဆုံဆွေးနွေးပွဲကြီးအတွက် အဆက်အသွယ် ပြုလုပ်ကာ နိုင်ငံခြားအမိန့်ကို ခံယူခြင်း မရှိသော ဆီးရီးယားနိုင်ငံတွင်းနှင့် နိုင်ငံပြင်ပမှအတိုက်အခံများနှင့် တွေ့ဆုံသွားမည်ဟု မစ္စတာ အာဆတ်က ဆိုသည်။

"ကျွန်တော်တို့ဟာ ကျွန်မဟုတ်တဲ့ အရှင်သခင်ဖြစ်သူတွေနဲ့ အပြန်အလှန်ပြောဆိုဆွေးနွေးသွားမယ်" ဟု ၎င်းက ပြောကြားသည်။

ယင်းအမျိုးသား တွေ့ဆုံဆွေးနွေးရေး ကွန်ဖရင့်မှနေ၍ အခြေခံဥပဒေတစ်ရပ်ရေးဆွဲကာ ယင်းကို ပြည်သူ့ဆန္ဒခံယူပွဲဖြင့် ဆုံးဖြတ်ပြီးနောက် ပါလီမန်ရွေးကောက်ပွဲများ ကျင်းပ၍ အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရန် ဖြစ်ကြောင်းမစ္စတာအာဆတ်က ပြောကြားသည်။

ထို့အပြင် ဆီးရီးယားပဋိပက္ခမှာ အစိုးရနှင့် အတိုက်အခံများကြားက ပြဿနာမျှမကဘဲ အမျိုးသားနိုင်ငံတော်နှင့် ၎င်း၏ ရန်သူများကြားက ပြဿနာဖြစ်သည်ဟုမစ္စတာအာဆတ်က ဆက်လက်ပြောကြားသည်။ —*Ref: AFP*

နောက်ကျောဖုံး မှ

## အီဂျစ်အစိုးရအဖွဲ့ အပြောင်းအလဲ သမ္မတမော်စီ ပြုလုပ်

ဘဏ္ဍာရေးဝန်ကြီးဟောင်း မန်တက်ဇ် အယ်ဇိုက်မှာ စစ်ဘက်နှင့် အလွန်နီးကပ်သည်ဟု ဘရားသားဟုဒ်အဖွဲ့က စွပ်စွဲထားသည်။




အခြား အရေးပါသော ဝန်ကြီးနေရာ အပြောင်းအလဲတွင်လည်း ပြည်ထဲရေးဝန်ကြီးနေရာအတွက် မိုဟာမက်အီဘရာဟင်အား ခန့်အပ်ခဲ့သည်။ ဝန်ကြီးဟောင်း အာမက်ဂါမယ်အက်ဒင်မှာပြီးခဲ့သည့်လအတွင်းဖြစ်ပေါ်ခဲ့သော အခြေခံဥပဒေအား ဆန့်ကျင် ဆန္ဒပြမှုများကို ကိုင်တွယ်ပုံနှင့်ပတ်သက်၍ ဝေဖန်ခံခဲ့ရသည်။

၂၀၁၁ ခုနှစ် သမ္မတဟောင်း မူဘာရက် ပြုတ်ကျပြီးနောက်ပိုင်း နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် အီဂျစ်နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းပြီး ခရီးသွားလုပ်ငန်းလည်း ထိခိုက်ခဲ့သည်။ နိုင်ငံ စီးပွားရေးအပေါ် ယုံကြည်မှု ပြန်လည်တည်ဆောက်နိုင်ရန် ဝန်ကြီးအဖွဲ့အား အပြောင်းအလဲ ပြုလုပ်သွားမည်ဟု သမ္မတမော်စီက ပြီးခဲ့သည့်လအတွင်း ကတိပြုပြောကြားခဲ့သည်။

—*Ref: VOA*

7 DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013



# အာရပ်အဖွဲ့ချုပ် အကြီးအကဲဟောင်း အီဂျစ်အတိုက်အခံခေါင်းဆောင် အမ်မာမော်ဆာ နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

အီဂျစ်အတိုက်အခံ ခေါင်းဆောင် အမ်မာမော်ဆာဟာ အာရပ်နိုင်ငံပေါင်းစုံ ပါဝင်ဖွဲ့စည်းထားတဲ့ အာရပ်လိဂ်ခေါ် အာရပ်အဖွဲ့ချုပ်ကြီးရဲ့ အကြီးအကဲအဖြစ် တာဝန်ယူခဲ့ဖူးသူ ဖြစ်ပါတယ်။ အသက် ၇၅ နှစ်အရွယ် မစ္စတာမော်ဆာဟာ ၂၀၁၁ နှစ်လယ်မှာ အာရပ်အဖွဲ့ချုပ်အကြီးအကဲ နေရာမှ နုတ်ထွက်ခဲ့ပြီး အီဂျစ်သမ္မတရွေးကောက်ပွဲမှာ သမ္မတလောင်းတစ်ဦး အဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ယခုဖော်ပြမယ့် အင်တာဗျူးကတော့ နိုဝင်ဘာ ၂၁ ရက်မှာ သမ္မတမော်စီရဲ့ အာဏာထိန်းချုပ်မှုလို့ ယူဆခံရတဲ့ အခြေခံဥပဒေဆိုင်ရာ ကြေညာချက်အကြောင်း၊ လက်ရှိ အီဂျစ်အတိုက်အခံတို့ရဲ့ ရပ်တည်မှု အနေအထားနဲ့ အဓိက အာဏာရပါတီမွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့ အကြောင်းစတာတွေကို မေးမြန်းထားပါတယ်။ မေးမြန်းသူက ယူရိုသတင်းဌာနမှ မိုဟာမက်ရှိတ်စီဘရာဟင် ဖြစ်ပါတယ်။

**လူကြီးမင်းဟာ ‘တော်လှန်ရေးကယ်တင်မှု အမျိုးသားတပ်ဦး’ (သို့မဟုတ်)အမျိုးသားကယ်တင်ရေး တပ်ဦးဆိုတဲ့ (နိုင်ငံရေး)အဖွဲ့အစည်း ၃၅ ခုပါဝင်တဲ့တပ်ပေါင်းစုကိုဖွဲ့ဖို့ ပါဝင်ကူညီခဲ့တယ်။ ဒီလိုဖွဲ့ရခြင်းရဲ့ နောက်ကွယ်က စိတ်ကူးက ဘာများပါလဲ။**

ဒီတပ်ဦးက တူညီတဲ့ နည်းလမ်းနဲ့ တွေးခေါ်တဲ့ အတွေးအမြင် တူညီမှုရှိကြတဲ့ နိုင်ငံရေးသမားတွေ၊ ပါတီတွေ၊ အဖွဲ့အစည်းတွေ အားလုံးနဲ့ ပူးပေါင်းလုပ်ဆောင်နေတာပါ။ ဒါက ခုနေခါမှာ အီဂျစ်နိုင်ငံထဲ ကျွန်တော်တို့တွေ ကြုံခံစားနေရတဲ့ အလွန်ဆိုးရွားတဲ့ အခြေအနေတွေအတွင်း ကျွန်တော်တို့အားလုံး လုပ်နိုင်တဲ့ မူဘောင်အတွင်းက လုပ်နေတာပေါ့။ (အီဂျစ်နိုင်ငံရေး) အကျပ်အတည်းရဲ့ အစကတော့ နိုဝင်ဘာ ၂၁ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အခြေခံဥပဒေဆိုင်ရာ ကြေညာချက်ပါပဲ။ အဲဒါကို အတိုက်အခံဘက်က ငြင်းပယ်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီနဲ့ ဆန့်ကျင်တဲ့ အပြုအမူလို့ ယူဆကြလို့ပါပဲ။

**(အဲဒီကိစ္စမှာ) နိုင်ငံကိုအပြည့်အဝထိန်းချုပ်ဖို့ မွတ်ဆလင်ညီအစ်ကိုတော်များ အဖွဲ့ရဲ့ ကြိုတင်ကြံရွယ်ချက်များ ရှိနေသလားလို့ လူကြီးမင်း ထင်ပါသလား။**

ရွေးကောက်ပွဲ အနိုင်ရတဲ့ ဘယ်ပါတီမဆို သူ့ရဲ့ ထောက်ခံသူတွေကို အာဏာရှိတဲ့ အနေအထားတွေမှာ ထားရှိဖို့ ရည်ရွယ်လေ့ရှိပါတယ်။ ဒါက နားလည်နိုင်ပါတယ်။ ဒါမျိုး အီဂျစ်မှာ ဖြစ်သလို အမေရိကတိုက်က တခြားနိုင်ငံတစ်ခုခုမှာ ဒါမှမဟုတ် ဒီမှာလည်း ဖြစ်နေတာပါ။ ဒါပေမဲ့ ကိုယ့်ရဲ့ ထောက်ခံသူတွေကိုအာဏာရှိမယ့် အနေအထားတွေမှာ ထားတာ(သို့မဟုတ်)နိုင်ငံတစ်ခုလုံးရဲ့ မျက်နှာကိုပြောင်းလဲဖို့(သို့မဟုတ်) ဖုံးကွယ်ဖို့ ကြိုးစားတာတွေကြားမှာ ကွာခြားချက်တော့ ရှိပါတယ်။

**ဘာ့ကြောင့်လူကြီးမင်းတို့ရဲ့ အတိုက်အခံဘက်က သမ္မတကို သူ့ရဲ့ အစီအစဉ်အောင်မြင်အောင် လုပ်ဖို့ အခွင့်အရေး မပေးရတာပါလဲ။**

အဲဒီအစီအစဉ်ကို ကျွန်တော်တို့ လက်ခံပါတယ်။ အခွင့်အလမ်းရှိရမယ်ဆိုတာလည်း သူ့ရဲ့ အခွင့်အရေးတွေထဲက တစ်ခုပါ။ သူက ရွေးကောက်တင်မြှောက်ခံထားရတဲ့ သမ္မတတစ်ဦးပါ။ ဒါပေမဲ့ သူ့ရဲ့ အစီအစဉ်ကနေ ကျွန်တော်တို့ ဘာမှမမြင်မိပါဘူး။ ကျွန်တော်တို့အနေနဲ့ အခြေခံဥပဒေကို စီမံခန့်ခွဲဖို့ (သို့မဟုတ်) အခြေခံဥပဒေဆိုင်ရာ ဆန္ဒခံယူပွဲလုပ်ဖို့ အငြင်းမပွားခဲ့ပါဘူး။ ကျွန်တော်တို့က ကွဲပြားခြားနားတဲ့ နိုင်ငံရေး ပါတီမျိုးစုံနဲ့အတူ ရှိနေတဲ့ နိုင်ငံသားတွေ သက်သက်မျှသာပါပဲ။ ဒါပေမဲ့ သမ္မတဖြစ်တဲ့သူ၊ မော်စီကတော့ အာဏာပိုင် ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်တွေကို ချမှတ်သူ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ကျွန်တော်တို့ သူ့ရဲ့အာဏာကို စိန်မခေါ်ခဲ့ပါဘူး။ အခြေခံဥပဒေဆိုင်ရာ ဆန္ဒခံယူပွဲမှာ ပါဝင်ခဲ့တဲ့ သူ့ရဲ့ ပေါ်လစီတချို့ကိုသာ ကျွန်တော်တို့ ဆန့်ကျင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သူ့ကို မကန့်သတ်ချင်ပါဘူး။ နှိုင်းယှဉ်ကြည့်ရင် ကျွန်တော်တို့ အတိုက်အခံတွေက ကူညီမှုပေးဖို့ အဆင်သင့်ပါ။ ကျွန်တော်က သူ့ရဲ့ အတိုက်အခံတွေထဲက တစ်ဦးပါ။ မွတ်ဆလင်ညီအစ်ကိုတော်များ အဖွဲ့ကလာတဲ့ သမ္မတဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ဒီမိုကရက်တစ်စီမံကိန်းကို ဖန်တီးရေးမှာ ကူညီဖို့အသင့်ပါ။

**အီဂျစ်သမ္မတက လူကြီးမင်းကို အမျိုးသား သင့်မြတ်ရေးဒိုင်ယာလော့ခ်မှာ ပါဝင်ဖို့ ဖိတ်ခေါ်ထားတယ်မို့လား။ ဘာကြောင့် လူကြီးမင်းက မတုံ့ပြန်ခဲ့တာပါပဲ။**

အဲဒါက ကျွန်တော်တို့ တောင်းဆိုထားတဲ့ လိုချင်တဲ့ ဒိုင်ယာလော့ခ်ပုံစံမျိုး မဟုတ်ပါဘူး။ ကျွန်တော်တို့က အစောပိုင်းကတည်းက ဖော်ပြထားခဲ့တဲ့အကြောင်းအရာကိစ္စတွေကို သီးခြားကြည့်ချင်နေတာပါ။ စကားပြော ဆွေးနွေးကြဖို့၊ ယေဘုယျဖိတ်ခေါ်ချက် ဒါမှမဟုတ် ကြေညာချက်တွေ ထုတ်ပြန်သွားကြဖို့ မဟုတ်ပါဘူး။ ကျွန်တော်တို့လိုချင်တာ ပြန်လည်ပေါင်းစည်းဖို့ပါ။ ကိုယ်တွေ လိုချင်တာ ဒါပါပဲ။ ဒါပေမဲ့ အဲဒါဟာ ဖြစ်ပေါ်လာခဲ့တဲ့ သီးခြားပြဿနာတွေကို ဆွေးနွေးမှု အပြီးသတ်ပြီး ကျွန်တော်တို့ အတူထိုင်တွေ့ဆုံပြီးနောက်မှ ဖြစ်လာသင့်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အမျိုးသား သင့်မြတ်ရေး ဒိုင်ယာလော့ခ်ကို ဆန့်ကျင်တယ်လို့ မပြောပါဘူး။ ဒိုင်ယာလော့ခ်ရဲ့ အခြေခံသဘောတရားကို လက်ခံနိုင်စရာ ရှိပါတယ်။ ဒါပေမဲ့ အခုလို အတိုက်အခံတွေ ရှေ့မှောက်မှာ အမိန့်ကြေညာချက်တွေ ထုတ်ပြီး အမြန်လုပ်တဲ့နည်းရယ်၊ ပြီးတော့လည်း အဲဒါတွေကို လက်ခံအောင် ဖြစ်နိုင်သမျှ မြန်မြန်ဆုံးဖြတ်လုပ်ဆောင်စေတဲ့နည်းက ပုံစံကျကိစ္စတစ်ခုလို ဖြစ်နေပါတယ်။ ကျွန်တော်တို့မှာ အဲဒါတွေကို စဉ်းစားဖို့ အချိန်လုံလုံလောက်လောက် မရခဲ့ပါဘူး။

**အတိုက်အခံဘက်က ထောက်ခံအားပေးသူတွေဟာ အခုဆိုသမ္မတကိုဖြုတ်ချပေးဖို့ တောင်းဆိုနေကြပါတယ်။ အဲဒါလူကြီးမင်းရဲ့ တောင်းဆိုမှုလား။**

အမျိုးသား ကယ်တင်ရေးတပ်ဦးဟာ သူ့ကို(မော်စီကို) ဆင်းပေးဖို့ မတောင်းဆိုထားသလို စဉ်းလည်း မစဉ်းစားထားပါဘူး။ ဒီအကြောင်းအရာက ကျွန်တော်တို့အလုပ်ရဲ့ မူဘောင်အပြင်ဘက်ကပါ။ ဒါပေမဲ့ သူ့ကိုဆင်းဖို့တောင်းဆိုနေတဲ့ အသံတွေတော့ ကျွန်တော်တို့ကြားနေရပါတယ်။ စိတ်ဓာတ်ကျနေတဲ့ လူတွေရှိနေပြီး ဒီကိစ္စကို သူတို့နဲ့အတူ ဆန်းစစ်ကြည့်သမျှဟာလည်း ဘာမှအကျိုးမရှိပါဘူး။

**အခြေခံ ဥပဒေဆိုင်ရာ ဆန္ဒခံယူပွဲကို လူကြီးမင်းဘက်က ငြင်းပယ်ခဲ့ပေမယ့်အတိုက်အခံဘက်ကတော်တော်များများဟာ ဆန္ဒခံယူပွဲမှာ ပါခဲ့တယ်မို့လား။**

ကျွန်တော်က ဒီဆန္ဒခံယူပွဲကို ငြင်းပယ်ခဲ့တဲ့ သူတွေထဲက တစ်ဦးပါ။ အဲဒီမှာ အမြင်နှစ်မျိုး ရှိခဲ့တယ်။ အဲဒါကို သပိတ်မှောက်ဖို့ ဒါမှမဟုတ် ဝင်ပါပြီး ကန့်ကွက်မဲပေးဖို့ပေါ့။ အများစုကတော့ မဲ တော့သွားပေးမယ်။ ကန့်ကွက်မဲ ပေးမယ်ဆိုပြီး ဆုံးဖြတ်ခဲ့ပါတယ်။ ပြီးတော့ အတိုက်အခံဘက်က ကန့်ကွက်မဲပေးကြဖို့ မဆုံးဖြတ်ခင်ကတည်းက ကျွန်တော်ငြင်းပယ်ခဲ့တာပါ။ ကျွန်တော်တို့ဟာ အီဂျစ်ကို ရှေ့ဆက်တိုးတက်စေချင်ရင် ဒီမိုကရေစီ တည်ဆောက်ရေးအတွက် အရေးအကြီးဆုံးဟာ (အားလုံး)ပါဝင်မှုနဲ့ အတိုက်အခံတို့တည်ရှိမှုဖြစ်ပါတယ်။ အရေးအကြီးဆုံးကတော့ ပါဝင်မှုပဲ။ ဒါက ဂိမ်းရဲ့ စည်းမျဉ်းတွေထဲမှာပဲ ကစားတာ မဟုတ်လား။ ဒါ့ကြောင့် ကျွန်တော်တို့ သဘောတူသင့်ပါတယ်။ ဒါပေမဲ့ အတိုက်အခံတွေကို ချောင်ထဲတွန်းပို့ခံရတာ ဒါမှမဟုတ် တိုင်းပြည်ကို ဆိုးဆိုးဝါးဝါး ထိခိုက်စေမယ့်ကိစ္စတွေ ရှိလာခဲ့အခါမျိုးမှာဆို အတိတ်တုန်းက ထက်ပို ပြင်းထန်တဲ့ တုံ့ပြန်မှုတွေ ရှိလာပါလိမ့်မယ်။ လူ တိုင်းလည်း ဒါကိုနားလည်ကြမယ် မျှော်လင့်ပါတယ်။ တစ်ကမ္ဘာလုံးနဲ့ အီဂျစ်ပြည်ကပါ ကျွန်တော်တို့ညီအစ်ကိုတော် မိုဟာမက်မော်စီကို သည်းခံပေးလိမ့်မယ် မဟုတ်ပါ။

**မစ္စတာ မော်ဆာခင်ဗျား။ လက်ရှိမှာ အီဂျစ်ကို ဘယ်သူအုပ်စိုးနေပါသလဲ။ အီဂျစ်သမ္မတ မော်စီလား။ ဒါမှမဟုတ် အတိုက်အခံဘက်က စွပ်စွဲသလို မွတ်ဆလင် ညီအစ်ကိုတော်များအဖွဲ့ရဲ့ ခေါင်းဆောင်များလား။**

မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့က အုပ်ချုပ်နေတာလို့ ထင်ပါတယ်။ ဒါပေမဲ့ အဲဒီအဖွဲ့ရဲ့ ခေါင်းဆောင်တွေကြားထဲက တစ်ဦးဖြစ်တဲ့ သမ္မတမော်စီဟာလည်း သူ့ရုံးမှာ ထိုင်နေရင်း ညွှန်ကြားချက်တွေ စောင့်နေရတာပါ။ အဲဒါကို ကျွန်တော်တွေးကြည့်မိတယ်။ ဒါပေမဲ့ကျွန်တော့်မှာ မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့ရဲ့ စီမံခန့်ခွဲမှု နည်းနာတွေကို သိနိုင်လောက်တဲ့ အဆင့်မရှိပါဘူး။ ဒါပေမဲ့လည်း မွတ်ဆလင်ညီအစ်ကိုတော်များ အဖွဲ့ရဲ့ လူများစုဟာ လွတ်လပ်မှု၊ တရားမျှတမှုနဲ့ နိုင်ငံ့ခေါင်းဆောင်ဆိုတဲ့ ကိုယ်စားပြုမှုနဲ့ အတူတကွ အုပ်ချုပ်နေကြတဲ့ လမ်းကြောင်းတစ်မျိုးတော့ ရှိကောင်း ရှိနေနိုင်တာပဲလေ။

*—Ref: Moussa: Euronews.*

7 DAY NEWS JOURNAL

# Entertainment

Vol.11, No.44 • JANUARY 10 , 2013

## “ကျွန်တော်လည်း သာမန်ပြည်သူတစ်ဦးလိုပဲ ဘယ်ဆုကိုတော့ ဘယ်သူရပါတယ်လို့ အကယ်ဒမီပွဲမှာကြေညာမှ သိတာပါ”

### ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့်တွေ့ဆုံခြင်း

အေးသူစံ



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ကျင်းပပြီးစီးခဲ့တဲ့ မြန်မာရုပ်ရှင်ထူးချွန်ဆုပေးပွဲဟာ ဂယက်ပေါင်းများစွာနဲ့ ကျန်ရစ်ခဲ့ပါတယ်။ အကယ်ဒမီဆုရစ်ဆုရသွားတဲ့ “ထာဝရအလင်းတန်းများ” ဇာတ်ကားက အမှီးကားဖြစ်လို့ ဆုတွေပြန်ရုပ်သိမ်းသင့်တယ်လို့ ပြောသံတွေ ကျယ်ကျယ်လောင်လောင်ကြားရတဲ့အပြင် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း သရုပ်ဆောင်အဖြစ် အောင်မြင်ခဲ့တဲ့ “သကြိန်မိုး” ဇာတ်ကားကို ထုတ်တဲ့ “ရှိမြင့်ထုတ်လုပ်ရေး”က ဒီဇာတ်ကားနဲ့ မင်းသားဆု၊ ဇာတ်ကားဆုတွေရခဲ့တာကြောင့် ဥက္ကဋ္ဌ ဦးဇင်ဝိုင်းအပေါ်လည်း အကယ်ဒမီဆုရွေးချယ်မှုနဲ့ပတ်သက်ပြီး ဘက်လိုက်ပြီး ဆုရွေးချယ်ပေးတယ်လို့ ပရိသတ်အများစုက ထင်မြင်ချက်ပေးကြပါတယ်။ အခု လက်ရှိရုပ်ရှင်လောကမှာလည်း ဒီနှစ်ဇန်နဝါရီ ၁ ရက်ကစလို့ အပြောင်းအလဲတွေအများကြီး လုပ်ဆောင်ခဲ့တဲ့ အကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်ထံ တင်ပြတဲ့ ဦးဇင်ဝိုင်းရဲ့အစီရင်ခံစာကလည်း စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ ဒါကြောင့် အဲဒီ သတင်းအချက်အလက်များကိုစုစည်းပြီး ဦးဇင်ဝိုင်းနဲ့ တွေ့ဆုံမေးမြန်းခဲ့တာတွေကို ပြန်လည်ဖော်ပြလိုက်ပါတယ်။

**ထာဝရအလင်းတန်းများ ရုပ်ရှင်ဇာတ်ကားက အမှီးဇာတ်ကားဖြစ်လျက်နဲ့ အကယ်ဒမီဆု ရစ်ဆုပေးခဲ့တာနဲ့ ပတ်သက်ပြီး ရုပ်ရှင်အစည်းအရုံးနဲ့ ဦးဇင်ဝိုင်းအပေါ် ဝေဖန်မှုတွေရှိနေပါတယ်။ ဘာများတုံ့ပြန်ပြောကြားလိုပါသလဲ။**

ဒီအကယ်ဒမီက ပြန်ကြားရေးဝန်ကြီးဌာနက ကျင်းပတဲ့ရွေးချယ်မှုပါ။ ၂၀၁၂ အတွက်ကိုလည်းပြန်ကြားရေးကပဲပေးမှာပါ။ ကျွန်တော်တို့က ၂၀၁၃ မှာပြမယ့် ကားတွေကျမှစပြီး အကယ်ဒမီပေးမှာပါ။ အကယ်ဒမီပွဲက ဂယက်တော်တော်ထတယ်ဆိုတာလည်း ကျွန်တော်တို့ သတင်းစာ ရှင်းလင်းပွဲလုပ်ခဲ့တာနဲ့ အချိန်အရမ်းခြားသွားတော့ အစည်းအရုံးက ပေးတယ်ဆိုပြီးဖြစ်သွားတာပါ။

**ရစ်ဆုရသွားတဲ့ ထာဝရအလင်းတန်းများက အမှီးဇာတ်ဖြစ်နေတော့အမှီးကားကျတော့ အကယ်ဒမီတွေပေးပြီး တစ်ဖက်က ခိုးကူးကို နှိမ်နင်းတဲ့ ရုပ်ရှင်အစည်းအရုံးလို့ပြောကြားမှုတွေကိုရော ဘာများပြောလိုပါသလဲ။**

အခုပေးတဲ့ဆုသည် ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးက ပေးတဲ့ဆုလုံးဝမဟုတ်ပါဘူး။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းပြီးပေးတာလည်းမဟုတ်ပါဘူး။ ပြန်ကြားရေးက ကိုင်စွဲထားတဲ့ မူဝါဒစံချိန် စံညွှန်းအတိုင်းပေးတဲ့ဆုပါ။ အစည်းအရုံးဘက်က အကယ်ဒမီအကဲဖြတ်အဖွဲ့သုံးဖွဲ့မှာ တစ်ဖွဲ့ကို ရှစ်ဦးနဲ့ ၂၄ ဦးပါဝင်ခွင့်ရပါတယ်။ ဒီရှစ်ဦးသည်လည်း ပြန်ကြားရေးဝန်ကြီးဌာနရဲ့ စံချိန်စံညွှန်းအတိုင်းကိုင်တွယ်တာပါ။ အကယ်ဒမီပေးတဲ့အဖွဲ့ထဲမှာ ကျွန်တော်မပါပါဘူး။ ဘာမှကိုမဆိုင်ပါဘူး။

စာ(၄၉)သို့

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## မစ္စအင်တာနေရှင်နယ် ဖောင်ပိတ်ရက် နောက်ဆုတ်

ကြူကြူဟန်

**ရန်ကုန်၊ ဇန်နဝါရီ - ၄**

မစ္စမြန်မာအင်တာနေရှင်နယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဒီဇင်ဘာ ၃၁ ရက်ထိ ပြိုင်ပွဲဝင် လျှောက်လွှာများ လက်ခံရန် သတ်မှတ်ထားသော်လည်း ဖောင်ပိတ်ရက်ကို နောက်ဆုတ်လိုက်ကြောင်း စီစဉ်သူ ကိုလင်းထိန်က ပြောသည်။

“Training ကာလကလည်း သုံးပတ်ပဲဆိုတော့ လက်ရှိမှာ ပြိုင်ချင်နေတဲ့သူတွေက လှမ်းပြီး တောင်းဆိုကြတယ်။ အဲဒါကြောင့် ဇန်နဝါရီ ၁၅ အထိ ထပ်တိုးပေးလိုက်တာပါ။ တချို့တွေက မသိလိုက်ကြဘူး။ မသိတဲ့သူတွေအတွက် ထပ်ပြီးတော့ အချိန်ပေးလိုက်တဲ့ သဘောပါပဲ”ဟု ကိုလင်းထိန်က ပြောသည်။

ပြိုင်ပွဲဝင်စည်းကမ်းချက်များတွင် မြန်မာနိုင်ငံရှိအမျိုးသမီးများ၏ ပျမ်းမျှအရပ်သည် ၅ ပေ ၄ လက်မ ဝန်းကျင်မှာ အများဆုံးဖြစ်သောကြောင့် ပြိုင်ပွဲဝင်လိုသော အခြားအရည်အချင်းများနှင့် ပြည့်မီသူများအား အခွင့်အရေးတစ်ရပ်အနေဖြင့် ပြောင်းလဲပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကိုဖေဖော်ဝါရီ ၂၄ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဆုဆွတ်ခူးသူသည် ကမ္ဘာ့အဆင့် မယ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခွင့်နှင့် ဆုငွေ ကျပ်သိန်း ၃၀ ရရှိမည်ဖြစ်သည်။ ယခုပြိုင်ပွဲသို့ ဒီဇင်ဘာ၃၁ရက်ထိလာရောက်လျှောက်ထား သူ အယောက် ၁၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

## ဗြိတိန် ရုပ်သံဇာတ်လမ်း ကမ္ဘာတစ်ဝန်းတွင်ပြသ

**နယူးယောက်၊ ဇန်နဝါရီ - ၆**

၂၀ ရာစု ဗြိတိန်နိုင်ငံမှ နန်းဆန်သော မိသားစုနှင့် ၎င်းတို့၏ အစေခံများအကြောင်း ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဗြိတိန်ရုပ်သံဇာတ်လမ်းတွဲအား Third Season မှာပင် ကမ္ဘာတစ်ဝန်း နိုင်ငံနှင့် ဒေသပေါင်း ၂၀၀ ကျော်၌ ပြသနေကြောင်း သိရသည်။

Downtown Abbey ဇာတ်လမ်းတွဲ အောင်မြင်မှုနှင့် အတူ ဇာတ်လမ်းတွင် ပါဝင်သော Dan Stevens နှင့် Michelle Dockery တို့မှာလည်း ကမ္ဘာတစ်ဝန်း ကျော်ကြားလာကြသည်။ အဆိုပါ ဇာတ်လမ်းတွဲမှာလည်း သီးသန့်ရုပ်တည်နေသည်မဟုတ်ဘဲ ပထမကမ္ဘာစစ်ဖြစ်ပွားခြင်း၊ တိုင်တန်းနစ်သင်္ဘောနစ်ခြင်း၊ အိုင်ယာလန်နိုင်ငံ လွတ်မြောက်ခြင်းစသော ကမ္ဘာ့အဖြစ်အပျက်များနှင့် ဆက်စပ်ရိုက်ကူးထားသဖြင့် ကမ္ဘာတစ်ဝန်း ပရိသတ်များစွာ ရရှိနေသည်။


ဗြိတိန်နှင့် အမေရိကန်တွင်ပါ အောင်မြင်သော ရှားရှားပါးပါး ဇာတ်လမ်းဖြစ်ပြီး PBS ရုပ်သံ၏ အနှစ် ၄၀ အတွင်း လူကြိုက်အများဆုံး ဒရာမာဇာတ်လမ်းလည်းဖြစ်သည်။ “ဘယ်သူမှ ဒီလိုဖြစ်လာလိမ့်မယ်လို့ ထင်မထားဘူး” ဟု ယင်းဇာတ်လမ်း ဖန်တီးသူနှင့် ရေးသားသူ ဂျူလီယန်ဖဲလိုးစ်က မကြာသေးမီက ပြောကြားသည်။

ဗြိတိန် ITU မှ ၂၀၁၀ပြည့်နှစ် စက်တင်ဘာလတွင် စတင်ပြသခဲ့သော ဇာတ်လမ်းတွဲမှာ ယခုအခါတွင် ဆွီဒင်၊ ရုရှား၊ တောင်ကိုရီးယား၊ အရှေ့အလယ်ပိုင်းတွင် အထူးလူကြိုက်များပြီး ဒိန်းမတ်၊ စင်ကာပူ၊ ဘရာဇီး၊ ဩစတြေးလျ၊ နော်ဝေး၊ ဘယ်လ်ဂျီယမ်၊ အစ္စရေး၊ အိုက်စလန်စသော နိုင်ငံများတွင်လည်း လူကြိုက်အများဆုံး ဇာတ်လမ်းတွဲ တစ်ခုအဖြစ် ရပ်တည်နေသည်။

—Ref: NY Times



## ပူပူနွေးနွေး အကယ်ဒမီဆုရှင် နောင်နောင်ရဲ့ မင်္ဂလာသတင်း



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အေးသူစံ**

**ရန်ကုန်၊ဇန်နဝါရီ-၄**

‘ထာဝရအလင်းတန်းများ’ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ရရှိခဲ့သည့် သရုပ်ဆောင်နောင်နောင်သည် ဖေဖော်ဝါရီလတွင် ချစ်သူနှင့်လက်ထပ်တော့မည်ဖြစ်သည်။

“မင်္ဂလာပွဲကို မန္တလေးက အိုရီယန်တယ်ဟောက်စ်မှာ လုပ်မှာပါ။ ဖေဖော်ဝါရီ ၁၄ နဲ့ ၁၈ ရက် နှစ်ရက်ထဲက တစ်ရက်ကို ရွေးဖြစ်မှာပါ”ဟု နောင်နောင်က ပြောသည်။ နောင်နောင်၏ချစ်သူမှာ မန္တလေးမှ သာမန်အရပ်သူတစ်ဦးဖြစ်ပြီး နောင်နောင် မင်းသားမလုပ်ခင် ၂၀၀၄ ခုနှစ်ဝန်းကျင်ကတည်းက ချစ်သူများ ဖြစ်ခဲ့ကြကြောင်း သိရသည်။

နောင်နောင်သည် မန္တလေးအခြေစိုက် ရှီမြင့်ရုပ်ရှင်ထုတ်လုပ်သူ၏ တစ်ဦးတည်းသောသားဖြစ်ပြီး ပထမဆုံး ပါဝင်သရုပ်ဆောင်သော ရုပ်ရှင်ဇာတ်ကားနှင့် အကယ်ဒမီဆုကို ရရှိခဲ့သူလည်း ဖြစ်သည်။ ၂၀၀၅ ခုနှစ်နောက်ပိုင်းတွင် ဒါရိုက်တာမောင်တင်ဦး၊ ဒါရိုက်တာစင်ရော်မောင်မောင်တို့နှင့် ဗီဒီယိုဇာတ်ကားသုံးကား ရိုက်ကူးထားပြီးနောက် ယင်းဇာတ်ကားများမှာ ထွက်ရှိမလာသေးပေ။ အကယ်ဒမီရရှိခဲ့သည့် ‘ထာဝရအလင်းတန်းများ’ရုပ်ရှင်ဇာတ်ကားမှာလည်း ၂၀၁၂ နှစ်ကုန်ပိုင်းကျမှသာ ရုံတင်နိုင်ခဲ့ရာ အကယ်ဒမီဆုရှင် နောင်နောင်နှင့် ပရိသတ်များ ရင်းနှီးထိတွေ့မှု နည်းပါးသောကြောင့် အကယ်ဒမီရရှိခြင်းအပေါ် ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။

“ကျွန်တော့်ကို ကြိုက်သလို ဝေဖန်နိုင်ပါတယ်။ အဲဒီအတွက် ကျွန်တော် ဘာမှ ပြန်လည်းမတုံ့ပြန်ဘူး။ ဒေါသလည်းမထွက်ဘူး။ အနုပညာအလုပ်တွေကို ဆက်တိုက်လုပ်ဖြစ်တော့မှာပါ။ ရုပ်ရှင်နဲ့ ဗီဒီယိုတွေလည်း ဆက်တိုက်ရိုက်ပါမယ်”ဟုနောင်နောင်ကပြောသည်။ ‘ထာဝရအလင်းတန်းများ’ ရုပ်ရှင်ဇာတ်ကားသည် ထူးချွန်ဆုရှစ်ဆုဖြင့် ရုပ်ရှင်သမိုင်းတွင် စံချိန်သစ်တင်နိုင်ခဲ့သည်။ အကယ်ဒမီညွှန့်ခံပွဲအား ‘ထာဝရအလင်းတန်းများ’အဖွဲ့သားများ စုပေါင်းပြုလုပ်ရန်စီစဉ်နေပြီး အသေးစိတ်ကို သတင်းစာရှင်းလင်းပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း နောင်နောင်က ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.44 ▪ JANUARY 10 , 2013



# နာမည်ကျော်ကိုရီးယားမင်းသားရိန်း စစ်မှုထမ်းစဉ်အတွင်း ချစ်သူနှင့် ခိုးတွေ့ခဲ့ခြင်းကြောင့် အရေးယူခံရဖွယ်ရှိ

**ဆိုးလ်၊ ဇန်နဝါရီ-၅**
တောင်ကိုရီးယား ရုပ်ရှင်မင်းသား၊ အဆိုတော် ရိန်းသည် စစ်မှုထမ်း တာဝန်ထမ်းဆောင်စဉ်အတွင်း ချစ်သူနှင့် ချိန်းတွေ့ခဲ့မိသဖြင့် စစ်စည်းကမ်းအရ အရေးယူခံရဖွယ် ရှိနေကြောင်း ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ကာကွယ်ရေးဌာန၏ ပြောခွင့်ရ ပုဂ္ဂိုလ်ကင်မ်မင်ဆွတ်က အသက် ၃၀ အရွယ် ယင်းအဆိုတော်မင်းသားသည်လာမည့်အပတ်အတွင်း စည်းကမ်းဖောက်မှုဖြင့် စစ်တပ်စည်းကမ်းထိန်းသိမ်းရေးကော်မတီရှေ့မှောက်တွင် စစ်ဆေးခံရဖွယ်ရှိကြောင်း ဆိုသည်။

သို့သော် ၎င်းက ရိန်းသည် ပြစ်ဒဏ်ကြောင့် ထောင်ဒဏ်ချမှတ်ခံရဖွယ် မရှိကြောင်း ဆိုသည်။ ရိန်းသည်စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ရာတွင် အနုပညာရှင်ဖြစ်သောကြောင့် ကိုရီးယားစစ်တပ်၏ ရုပ်သံနှင့် ရေဒီယိုအစီအစဉ်များ၌ ဖျော်ဖြေရေးတပ်သားအဖြစ် ဆောင်ရွက်ခဲ့ရသည်။

၎င်းသည် တာဝန်ထမ်းဆောင်စဉ် ချစ်သူဖြစ်သည့် မင်းသမီးကင်မ်တေးဟီ(၃၂နှစ်)နှင့် ချိန်းတွေ့ခဲ့ရာစစ်စည်းကမ်းဖောက်ဖျက်သလို ဖြစ်ခဲ့ရသည်။ ကေပေ့ါပ်လောကနှင့် အာရှတစ်လွှားတွင်ပါ လူကြိုက်များသည့် သရုပ်ဆောင် ရိန်းသည် စစ်မှုထမ်းတာဝန်ထမ်းဆောင်စဉ် ယင်းသို့ ပျက်ကွက်ခဲ့၍ အရေးယူရန် တောင်းဆိုမှုများ ခံခဲ့ရပြီး လူထောင်ပေါင်းများစွာကလည်း ယင်းကိစ္စကိုစစ်ဆေးပေးရန် ကိုရီးယားကာကွယ်ရေး ဝန်ကြီးဌာနသို့ လက်မှတ်ရေးထိုး တောင်းဆိုပေးပို့ခဲ့ကြောင်း သိရသည်။ ရိန်းသည် ကင်မ်တေးဟီနှင့် ချစ်ကြိုက်နေကြောင်း မင်းသမီးကင်မ်၏ အေဂျင်စီကလည်း ပြီးခဲ့သည့် အပတ်အတွင်း ထုတ်ဖော်ဝန်ခံထားသည်။ -AFP/ CNA

# ဂျိမ်းစ်ဘွန်းရုပ်ရှင်နှစ် ၅၀ ပြောက် ဂုဏ်ပြုအစီအစဉ် အော်စကာဆုပေးပွဲတွင် ပါဝင်မည်



**လော့စ်အိန်ဂျလိစ်၊ ဇန်နဝါရီ-၅**
မကြာမီ ကျင်းပမည့် ၂၀၁၃ အော်စကာ အကယ်ဒမီဆုပေးပွဲတွင် ပြီးခဲ့သည့် ၂၀၁၂ အတွင်း သက်တမ်းနှစ်(၅၀)ပြည့်ခဲ့သည့် ဂျိမ်းစ်ဘွန်းရုပ်ရှင်များ ဂုဏ်ပြုသည့် အစီအစဉ်တစ်ရပ်ကိုလည်း ထည့်သွင်းတင်ဆက်သွားမည်ဟု သိရသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ဂျိမ်းစ်ဘွန်းရုပ်ရှင်ကားများသည် အတတ်ပညာပိုင်းဆိုင်ရာနှင့် အခြားကဏ္ဍဆိုင်ရာ အော်စကာဆုများ ရခဲ့ဖူးပြီး ယခုနှစ်(၈၅)ကြိမ်မြောက် အော်စကာ အကယ်ဒမီဆုပေးပွဲတွင်မူ အသစ်ထွက်ရှိထားသည့် Sky Fall ဇာတ်ကားဖြင့် ဆုတံဆိပ်များပိုမိုရနိုင်သည်ဟု ထင်ကြေးပေးခံနေရသည်။

အော်စကာဆုပေးပွဲ စီစဉ်သူများဖြစ်သော စရိတ်ချ်ဇာဒန်နှင့် နီးယဲလ်မီရွန်တို့က "ကျွန်တော်တို့ရဲ့ အော်စကာပွဲအခမ်းအနားမှာ ဘွန်းရုပ်ရှင်တွေရဲ့ နှစ်ငါးဆယ်ပြည့် မွေးနေ့အတွက် ဂုဏ်ပြုမယ့် အထူးအစီအစဉ်တစ်ရပ်ထည့်သွင်းထားတာကိုအလွန်ပဲ ပျော်ရွှင်နေရပါတယ်။ ၁၉၆၂ မှာ Dr.No ရုပ်ရှင်စတင်ပေါ်ထွက်ခဲ့တာနဲ့ ပြန်ကြည့်ရင် ဒီကားတွေဟာ ရုပ်ရှင်လောကမှာ သက်တမ်းအရှည်ဆုံး ဇာတ်ကားတွဲတွေဖြစ်ပြီး ကမ္ဘာတစ်ဝန်း လူကြိုက်များတဲ့ အသွင်သဏ္ဍာန်တစ်ရပ်လည်း ဖြစ်ပါတယ်" ဟု ပြောသည်။

ယခုအခါ ဘွန်းရုပ်ရှင်ကားများတွင် နောက်ဆုံးထွက်ရှိခဲ့သည့် Skyfall သည် ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ဗြိတိသျှ ရုပ်ရှင်သမိုင်း၌ ဝင်ငွေပေါင်သန်း ၁၀၀ ကျော်ရရှိသော ပထမဆုံးရုပ်ရှင်ကားအဖြစ် စံချိန်တင်နိုင်ခဲ့ကာ ယနေ့ အထိလည်း ကမ္ဘာတစ်ဝန်း အ တိုင်းအတာဖြင့် ဝင်ငွေကန်ဒေါ် လာတစ်ဘီလီယံကျော် ရရှိထားသည်။ Skyfall ဇာတ်ကားသည် ဗြိတိသျှမင်းသားဒင်နီယယ်ခရိတ်ချ်အတွက် တတိယမြောက် ၎င်း၏ဘွန်းရုပ်ရှင်ကားလည်းဖြစ်သည်။ -AFP






## စာ -၄၇၊ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့်တွေ့ဆုံခြင်း မှ

ကျွန်တော်လည်း သာမန် ပြည်သူ တစ်ဦးလိုပဲ ဘယ်ဆုကိုတော့ ဘယ်သူရပါတယ်လို့ပွဲမှာကြေညာ မှ သိတာပါ။ ဒါပေမဲ့ အရင်ကလည်း မှိုငြမ်းတာကိုပဲ အကောင်းဆုံးဇာတ်ကားဆုပေးခဲ့တာတွေရှိ ဖူးပါတယ်။ အဲဒီတုန်းက မီဒီယာတွေကလည်း ဒီလောက်မများ သေးဘူး။ မှီးတဲ့သူများကလည်း အင်မတန်တော်တော့ အမှီးမှန်း တောင်မသိဘဲ မြန်မာဇာတ်ကား စစ်စစ် ဖြစ်သွားတယ်။ ကျွန်တော်တို့ ခိုးကူးဖမ်းတာက ကျွန်တော်တို့ ပိုင်ဆိုင်မှုပစ္စည်းကို သူတစ်ပါးက အခကြေးငွေမပေးဘဲ ခိုးယူဖြန့်ချိ ထုတ်လုပ်ရောင်းချလို့ ဖမ်းတာပါ။

**ရုပ်ရှင်အစည်းအရုံးက ပေးမယ့် အကယ်ဒမီကရော အမှီးဇာတ်ဆို ပေးမှာပဲလား။**

ရုပ်ရှင်အစည်း အရုံးက ပေးမယ့်ဆုအတွက် စည်းမျဉ်းစည်းကမ်းတွေကို ဒီလမှာစရေးတော့ မှာပါ။ အလွှာအလိုက် ပညာရှင်တွေအကုန်ပါပါမယ်။ ရေးပြီးရင် တစ်လောကလုံးကို ချပြမှာပါ။ အားလုံးကသဘောတူရင် ပြည်သူကိုထပ်ပြီးချပြပါမယ်။ အခုချိန်မှာ ဘာမှမပြောနိုင်သေးပေမယ့် အခြေခံအားဖြင့် အနုပညာကို အနုပညာစံချိန်စံညွှန်းနဲ့ သတ်မှတ်မှာပါ။ သူ့နောက်ကွယ်က ပုဂ္ဂလိကခံယူချက်၊ လူမှုရေး ဘဝကိုမကြည့်ပါဘူး။ အမှီးတွေ ပေးမလားဆိုရင် အများကမပေးဘူးဆိုရင်မပေးဘူးလို့ ချမှတ်မယ်။ ဒီလိုမဟုတ်လည်း ၂၀၁၅ ဆိုမူပိုင်ခွင့်ဥပဒေတွေဆိုတာပေါ်လာမှာဖြစ်တဲ့အတွက် အမှီးဇာတ်ကားဆိုတာရှိချင်မှရှိတော့ပါမယ်။ ရှိရင်လည်း တရားစွဲခံရမှာပါ။ ဒါဆို မှိုငြမ်းတာနဲ့ပတ်သက်ပြီး ရှင်းလောက်ပြီ ထင်ပါတယ်။

**ကိုလူချောတို့အဖွဲ့ရဲ့ ပွဲမှာ လုပ်အားပေးတဲ့အနေအထားကြောင့် မီဒီယာသမားတွေနဲ့ ပရိသတ်အချို့တို့ အနှောင့်အယှက်ဖြစ်ခဲ့ရတာကရော ဘာကြောင့်ပါလဲ။**

အရင်နေပြည်တော်မှာလုပ်တုန်းက ကျွန်တော်တို့အနုပညာသမားတွေ ခုံပေါ်က ပြုတ်ကျတဲ့အထိ အတွန်းခံရ၊ အတိုက်ခံရဖြစ်ကြတယ်။ ဘာကြောင့်ဖြစ်လဲဆိုတော့ ဘေးပရိသတ်ပါတဲ့အခါကျတော့ ဆုပေးမယ့်သူက စင်ပေါ်ရောက်ပြီး ဆုလက်ခံရယူမယ့်သူ စင်ပေါ်မတက်နိုင်ဘဲ ပိတ်ဆို့နေတော့ ကိုလူချောတို့အဖွဲ့က အလယ်လျှောက်လမ်းမှာနေရာယူပြီး ဆုရှင်ကိုစင်ပေါ်ရောက်ဖို့ဆွဲထုတ်ရတဲ့အဆင့်ဖြစ်သွားပါတယ်။ အများအမြင်မှာတော့ ဆုရတဲ့သူကိုပဲ တရားခံဖမ်းသလိုဖမ်းလာတဲ့ ပုံစံမျိုးမြင်သွားတာပေါ့။ မီဒီယာများကလည်း သတင်းရရေးအတွက် သူ့သူကိုယ်ကိုယ်လုပ်ကြတာပဲ။ ဖယ်ခိုင်းရင်းနဲ့ နည်းနည်းပါးပါး ပဋိပက္ခရှိကုန်တယ်။ ဒီအကယ်ဒမီပွဲအပြီး ဇန်နဝါရီ၂ရက်က ပွဲရဲ့အားသာချက်၊ အားနည်းချက်တွေကိုပြန်သုံးသပ်ပါတယ်။

**ဒီဗီဒီဇာတ်ကားတွေကို ဇန်နဝါရီ ၁ ရက်ကစပြီး ရိုက်ကူးခွင့်မပြုတော့ဘူးလို့သိရပါတယ်။ ဘာကြောင့်ပါလဲ။**

ရုပ်ရှင်ဇာတ်ကားတွေ ထွက်ရှိမှုနည်းပါးတဲ့အချိန် ရုပ်ရှင်ရုံတွေမှာ ရုပ်ရှင်ပြဖို့ ကားထုပ်တွေမရှိတော့ဘူး။ ဒီတော့ ဗီဒီယိုကားထဲကမှ အဆင့်မြင့်မြင့်ရိုက်ကူးနိုင်တဲ့ ဇာတ်ကားတွေကို အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားများဆိုပြီး ရုပ်ရှင်ရုံတွေသေမသွားအောင် အစားထိုးပြခဲ့ရတာပါ။ မြန်မာပြည်မှာ ငှားရမ်းဆိုင်ကနေ ငှားရမ်းပြသတဲ့ဗီဒီယိုရှိတယ်။ ရုံတင်တဲ့ ဒီဗီဒီနဲ့ ရုပ်ရှင်တွေဆိုပြီး သုံးမျိုးသုံးစားရှိတယ်။ အခု ရုပ်ရှင်ထွက်တာတွေက ပြန်များလာတယ်။ မြန်မာ့ရုပ်ရှင်က ဒစ်ဂျစ်တယ်စနစ်ကိုကူးပြောင်းဖို့ တာစူနေချိန်မှာ ဒီဗီဒီတွေကို ဆက်ခွင့်ပြုထားရင်နောင်တစ်ချိန်ပေါ်လာမယ့် ဒစ်ဂျစ်တယ်ရုပ်ရှင်နဲ့ ဒီဗီဒီတွေ ရောယှက်ကုန်ပြီး ဘယ်ဟာက ရုပ်ရှင်မှန်းမခွဲနိုင်တော့ဘူး။ ဒါကြောင့် ထုတ်လုပ်သူအားလုံး သဘောတူညီမှုနဲ့ ရပ်ခဲ့တာပါ။ ကျွန်တော်တို့ရုပ်ရှင်အစည်းအရုံးက တစ်ဦးတစ်ယောက်တည်း သဘောနဲ့ ဆုံးဖြတ်ခဲ့တာမရှိပါဘူး။ တချို့က ဇင်ဝိုင်းကအမိန့်အာဏာနဲ့ ဒီဗီဒီမပြရတော့ဘူးလို့ လုပ်တယ်ထင်သွားမှာစိုးပါတယ်။

**ပုဂံဘုရားတွေမှာ ရုပ်ရှင်ရိုက်ရင် တစ်ဆူ ဆယ်သိန်းပေးရတဲ့နှုန်းကို ရုပ်ရှင်အစည်းအရုံးက ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီး နှုန်းထားပြင်ဆင်နိုင်ခဲ့တယ်လို့သိရပါတယ်။ ဘယ်လိုနှုန်းထားတွေ နဲ့ ပြင်ဆင်လိုက်တာပါလဲ။**

ကျွန်တော်တို့က ယဉ်ကျေးမှုဝန်ကြီးဌာနကို စာတင်ထားတုန်း သူတို့ဌာနကတော့ ဇာတ်လမ်းလေးကြိုတင်ပေးဖို့ ပြန်ကြားပါတယ်။ အလွန် သက်သာတဲ့နှုန်းထားနဲ့ ဗီဒီယိုဆိုရင်နှစ်သိန်းလောက် နဲ့ ကားကြီးဆို သုံးသိန်းလောက်ညှိနှိုင်းထားတယ်။ ရ၊ မရတော့မသိသေးပေမယ့် ယဉ်ကျေးမှုဝန်ကြီးက သက်သာစေရမယ်လို့ နှုတ်ကတိနဲ့ပေးထားပါတယ်။ ရုပ်ရှင်လောကသားတွေဘက်ကလည်း တစ်ကားဆိုပြီး နှစ်ကားရိုက်သွားတာမျိုး မလုပ်ဖို့၊ ပုဂံဖြစ်လို့ ယဉ်ကျေးမှုနဲ့ မလျော်ညီ မအပ်စပ်တာတွေ မရိုက်ကြဖို့ တောင်းဆိုထားပါတယ်။

**ဇာတ်ကားရိုက်ကူးရက်တွေကိုဇန်နဝါရီ ၁ ရက်ကစပြီး ကန့်သတ်သတ်မှတ်လိုက်တယ်လို့သိရပါတယ်။ ဘယ်လိုသတ်မှတ်လိုက်တာပါလဲ။**

တရားဝင်စာထုတ်ပြန်ပြီး ပါပြီ။ ဗီဒီယိုဆိုရင် ဆယ်ရက်၊ ရုပ်ရှင်ဆို အရက်နှစ်ဆယ်ပါ။ ဒါကြောင့် ဗီဒီယိုဆိုရင် တစ်လကို သုံးကားပဲ ရိုက်လို့ရတော့ ပြင်ဆင်ချိန် ပိုရလာမယ်။ အလုပ်အပေါ် အာရုံစူးစိုက်ချိန်ပိုရမယ်။ အရင်က တစ်လလေးကား၊ ငါးကား ရိုက်တယ်။ တစ်ကားကို ခြောက်ရက်ပဲရှိတယ်။ ဒါ့ပြင် ကြော်ငြာနဲ့ ကိုယ်ရေးကိုယ်တာတွေကို အချိန်ပေးရတော့ တစ်ကားဆို လေးရက်လောက်ပဲရှိတယ်။ တစ်ဖက်ကလည်း ဇာတ်ကားအရေအတွက် လျှော့ချဖို့ပါ။ ဗီဒီယိုဈေးကွက်ပျက်တယ်လို့ ပြောနေပေမယ့် တစ်ရက်၊ သုံးကားလောက်နေ့တိုင်း ထွက်နေတော့ ပရိသတ်ဝယ်လိုအားနဲ့ ရောင်းလိုအားမမျှတော့ဘူး။ အရေအတွက်လျှော့ချတာနဲ့တစ်ပြိုင်နက်အရည်အသွေးကိုလည်း တစ်ဖက်ကမြှင့်တင်သွားမယ်။

**သရုပ်ဆောင်တစ်ယောက်တစ်လ သုံးကားပဲ ရိုက်ဖို့ကို အစည်းအရုံးက ဘယ်လိုစိစစ်နိုင်မှာပါလဲ။**

ဇာတ်ကားတစ်ကား ရိုက်မယ်ဆိုရင်ရိုက်ကူးခွင့်တင်ရတာရှိတယ်။ ဥပမာ ဇန်နဝါရီ ၁ ကနေ ၁၀အထိ ဦးဇင်ဝိုင်းကိုပေးထားရင် သူ့ကိုထပ်ချပေးစရာမလိုတော့ဘူးလေ။ ဒီလိုစိစစ်မှာပါ။

**ဇာတ်ကားရိုက်ကူးခွင့်တော့တင်ရပြီးသရုပ်ဆောင်စာရင်းမတင်ရတော့ဘူးလို့သိရပါတယ်။ အဲဒါ ဘာကြောင့်ပါလဲ။**

အရင်က ရိုက်ကူးခွင့်တင်ရင် သရုပ်ဆောင်စာရင်းပါထပ်တင်ရတယ်။ အဲဒီစာရင်းမှာ ဒါကကျော်သူမို့၊ မေတ္တာမို့၊ ဇာဂနာမို့ မရပါဘူးဆိုပြီး စိစစ်တာရှိတယ်။ သူတို့မှာရှိတဲ့ အမည်မည်းစာရင်းထဲ ပါရင်၊ သူတို့ ကလန်ကဆန်လုပ်ထားရင် အနုပညာလုပ်ခွင့်မပေးဘူး။ ကျွန်တော်တို့မူအရတော့ အနုပညာသမားသည်လည်း နိုင်ငံသား ဖြစ်တယ်။ ကျွန်တော်တို့သည် မည်သည့်ပါတီကိုပဲဖြစ်ဖြစ် ကူညီခွင့်ရှိတယ်။ ဒါနိုင်ငံသား အခွင့်အရေးပဲ။ ဒါကြောင့် ဒီစာရင်းမတင်ရဖို့ လုပ်ခဲ့တာပါ။ အခု သူတို့ဆီမှာလည်း ဒီအမည်မည်းစာရင်းဆိုတာ မရှိတော့ပါဘူး။

**ကျေးဇူးတင်ပါတယ်။**

## ရုပ်ရှင်ကားများ ဒစ်ဂျစ်တယ်စနစ်ဖြင့် ရုံတင်ပြသရန် စီစဉ်

**အေးသူစံ၊ဖွဲ့ညက်**

**ရန်ကုန်၊ဇန်နဝါရီ-၅**

ရုပ်ရှင်ဇာတ်ကားများကို ဖလင်ဖြင့် ရိုက်ကူးရုံတင်ပြသခြင်းမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် ရုံတင်ပြသနိုင်ရန် စတင်စီစဉ်နေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများထံမှ သတင်းရရှိသည်။

ရုပ်ရှင်ဇာတ်ကားများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ရုံတင်ပြသနိုင်ရန်အတွက် ဒစ်ဂျစ်တယ်တည်းဖြတ်ခန်းတစ်ခု တည်ထောင်ရန် လိုအပ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ကျပ် ၁၂၁ သိန်းကျော်ကို ဝယ်ယူတပ်ဆင်ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

"ဒစ်ဂျစ်တယ်စနစ်ကိုကူးပြောင်းဖို့တာစူနေချိန်မှာ ဒစ်ဂျစ်တယ်စနစ်နဲ့တည်းဖြတ်ခန်းတစ်ခုကို အစည်းအရုံးမှာ ထူထောင်ဖို့ပြင်ဆင်နေပါပြီ"ဟု ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းကပြောသည်။

မြန်မာနိုင်ငံသည် ၁၉၈၈နောက်ပိုင်း ဖလင်ရှားပါးမှု ပြဿနာနှင့် ကြုံတွေ့ရပြီး ရုပ်ရှင်ဇာတ်ကား ရိုက်ကူးနိုင်မှုနည်းပါးလာကာ ဗီဒီယိုဇာတ်ကားများကို အစားထိုးရိုက်ကူးခဲ့ရသည်။ လက်ရှိ မြန်မာနိုင်ငံတွင်ရှိသော ရုပ်ရှင်ရုံအများစုမှာ ဖလင်စနစ်ဖြင့် ပြသသော ရုပ်ရှင်ရုံများဖြစ်သည်။ ဖလင်ရှားပါးကာ ဈေးနှုန်းကြီးမြင့်နေချိန်တွင် မြန်မာရုပ်ရှင်ဇာတ်ကားများကို HD ကင်မရာဖြင့် ရိုက်ကူးပြီး ပြည်တွင်းရှိဖလင်စနစ်နှင့် ကိုက်ညီစေရန် ထိုင်း၊စင်ကာပူစသည့် အိမ်နီးချင်းနိုင်ငံများရှိ စတူဒီယိုများတွင် ဖလင်အဖြစ်သို့ သွားရောက်ကူးပြောင်းကာ လည်ပတ်လုပ်ကိုင်နေကြခြင်းဖြစ်သည်။

ယခုကူးပြောင်းတော့မည့် ဒစ်ဂျစ်တယ်စနစ်တွင် ဖလင်ဖြင့် ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားများအစား ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးသည့် ရုပ်ရှင်ကားများကို ရုံတင်ပြသခွင့်ပြုမည်ဖြစ်ကြောင်း ဆာတိုရီထုတ်လုပ်ရေးမှ ဒါရိုက်တာရီဇော်ကပြောသည်။

"အခု ပြောင်းမယ့်စနစ်က ရုပ်ရှင်ရုံတွေမှာ ဖလင်ပြစက်တွေ တပ်စရာမလိုဘဲ ဒစ်ဂျစ်တယ်ရုပ်ရှင်ပြစက်တွေ တပ်ဆင်လိုက်ရုံနဲ့ ဒစ်ဂျစ်တယ်စနစ်ကို ကူးပြောင်းလို့ရမယ်"ဟု ၎င်းကရှင်းပြသည်။

ရန်ကုန်မြို့ မြို့ပတ်ရုပ်ရှင်ရုံများဖြစ်သည့် စံပြ၊ ရွှေမန်း စသည့်ရုံများတွင် ဒစ်ဂျစ်တယ်ရုပ်ရှင်ပြစက်များ တပ်ဆင်ပြီး ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံအဖြစ် ကူးပြောင်းရန် အစီအစဉ်ရှိကြောင်း သိရသည်။

"ဒစ်ဂျစ်တယ် ရုပ်ရှင်ရုံစနစ်ဆိုရင် ရုပ်ရှင်ဇာတ်ကားတွေ ရုံပြိုင်စနစ်နဲ့ ပြတာကိုလည်း အကောင်အထည်ဖော်နိုင်မယ်"ဟု ဒါရိုက်တာရီဇော် ကပြောသည်။

မြန်မာနိုင်ငံတွင် ရုပ်ရှင်ကားတစ်ကား ရိုက်ကူးပြီးပါက ရုံတင်ပြသနိုင်ရန် အနည်းဆုံး နှစ်နှစ်နီးပါးစောင့်ဆိုင်းရပြီး ယခုကဲ့သို့ ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းလိုက်ပါက ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရန် အချိန်ကြာမြင့်စွာစောင့်ဆိုင်းရမှုမရှိတော့ဘဲ ထုတ်လုပ်သူများမှ အကျိုးအမြတ်များကိုအချိန်တိုအတွင်းပြန်လည်ရရှိနိုင်မည်ဖြစ်သည်။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Hobbit: An Unexpected Journey | Warner Bros. Pic: | ၂၂၁,၇၄၃,၀၀၀ | ၃ |
| ၂။ | Les Miserables | Universal Pictures | ၆၆,၇၂၀,၂၀၀ | ၁ |
| ၃။ | Jack Reacher | Paramount Pictures | ၄၄,၆၆၁,၀၀၀ | ၂ |
| ၄။ | This Is 40 | Universal Pictures | ၃၆,၄၃၁,၄၀၀ | ၂ |
| ၅။ | Licoln | Touchston Pic & Walt Disney Pictures | ၁၃၁,၈၆၇,၀၀၀ | ၈ |
| ၆။ | The Guilt Trip | Paramount Pictures | ၂၁,၁၀၂,၀၀၀ | ၂ |
| ၇။ | Monsters, Inc. | Walt Disney Studios Pictures | ၁၈,၅၇၃,၉၀၀ | ၂ |
| ၈။ | Rise of the Guardians | Dream Works Studio & Paramount Pictures | ၉၀,၂၃၀,၀၀၀ | ၆ |
| ၉။ | Skyfall | Sony Pictures | ၂၈၉,၆၀၀,၀၀၀ | ၈ |
| ၁၀။ | Silver Linings Playbook | The Weinstein Company | ၂၇,၃၃၀,၀၀၀ | ၇ |

## Movie Review

### A Haunted House




မယ်လ်ကွန်နှင့် ကိုင်ရှာတို့သည် ငယ်ငယ်ရွယ်ရွယ်စုံတွဲတစ်တွဲဖြစ်ပြီး မကြာသေးမီကပင် ၎င်းတို့အတွက် အိပ်မက်အိမ်ကလေးဆီ ပြောင်းရွှေ့နေထိုင်ကြသည်။ အိမ်ပြောင်းရွှေ့ပြီးနောက်မှာပင် ထိုအိမ်တွင် သူတို့နှစ်ဦးတည်း ရှိနေသည်မဟုတ်ကြောင်း သူတို့သိရှိလာကြသည်။

ပြဿနာမှာ မစ္စစ်ကိုင်ရှာတစ်ယောက် သရဲစီးခံရခြင်းဖြစ်ရာ မယ်လ်ကွန်လည်း ချစ်သူနှင့် ဆက်ဆံရေး မပျက်ပြားအောင် အထူးသဖြင့် လိင်မှုဆက်ဆံရေး မပျက်ပြားရအောင် အောက်လမ်းဆရာများ၊ သရဲနှင်သူများနှင့် အတတ်နိုင်ဆုံး ကြိုးစားရပါတော့သည်။

ဒါရိုက်တာ Mike Tiddes ရိုက်ကူးထားသော ဟာသနှင့် ကြောက်မက်ဖွယ်ရာ ရောစပ်ထားသော ဇာတ်ကားတွင် Marlon Wayans, Essence Atkins, Cedric the Entertainer တို့ ပါဝင်သရုပ်ဆောင်ထားပြီး Open Road Filmsက ဇန်နဝါရီ၁၃ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

# CB ဘဏ် ဥက္ကဋ္ဌ ဟံသာဝတီယူနိုက်တက်ကို ယခင်ပိုင်ရှင်နှင့်အတူ ပူးတွဲတာဝန်ယူမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၅**

CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးသည် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင် ဟံသာဝတီယူနိုက်တက် အသင်းအား ယခင်ပိုင်ရှင်ဦးအောင်မိုးကျော်နှင့်အတူ ပူးတွဲတာဝန်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပဲခူးတိုင်းဒေသကြီး(တောင်ငူ) ဇာတိဖြစ်သော ဦးခင်မောင်အေးက ဒေသကို ချစ်မြတ်နိုးသည့်စိတ်ဖြင့် ဝင်ရောက်လုပ်ကိုင်ခြင်းဖြစ်ကြောင်း ဇန်နဝါရီလ ၅ ရက်က ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

အဆိုပါ စီးပွားရေးလုပ်ငန်းရှင်နှစ်ဦးသည် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ဟံသာဝတီ ယူနိုက်တက်အသင်းအား ငါးဆယ်ရာခိုင်နှုန်းစီ တာဝန်ယူသွားမည်ဖြစ်ကြောင်းနှင့်ဦးခင်မောင်အေးသည် အသင်းနာယကအဖြစ် လည်းကောင်း၊ ဦးအောင်မိုးကျော်သည်အအသင်းဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူသွားမည်ဖြစ်သည်။

"ဦးခင်မောင်အေးနဲ့ ကျွန်တော်အတူတူ မတည်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအသင်းရဲ့ ပိုင်ရှင်ကလည်း ဦးခင်မောင်အေးပါပဲ၊ အတူတူပါပဲ ၅၀ ရာခိုင်နှုန်းစီ ရှယ်ယာပါ" ဟု ဦးအောင်မိုးကျော်က ပြောသည်။




၂၀၀၉ ခုနှစ်က စတင်ကာ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဟံသာဝတီယူနိုက်တက်အသင်း (ယခင်ဥဿာယူနိုက်တက်)ကိုတာဝန်ယူခဲ့သည့် IBTC ကုမ္ပဏီဒါရိုက်တာ အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်အရ အဆိုပါအသင်းအား ဘောလုံးအဖွဲ့ချုပ်ထံ ပြန်လည်အပ်နှံသည့် အကြောင်းကြားစာကို ပြီးခဲ့သည့် လပိုင်းအတွင်း ပေးပို့ခဲ့သည်။

သို့သော် အသင်းအား IBTC ကုမ္ပဏီအနေဖြင့် မဟုတ်ဘဲ ဦးအောင်မိုးကျော်ကပင် အခြားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့်CB ဘဏ်ဥက္ကဋ္ဌဦးခင်မောင်အေးနှင့် ပူးတွဲဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယခင်က အသင်းအား ပြန်လည်အပ်နှံရန် ဆုံးဖြတ်ရခြင်းမှာ ကုမ္ပဏီစုအနေဖြင့် ဆက်လက်လုပ်ကိုင်ပါက အနာဂတ်တွင် ပြောင်းလဲပေါ်ပေါက်လာနိုင်သည့် အခြေအနေများအရ အခြားပူးတွဲရှယ်ယာများအား လေးစားသည့်အနေဖြင့် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ IBTC အမည်ဖြင့် ရှေ့ဆက်လုပ်၍ မရသော်လည်း ကုမ္ပဏီ၏ အချို့ရှယ်ယာရှင်များအနေဖြင့်လည်း ဟံသာဝတီဘောလုံးအသင်းအား ဝိုင်းဝန်းပံ့ပိုးသည့် အပိုင်းတွင် ပါဝင်လာဦးမည်ဖြစ်ကြောင်း ဦးအောင်မိုးကျော်က ပြောသည်။

"ဘောလုံးလောက တိုးတက်ဖို့အတွက် မိမိဒေသ၊ မိမိတိုင်းပြည်ကို ချစ်တဲ့စိတ်နဲ့ အကျိုးအမြတ်တစ်ခုမှ ရစရာမရှိဘဲနဲ့ ပေးဆပ်ရုံသက်သက်သာရှိတဲ့ ဒီဘောလုံးလောကထဲကို ဝင်ရောက်လာတဲ့အတွက် ကြိုဆိုကြောင်း ပြောကြားလိုပါတယ်" ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဦးဇော်ဇော်ကလည်း အဆိုပါအခမ်းအနားတွင် ပြောသည်။

ဦးခင်မောင်အေးအနေဖြင့် ဘောလုံးအသင်းအတွက် မည်မျှငွေကြေးသုံးစွဲမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း လိုအပ်သည့်အနေအထားအပေါ်တွင် ငွေကြေးသုံးစွဲသွားမည်ဖြစ်ကြောင်းနှင့် ဒေသခံအခြားလုပ်ငန်းရှင်များကိုလည်း ပူးပေါင်းပါဝင် ဆောင်ရွက်လာရန် ဆန္ဒရှိသည့်အတွက်ဝင်ရောက်လုပ်ကိုင်ခြင်းဖြစ်ကြောင်း ဆိုသည်။

# ဒဂုံရွှေအောင်လံပထမတန်းဆုကို တွေ့မရျောင်ရရှိ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇန်နဝါရီ-၆**

၂၀၁၃ ဒဂုံရွှေအောင်လံမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ပထမတန်းအောင်လံဗိုလ်လုပွဲတွင် နာမည်ကြီးတွေ့မရျောင်က ဖိုးကေကို ပထမအချီ၌ပင် အလဲထိုးကာ အနိုင်ယူခဲ့သည်။

နိုင်ငံခြားသား လက်ဝှေ့သမားများကို အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့သော မြန်မာ့ရိုးရာလက်ဝှေ့ကျော်နှစ်ဦး၏ ဗိုလ်လုပွဲကို အထူးအားခဲထားကြသော ပရိသတ်များအနေဖြင့်မူ ပထမအချီမပြီးခင် ပွဲပြီးသွားသည့်အတွက် အားမလိုအားမရဖြစ်ခဲ့ကြသည်။



**တွေ့မရျောင်နှင့်ဖိုးကေ အကြိတ်အနယ်ထိုးသတ်စဉ်** ဓာတ်ပုံ - ကျော်ဇင်သန်း

ပထမအချီ စတင်ချိန်မှာပင် တွေ့မရျောင်က ဖိုးကေအား တရစပ်တိုက်စစ်ဆင်ကာ လက်သီး၊ ခြေကန်ချက်များဖြင့် ယှဉ်ပြိုင်ထိုးနိုင်ခဲ့သည်။ ဖိုးကေသည်ပြိုင်ဘက်ထက် အလုံးအထည် အရပ်အမောင်း အသာရခဲ့သော်လည်း ခံနိုင်ရည်မရှိခဲ့ဘဲ တွေ့မရျောင်၏ ထိုးချက် ကန်ချက်များအောက်တွင် မကြာခဏလဲကျခဲ့ရသည်။

ပထမအချီ ၂မိနစ်စက္ကန့် ၂၀ အရောက်တွင်မူ တွေ့မရျောင်၏ ကန်ချက်ထိမိသွားသော ဖိုးကေလဲကျသွားခဲ့ပြီး ဆက်လက်မယှဉ်ပြိုင်နိုင်တော့သည့်အတွက် တွေ့မရျောင် အနိုင်ရရှိကာ ပထမတန်းအောင်လံကို ရရှိခဲ့သည်။ ဒုတိယတန်းအောင်လံ ဗိုလ်လုပွဲတွင် တူးတူးက ဖိုးသားကြီးကို အမှတ်ဖြင့်လည်းကောင်း၊ တတိယတန်းအောင်လံ ဗိုလ်လုပွဲတွင် ရဲမြင့်အောင်က မြားထက်အောင်ကို တတိယအချီတွင် အလဲထိုးကာ အနိုင်ယူခဲ့ကြကာ အောင်လံဆုများ ရယူခဲ့ကြသည်။

အထူးဒဂုံရွှေအောင်လံပွဲစဉ်များတွင် ထွန်းထွန်းမင်း(မြန်မာ)က ဂျာမနီလက်ဝှေ့သမား ဖဲလစ်ကို ဒုတိယအချီတွင် အလဲထိုးအနိုင်ရရှိခဲ့ပြီး ထွန်းထွန်း(မြန်မာ)က အီရန်လက်ဝှေ့သမား အက်ရှ်ခန်အမ်တီဒါဘီကို ပထမအချီ၌ပင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲစဉ်များတွင်မူ အောင်သူရိန်က ရဲရင့်ထွန်းကို အနိုင်ရရှိခဲ့ပြီး ဖွဲ့မောင်မောင်နှင့် ထက်ကို၊ စလုကာနှင့် ရှမ်းသွေးလေးတို့၏ ပွဲစဉ်များသည် သရေရလဒ်များဖြင့် ပြီးဆုံးခဲ့သည်။

# မြန်မာလိဂ် အဖွင့်ပွဲစဉ်များတွင် အသင်းကြီးအချို့ ရလဒ်မကောင်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇန်နဝါရီ-၆**

၂၀၁၃ မြန်မာနေရှင်နယ်လိဂ် ပွဲဦးထွက်ပွဲစဉ်များကို ဇန်နဝါရီ ၅ ရက်က စတင်ကျင်းပခဲ့ရာ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရရှိခဲ့သော်လည်း အသင်းကြီးအချို့မှာ ရလဒ်မကောင်းခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်ယူနိုက်တက်အသင်းက ဖွဲ့ကပင်အသင်းကို (၂-၀) ဂိုးဖြင့် ပွဲဦးထွက် အနိုင်ရရှိခဲ့သော်လည်း ယခုရာသီအတွက် အထူးပြင်ဆင်ထားသော ရတနာပုံအသင်းနှင့် အသင်းကြီး ကမ္ဘောဇအသင်းတို့မှာ နိုင်ပွဲရလဒ် မရရှိခဲ့ကြပေ။

ရတနာပုံအသင်းသည် အိမ်ကွင်း(ဗထူး)တွင် ရခိုင်ယူနိုက်တက်အသင်းအား တစ်ဂိုးစီသရေကျခဲ့ပြီး ကမ္ဘောဇအသင်းမှာ အိမ်ကွင်း(တောင်ကြီး)၌ ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်သည့်ဆောက်သမ်းမြန်မာအသင်းကို (၀-၁)ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဇေယျာရွှေမြေအသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ခြေသလုံးကျိုးဒဏ်ရာကြောင့် ကာလကြာရှည် အနားယူနေရသည့် တိုက်စစ်မှူးစည်သူဝင်း၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ယူခဲ့သည်။ မကွေးနှင့် နေပြည်တော်၊ ရောဝတီနှင့် မနောမြေအသင်းတို့၏ ပွဲစဉ်များတွင် အရှုံးအနိုင် အဖြေမပေါ်ခဲ့ဘဲ သရေရလဒ်များသာ ဖြစ်ပေါ်ခဲ့သည်။

ပွဲစဉ်(၁)အပြီးတွင် ရန်ကုန်ယူနိုက်တက်၊ ဇေယျာရွှေမြေ၊ ဆောက်သမ်းမြန်မာအသင်းတို့က ရမှတ်သုံးမှတ်စီဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ မြန်မာလိဂ်ပွဲစဉ် (၂)များကို ဇန်နဝါရီ ၁၂၊ ၁၃ ရက်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ရတနာပုံနှင့် မကွေး၊ နေပြည်တော်နှင့် ရောဝတီ၊ မနောမြေနှင့် ကမ္ဘောဇ၊ ဆောက်သမ်းမြန်မာနှင့် ဟံသာဝတီ၊ ဖွဲ့ကပင်နှင့် ဇေယျာရွှေမြေ၊ ရန်ကုန်ယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

# ဘာရာဇီးလက်ရွေးစင်ဟောင်းအသင်း ခရီးစဉ်ပျက်သွား၍ စီစဉ်ထားသည့် ခြေစမ်းပွဲဖျက်သိမ်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇန်နဝါရီ-၅**

ဘာရာဇီးလက်ရွေးစင်ဟောင်းများ ပါဝင်မည့် အသင်းသည် ၎င်းတို့၏ အာရှနိုင်ငံအချို့သို့ လာရောက်မည့်ခရီးစဉ်အား ဖျက်သိမ်းလိုက်သည့်အတွက် ဇန်နဝါရီလ တတိယပတ်အတွင်း ရန်ကုန်မြို့၌ စီစဉ်ထားသည့်ခြေစမ်းပွဲကိုလည်း ဖျက်သိမ်းလိုက်ရကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအချို့သို့ ခြေစမ်းပွဲများ လာရောက်ကစားရန် စီစဉ်ထားသည့် ဘာရာဇီးကစားသမားဟောင်းများ ပါဝင်သော အသင်းသည် ၎င်းတို့၏ ကစားသမားများ စုဆောင်းမှုတွင် အဆင်မပြေဖြစ်ခြင်းကြောင့် 2013 Asia Tour ခြေစမ်းပွဲခရီးစဉ်ကိုပယ်ဖျက်လိုက်ကြောင်းဆက်သွယ်အကြောင်းကြားလာသည်။ ထို့ကြောင့် ရန်ကုန်မြို့တွင် စီစဉ်ထားသည့်ခြေစမ်းပွဲကိုလည်းဖျက်သိမ်းလိုက်ရကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

"တစ်ဖက်က စီစဉ်ပေးတဲ့သူက ဘာရာဇီးနာမည်ကျော် ကစားသမားဟောင်းတွေ လိုက်မလာနိုင်တဲ့အတွက် Asia Tour အစီအစဉ်တစ်ခုလုံး ပယ်ဖျက်လိုက်တယ်လို့ ပြောပါတယ်။ ထိုင်း၊ မလေးရှားကိုသွားမယ့် အစီအစဉ်တွေကိုလည်း ဖျက်သိမ်းလိုက်တာပါ။ ကျွန်တော်တို့ဘက်က ကြိုတင်စီစဉ်မှုတွေနဲ့ ခြေစမ်းပွဲအတွက် လေ့ကျင့်မှုတွေတောင် လုပ်နေကြပါပြီ။ ပရိသတ်တွေလည်း ကြည့်ဖို့အားခဲထားကြတဲ့အတွက် စိတ်မကောင်းပါဘူး" ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

မူလအစီအစဉ်အရ ၁၉၉၄ နှင့် ၂၀၀၂ ဖီဖာကမ္ဘာ့ဖလားချန်ပီယံအသင်းများတွင် ပါဝင်ကစားခဲ့သည့် ဘာရာဇီးလက်ရွေးစင်ဟောင်းများအသင်းသည် မြန်မာနိုင်ငံတွင် လေးရက်ကြာနေထိုင်သွားမည်ဖြစ်ပြီး ဇန်နဝါရီ ၂၃ ရက်တွင် မြန်မာ့လက်ရွေးစင်ဟောင်းများနှင့် ခြေစမ်းပွဲတစ်ပွဲယှဉ်ပြိုင်ကစားကာ မြန်မာလူငယ်များအတွက်လည်း ဘောလုံးအားကစားနည်းများနှင့် ပတ်သက်၍ သင်ကြားပို့ချသွားမည်ဖြစ်ကာ မြန်မာပရိသတ်များနှင့်လည်း ထိတွေ့ရန် စီစဉ်ထားခဲ့သည်။

# တိုက်စစ်မှူးကျော်ကိုကိုအား ရန်ကုန်ယူနိုက်တက် ခေါ်ယူ

**ခန့်ထက်**

**ရန်ကုန်၊ဇန်နဝါရီ-၅**

မြန်မာနေရှင်နယ်လိဂ် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းသည် မြန်မာ့လက်ရွေးစင်နှင့် ဇေယျာရွှေမြေအသင်း တိုက်စစ်မှူးကျော်ကိုကိုအား ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ကျော်ကိုကိုအား ဇန်နဝါရီ ၄ ရက်တွင် အပြီးသတ်ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းနှင့် အတူရတနာပုံအသင်းနှင့်ကမ္ဘောဇအသင်းတို့ကလည်း ၎င်းအားခေါ်ယူရန် ကြိုးစားခဲ့ကြသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် မိမိ၏ ဘဝတက်လမ်းအတွက် အကောင်းဆုံးအသင်းဖြစ်ပြီး ဘဝအောင်မြင်မှုအတွက် အားကိုးအားထား ပြုနိုင်မည့် အသင်းတစ်သင်းဖြစ်သည်ဟု တိုက်စစ်မှူးကျော်ကိုကိုကပြောသည်။

"ကျော်ကိုကို ဆိုရင်လည်း မြန်မာ့လက်ရွေးစင် တိုက်စစ်မှူးဖြစ်လို့ အရည်အသွေးပိုင်းမှာ သံသယရှိစရာ မရှိပါဘူး"ဟု ရန်ကုန်ယူနိုက်တက်အသင်း၏ အထွေထွေအတွင်းရေးမှူး ဦးဇွဲလှိုင်မိုက အသင်း၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ပြောကြားထားသည်။



ကျော်ကိုကို

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်ယူနိုက်တက်အသင်းက ကျော်ကိုကိုအား ခေါ်ယူရာတွင် စာချုပ်သက်တမ်း ၂ နှစ်နှင့် ၃ နှစ်ကြား ချုပ်ဆိုခဲ့ကြောင်း အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သို့သော်ပြောင်းရွှေ့ကြေးနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း မရှိပေ။

ရန်ကုန်ယူနိုက်တက်အသင်းသည် ကျော်ကိုကို မတိုင်မီ ဟံသာဝတီမှ အောင်မိုး၊ ရခိုင်ယူနိုက်တက်မှ နေဝင်း၊ မကွေးအက်ဖ်စီမှ အောင်ဝေဖြိုး(ဂိုး)၊ ရတနာပုံမှ ကိုနေး၊ ဇွဲကပင်မှ ဂန္ဓန်ဆီယန်နှင့် ဩစတြေးလျမှ ဆီဗက်ကော့စကီး အစရှိသော ကစားသမားခြောက်ဦးအား ခေါ်ယူထားခဲ့သည်။

ထို့ကြောင့် ကျော်ကိုကိုသည် ယခုနှစ်ရာသီအတွက် ရန်ကုန်အသင်းမှခေါ်ယူသော ခုနစ်ယောက်မြောက် ကစားသမားဖြစ်လာသည်။

အသင်းတွင်ရှိနေသော နိုင်ငံခြားကစားသမား တိုက်စစ်မှူးများနှင့် ယှဉ်ပြိုင်ကာ ပုံမှန်နေရာရရေးအတွက် ကြိုးစားရမည့် အပေါ် မိမိအနေဖြင့်စိုးရိမ်စရာမရှိကြောင်း ကျော်ကိုကိုက ပြောသည်။

ကျော်ကိုကိုသည် ပြီးခဲ့သည့် ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့ပြီး အာရှ ယူ-၂၂ ခြေစစ်ပွဲမှ ရ ရှိခဲ့သည့် ဒဏ်ရာအခြေအနေကြောင့် ၂၀၁၂ ဆူဇူကီးဖလားပြိုင်ပွဲ လွဲချော်ခဲ့သည်။

ဇေယျာရွှေမြေအသင်း၏ ၂၀၁၂ မြန်မာလိဂ် ဒုတိယအကျော့ပွဲစဉ်များကိုလည်း လွဲချော်ခဲ့ရပြီး ယခုနှစ် ဘောလုံးရာသီအစတွင် ရန်ကုန်ယူနိုက်တက်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

# သဲသောင်ပြင်ဘောလုံးပြိုင်ပွဲတွင် ရုပ်ရှင်အစည်းအရုံးအသင်းပါဝင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇန်နဝါရီ-၅**

ပြိုင်ပွဲဝင်အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်မည့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို ငွေဆောင်ကမ်းခြေ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ADMA ကုမ္ပဏီက စီစဉ်ကျင်းပသည့် အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၂၃ မှ ၂၇ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ဖူဆယ်လိဂ်ပြိုင်ပွဲမှ ACE ၊ ရန်ကုန်စီးတီး၊ UPT၊Royal Land အသင်းလေးသင်း၊ ADMA အသင်းနှင့် သရုပ်ဆောင်မင်းသားများ ပါဝင်မည့် ရုပ်ရှင်အစည်းအရုံးအသင်း စုစုပေါင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

"တစ်ရက်ကို ပွဲစဉ်သုံးပွဲကျင်းပမှာဖြစ်ပြီး ကြားချိန်တွေမှာ ကမ်းခြေပုံစံအလိုက် ဖျော်ဖြေတင်ဆက်မှုတွေလည်း ပါဝင်မှာဖြစ်ပါတယ်"ဟု ADMA အသင်းမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ဆုကြေးအဖြစ် ပထမဆုကျပ်သိန်း ၂၀ နှင့် ဆုဖလား၊ ဒုတိယဆု ကျပ် ၁၅ သိန်း၊ တတိယဆု ကျပ် ၁၀ သိန်းနှင့် စတုတ္ထ၊ ပဥ္စမနှင့် ဆဋ္ဌမဆုများအတွက် ကျပ်ငါးသိန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

"လာမယ့်(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ရွက်လှေပြိုင်ပွဲကို ငွေဆောင်ကမ်းခြေမှာ ပြုလုပ်မှာဖြစ်တဲ့အတွက် ငွေဆောင်နဲ့ အားကစားအတွဲအဖက်ရှိစေဖို့ စီစဉ်ဖြစ်တာပါ။ သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို အရင်က အပျော်ကစားဖြစ်ပေမယ့် စနစ်တကျ ယှဉ်ပြိုင်ကစားလာဖို့လည်း ဖြစ်စေချင်ပါတယ်။ ဒီနှစ် ပထမခြေလှမ်းအဖြစ် အောင်မြင်ရင် နောက်ပြိုင်ပွဲတွေအတွက်လည်း စီစဉ်သွားမှာပါ"ဟု အဆိုပါတာဝန်ရှိသူက ဆိုသည်။

ရုပ်ရှင်အစည်းအရုံးအသင်းနှင့် ADMA အသင်းတို့တွင် သရုပ်ဆောင်မင်းသား ခြောက်ဦးစီ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အနုပညာရှင်များပါဝင်သည့်အတွက် ပရိသတ်များ ပိုမိုစိတ်ဝင်စားစေရန် ရည်ရွယ်ကြောင်း ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးက ပြောသည်။






7DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

# မန်ယူ – လီဗာပူး အာဆင်နယ် – မန်စီးတီး ပါးမား – ဂျူဗင်တပ် မာလဂါ – ဘာစီလိုနာ ပွဲကောင်းတွေနဲ့ ယခုတစ်ပတ် ဥရောပလိဂ်ပွဲစဉ်များ

ကိုအေးမြတ်



ဒီတစ်ပတ် ကြည့်ရှုရမယ့် ဥရောပလိဂ်ပွဲတွေမှာ ပရီးမီးယားလိဂ်မှာ စူပါဆန်းဒေးပွဲကြီးတွေ အဖြစ် မန်ယူ-လီဗာပူး၊ အာဆင်နယ်-မန် စီးတီး ပွဲတွေ ပါဝင်သလို စီးရီးအေမှာလည်း အိမ်ကွင်းကစားရမယ့် အင်တာ၊ လာဇီယိုတို့ရဲ့ ပွဲတွေ၊ ပါးမားနဲ့အဝေးကွင်းဖြစ်သန်းရမယ့် ထိပ်ဆုံးက ဂျူဗင်တပ်ရဲ့ ပွဲတွေ ပါဝင်နေပါတယ်။ စပိန်လာလီဂါမှာတော့ ဘာစီလိုနာထိပ်ဆုံးက အမှတ်ဖြတ်ထားဆဲဖြစ်ပြီး မာလဂါနဲ့ အဝေးကွင်းကစားရဖို့ ရှိနေပါတယ်။ ရာသီဝက်အပြီးမှာ လိဂ်သုံးခုလုံးရဲ့ အနေအထားက ဇယားထိပ်က ဦးဆောင်သူနဲ့ ဒုတိယနေရာက အသင်းတွေကြား အမှတ်ကွာဟမှု ပြတ်သားလာနေတာလည်း ထူးခြားချက်ပါ။

**ပရီးမီးယားလိဂ်**

**၁၂ ဇန်နဝါရီ(စနေ)**
**စတုတ်-ချယ်လ်ဆီး**
**(ည ၉း၃၀ နာရီ)**
**ပကျော့ရလဒ်-၀-၁**

ချယ်လ်ဆီးတို့ စတုတ်ကို အဝေးကွင်းရလဒ် မကောင်းလေ့ရှိတဲ့ သမိုင်းရှိထားပါတယ်။ ဒါ့ကြောင့် အစဉ်အလာအတိုင်း ချယ်လ်ဆီး ဂိုးနည်းနိုင်တယ်။ သရေဖြစ်သွားနိုင်ခြေလည်း ရှိနေပါတယ်။

**၁၃ ဇန်နဝါရီ(တနင်္ဂနွေ)**
**မန်ယူ-လီဗာပူး(ည ၈း၀၀ နာရီ)**
**ပကျော့ရလဒ်-၂-၁**

ဇယားထိပ်က မန်ယူတို့ နိုင်ပွဲပြန်ရလာနေတဲ့ ညှော့သည် လီဗာပူးကို သတိထားရပါမယ်။ မန်ယူ ဂိုးအနည်းနဲ့ နိုင်ဖို့လောက်ပဲ ရှိတယ်။ လီဗာပူးမနိုင်လောက်ပေမယ့် သရေမျှော်လင့်ခွင့် ရှိနေပါတယ်။

**အာဆင်နယ်-မန်စီးတီး**
**(ည၁၀း၃၀ နာရီ)**
**ပကျော့ရလဒ် - ၁-၁**

အကြိတ်အနယ်ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ အာဆင်နယ် အိမ်ကွင်း ခြေစွမ်းကောင်းသလို မန်စီးတီးကလည်း အဝေးကွင်း ရှုံးပွဲတစ်ပွဲပဲ ရှိတယ်။ ဒါပေမဲ့ အဝေးကွင်းသရေပွဲ အများဆုံးအသင်းတွေထဲ မန်စီးတီးလည်း ပါဝင်နေတာကြောင့် ဂိုးနည်းမယ့် ပွဲဖြစ်မှာကျိန်းသေပါ။ မန်စီးတီးကို ပိုကြိုက်ပါတယ်။

**၁၅ ဇန်နဝါရီ(အင်္ဂါ)**
**ကျူပီအာ-စပါး**
**(နံနက် ၂း၃၀ နာရီ)**
**ပကျော့ရလဒ် -၁-၂**

အကြိတ်အနယ် ဖြစ်ဦးမယ့် လန်ဒန်ဒါဘီပါ။ ကျူပီအာတို့ ဒီရာသီအိမ်ကွင်းရလဒ် အဆိုးရွားဆုံး ဖြစ်နေပေမယ့် ခံကစားနိုင်ပြီး ဂိုးနည်းမှာပါ။ စပါးနိုင်လည်း အမြင့်ဆုံး နှစ်ဂိုးလောက်ပါပဲ။

**စီးရီးအေ**

**၁၂ ဇန်နဝါရီ(တနင်္ဂနွေ)**
**အင်တာမီလန် -ပက်စကာရာ**
**(နံနက် ၂း၁၅ နာရီ)**
**ပကျော့ရလဒ် -၃-၀**

အင်တာတို့ အိမ်ကွင်းမှာ လန်းမှာပါ။ တောက်လျှောက်နိုင်ပွဲတွေရဖို့ လိုနေတာကြောင့် ဒီပွဲကစပြီး အနိုင်သုံးမှတ် ရယူဖို့ များတယ်။ နှစ်ဂိုးလောက်ရနိုင်ပါတယ်။

**လာဇီယို-အတ္တလန်တာ**
**(ည ၈း၃၀ နာရီ)**
**ပကျော့ရလဒ် -၁-၀**

လာဇီယိုအိမ်ကွင်းမှာ အတ္တလန်တာကို မရှုံးတာကြာပါပြီ။ နောက်ဆုံးငါးပွဲ ဆက်တိုက်ရှုံးပွဲမရှိတဲ့ လာဇီယိုကပဲ အိမ်ကွင်းမှာ ဂိုးအနည်းနဲ့ နိုင်ခြေများတယ်။

**ပါးမား-ဂျူဗင်တပ်**
**(ည ၈း၃၀ နာရီ)**
**ပကျော့ရလဒ် -၀-၂**

ဂျူဗီတို့ အဝေးကွင်းနိုင်ပွဲ ရမလား စောင့်ကြည့်ရမယ်။ ဒီရာသီအဝေးကွင်း ရှုံးပွဲတစ်ပွဲသာ ရှိထားတဲ့ ဂျူဗီတို့ ပါးမားကို ဂိုးအနည်းနဲ့ ကပ်နိုင်မှာပါ။ အပြန်အထန်သွင်းဂိုးတွေနဲ့ ဂျူဗီနိုင်မယ်။

**လာလီဂါ**

**၁၃ ဇန်နဝါရီ(စနေ)**
**အိုဆာဆူနာ-ရီးရဲလ်မက်ဒရစ်**
**(နံနက် ၁း၃၀ နာရီ)**

ရီးရဲလ်တို့ အဝေးကွင်းရလဒ်ပိုင်း အကောင်းဆုံးကြီး မဟုတ်ပေမယ့် နိုင်ခြေများဆဲပါ။ အိုဆာဆူနာ သရေဆို ကျေနပ်ရမှာဖြစ်ပြီး ရီးရဲလ်နိုင်ရင်လည်း အများဆုံး နှစ်ဂိုး လောက်ပဲ ရမှာပါ။

**ဗလင်စီဟာ-ဆီဗီက**
**ပကျော့ရလဒ် -၁-၂**

**၁၄ ဇန်နဝါရီ(တနင်္လာ)**
**မာလဂါ-ဘာစီလိုနာ**
**(နံနက် ၂း၃၀ နာရီ)**
**ပကျော့ရလဒ် -၁-၄**

ဇယားမှာ ရပ်တည်မှု သိပ်မကွာပေမယ့် အမှတ်ကွာနေတဲ့ နှစ်သင်းတွေ့တာပါ။ မာလဂါတို့ အိမ်ကွင်းမှာ ဘာကာဆီက အမှတ်ယူနိုင်မလား ကြည့်ရမယ်။ အဝေးကွင်း ရှုံးပွဲ မရှိ စံချိန်တင်ထားတဲ့ ဘာကာတို့ သရေပဲ အဆိုးဆုံးဖြစ်နိုင်တယ်။ ခြေစွမ်းအရ ဘာကာ နှစ်ဂိုးလောက် ရနိုင်ပါတယ်။

## ရာသီအကုန်တွင် ချယ်လ်ဆီးမှ လမ်းပတ်ထွက်ခွာမည်ဟု အေးဂျင့်အတည်ပြု

**လန်ဒန်၊ ဇန်နဝါရီ-၇**

အင်္ဂလန် လက်ရွေးစင်အသင်း၏ ကွင်းလယ်လူ ချယ်လ်ဆီးအသင်း ခေါင်းဆောင် ဖရန့်လမ်းပတ်သည် ယခုနှစ် ဘောလုံးရာသီ အကုန်တွင် ကလပ်အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့် စတိဗ်ကွတ်တာနာက အတည်ပြုပြောကြားလိုက်သည်။

အေးဂျင့်စတိဗ်က လမ်းပတ်သည် ၂၀၀၁ မှ စတင်၍ ပါဝင်ကစားခဲ့သော ချယ်လ်ဆီးမှ ထွက်ခွာမည်ဖြစ်ကြောင်း ဆိုသည်။ ဒေးလီးမေးလ်သတင်းသို့ စတိဗ်က ပြောကြားရာ၌ “ချယ်လ်ဆီးအသင်းအမှုဆောင် လူကြီးတွေက ပြီးခဲ့တဲ့ ကလပ်ကမ္ဘာ့ဖလားပွဲ ဂျပန်မှာ လုပ်စဉ်တုန်းကဖရန့်ကိုပြောခဲ့ပါတယ်။ ပြီးတော့လည်း မကြာခင်က အဲဗာတန်ကို နိုင်ခဲ့တဲ့ပွဲအပြီးမှာလည်း ဒီရာသီအကုန်မှာ ကလပ်မှာ ဆက်နေဖို့ စာချုပ်အသစ် ကမ်းလှမ်းမှု မရှိတော့ပါဘူးလို့ အတည်ပြုခဲ့ကြပါတယ်” ဟု ပြောသည်။ သတင်းများအရ အသက် ၃၄ နှစ်အရွယ်ရှိလမ်းပတ်အား ချယ်လ်ဆီးက အသင်းတွင် ဆက်လက်နေရန် လုပ်ခလစာလျှော့ချ၍သာ ကမ်းလှမ်းသွားဖွယ်ရှိကြောင်း သိရသည်။

ချယ်လ်ဆီးပရိသတ်များကမူ အက်ဖ်အေဖလားပွဲတွင် ဆောက်သမ်တန်အား ၅-၁ ဂိုးဖြင့် နိုင်ခဲ့သောပွဲ၌ လမ်းပတ်ကို စာချုပ်ဆက်ချုပ်ရန်သံပြိုင်ဟစ်ကြွေး၍ ဆန္ဒပြခဲ့ကြကြောင်းသိရသည်။

—*Ref: Eurosport*

7DAY SHOPPING GUIDE
Since 2010
Save Money, Save Time
With 7 Day Shopping Guide
Hot Line 09 730 53320
www.7dayshoppingguide.com

PEOPLE ၂၀၁၁ အကယ်ဒမီ အထူးထုတ်
အကယ်ဒမီပွဲတက် မင်းသား မင်းသမီးများ၏ ပွဲတက်ဖက်ရှင်များ
အကယ်ဒမီဆုရှင်များ၏ အလှဓာတ်ပုံများ
၂၀၁၂ အကယ်ဒမီ အကြိုခန့်မှန်းခြင်း
ကြွေသားစက္ကူများဖြင့် ကာလာစုံပုံနှိပ် ဖြန့်ချိပေးနေပါသည်။
စာအုပ်မှာယူရန် – ၀၉ ၇၃၀ ၅၃၃၂၀




ရောင်းဈေး – ၁၅၀၀ ကျပ်



## ဂျူစွမ်းအင် ပြန်လည်သုံးစွဲမည် မဟုတ်ဟု ဂျာမနီဝန်ကြီးပြောကြား

**ဘာလင်၊ ဇန်နဝါရီ-၅**

ဂျာမနီနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်ကို မည်သည့်အချိန်တွင်မှ ပြန်လည်သုံးစွဲလိမ့်မည် မဟုတ်ကြောင်း ဂျာမနီသဘာဝပတ်ဝန်းကျင်ဝန်ကြီး ပီတာအက်မိုင်ကပြောကြားပြီး နျူစွမ်းအင်သုံးစွဲမှု အဆင့်လိုက်လျှော့ချရေး ဘာလင်၏ စိတ်ပိုင်းဖြတ်ချက် ခိုင်မာမှုအပေါ် သံသယရှိနေသော ထိပ်တန်း ဥရောပသမဂ္ဂ အရာရှိတစ်ဦးကို တုံ့ပြန်လိုက်သည်။

"ဂျာမနီနိုင်ငံမှာ နျူစွမ်းအင်ပြန်လည် သုံးစွဲရေးကို အသက်သွင်းနိုင်တဲ့၊ လူအများလက်ခံနိုင်တဲ့ နိုင်ငံရေးအဖွဲ့တစ်ဖွဲ့မှ ကျွန်တော်မမြင်ပါဘူး" ဟု ဒေသခံသတင်းစာတစ်စောင်တွင် မစ္စတာအက်မိုင်ယာက ပြောကြားသည်။

၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံ ဖူကူရှီးမား နျူအကျပ်အတည်းဖြစ်ပေါ်ပြီးနောက်ပိုင်း ဂျာမနီအစိုးရက စွမ်းအင်တော်လှန်ရေး ရည်မှန်းချက်ကြီးမားသော အစီအစဉ်တစ်ရပ်ချမှတ်ပြီး ၂၀၂၂ ခုနှစ်တွင် နျူဓာတ်အားပေးစက်ရုံများ ပိတ်သိမ်းပြီး လေနှင့်နေစွမ်းအင်အသုံးချ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်များ အသုံးချရန် ဆုံးဖြတ်ခဲ့သည်။

သို့ရာတွင် ဥရောပသမဂ္ဂ စွမ်းအင် ကော်မရှင်နာမင်းကြီး ဂူအင်သာ အိုတင်ဂျာကမူ နောက်ထပ်နှစ် ၄၀ အတွင်း ဂျာမနီနိုင်ငံတွင် နျူ စွမ်းအင်သုံးစွဲနေလိမ့်ဦးမည်ဖြစ်ကြောင်း အခြားဒေသခံ သတင်းစာတစ်စောင်အား ပြောကြားသည်။ ဥရောပတစ်ဝန်း နျူဓာတ်အားပေး စက်ရုံပေါင်း ၁၄၀ ရှိပြီး နည်းပညာများလည်း ဆက်လက်တိုးတက်နေသောကြောင့် ယင်းနည်းပညာများကို ဂျာမနီနိုင်ငံက လက်ခံလိမ့်မည်ဟု ကိုယ်တိုင် ဂျာမန်လူမျိုးတစ်ဦးဖြစ်သူ မစ္စတာအိုတင်ဂျာက ပြောသည်။

—*Ref:AFP*

## ဆူဒန်နှင့် တောင်ဆူဒန်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေး

**အဒစ်အဘာဘာ၊ ဇန်နဝါရီ-၅**

၂၀၁၁ ခုနှစ်တွင် တောင်ဆူဒန်က ဆူဒန်နိုင်ငံမှ ခွဲထွက်ပြီး နောက်ပိုင်း ဆက်လက်ဖြစ်ပေါ်နေသော နှစ်ဖက်တင်းမာမှုများ လျော့ပါးစေရန်နှင့် နှစ်နိုင်ငံ၏ ပြိုလဲနေသော စီးပွားရေးကို ကယ်တင်ရန် ဆူဒန်နှင့် တောင်ဆူဒန်နှစ်နိုင်ငံ ခေါင်းဆောင်များ အီသီယိုပီးယားနိုင်ငံ၊ အဒစ်အဘာဘာမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

၂၀၁၂ ဧပြီလအတွင်း စစ်ဖြစ်လုနီးပါးဖြစ်ခဲ့သော အိမ်နီးချင်းနှစ်နိုင်ငံကြားတွင် ကြားဝင်ညှိနှိုင်းပေးခဲ့သော အီသီယိုးပီးယားဝန်ကြီးချုပ် ဟေလီမာရီယန် ဒီဆယ်လန်၏ ရှေ့မှောက်၌ ဆူဒန်သမ္မတ အိုမာအယ်လ်ဟက်ဆန်နှင့် တောင်ဆူဒန်သမ္မတ ဆယ်ဗာကီရာတို့ တွေ့ဆုံခဲ့သော်လည်း အသေးစိတ် အချက်အလက်များ ထွက်ပေါ်မလာပေ။

ဆူဒန်နှင့် တောင်ဆူဒန် ခေါင်းဆောင်များ နောက်တစ်ရက်တွင် ထပ်မံ၍ သီးသန့်တွေ့ဆုံသွားမည် ဖြစ်သည်။

မငြိမ်မသက် ဖြစ်နေသော နှစ်နိုင်ငံ နယ်စပ်အား လုံခြုံမှုရှိစေရန်နှင့် ရေနံတင်ပို့မှုများ ပြန်လည်စတင်ရန် ၂၀၁၂ စက်တင်ဘာလအတွင်း နှစ်ဖက်စလုံးက သဘောတူညီခဲ့သည်။ သို့သော် အာဖရိကတိုက်၏ အရှည်ကြာဆုံး ပြည်တွင်းစစ်ပွဲတစ်ရပ်၏ အကျိုးဆက်အဖြစ် နှစ် ဦးနှစ်ဖက်ကြား မယုံကြည်မှုများ ဆက်လက်မြင့်မားနေဆဲဖြစ်ပြီး ယင်းကိစ္စကို အကောင်အထည် မဖော်နိုင်ခဲ့ပေ။

ယင်းနှစ်နိုင်ငံစလုံးသည် ရေနံဝင်ငွေကို အဓိကအားထားနေရသောကြောင့် တောင်ဆူဒန်မှ တစ်နှစ်လျှင်ရေနံစည်ပေါင်း ၃၅၀,၀၀၀ ထုတ်လုပ်မှုရပ်ဆိုင်းထားခြင်းကို အဆုံးသတ်၍ ဆူဒန်နိုင်ငံမှ ဖြတ်သန်းကာ နိုင်ငံခြားသို့တင်ပို့ရန် ကြိုးပမ်းရမည်ဖြစ်သည်။

—*Ref: Reuters*

## နျူဆွေးနွေးပွဲအတွက် အီရန်က နှုတ်ဆိတ်နေဟု အီးယူပြောကြား

**ဘရပ်ဆဲလ်၊ ဇန်နဝါရီ-၅**

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးပွဲ ပြုလုပ်ရန် ဥရောပသမဂ္ဂက အချိန်နှင့် နေရာကိုအဆိုပြုတင်ပြခဲ့သော်လည်း အီရန်အစိုးရက တုံ့ပြန်ခြင်း မရှိသေးကြောင်း ဥရောပသမဂ္ဂပြောခွင့်ရ ပုဂ္ဂိုလ်က ပြောကြားသည်။




ကမ္ဘာ့အင်အားကြီး နိုင်ငံခြောက်နိုင်ငံနှင့် ဇန်နဝါရီလအတွင်း ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် သဘောတူညီသည်ဟု စောစောပိုင်းတွင် အီရန်နိုင်ငံက ပြောကြားခဲ့သည်။ သို့သော် အင်အားကြီး ခြောက်နိုင်ငံအား ကိုယ်စားပြု၍ အီးယူက ၂၀၁၂ ဒီဇင်ဘာ ၃၁ ရက်က အဆိုပြုတင်ပြခဲ့သော်လည်း တီဟီရန်က တုံ့ပြန်မှု မရှိသေးဟု အီးယူပြောခွင့်ရ ပုဂ္ဂိုလ်က ပြောကြားသည်။

"ကျွန်တော်တို့က အချိန်နဲ့ နေရာကို တင်ပြခဲ့ပါတယ်။ ဒါပေမဲ့ အီရန်ရဲ့ ပြန်ကြားချက်ကို စောင့်နေတုန်းပါပဲ" ဟု အီးယူနိုင်ငံခြားရေးရာ အကြီးအကဲ ကက်သရင်းအက်ရှ်တန်၏ ပြောခွင့်ရ ပုဂ္ဂိုလ်မိုက်ကယ်မန်းက ပြောကြားသည်။

မစ္စစ် ကက်သရင်းအက်ရှ်တန်မှာ အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနှင့် တရုတ်နိုင်ငံတို့အား ကိုယ်စားပြု၍ အီရန်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုများ ဦးဆောင်နေသူ ဖြစ်သည်။ ဥရောပသမဂ္ဂက ကမ်းလှမ်းခဲ့သော နေရာနှင့် အချိန်အကြောင်းကိုမူ ပြောခွင့်ရပုဂ္ဂိုလ်က ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

—*Ref: Reuters*



7DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

နောက်ကျောဖုံး မှ

## ဒေလီတွင် အုပ်စုလိုက်အဓမ္မမှု ကျူးလွန်ခဲ့သူများအား ပထမဆုံးအကြိမ် ရုံးထုတ်စစ်ဆေး




*ဇန်နဝါရီ ၇ ရက်က နယူးဒေလီရှိ ဆာကတ်ခရိုင်တရားရုံးသို့အဝင်ပေါက်၌ အုပ်စုလိုက် အဓမ္မမှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသော တရားခံတစ်ဦးအား သယ်ဆောင်လာသည့်ယာဉ်ကို အိန္ဒိယရဲတပ်ဖွဲ့ဝင်တစ်ဦးက လမ်းညွှန်ပြနေပုံ။ ဆေးကျောင်းသူအမျိုးသမီးတစ်ဦးအား ဘတ်စ်ကားပေါ်တွင် အုပ်စုလိုက် အဓမ္မပြုကျင့်ခဲ့မှုနှင့် ကျောင်းသူတစ်ဦးအား သတ်ဖြတ်မှုဖြင့် လူ ငါးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီ ၇ ရက်တွင် ရုံးထုတ်စစ်ဆေးခဲ့ခြင်းဖြစ်သည်။*
**Photo - Reuters**

ရဲတပ်ဖွဲ့သည် ယခုအခါ တရားခံများကို ရုံးထုတ်စဉ်ဒေါသထွက်နေသော လူထုကြီး၏ လုပ်ကြံမှုကိုကြုံရမည်စိုး၍ အမှုစစ်ဆေးစဉ် လုံခြုံရေးအပြည့်အဝ ချထားမည်ဟု ဆိုသည်။

ဒေလီတွင် အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးအား ဘတ်စ်ကားပေါ်တွင် အုပ်စုလိုက် အဓမ္မမှု ကျူးလွန်မှုဖြစ်ပွားပြီးနောက် လူထုကြားတွင် အမျိုးသမီးများ လုံခြုံရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန် အာဏာပိုင်များအား ကန့်ကွက်ဆန္ဒပြမှုများ ပြီးခဲ့သည့်လအတွင်းဖြစ်ပေါ်ခဲ့သည်။ ကန့်ကွက်သူအများစုက ပြစ်မှုကျူးလွန်သူများအား သေဒဏ်ပေးရန် တောင်းဆိုထားကြသည်။

—*Ref: AFP*

## ကတ်ရှမီးယားနယ်စပ်တွင် အိန္ဒိယနှင့် ပါကစ္စတန်တပ်များ အပြန်အလှန်ပစ်ခတ်

**အစ္စလာမ်မာဘတ်၊ ဇန်နဝါရီ-၇**

ပါကစ္စတန်နှင့် အိန္ဒိယတပ်ဖွဲ့များသည် ဇန်နဝါရီ ၆ ရက်က နှစ်နိုင်ငံနယ်စပ် ကတ်ရှမီးယားဒေသအနီးတွင် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ နှစ်ဖက်စလုံးက ပစ်ခတ်မှုမှာ အခြားတစ်ဖက်မှ စတင်သောကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း အပြန်အလှန် စွပ်စွဲထားသည်။

ပါကစ္စတန်ဘက်ကမူ ၎င်းတို့စစ်သားတစ်ဦးကျဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရကြောင်း အိန္ဒိယတပ်ဖွဲ့များသည် နှစ်နိုင်ငံသတ်မှတ်ထားသော နယ်စပ်မျဉ်းကျော်ကာ ၎င်းတို့ကို တိုက်ခိုက်ခဲ့ကြောင်း ထုတ်ပြန်သည်။

သို့သော် အိန္ဒိယဘက်ကမူ ယင်းအချက်ကို ငြင်းဆန်ထားသည်။ ပါကစ္စတန်တပ်မတော်မှ ထုတ်ပြန်သော ကြေညာချက်တွင် အိန္ဒိယတပ်များသည် ဟာဂျီပီရာဒေသရှိ 'ထိန်းချုပ်မျဉ်း' ဟု ခေါ်ရာ နယ်စပ်ကို ဖြတ်ကျော်၍ ၎င်းတို့ဘက် ဝင်ရောက်ခဲ့ကြောင်း၊ ဆာဝမ်ပတ်ထရာဟု ခေါ်သည့် ၎င်းတို့၏ နယ်စပ်စစ်ဆေးရေးဂိတ်ကို စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ဖော်ပြသည်။

ကတ်ရှမီးယားဒေသသည် အိန္ဒိယနှင့် ပါကစ္စတန်တို့ နယ်စပ်ဖြစ်နေပြီး မွတ်ဆလင်ဘာသာဝင်အများစုတည်ရှိရာ ဖြစ်သည်။ ထိုဒေသကိုအိန္ဒိယနှင့်ပါကစ္စတန် နှစ်ဖက်စလုံးက ၎င်းတို့ပိုင်ဆိုင်ကြောင်း ကြေညာထားပြီး လက်ရှိတွင် တစ်ပိုင်းစီခွဲခြားအုပ်ချုပ်နေသည်။

ပြီးခဲ့သော လကလည်း ပါကစ္စတန်ဘက်မှ ထိန်းချုပ်သော ကတ်ရှမီးယား နယ်အတွင်း အိန္ဒိယဘက်မှ နယ်စပ်ဖြတ်ကျော်ပစ်ခတ်မှုကြောင့် စစ်သားတစ်ဦးသေဆုံးပြီး ရွာနှစ်ရွာမှ အရပ်သားသုံးဦးဒဏ်ရာရခဲ့ကြောင်း ဆိုသည်။

အိန္ဒိယသည် ၂၀၀၈ ခုနှစ်က မွမ်ဘိုင်းတွင် ပါကစ္စတန်အခြေစိုက် စစ်သွေးကြွများ၏ ဗုံးခွဲတိုက်ခိုက်မှုများအပြီး နှစ်နိုင်ငံငြိမ်းချမ်းရေးဆွေးနွေးမှုများကို ယာယီရပ်ဆိုင်းခဲ့ကာ ယမန်နှစ်ကမှ ပြန်လည်စတင်ခဲ့သည်။

—*Ref: AFP*




# ဂါဇာဒေသသို့ ပေးပို့မည့် အမေရိကန်လုပ် ဒုံးကျည်များ အီဂျစ်အာဏာပိုင်များ ဖမ်းဆီး

**ကိုင်ရို၊ ဇန်နဝါရီ-၅**
ဂါဇာဒေသသို့ ပို့ဆောင်မည် အမေရိကန်လုပ် တင့်ကားဖျက်နှင့်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များအား အီဂျစ်လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးရမိခဲ့ကြောင်း လုံခြုံရေး အရာရှိများက ပြောကြားသည်။

အဆိုပါ ဒုံးကျည် ခြောက်စင်းအား ဆိုင်းနိုင်းဒေသတွင် ဝှက်ထားခြင်းကို တွေ့ရှိရကြောင်း အီဂျစ်အ ရာရှိများက ပြောသည်။ ဆိုင်းနိုင်းဒေသမှာ ဂါဇာကမ်းမြောင်နှင့့် အစ္စရေးနိုင်ငံ နှစ်ခုစလုံးအား ထိစပ်နေသော နယ်မြေဖြစ်သည်။

ဆိုင်းနိုင်း ကျွန်းဆွယ်မှာ တောင်ပိုင်းတွင် ကမ္ဘာလှည့်ခရီးသည် အပန်းဖြေစခန်းများရှိပြီး မြောက်ပိုင်းတွင် အစ္စလာမ်မစ်စစ်သွေးကြွများ ခိုအောင်းရာဒေသဖြစ်ကာ လူဦးရေ ကျဲပါးသော်လည်း ဂါဇာဒေသသို့ လက်နက်များ မှောင်ခိုသွင်းရာ အဓိကနယ်မြေဖြစ်သည်။

၂၀၁၂ နိုဝင်ဘာလက ဖြစ်ပွားခဲ့သော ရှစ်ရက်ကြာ ပဋိပက္ခအား အီဂျစ်က ကြားဝင်ဖြေရှင်းပေးခဲ့၍ အပစ်အခတ်ရပ်စဲမှု ရရှိခဲ့သော်လည်း ဂါဇာဒေသ အုပ်ချုပ်သူ အစ္စလာမ်မစ်ဟားမားအဖွဲ့က လက်နက်များ ဆက်လက်ရယူသွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ဟားမားစ်အဖွဲ့အနေဖြင့် အီရန် နိုင်ငံမှ ဒုံးကျည်များ ရရှိကြောင်း အသိအမှတ်ပြုပြောကြားထားပြီး လစ်ဗျားနိုင်ငံမှ လက်နက်များကိုလည်း မှောင်ခိုတင်သွင်းနေသည်ဟု ယုံကြည်ရကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ လက်နက်မှောင်ခိုသမားများ၏ မြေအောက်ဥမင်များကို အီဂျစ် အာဏာပိုင်များက ရှာဖွေဖျက်ဆီးလေ့ရှိသော်လည်း အကန့်အသတ်ဖြင့်သာ အောင်မြင်ခဲ့သည်။

—*Ref: AFP*

# ဒုံးခွင်းဒုံးများ ချထားရန် ကန်တပ်ဖွဲ့များ တူရကီသို့ ရောက်ရှိလာ

**အန်တာရာ၊ ဇန်နဝါရီ-၅**
ပက်ထရီယော့ ဒုံးခွင်းဒုံးစနစ်များအား ဆီးရီးယားနိုင်ငံနှင့် နယ်စပ်တွင် ချထားရေးနှင့် ကိုင်တွယ်ထိန်းချုပ်ရန် အမေရိကန် တပ်ဖွဲ့များ တူရကီနိုင်ငံသို့ ရောက်ရှိလာကြောင်း တူရကီနိုင်ငံပိုင် မီဒီယာများက ထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံက တူရကီနှင့် နယ်စပ်မြို့များသို့ ပဲ့ထိန်းဒုံးကျည်များဖြင့် ပစ်ခတ်မှု ရှိခဲ့ပြီးနောက် ယင်းနယ်စပ်တွင် ဒုံးခွင်းဒုံးများ ချထားရန် နေတိုးအဖွဲ့က ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ဆီးရီးယားနိုင်ငံမှ လာသော ပဲ့ထိန်းဒုံးကျည်များအား ပစ်ချရန် အမေရိကန်၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံတို့မှ ဒုံးခွင်းဒုံးစနစ်များကို ယင်းဒေသတွင် ချထားမည်ဖြစ်သည်။

အဆိုပါ ပက်ထရီယော့ ဒုံးကျည်များနှင့် တပ်ဖွဲ့များမှာ နေတိုးတပ်ဖွဲ့၏ ထိန်းချုပ်မှုအောက်တွင် ရှိသော်လည်း ဒုံးကျည်များကိုမူ အမေရိကန်တပ်ဖွဲ့များက ကိုင်တွယ်ပစ်လွှတ်သွားမည်ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင် ၂၇ဦးသည် တူရကီနိုင်ငံ ဂါဇီယန်တက်ဒေသသို့ ရောက်ရှိလာပြီး ဒုံးခွင်းဒုံးစနစ်များ ချထားရေးကို လေ့လာတိုင်းတာသွားမည်ဟု တူရကီနိုင်ငံပိုင် သတင်းဌာန အာနာဒိုလူက ပြောကြားသည်။

ကန်တပ်ဖွဲ့များ ရောက်ရှိလာခြင်း အကြောင်းကို အမေရိကန် အရာရှိများက သတင်းထုတ်ပြန်ခြင်း မရှိပေ။ သို့သော် အဆိုပါ ဒေသမှ နိုင်ငံများကို အကာအကွယ်ပေးမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေး ဝန်ကြီး လီယွန်ပါနက်တာက ပြီးခဲ့သည့်လအတွင်း ပြောကြားထားသည်။

—*Ref:CNN*

# ဩစတြေးလျတောင်ပိုင်း တောမီးများကြောင့် လူထောင်ပေါင်းများစွာ နေအိမ်မှ စွန့်ခွာထွက်ပြေး

**ဆစ်ဒနီ၊ ဇန်နဝါရီ-၅**
ဩစတြေးလျနိုင်ငံ တက်မေးနီးယားကျွန်းပေါ်တွင် တောမီးများ လောင်ကျွမ်းလျက်ရှိရာ လူထောင်ပေါင်းများစွာ ထွက်ပြေးရပြီး အနည်းဆုံး အဆောက်အအုံ ၈၀ ပျက်စီးကာ အတည်မပြုနိုင်သေးသော သတင်းများအရ လူတစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။



Photo - AFP

တပ်က်မေးနီးယားကျွန်းမှာ အေးမြသော ရာသီဥတုအတွက် လူသိများသော်လည်း နွေရာသီ အပူလှိုင်းများကြောင့် အပူချိန် ၄၀ ဒီဂရီ ဆဲလ်စီးယက်စ်ကျော်အထိ ရောက်ရှိကာ ဒေသအများအပြားတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နေသည်။

မီးလောင်ကျွမ်းမှု အဆိုးဆုံးဖြစ်ပေါ်သော ဟိုးဘတ်မြို့အရှေ့ဘက် ဒန်နယ်လီကျေးလက်တွင် ရဲစခန်းနှင့် ကျောင်းများအပါအဝင်အဆောက်အအုံ ၃၀ ရာခိုင်နှုန်း ပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့က ခန့်မှန်းထားသည်။ အနီးအနားရှိ ကော်နယ်လီမတ်ရှ်ဒေသတွင်လည်း အဆောက်အအုံ ၄၀ ရာခိုင်နှုန်း ပျက်စီးခဲ့သည်။



ဒန်နယ်လီဒေသတွင် တောမီးများအကြား မီးငြှိမ်းသတ်ရေးအဖွဲ့တစ်ဖွဲ့ ပိတ်မိနေခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့သည်ဟူသော စိုးရိမ်မှုများ ရှိနေသည်။ မီးသတ်သမားများက အန္တရာယ်ရှိ၍ ၎င်းတို့ယာဉ်အတွင်း ပြန်လည်ခိုလှုံနေကြစဉ် လူတစ်ဦးသည် ၎င်း၏ နေအိမ်ခြံဝန်းအား မီးလောင်ခြင်းမှ တားဆီးရန် ကြိုးစားနေသည်ကို တွေ့ရပြီး ၎င်းအားကယ်ဆယ်ရန် မသွားရောက်နိုင်ခဲ့ကြောင်း ရဲမင်းကြီး စကော့တင်းယာ့ဒ်က ပြောကြားသည်။ နူဘီနာမြို့တွင် မီးဘေးဒုက္ခသည် ၂၀၀၀ လာရောက်ခိုလှုံနေ ပြီး အခြားလူ ၇၀၀ ခန့်မှာ သမိုင်းဝင်ပို့အာသာဒေသသို့ရှောင်တိမ်းနေကြသည်။

—*Ref: AFP*

# ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်းတွင် နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှု ကြုံတွေ့

**ဆာအိုပေါ်လို၊ ဇန်နဝါရီ-၅**
ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်းတွင် နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှု ကြုံတွေ့နေရာ ယင်းမှာ လျှပ်စစ်မီးမကြာခဏပျက်တတ်သော ဒေသတွင်ရေအားလျှပ်စစ်ပြတ်တောက်မှုဖြစ်ရန် ခြိမ်းခြောက်နေပြီး စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးစေမည့် အလားအလာ ပေါ်ထွက်နေသည်။

ယင်းဒေသမှာ ဘရာဇီးနိုင်ငံ၏ ကြံထွက်ရှိမှု ၁၀ ရာခိုင်နှုန်း ထုတ်လုပ်ရာ ဒေသဖြစ်ပြီး ယခု မိုးခေါင်ရေရှားမှုကြောင့် ပြောင်းနှင့် ဝါစိုက်ခင်းများ ပျက်စီးပြီး စားကျက်များ ခြောက်သွေ့နေ၍ ကျွဲ၊ နွား၊ ဆိတ်များလည်း သေဆုံးခဲ့ရသည်။ ယင်းဒေသမှ ကြံစိုက်ခင်း ၃၀ ရာခိုင်နှုန်းမှာလည်း ပျက်စီးခဲ့သည်။

မိုးရွာသွန်းမှု မရှိသည်မှာ ၂ နှစ်နီးပါး ကြာမြင့်လာပြီဖြစ်၍ အချို့ဒေသများ၌ မကြာသေးမီလများအတွင်း တိရစ္ဆာန်အသေကောင်များကို လမ်းဘေးတွင် တွေ့မြင်နေရကာ လယ်သမားပေါင်းများစွာ၏ အလုပ်အကိုင်များ ခြိမ်းခြောက်ခံနေရသည်။

"နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွာဆုံး မိုးခေါင်ရေရှားမှု ကြုံနေရတာပါ။ နောက်ဆက်တွဲ အကျိုးဆက်က ပြင်းပြင်းထန်ထန် မြေငလျင်လှုပ်သွားတာမျိုးနဲ့ နှိုင်းယှဉ်နိုင်ပါတယ်"ဟု အရှေ့မြောက်ပိုင်း ဘာဟီယာပြည်နယ် စိုက်ပျိုးရေးအတွင်းဝင်အက်ကွာဒိုဆားလတ်စ်က အီမေးလ်မှတစ်ဆင့် ပြောကြားသည်။

အရှေ့မြောက်ဒေသဆည်များတွင် ရေပမာဏမှာ ၃၂ ရာခိုင်နှုန်းသာကျန်ရှိတော့ကြောင်း အမျိုးသားလျှပ်စစ်ဖြန့်ဖြူးရေးအဖွဲ့ (ONS) က ထုတ်ပြန်သည်။

—*Ref: Reuters*

# ဂူးဂဲလ်ဥက္ကဋ္ဌနှင့်အတူ မြောက်ကိုရီးယားသို့ သွားမည့်ခရီးစဉ်အပေါ် နယူးမက္ကဆီကို အုပ်ချုပ်ရေးမှူးဟောင်း ကာကွယ်ပြောဆို

**ဝါရှင်တန်၊ ဇန်နဝါရီ-၅**
အမေရိကန်မှ နယူးမက္ကဆီကို ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း ဘီလ်ရစ်ချတ်ဆင်က ၎င်းနှင့်အတူ ဂူးဂဲလ်ကုမ္ပဏီဥက္ကဋ္ဌ အဲရစ်ရှမစ်တို့၏ မြောက်ကိုရီးယားသို့ သွားရောက်ရန် စီစဉ်ထားသည့် ခရီးအပေါ် ဝေဖန်မှုများအား အင်တာဗျူးတစ်ခု၌ ပယ်ချလိုက်သည်။

အမေရိကန် ရုပ်သံစီဘီအက်စ်နှင့်ပြုလုပ်သည့် CBS This Morning အင်တာဗျူး အစီအစဉ်တွင် ရစ်ချတ်ဆင်က "ကန်နိုင်ငံခြားရေးဌာနက နည်းနည်း စိုးရိမ်နေတာကို ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ဒီခရီးကို ကျွန်တော်ရွှေ့ဆိုင်းခဲ့ပြီးသားပါ။ အဲရစ်နဲ့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဒီဇင်ဘာမှာ သွားဖို့ပြင်ခဲ့တာပါ"

"ဒါပေမဲ့ နိုင်ငံခြားရေးဌာနက မေတ္တာရပ်ခံလို့ ကျွန်တော်တို့ အစီအစဉ်ရွှေ့ပေးခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ တောင်ကိုရီးယားရွေးကောက်ပွဲလည်း ရှိနေလို့ပါ" ဟု ယင်းခရီးစဉ်နှင့်ပတ်သက်၍ ရစ်ချက်ဆင်က ရှင်းပြသည်။

မိမိတို့၏ ခရီးစဉ်သည် ကန်နိုင်ငံခြားရေးဌာနအား ကိုယ်စားပြုခြင်းမဟုတ်၍ မစိုးရိမ်သင့်ကြောင်း ပြောခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံတွင် ထိန်းသိမ်းခံထားရသည့် ကန်နိုင်ငံသားတစ်ဦးအား ပြန်လွှတ်ပေးရေးအတွက် ပုဂ္ဂလိကခရီးစဉ်အနေဖြင့်သာ သွားရောက်ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

နယူးမက္ကဆီကို ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းသည် ကိုရီးယားနွယ်ဖွား ကန်နိုင်ငံသားကတ်နက်ဘေးကို ပြန်လည်ခေါ်ယူရေးအတွက် သွားရောက်မည်ဖြစ်ကာ ဂူးဂဲလ်၏ စီအီးအိုအဲရစ်ရှမစ်ကိုလည်း ၎င်းနှင့်အတူ လိုက်ပါရန် ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ၎င်းတို့နှစ်ဦးစလုံးသည် သက်ဆိုင်ရာ အဖွဲ့များကို ကိုယ်စားပြုခြင်း မရှိဘဲ မြောက်ကိုရီးယားသို့ သာမန် နိုင်ငံသားများအဖြစ်သာ သွားရောက်မည်ဖြစ်သည်။ အမေရိကန် အစိုးရသည် ၎င်းတို့၏ ခရီးစဉ်အား အချိန်မကိုက်ဘဲ သွားရောက်မည့်အပေါ် ဝေဖန်ပြစ်တင်ခဲ့သည်။ ပြုံယမ်းသည် ပြီးခဲ့သည့် ဒီဇင်ဘာတွင် ဒုံးကျည်စမ်းသပ်မှု ပြုလုပ်ခဲ့ရာ အိမ်နီးချင်း တောင်ကိုရီးယားအပါအဝင် နိုင်ငံများစွာက ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ခြင်းခံခဲ့ရသည်။



—*Ref:AFP*

7 DAY NEWS JOURNAL

# International

Vol.11, No.44 • JANUARY 10 , 2013

## အီဂျစ်အစိုးရအဖွဲ့ အပြောင်းအလဲ သမ္မတမော်စီ ပြုလုပ်

**ကိုင်ရို၊ ဇန်နဝါရီ-၇**

အီဂျစ်သမ္မတ မိုဟာမက်မော်စီသည် နိုင်ငံ၏ စီးပွားရေးအကျပ်အတည်းအား အစိုးရ၏ ကိုင်တွယ်ဖြေရှင်းနိုင်မှု တိုးတက်လာရန် ရည်ရွယ်၍ အဖွဲ့ဝင် ၃၅ ဦးပါဝင်သော ၎င်း၏အစိုးရအဖွဲ့အား အပြောင်းအလဲပြုလုပ်ခဲ့သည်။ ဝန်ကြီးအသစ်ဆယ်ဦးတို့သည်၎င်း၏ ရှေ့မှောက်တွင်ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး ၎င်းတို့အထဲတွင် မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့မှ ဝန်ကြီးသုံးဦးလည်း ပါဝင်ကြောင်း သိရသည်။

ယခုဝန်ကြီးအဖွဲ့ အပြောင်းအလဲ ပြုလုပ်ပြီးနောက် အစိုးရအဖွဲ့တွင် မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့မှ ဝန်ကြီးအရေအတွက် ငါးဦးမှ ရှစ်ဦးအထိ ရှိလာပြီဟု ယင်းအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

သမ္မတမော်စီက ဘရားသားဟုဒ်အဖွဲ့နှင့် မဟာမိတ်ပြုထားသော အစ္စလာမ်မစ်ဘဏ္ဍာရေးကျွမ်းကျင်သူ အယ်လ်မောစီဟီကဇီအား ဘဏ္ဍာရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ခဲ့သည်။

စာမျက်နှာ(၄၅)သို့ »



Photo - Reuters

*ဇန်နဝါရီ ၆ ရက်က ဒမတ်စကတ်ဒ် အိုပါရာဟောက်စ်မှ တိုက်ရိုက်ထုတ်လွှင့်သော ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်ပြောကြားသော မိန့်ခွန်း၌ "ကျွန်တော်တို့ ဘယ်သူတွေနဲ့ စေ့စပ်ဆွေးနွေးရမှာလဲ. . . အကြမ်း ဖက်သမားတွေနဲ့လား" ဟု ထည့်သွင်းပြောကြားခဲ့သည်။*

## ဆီးရီးယားပဋိပက္ခ အဆုံးသတ်ရေးလမ်းပြမြေပုံ သမ္မတအာဆတ်တင်ပြ

**ဒမက်စကက်စ်၊ ဇန်နဝါရီ-၇**

ဒီဇင်ဘာ ၆ ရက်က ရှားရှားပါးပါး ပြောကြားခဲ့သည့် မိန့်ခွန်း၌ ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်က ဆီးရီးယား ပြည်တွင်းစစ် အဆုံးသတ်ရေးအတွက် လမ်းပြမြေပုံကို တင်ပြခဲ့သည်။

ယင်းမိန့်ခွန်းမှာပင် အာဆတ်က အတိုက်အခံများအား အနောက်နိုင်ငံများ၏ ကျွန်များဟု ကင်ပွန်းတပ်ပြီး နိုင်ငံခြားအင်အားကြီးနိုင်ငံများကိုလည်း သူပုန်များအား ကျောထောက် နောက်ခံပေးခြင်းရပ်ဆိုင်းရန် တိုက်တွန်းလိုက်သည်။

မစ္စတာ အာဆတ်၏ အစီအစဉ်ကို ဆီးရီးယားအဓိကအတိုက်အခံအုပ်စု အမျိုးသားညွန့်ပေါင်းက အလျင်အမြန် ပယ်ချလိုက်သည်။ ဝါရှင်တန်ကလည်း ခုနစ်လအတွင်း လူထုသို့ ပထမဆုံးအကြိမ် ပြောကြားသော မိန့်ခွန်းမှနေ၍ မစ္စတာ အာဆတ်သည် လက်ရှိအခြေအနေမှ ကင်းကွာနေခြင်းကို ပြသနေသည်ဟု ပြောကြားသည်။ ဥရောပသမဂ္ဂကလည်း အာဆတ်ရာထူးမှ ဆင်းပေးရန် ထပ်မံတောင်းဆိုလိုက်သည်။

စာမျက်နှာ(၄၅)သို့ »

## တိုယိုတာကားကုမ္ပဏီ စက်ရုံအသစ်များ ထူထောင်ခြင်း သုံးနှစ်တာ ရပ်နားထားမည်

**တိုကျို၊ ဇန်နဝါရီ-၇**

ဂျပန်နိုင်ငံရှိ မော်တော်ကား ကုမ္ပဏီတိုယိုတာက လာမည့်သုံးနှစ်အတွင်း စက်ရုံအသစ်များ တည်ဆောက်ခြင်းကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သိရသည်။ ယင်းမှာ နှစ်စဉ် တိုယိုကားစက်ရုံအသစ်များဆောက်လုပ်ရေး ပေါ်လစီမှ ခွဲထွက်လာခြင်းဖြစ်သည်။

ကမ္ဘာ့ကားဈေးကွက် ထိပ်ဆုံးနေရာ ပြန်ရရန် မျှော်လင့်နေသော တိုယိုတာသည် ယခုအခါ လက်ရှိလည်ပတ်နေသော စက်ရုံများတွင် ပိုမိုရင်းနှီးမြှုပ်နှံရေးကို အာရုံစိုက်သွားမည်ဟု နီကေးစီးပွားရေးနေ့စဉ်က ဖော်ပြသည်။

စာမျက်နှာ(၄၅)သို့ »

## INTERVIEW



အာရပ်အဖွဲ့ချုပ် အကြီးအကဲဟောင်း အီဂျစ်အတိုက်အခံခေါင်းဆောင် အမ်မာမော်ဆာနှင့် တွေ့ဆုံခြင်း

စာမျက်နှာ(၄၆)သို့ »

## ကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် ဆေးရုံမှဆင်းပြီးနောက် ရုံးပြန်တက်

**ဝါရှင်တန်၊ ဇန်နဝါရီ-၇**

ဦးခေါင်းတွင် သွေးခဲမှု ဖြစ်ပေါ်ခြင်း အပါအဝင် ကျန်းမာရေး စိုးရိမ်စရာများကြောင့် တစ်လခန့် အလုပ်မှ ပျက်ကွက်နေခဲ့သော ကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလင်တန်သည် ဇန်နဝါရီ ၇ ရက်တွင် ရုံးပြန်တက်နိုင်မည် ဖြစ်သည်။

ဒီဇင်ဘာ ၇ ရက်က ဥရောပသို့ ခရီးထွက်ချိန်တွင် နာမကျန်းဖြစ်ခဲ့သော မစ္စစ်ကလင်တန် ရုံးပြန်တက်မည့်အကြောင်းကို ဇန်နဝါရီ ၆ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရက် သတ္တပတ်တစ်ပတ်တာ အစီအစဉ်ကြေညာရာ၌ ထည့်သွင်းဖော်ပြထားသည်။



Photo - AFP

စာမျက်နှာ(၄၅)သို့ »

## ဒေလီတွင် အုပ်စုလိုက်အဓမ္မမှု ကျူးလွန်ခဲ့သူများအား ပထမဆုံးအကြိမ် ရုံးထုတ်စစ်ဆေး

**နယူးဒေလီ၊ ဇန်နဝါရီ-၇**

နယူးဒေလီတွင် မကြာမီက ဖြစ်ပွားခဲ့သော အုပ်စုလိုက် အဓမ္မမှုနှင့်ကျောင်းသားတစ်ဦးအား သတ်ဖြတ်ခဲ့မှုတို့နှင့် ဆက်နွယ်သော တရားခံငါးဦးအား ယနေ့ပထမဆုံးအကြိမ်အဖြစ် တရားရုံးထုတ် စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ တရားခံငါးဦးသည် ပြစ်မှုထင်ရှားပါက သေဒဏ်ကျခံရဖွယ် ရှိသည်။ ၎င်းတို့ကို အထက်ပါအမှုများအပြင် ပြန်ပေးဆွဲမှု၊ လုယက်မှုတို့ဖြင့်လည်း တရားစွဲထားသည်။

ထိုလူငါးဦးမှာ ရမ်ဆင်းဂ်၊ မူကတ်ရှ်ဆင်းဂ်၊ ဗီဂျေးရှာမာ၊ အက်ရှေးသက်ကာနှင့် ပါခန်ဂုပတားတို့ဖြစ်ကာ အမှုမှ ဆဋ္ဌမမြောက် တရားခံတစ်ဦး(အသက် ၁၇ နှစ်) ကိုမူ အခြားတရားရုံးတစ်ခုတွင် စစ်ဆေးသွားမည်ဟု သိရသည်။ ယခုကဲ့သို့သော ပြစ်မှုများကိုလုပ်ထုံးလုပ်နည်းအရလပေါင်းများစွာ အချိန်ယူစစ်ဆေးရမည်ဖြစ်သော်လည်း အမှုတွင်ကျူးလွန်ခံရသည့် အသက် ၂၃ နှစ်အရွယ် ဆေးကျောင်းသူမှာ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း စင်ကာပူရှိဆေးရုံတစ်ခုတွင် ဒဏ်ရာများနှင့် ကွယ်လွန်သွား၍ အမှုကို ပိုမိုလျင်မြန်စွာ စစ်ဆေးသွားဖွယ်ရှိနေသည်။

အစိုးရ၏ ထုတ်ပြန်ချက်အရ ပြစ်မှုကျူးလွန်သူအားလုံးမှာ ဒေလီတွင် နေထိုင်ကြသူများဖြစ်သည် ဆိုသည်။

စာမျက်နှာ(၅၄)သို့ »

## NEWS ANALYSIS



၂၀၁၃ ကို မျှော်ကြည့်ခြင်း

စာမျက်နှာ(၃၆)သို့ »



ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.44 • JANUARY 10 , 2013

# ပြဿနာကို လက်နက်နှင့် ဖြေရှင်းလျှင် အကျိုးမရှိသည်ကို သဘောပေါက်လာကြောင်း ကေအင်န်ယူခေါင်းဆောင် ပြောကြား

**သန်းထူး**
**နေပြည်တော်၊ဇန်နဝါရီ-၅**



ပြဿနာများကို ဖြေရှင်းရာတွင် လက်နက်အားကိုးပြီး ဖြေရှင်းပါက အကျိုးကျေးဇူးမရှိသည်ကို သဘောပေါက်ကြောင်း ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးက ယနေ့ ပြောကြားသည်။

"ပြဿနာကို ဖြေရှင်းရာမှာ လက်နက်အားကိုး ဖြေရှင်းကြမယ့်ကိစ္စဟာ ဘာမှဖြစ်လာမှာ မဟုတ်ဘူးဆိုတာ သဘောပေါက်လာတယ်။ ဘာမှလည်းအကျိုးရှိလာမှာမဟုတ်ပါဘူး"ဟူ၍ နေပြည်တော် ရွှင်ရယ်ကုမုန္ဒြာ၌ ပြုလုပ်သော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ကေအင်န်ယူဥက္ကဋ္ဌနှင့် ခေါင်းဆောင်များအား ဂုဏ်ပြုဧည့်ခံသည့် ညစာစားပွဲ၌ ဥက္ကဋ္ဌက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ် သည်။

"ပဋိပက္ခကို နိုင်ငံရေးအရ စားပွဲပေါ်မှာ မဖြေရှင်းဘဲနဲ့ စိတ်လိုက်မာန်ပါ ပစ်ခတ်ခဲ့ကြတာ နှစ် ၆၀ ကျော်ပြီဆိုတော့ ကျွန်တော်တို့အားလုံး သဘောပေါက်သင့်ပါပြီ" ဟူ၍လည်း ဗိုလ်ချုပ်ကြီးက ဆက်လက်ပြောကြားသည်။

ယခုအစိုးရသစ်၏ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်အပေါ်တွင်လည်း အခွင့်အလမ်းဟု ယူဆသည့်အတွက်လက်ခံပြောဆိုဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ပြောကြားချက်အရ သိရသည်။

ကေအင်န်ယူနှင့် အစိုးရတပ်များအကြားတိုက်ခိုက်မှုများ ရှိတန်သလောက် ရှိသေးကြောင်း၊ သို့သော်လည်း စိတ်ရှည်သည်းခံပြီး ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိရလဒ်များအပေါ် နောက်မဆုတ်ဘဲဆက်ပြီးတိုးတက်ပြောင်းလဲအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

"မလိုက်နိုင်တဲ့လူကတော့ ကျန်ခဲ့ပေ့ါ။ ကျွန်တော်တို့ကတော့ လိုက်လာကြပြီ"ဟု ဗိုလ်ချုပ်ကြီးက နိဂုံးချုပ်ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး စသည့် ရေးရာကိစ္စများအားလုံး ပါဝင်သည့်အတွက် တစ်ထိုင်တည်းနှင့် မပြီးနိုင်ကြောင်း၊ ကေအင်န်ယူအပါအဝင် ထိတွေ့ဆက်ဆံ၍ရသည့်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရာ၌ အထိုက်အလျောက် အောင်မြင်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ပါစေကြောင်း ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားသည်။

# တိုက်ပွဲများကြောင့် ရပ်နားထားရသော ကျောက်စိမ်းလုပ်ကွက်များကို ရပ်ထားသည့်ကာလအတိုင်း သက်တမ်းထပ်တိုးပေးမည်

**မိုးညို**
**ရန်ကုန်၊**
**ဇန်နဝါရီ -၅**

ကချင်ပြည်နယ်တိုက်ပွဲများကြောင့် ရပ်နားထားရသော ကျောက်စိမ်းလုပ်ကွက်များအား လုပ်ငန်းရှင်များ မနစ်နာစေရန် ငြားရမ်းထားသည့် ကာလကို ထပ်မံ၍ သက်တမ်းတိုးလုပ်ကိုင်ခွင့် ပေးမည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်က ပြောသည်။

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့၏ တိုက်ပွဲများကြောင့် ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ကျောက်စိမ်းလုပ်ကွက်အများစု ရပ်နားထားရပြီး တစ်ပိုင် တစ်နိုင် အသေးစား တူးဖော်သည့်သူများသာ ဆောင်ရွက်လျက်ရှိကြောင်း မြစ်ကြီးနားကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးလာခရီလာအောင်က ပြောသည်။

"လုပ်ငန်းရှင်တောင်းဆိုတဲ့အပေါ်မှာမူတည်ပြီး လုပ်ကွက်တွေ သက်တမ်းတိုးပေးဖို့အတွက် စဉ်းစားပေးမယ်" ဟု အထက်ပါ ညွှန်ကြားရေးမှူးချုပ်ဦးဝင်းထိန်က ပြောသည်။ တိုက်ပွဲများကြောင့် ပြင်းထန်လာသည်နှင့်အမျှ လုပ်ကွက်အများစုမှာ ဆက်လက်မတူးဖော်တော့ဘဲ သတ္တုတွင်းဝန်ကြီးဌာနသို့ပြန်လည်အပ်နှံသည့်လုပ်ကွက် အမြောက်အမြားရှိကြောင်း ၎င်းကပြောသည်။ ပြန်လည်အပ်နှံသည့်လုပ်ကွက်ပမာဏကိုမူ ထည့်သွင်းပြောဆိုသွားခြင်းမရှိပေ။

ဖားကန့်မြို့ရှိ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့် ကျောက်စိမ်းကျောက်မျက်လုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် လုပ်ကိုင်လိုသူများအား တင်ဒါခေါ်ယူလျက်ရှိကြောင်း သတ္တုတွင်းဝန်ကြီးဌာန၏ထုတ်ပြန်ချက်ကို ဒီဇင်ဘာလ နောက်ဆုံးပတ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။

လုပ်ကွက်များ ၅ လကျော် ရပ်နားထားရသည့် ဖားကန့်ကျောက်စိမ်း လုပ်ကွက်များမှ ကျောက်စိမ်းအထွက်နှုန်းကျဆင်းလာပြီး ဈေးနှုန်းများလည်း တရိပ်ရိပ်မြင့်တက်လာကြောင်း မန္တလေးမြို့မှ ကျောက်မျက်ပွဲစား ဦးသာဇံက ပြောသည်။

လုပ်ကွက်များ ရပ်နားထားရသော်လည်း တရုတ်ကုမ္ပဏီကြီးအချို့နှင့် ကုန်သည်အများစုက လက်ဝယ်တွင် ကျောက်စိမ်းများအား သိုလှောင်ထားရှိခြင်းကြောင့် ဈေးနှုန်းများမှာ မြင့်တက်လာခြင်းဖြစ်သည်။ "ဈေးထပ်တက်မှ တရုတ်ကုန်သည်တွေက ထုတ်ရောင်းကြမှာ"ဟု အထက်ပါပွဲစားက ပြောသည်။

တန်ဖိုးမြင့်ကျောက်စိမ်းများထွက်ရှိရေးနှင့် လုပ်ကွက်များပြန်လည်လုပ်ကိုင်ခွင့်ရရှိရေးမှာ မြန်မာ့ တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့၏ ငြိမ်းချမ်းရေး ရရှိရေးပေါ် များစွာမူတည်ကြောင်း မြစ်ကြီးနားကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းမှ ဒုဥက္ကဋ္ဌက ပြောသည်။

ဖားကန့်ကျောက်စိမ်းလုပ်ကွက်များတွင် အများစုမှာ တရုတ်ကုမ္ပဏီကြီးများဖြစ်ပြီး ကုမ္ပဏီပေါင်း ၂၀ ကျော်ရှိကာ မြန်မာကုန်သည်များနှင့် အကျိုးတူဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်းခွဲများလည်း ရှိကြောင်း အထက်ပါ ဒုဥက္ကဋ္ဌက ပင်ပြောသည်။

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားကိုယ်စားလှယ်နှင့် ပြည်သူများ ပါဝင်နိုင်ရန် အရေးကြီးအဆို တင်သွင်းမည်

**အောင်ခိုင်၊ရန်မျိုးနိုင်**
**ရန်ကုန်၊ဇန်နဝါရီ-၇**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လွှတ်တော်အသီးသီးရှိ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ပြည်သူများ ပါဝင်နိုင်ရန် အရေးကြီးအဆိုတစ်ရပ် တင်သွင်းသွားမည်ဟု ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီအတွင်းရေးမှူးက ပြောကြားသည်။

မကြာမီ ကျင်းပမည့် ပြည်သူ့လွှတ်တော် ပထမအကြိမ် ဆဋ္ဌမ ပုံမှန်အစည်းအဝေးတွင် တင်သွင်းသွားမည်ဟု အတွင်းရေးမှူး ဒေါ်ဒွဲဘူက ပြောသည်။

"အရေးကြီးဆုံးက အစိုးရအဖွဲ့ပဲ ဦးဆောင်ပြီး ငြိမ်းချမ်းရေးဆွေးနွေးရင် မအောင်မြင်နိုင်ဘူး။ လွှတ်တော်ထဲက တိုင်းရင်းသားတွေနဲ့ ပြောနိုင်ဆိုနိုင်တဲ့ လူထုပါဝင်ဆွေးနွေးဖို့ အရေးကြီးအဆိုကို တင်သွင်းနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ဆိုသည်။

ကျင်းပပြီးစီးခဲ့သော အမျိုးသားလွှတ်တော် စတုတ္ထ(ပုံမှန်) အစည်းအဝေးတွင် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမည့် ခိုင်မာသော အသေးစိတ်အချက်အလက်များ ပါဝင်သော အခြေခံမူများ ချမှတ်ပေးရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ အတွင်းရေးမှူး ဦးခက်ထိန်နန်က တင်သွင်းခဲ့သည်။

ကချင်စစ်ပွဲ ပဋိပက္ခမှာ ပိုမိုအရှိန်မြင့်လာသောကြောင့် လွှတ်တော်တွင် ဆွေးနွေးရန် အရေးတကြီး လိုအပ်လာပြီဖြစ်ကြောင်း တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များက သုံးသပ်ကြသည်။

"အရင်က တင်ထားတဲ့အဆိုကို ဒီတစ်ခေါက်ကတော့ ဆွေးနွေးမှပဲ ကောင်းတော့မယ်။ ဒီလောက်ဆိုးဆိုးဝါးဝါး ဖြစ်နေတာဆိုတော့၊ ပဋိပက္ခတွေ ဒီလောက်များလာတယ်ဆိုတော့ လွှတ်တော်ပိုင်းဆိုင်ရာက ဘာမှမလုပ်ဘဲ ငြိမ်နေကြလားလို့ မေးကုန်ကြပြီလေ"ဟု ဦးခက်ထိန်နန်ကပြောသည်။

ကချင်ပြည်နယ်တွင် အစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)တို့ကြား တိုက်ပွဲများမှာ ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ ပြန်လည်ပြင်းထန်လာခဲ့သည်။

မိမိတို့နိုင်ငံသည် ပြည်ထောင်စု နိုင်ငံဖြစ်၍ ဒို့တာဝန်အရေးသုံးပါးကို အထိပါး မခံနိုင်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည်ပြည်ထောင်စုသား အားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်ပြီး ယင်းတာဝန်ကို တိုင်းရင်းသားအားလုံး ဦးတည်ဆောင်ရွက်ပါက မည်သည့်ပြဿနာမှ မဖြစ်ပွားနိုင်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇန်နဝါရီ ၆ ရက်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

# မြောက်ပိုင်းကိစ္စ ABSDF ပြတ်သားစွာ ရပ်တည်ခြင်းမရှိသေးသည့်အပေါ် မြောက်ပိုင်းပြန်များ ကြေညာချက်ထုတ်

**အောင်သူရ၊ထွန်းခိုင်**
**ရန်ကုန်၊ဇန်နဝါရီ-၇**

ABSDF (မြောက်ပိုင်း)တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ဖြစ်ပွားခဲ့သည့် သတ်ဖြတ်မှုများနှင့် ပတ်သက်ပြီး ABSDF အနေဖြင့် ယနေ့တိုင် ပြတ်သားစွာရပ်တည်ပေးနိုင်ခြင်း မရှိသေးသည့်အပေါ် နက်ရှိုင်းစွာ ဝမ်းနည်းကြောင်း မြောက်ပိုင်းပြန်များက ကြေညာချက်ထုတ်ပြန်သည်။

ABSDF မြောက်ပိုင်းပြန်များနှင့် သေဆုံးသွားသူအချို့၏ မိသားစုဝင်များသည် လွန်ခဲ့သော ဇန်နဝါရီ ၅ ရက်က ရန်ကုန်မြို့ တော်ဝင်နှင်းဆီစားသောက်ဆိုင်တွင် သတင်းစာရှင်းလင်းပွဲတစ်ခုပြုလုပ်ခဲ့ပြီး ယင်းအချက်အပါအဝင် အချက်ငါးချက်ပါကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံသို့တရားဝင်ခရီးလာရောက်ခဲ့သော ABSDF မှ လက်ရှိဥက္ကဋ္ဌ ဦးသံခဲနှင့် ၎င်း၏ အဖွဲ့ဝင်များသည် မြောက်ပိုင်းပြန်များကို သီးသန့်တွေ့ဆုံမှုများ ပြုလုပ်ခဲ့ပြီး တောင်းဆိုမှုအချို့ ပြုလုပ်ခဲ့ကြောင်း မြောက်ပိုင်းပြန်များက တော်ဝင်နှင်းဆီ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မြောက်ပိုင်းပြန်များက ၁၉၉၁-၉၂အတွင်း စစ်ထောက်လှမ်းရေးဟု စွပ်စွဲသတ်ဖြတ်မှုသည် စစ်မှန်သော ကျောင်းသားတော်လှန်ရေး ရဲဘော်များအပေါ် မှားယွင်းစွာလုပ်ဆောင်ခဲ့သော လုပ်ရပ်အဖြစ်ABSDFက အသိအမှတ်ပြုကြောင်း တရားဝင်ထုတ်ဖော်ပြောဆိုရန်နှင့် မြောက်ပိုင်းဖြစ်စဉ်များတွင် ကျဆုံးခဲ့သော ကျောင်းသား ရဲဘော်များကို ကျောင်းသားတပ်မတော်၏ ကျဆုံးစာရင်းတွင် ထည့်သွင်းပေးရန်လည်း တောင်းဆိုခဲ့ကြောင်း မြောက်ပိုင်းပြန်တစ်ဦးဖြစ်သူ ကိုရဲလင်းကပြောသည်။

ABSDF (သို့)မ. က. ဒ. တ ဟု လူသိများသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး၏ မြောက်ပိုင်းစခန်းဖြစ်သော ကချင်ပြည်နယ် ပါဂျောင်ဒေသတွင် တပ်ဖွဲ့ဝင်အချင်းချင်း စစ်ထောက်လှမ်းရေးဟု စွပ်စွဲကာ လူပေါင်း ၄၀ နီးပါးကို သတ်ဖြတ်ခဲ့ပြီး ရာနှင့်ချီသော လူများကို ဖမ်းဆီးနှိပ်စက်ခဲ့ကြောင်း ပြန်လည်ထွက်ပြေးလွတ်မြောက်လာသူများက ပြောသည်။ ဆယ်စုနှစ် နှစ်ခုကျော်ကြာ မည်သူကမှ တာဝန်ခံဖြေရှင်းပေးခြင်းမရှိသေးသည့် အဆိုပါဖြစ်စဉ် အပါအဝင် ကျောင်းသားတပ်မတော်အတွင်း သေဆုံးမှုများနှင့် ပတ်သက်ပြီး ABSDF ဥက္ကဋ္ဌဟောင်းနှစ်ဦးဖြစ်သည့် ဒေါက်တာနိုင်အောင်နှင့် မိုးသီးဇွန် အပါအဝင် အချို့ကို သေဆုံးသူများ၏ မိသားစုဝင်များက တရားစွဲဆိုမှုများ ပြုလုပ်လျက်ရှိသည်။

ဖမ်းဆီးခံရသူများနှင့် ဖမ်းဆီးသတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲခံရသူများအကြား အပြန်အလှန်ဝေဖန်ပြောဆိုမှုများ ဖြစ်ပေါ်နေသည့်မြောက်ပိုင်းအဖြစ်အပျက်များနှင့်ပတ်သက်ပြီး လာမည့်မေလတွင် အစီရင်ခံစာထုတ်ပြန်သွားမည်ဖြစ်ကြောင်း ABSDF ဥက္ကဋ္ဌ ဦးသံခဲက မြန်မာ့ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဇန်နဝါရီ ၃ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

7DAY NEWS JOURNAL

Vol.11, No.44 • JANUARY 10 , 2013

## လယ်ယာမြေမှတ်ပုံတင်များ စတင်ပြုလုပ်ပေး

**ပြည်သိမ်း၊အောင်သူရ၊အောင်နိုင်**

**ရန်ကုန်၊ဇန်နဝါရီ-၈**

လယ်ယာမြေ လွှဲပြောင်းပေါင်နှံခွင့်နှင့် လယ်သမားများအတွက် ဘဝအာမခံချက်ပေးမည့် လယ်ယာမြေမှတ်ပုံတင်များ စတင်ပြုလုပ်ပေးနေပြီဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိုင်းဒေသကြီး စိုက်ပျိုးရေး မန်နေဂျာများထံမှ သတင်းရရှိသည်။

"မြေစာရင်းဦးစီးဌာနကကော်မတီဖွဲ့ပြီး စတင်ပြုလုပ်ပေးနေပါပြီ"ဟု ပဲခူးတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေး မန်နေဂျာဦးအေးကိုကိုကပြောသည်။

တိုင်းနှင့်ပြည်နယ်အားလုံးတွင် လယ်ယာမြေမှတ်ပုံတင်ပြုလုပ်ပေးခြင်းကို သုံးလအတွင်း အပြီးဆောင်ရွက်ပေးရန် ပြည်ထောင်စုဝန်ကြီးအား တိုက်တွန်းထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောကြားသည်။

လယ်ယာမြေနည်းဥပဒေတွင် အသက် ၁၈ နှစ်ပြည့်ပြီး လက်ရှိအသုံးပြုခွင့် ရရှိထားသော လယ်ယာမြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရပ်ကွက်၊ ကျေးရွာမှတစ်ဆင့် မြို့နယ်မြေစာရင်းရုံးတွင် လျှောက်ထားရမည်။ ယင်းလယ်ယာမြေလုပ်ပိုင်ခွင့်ရမှ လက်ရှိလယ်ယာမြေကို လွှဲပြောင်းပေါင်နှံခွင့်ရမည်ဟု လယ်ယာမြေနည်းဥပဒေတွင် ပါရှိသည်။

"လယ်ဧကများများ လုပ်လိုသူတွေအတွက်တော့ ဒါအခွင့်အရေးပဲ"ဟု ပန်းတနော်မြို့နယ် ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းကဆိုသည်။

လယ်ယာမြေနည်းဥပဒေတွင် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ရရှိထားသူသည် အစိုးရဘဏ်(သို့)အစိုးရသတ်မှတ်သောဘဏ်တစ်ခုခု၌သာ မှတ်ပုံတင်မူရင်းကို ပေါင်နှံနိုင်သည်။ လယ်ယာမြေဥပဒေအရ နိုင်ငံတော်အကျိုး(သို့)အများပြည်သူအကျိုးအတွက် လယ်ယာမြေသိမ်းယူလျှင် ဒေသ၏ကာလပေါက်ဈေးတန်ဖိုးပေးရမည်ဖြစ်သည်။ လက်ရှိစိုက်ပျိုးထားသည့် စပါးနှင့် အခြားသီးနှံများအတွက် တစ်ဧကပျမ်းမျှအထွက်နှုန်းကို အခြေခံ၍ ဒေသပေါက်ဈေးဖြင့် တွက်ချက်ပြီး တန်ဖိုးသုံးဆအားလယ်ယာမြေလုပ်ပိုင်ခွင့်ရှိသူကို ပေးလျော်ရမည်။ နှစ်ရှည်ပင်များဆိုလျှင် အပင်တန်ဖိုးကိုအခြေခံ၍ ကာလပေါက်ဈေး၏ သုံးဆ၊ အဆောက်အအုံတိုးတက်ကောင်းမွန်ရေး အပါအဝင် အခြားဆောင်ရွက်ချက်များအတွက် နှစ်ဆပေးရမည်ဟု နည်းဥပဒေတွင် ဖော်ပြပါရှိသည်။

၎င်းနည်းဥပဒေမှာ ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်မှ စတင်အသက်ဝင်ခဲ့ပြီး ယင်းကာလနောက်ပိုင်း ဖြစ်ပေါ်သော လယ်ယာမြေပြဿနာများသာ အကျုံးဝင်မည်ဖြစ်သည်။

## ကမ္ဘာကျော်သူဌေးကြီး ဂျော့ဆိုးရော့စ် ဒုတိယအကြိမ် မြန်မာနိုင်ငံခရီးစဉ်တွင် အရေးကြီးကဏ္ဍများ ကူညီရန် ကြိုးပမ်း

**အောင်သူရ၊အိဖြူလွင်**

**ရန်ကုန်၊ဇန်နဝါရီ-၈**

ကမ္ဘာကျော်သန်းကြွယ်သူဌေးကြီး၊ Open Society Foundation ဥက္ကဋ္ဌ ဂျော့ဆိုးရော့စ်သည် မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီအချို့၊ အရပ်ဘက်ခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင် ပညာရေး၊ ငြိမ်းချမ်းရေးကိစ္စနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များတွင် အကူအညီပေးရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် ရောက်ရှိလာသော ဂျော့ဆိုးရော့စ် ဦးဆောင်သည့်အဖွဲ့နှင့် ၈၈ မျိုးဆက်ကျောင်းသားများ ဇန်နဝါရီ ၈ ရက်က ချက်ထရီယံဟိုတယ်၌ တွေ့ဆုံရာတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၌ Extractive Industries Transparency Initiative (EITI)၏ လေ့လာမှုဖြင့် ပွင့်လင်းမြင်သာမှု ပိုရှိရန်၊ ပညာရှင်များ၏ ပံ့ပိုးကူညီမှုများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြထားသည်။

ဂျော့ဆိုးရော့စ်သည် ဇန်နဝါရီ ၇ ရက်ကလည်း ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် တွေ့ဆုံခဲ့သလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသိန်းလွင်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဇန်နဝါရီ ၆ ရက်ကလည်း ဂျော့ဆိုးရော့စ်သည် မြန်မာ ငြိမ်းချမ်းရေးစင်တာ(MPC-Myanmar Peace Centre)မှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့သည်။

ဂျော့ဆိုးရော့စ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ပညာရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၌ ကူညီပေးမည်ဟု ပြောကြားခဲ့ကြောင်း ပညာရေးကွန်ရက်မှ ဗဟိုအလုပ်မှုဆောင် ဒေါက်တာသိန်းလွင်ကပြောသည်။

၈၈ မျိုးဆက်ကျောင်းသားများနှင့် တွေ့ဆုံရာတွင် ရင်းနှီးမြှုပ်နှံမှုကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အချက်အလက်များ ရှာဖွေစုဆောင်းရန် ကိစ္စရပ်များဆွေးနွေးခဲ့ကြောင်း ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုပြုံးချိုကပြောသည်။

"ကျွန်တော်တို့ပါတီနဲ့တော့ တိုင်းရင်းသားတွေရဲ့အရေးကို အဓိကဆွေးနွေးဖြစ်ပါတယ်"ဟု ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်မှ နိုင်ငံခြားဆက်ဆံရေးတာဝန်ခံ ဦးစိုင်းအန်းကပြောသည်။

ဂျော့ဆိုးရော့စ်သည် မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်က လာရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံခဲ့သည်။

## Standard Chartered ဘဏ် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည်

**ရန်ကုန်၊ ဇန်နဝါရီ - ၇**

၁၈၆၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံးဘဏ်ခွဲ ဖွင့်လှစ်ခဲ့ပြီး နိုင်ငံပေါင်း ၇၀ ကျော်တွင် ဘဏ်ခွဲပေါင်း ၁၇၀၀ ဖွင့်လှစ်ထားသော Standard Chartered နိုင်ငံတကာဘဏ်ကြီးသည် မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်ရုံးခွဲ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည်။

Standard Chartered ဘဏ်ရုံးခွဲပြန်လည်ဖွင့်လှစ်နိုင်ရန် မြန်မာနိုင်ငံဗဟိုဘဏ်က လိုင်စင်အလျင်အမြန်ခွင့်ပြုပေးလိုက်၍ အားရဝမ်းသာ ဖြစ်မိကြောင်းနှင့် မြန်မာနိုင်ငံမှ ပေါ်ထွက်လာသော အခွင့်အရေးသစ်များ ဆွတ်ယူနိုင်ရေး ကြိုးပမ်းနေသော ၎င်းတို့၏ဖောက်သည်များကို ဘဏ်၏ ကမ္ဘာလုံးဆိုင်ရာကွန်ရက်နှင့် ချိတ်ဆက်ပံ့ပိုးပေးနိုင်ရန် မျှော်လင့်ပါသည်ဟုအဆိုပါဘဏ်၏အာရှရုံး အမှုဆောင်အရာရှိချုပ် ဂျက်စပယ်ဘင်ဒရာက ပြောကြားသည်။

၁၉၆၃ ခုနှစ်တွင် ဘဏ်လုပ်ငန်းများ ပြည်သူပိုင်လုပ်ခဲ့ပြီး နောက်မြန်မာ့ဈေးကွက်အတွင်းမှ ထွက်ခွာသွားခဲ့သော Standard Chartered ဘဏ်သည် ၁၉၉၅ မှ ၂၀၀၄ အတွင်းတွင်မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။ ဘဏ်၏ ကိုယ်စားလှယ်ရုံးအား ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်မြို့၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။ အဆိုပါဘဏ်သည် အခြားအာဆီယံနိုင်ငံကိုးနိုင်ငံတွင်လည်း ဘဏ်လုပ်ငန်းများ ဖွင့်လှစ်လုပ်ကိုင်နေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်ပဘဏ်ရုံးခွဲ ၂၃ ခု ရှိပြီး Standard Chartered ဘဏ်ရုံးခွဲပြန်ဖွင့်လာပါက ၂၄ ခုရှိမည်ဖြစ်သည်။

## အရှုံးပေါ်နေသော မွေးမြူရေးလုပ်ငန်းများ ထောက်ကူရေး အလှူရှင်ညီလာခံ ကျင်းပမည်

**သန်းဌေး**

**ရန်ကုန်၊ဇန်နဝါရီ-၈**

အရှုံးပေါ်နေသော ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်အတွက် ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်အပါအဝင် အလှူရှင် ၂၂ နိုင်ငံနှင့် အဖွဲ့အစည်း ၂၀ တို့ ပူးပေါင်းကာ အလှူရှင်များညီလာခံကို ဇန်နဝါရီနောက်ဆုံးပတ်အတွင်း နေပြည်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ငါးမွေးမြူရေးလုပ်ငန်းရှင်များသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် ပုဂ္ဂလိကကြွေးရှင်များထံမှ ကျပ်ငွေသန်းတစ်သိန်းကျော် ချေးယူထားရာ ပြန်မဆပ်နိုင်သေးသည့် အခြေအနေဖြစ်နေကြောင်း မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်ကပြောသည်။

"အရှုံးပေါ်ပြီး အကြွေးတင်နေတဲ့ ငါးမွေးမြူရေးလုပ်ငန်းရှင်တွေကိုလည်း အမေရိကန်ဒေါ်လာ သန်းနှစ်ရာလောက် ထုတ်ချေးပေးဖို့ ဒီနေ့ညနေပဲ ညွှန်ချုပ်က ဝန်ကြီးကို တင်ပြပေးမယ်လို့လည်း သိရတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

လုပ်ငန်းရှင်များအတွက် နည်းပညာနှင့် ငွေကြေးအရင်းအနှီးများ အဆင်ပြေနိုင်သော်လည်း ဈေးကွက်ရရန်မှာ အလွန်ခက်ခဲနေဦးမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းကပြောကြားသည်။

၂၀၁၃ ခုနှစ်အတွင်း ပြည်ပမှ ငွေကြေးနှင့်နည်းပညာ အကူအညီများ ရရှိမှသာ နောင်နှစ်များတွင် မြန်မာနိုင်ငံ ရေလုပ်ငန်းနယ်ပယ် ပြန်လည်တိုးတက်၍ ပြည်ပနိုင်ငံများသို့ ငါးပုစွန်များ ပိုမိုတင်ပို့လာနိုင်မည်ဖြစ်ကြောင်း ဦးဝင်းကြိုင်က သုံးသပ်ပြောကြားသည်။

၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ ရေထွက်ပစ္စည်း ပြည်ပသို့တင်ပို့ရာမှ အမေရိကန်ဒေါ်လာ ၄၇၇ ဒသမ ၂၈ သန်းရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနက တရားဝင်ထုတ်ပြန်ပေးသည်။

## မျက်နှာဖုံး-အခွန်ဝန်ထမ်းနှင့် လုပ်ငန်းရှင် တိုက်ရိုက်ထိတွေ့ရန်မလိုသော ဝင်ငွေခွန်ကြေညာသည့်ပုံစံ ပြောင်းလဲကျင့်သုံးမည် မှ

"နိုင်ငံတကာမှာဆို အခွန်ကြေညာလွှာ မမှန်ကန်ရင် တရားစွဲလို့ရတယ်။ ဒီနိုင်ငံမှာ ဒီစနစ်ကျင့်သုံးဖို့ အချိန်တစ်ခုတော့ လိုဦးမယ်။ ဒါမှ လူတွေလည်း အခွန်ဆောင်ရတဲ့ အသိတရား ပိုဝင်လာမှာပေါ့"ဟု ၎င်းကပြောသည်။

ပြီးခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားလွှတ်တော်တွင် နိုင်ငံတော်၏ အခွန်နှင့်ပတ်သက်၍ ဆွေးနွေးမှုအချို့ရှိခဲ့ပြီး ယင်းဆွေးနွေးမှု၏ရလဒ်ကြောင့် ယခုလို အခွန်စနစ်ကို တဖြည်းဖြည်းချင်း ပြောင်းလဲသွားခြင်း ဖြစ်နိုင်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်ကပြောသည်။

"လုပ်ငန်းရှင်နဲ့ အခွန်ဝန်ထမ်းတို့ရဲ့ ပူးပေါင်းပြီးလုပ်တဲ့ မသမာမှုတွေ ပျောက်သွားစေချင်လို့ ဒီစနစ်ကို အကောင်အထည်ဖော်တယ်ထင်ပါတယ်။ နိုင်ငံသားတိုင်းကိုယ့်တာဝန်ကိုယ်ကျေမယ်ဆို ဒီစနစ်က အောင်မြင်သွားမှာပါ"ဟု ကုန်သည်/စက်မှုအသင်းချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။

၎င်းစနစ်မှာ အခွန်ရှောင်ရန် လွယ်ကူသွားသော်လည်း ကြေညာလွှာတင်မည့် လုပ်ငန်းရှင်များအား သံသယကင်းဖြစ်ပါက လုပ်ငန်းထဲသို့တိုက်ရိုက်ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကာ ကြေညာလွှာစာရင်းနှင့် လက်ရှိဝင်ငွေတို့ ကွာဟပါက ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်သွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်ထားသည်။

ယင်းစနစ်ပြောင်းလဲမည်ဆိုခြင်းနှင့်ပတ်သက်၍ တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီ အကြီးအကဲ ဦးကိုကိုထွေးက "အခွန်ကို မကြေညာတဲ့သူက အမှန်မဟုတ်ဘူးဆိုရင် အပြစ်ဒဏ်ကြီးသွားမယ်။ နည်းစနစ်မှန်ကန်ဖို့တော့ လိုမယ်။ အစိုးရအတွက် အရမ်းကိုကောင်းတဲ့စနစ်တစ်ခုပဲ"ဟု ၎င်းကပြောသည်။

အခွန်စနစ်ပြောင်းလဲမှု၏ ပထမအဆင့်ဖြစ်သော အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်သည့် ဝင်ငွေခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတို့အရ ဝင်ငွေခွန် တစ်ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ စတင်ပြောင်းလဲ ကောက်ခံနေပြီဖြစ်ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ သိရသည်။ ဒုတိယပြောင်းလဲမှုဖြစ်သည့် ပြည်တွင်းပြည်ပမှ တိုးပွားလာမည့် ရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာနိုင်ငံ၏အခွန်စနစ်နှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် အောက်တိုဘာလ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးကိုလည်း ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

လက်ရှိတွင်ပြည်တွင်းအခွန်များဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ အာရှဖွံ့ဖြိုးမှုဘဏ် (ADB) ဘဏ်တို့မှ လိုအပ်သော အထောက်အပံ့နည်းပညာများကို ရယူ၍ အခွန်စနစ်အား ဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲသွားမည်ဟု ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေခွန်ကြေညာလွှာကို နှစ်စဉ်ဇွန်လ ၃၀ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာအခွန်ရုံးများရှိ သက်ဆိုင်ရာအခွန်ဦးစီးမှူးများထံ ပုံမှန်တင်ပြရလေ့ရှိပြီး အခွန်ချလန်ထွက်ခါနီးတွင် ၎င်းတို့နှင့် တိုက်ရိုက်တွေ့ဆုံညှိနှိုင်းရပြီး ငွေကြေးပေးရသည့် အခြေအနေမှာ ယခင်ကလိုမဆိုးတော့သော်လည်း အစဉ်အလာမပျက်ရှိနေသေးကြောင်း ကုမ္ပဏီတစ်ခုမှ လက်ထောက်အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး) တစ်ဦးကပြောသည်။

# နိုင်ငံလုံးဆိုင်ရာ ဒီချုပ်ညီလာခံ ဖေဖော်ဝါရီ နောက်ဆုံးပတ်ကျင်းပမည်

**ရန်မျိုးနိုင်၊ထွန်းခိုင်**

**ရန်ကုန်၊ဇန်နဝါရီ-၈**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာပါတီညီလာခံကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ကျင်းပသွားရန်ရှိကြောင်း သတင်းရရှိသည်။




*လွတ်လပ်ရေးနေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားနေသော ဒေါ်အောင်ဆန်းစုကြည်* **ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)**

"အခုကျင်းပနေတဲ့ မြို့နယ်ညီလာခံတွေက ဇန်နဝါရီလကုန်ပိုင်းလောက် ပြီးမယ်လို့ မှန်းထားတယ်။ အဲဒါပြီးရင် နိုင်ငံလုံးဆိုင်ရာညီလာခံကို ကျင်းပမယ်"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းကြိုင်ကပြောကြားသည်။

ပါတီညီလာခံတွင် ပါတီ၏ ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ ဗဟိုကော်မတီမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းအပြင် ၂၀၁၅ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မည့် အကြောင်းအရာများကိုပါ ဆွေးနွေးသွားမည်ဖြစ်သည်။

နိုင်ငံလုံးဆိုင်ရာ ညီလာခံကျင်းပရန်အတွက်အောက်ခြေအဆင့်ဖြစ်သော ရပ်/ကျေး ညီလာခံများ ကျင်းပရာတွင် ပါတီဝင်များကြား ပဋိပက္ခအချို့ ရှိခဲ့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှိုင်းယှဉ်ပါက ငါးရာခိုင်နှုန်းပင် မရှိဟု ဦးအုန်းကြိုင်ကဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမဆုံးအကြိမ် ညီလာခံကျင်းပနိုင်ရေးအတွက် ပထမဆုံးအဆင့်ဖြစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စုညီလာခံများကိုစက်တင်ဘာ ၁၉ ရက်စွဲဖြင့် စတင်ကျင်းပနိုင်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ညီလာခံသို့ ပါတီကိုယ်စားလှယ်ပေါင်း ၁၅၀၀ ခန့် တက်ရောက်ရန် ခန့်မှန်းထားပြီး ကျင်းပမည့်နေရာကိုမူ အတည်မပြုရသေးကြောင်း သိရသည်။

# ရွှေဘိုငလျင်ဒဏ်ခံပြည်သူများ စိတ်ပိုင်းဆိုင်ရာ အကူအညီ လိုအပ်နေသေး

**အောင်သစ်လွင်**

**ရန်ကုန်၊ဇန်နဝါရီ-၈**

အင်အားပြင်း ရွှေဘိုငလျင်ဒဏ်ကို ပြင်းထန်စွာကြုံတွေ့ခံစားခဲ့ရသူများအား စိတ်ပိုင်းဆိုင်ရာ အကူအညီ အထောက်အပံ့များ ပံ့ပိုးပေးရန် လိုအပ်နေဆဲဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန လက်ထောက်ကထိက ဦးတင်အောင်မိုးကပြောသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သောပြင်းအားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ ငလျင်ဒဏ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘို၊ ကန့်ဘလူ၊ ကျောက်မြောင်းမြို့များနှင့်မန္တလေးတိုင်းဒေသကြီး၌ သပိတ်ကျင်းမြို့နယ်တို့မှာ အပျက်အစီး အလွန်များပြားခဲ့ပြီး ကန့်ဘလူမြို့နယ်တွင်ပါဝင်သော မလယ်ရွာနှင့် သပိတ်ကျင်းမြို့နယ်တွင် ပါဝင်သော စပ္ပါယ်နဂိုရ်ရွာတို့မှာ ရွာလုံးကျွတ်နီးပါး ပျက်စီးဆုံးရှုံးခဲ့ရသည်။

"ကျွန်တော်တို့ အိမ်ပေါ်ကို ပြန်မတက်ရဲသေးပါဘူး။ နောက်ဆက်တွဲ ငလျင်လေးတွေ လှုပ်လေ့ရှိတယ် ဆိုပေမယ့် အိမ်ရဲ့ကြံ့ခိုင်မှုကို စိတ်မချလို့ လယ်ကွင်းထဲမှာပဲ တဲထိုးပြီး နေလိုက်ပါတယ်"ဟု စပ္ပါယ်နဂိုရ်ရွာ ဒေသခံကိုမျိုးမင်းက ပြောသည်။

ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော မလယ်ရွာသို့ သွားရောက်ကူညီပေးခဲ့သည့် စစ်ကိုင်းမြို့ သုခကာရီလူမှုကူညီရေးအသင်းမှ ဦးဇော်ဝင်းအောင်က "အချို့မိသားစုတွေဆိုရင် သူတို့အရင်နေခဲ့ကြတဲ့ အိမ်ကြီးဘေးနားမှာပဲ တဲလေးထိုးပြီး နေနေကြတယ်။ ငလျင်ငယ်လေးတွေကလည်း ဒီနေ့အထိ လှုပ်နေတုန်းပဲဆိုတော့ သူတို့ကို ကြည့်ရတာ အရမ်းကြောက်ရွံ့နေပုံရပါတယ်"ဟု ဆိုသည်။

ငလျင်ကြီးများ၏ ထုံးစံအတိုင်း နောက်ဆက်တွဲ ငလျင်ငယ်များ ထပ်မံလှုပ်ခတ်ခဲ့ပြီး စတင်လှုပ်ခတ်ပြီး နှစ်လခန့်ကြာသည့် ယနေ့အချိန်အထိ အကြိမ်တစ်ရာခန့် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

ဦးတင်အောင်မိုးက "တော်တော်များများက ရုပ်ဝတ္ထုပစ္စည်းတွေ ပံ့ပိုးပေးရုံနဲ့ပြည့်စုံပြီလို့ ယူဆနေကြတာပါ။ တကယ်တော့ သဘာဝဘေးအန္တရာယ်ကို မျက်မြင်ကိုယ်တွေ့ ရင်ဆိုင်ခဲ့ရတဲ့ သူတွေကို စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိအောင် ကူညီပေးသင့်ပါတယ်။ အထူးသဖြင့်ကလေးတွေ၊ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေကိုစိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ အကူအညီတွေ ပေးဖို့လိုအပ်ပါတယ်"ဟု ပြောကြားသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ ရွှေဘိုငလျင်ဒဏ်ကြောင့် သေဆုံးသူ ခုနစ်ဦးရှိခဲ့ပြီး ၃၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုတည်း၌ပင်ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်းပေါင်း တစ်သောင်းလေးထောင်ခန့်ရှိကြောင်း သိရသည်။

"ငလျင်ဒဏ်ခံခဲ့ရသူတွေကို စိတ်ဓာတ်ခွန်အား တက်ကြွစေတဲ့ ပြဇာတ်တွေ၊ ရုပ်ရှင်တွေ ပြပေးခဲ့ပါတယ်။ ဒါပေမဲ့အဖွဲ့အစည်းတစ်ခုတည်းအနေနဲ့ဆိုတော့ ဒေသအားလုံးကို လုပ်မပေးနိုင်ခဲ့ဘူး။ ပြီးခဲ့တဲ့လကတော့ ဆရာတော် အရှင်ဆေကိန္ဒ ကြီးမှူးပြီးတော့ စိတ်ဓာတ်ခွန်အားပေး တရားပွဲတွေ ဟောပြောပေးသွားပါတယ်"ဟု ကန့်ဘလူဒေသခံတစ်ဦးဖြစ်သူ ကိုနိုင်လင်းကပြောသည်။

## ပန်းဘဲတန်း ဒီချုပ်ပါတီရုံးခန်း၌ ပညာဒါနကျောင်းသူအား အဓမ္မပြုကျင့်မှုဖြင့် ပါတီဝင်တစ်ဦးကို အမှုဖွင့်

**အောင်သစ်လွင်**

**ရန်ကုန်၊ဇန်နဝါရီ-၅**

ပန်းဘဲတန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးခန်း၌ ပါတီဝင်လူငယ်တစ်ဦးက ရုံးခန်းတွင်ပညာဒါနသင်တန်းတက်နေသည့်တက္ကသိုလ်ဝင်တန်းကျောင်းသူတစ်ဦးအား အဓမ္မပြုကျင့်ခဲ့ကြောင်း ကျောင်းသူ၏ မိဘများက ယင်းမြို့နယ်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားလိုက်သည်။

ပန်းဘဲတန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးခန်း၌ ဖွင့်လှစ်ထားသော ဒေါင်းအားမာန်ပညာဒါနကျောင်းတွင် တက်ရောက်သင်ကြားနေသော အသက်၁၆နှစ်အရွယ်တက္ကသိုလ်ဝင်တန်းကျောင်းသူတစ်ဦးအား ဇန်နဝါရီ၃ ရက်က ပါတီဝင်ဖြစ်သူ ခင်မောင်ထူး(ခ)သားကြီး(ခ)ဆိုဗီရင်းက ကိုကာကိုလာအချိုရည်ထဲ အိပ်ဆေးခတ်ကာ သားမယားပြုကျင့်ခဲ့ခြင်းဖြစ်သည်ဟု တရားလိုကတိုင်ကြားထားခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူဟု စွပ်စွဲခံရသူ ခင်မောင်ထူးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်တစ်ဦးဖြစ်ပြီး ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် နောက်ဆုံးနှစ်ဥပဒေဘာသာရပ်ကို ဖြေဆိုထားသူဖြစ်ကြောင်း ပန်းပဲတန်းမြို့နယ်အင်န်အယ်လ်ဒီပါတီဝင်တစ်ဦးဖြစ်သူ ကိုမောင်မောင်၏ပြောကြားချက်အရ သိရသည်။

ပန်းဘဲတန်း ရဲစခန်းအား ဆက်သွယ်မေးမြန်းရာ တရားခံအား စစ်ဆေးနေဆဲအဆင့်တွင်ရှိနေသေးသည့်အတွက် တိတိကျကျ ထုတ်ဖော်ပြောကြားရန် မဖြစ်နိုင်သေးကြောင်း စခန်းတာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၈ ရက်တွင် ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြန်ကြားရေး ဒုတာဝန်ခံ ဦးကြည်တိုးက "ဒီအမှုဟာ မှန်လားမှားလား အဖြေမှန်မပေါ်သေးတဲ့အတွက် ပါတီအနေနဲ့ စောင့်ကြည့်နေပါတယ်။ ကိုယ့်အဖွဲ့ဝင်ဖြစ်နေလို့ဆိုပြီး အဖြစ်မှန်ကို ဖုံးကွယ်ပေးတာမျိုး မလုပ်ပါဘူး။ တရားဥပဒေရှေ့မှောက်မှာ အမှုမှန်ပေါ်ပေါက်ရေးကိုပဲ လိုလားပါတယ်"ဟု ဆိုသည်။

တရားလို၏ဦးလေးတော်စပ်သူ ဦးတင်ဝင်းက "အင်န်အယ်လ်ဒီရုံးခန်းထဲမှာ ဖြစ်ခဲ့တာတောင် ပါတီက တာဝန်ရှိတဲ့သူတွေ အခုချိန်ထိ လာရောက်မေးမြန်းတာမျိုး မရှိသေးပါဘူး။ ကလေးက စာမေးပွဲဖြေခါနီးမှ ဒီလိုဖြစ်ရတာပါ။ ဒီပညာဒါနကျောင်းရဲ့ အုပ်ချုပ်မှုပိုင်းက အရမ်းအားနည်းပါတယ်"ဟု ပြောသည်။

ခင်မောင်ထူး၏ မိသားစုဝင်တစ်ဦးက "ပန်းဘဲတန်းရဲစခန်းက ကျွန်တော်တို့နဲ့ သူ့ကို တွေ့ခွင့်မပေးသေးတဲ့အတွက် ဘာတစ်ခုမှ တိတိကျကျ မသိရသေးပါဘူး"ဟု ဆိုသည်။

အဆိုပါအမှုအားပန်းဘဲတန်းရဲစခန်းတွင် ပြစ်မှုပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

## မီးလောင်မှုများကြောင့် တစ်နှစ်အတွင်း ကျပ်သန်း ၂,၀၀၀ ခန့် ဆုံးရှုံး

**ဖွဲ့ဉာဏ်၊ရဲနောင်**

**ရန်ကုန်၊ဇန်နဝါရီ-၈**

ပြီးခဲ့သည့်နှစ်အတွင်း မီးလောင်မှုများကြောင့် ကျပ်သန်းပေါင်း ၂,၀၀၀ နီးပါး ဆုံးရှုံးခဲ့ပြီး ယခုကဲ့သို့ ပမာဏမြင့်တက်လာခြင်းမှာ ရခိုင်ပြည်နယ်တွင်း မီးလောင်မှုများကြောင့်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၂ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ မီးလောင်ကျွမ်းမှု အကြိမ် ၁၅၀ ကျော် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးအားဖြင့် ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်တို့ပြီးနောက် တတိယအများဆုံးဖြစ်ခဲ့သည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း သံတွဲမြို့ ဒွါရဝတီဈေး မီးလောင်မှုမှာ အကြီးဆုံးဖြစ်ပြီး ကျပ်သန်းပေါင်း ၆၅၀ ဆုံးရှုံးခဲ့သည်။ ၂၀၁၂နှစ်အတွင်း မီးလောင်ကျွမ်းမှုများကြောင့် တစ်နိုင်ငံလုံးတွင် လူ ၁၈၀ ကျော် သေဆုံးခဲ့သည်။

# မြို့နယ်အချို့ရှိ တောင်သူများထံမှ အရန်ဆန်ကြီးကြပ်ရေးကော်မတီ ညှော်မထစပါးများ ဝယ်မည်

**အောင်သူရ**

**ရန်ကုန်၊ဇန်နဝါရီ-၈**

စပါးဈေးကျဆင်းနေပြီး ဝယ်သူမရှိဖြစ်နေသည့် ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့ရှိ တောင်သူများထံမှ ညှော်မထအုပ်စုဝင် စပါးများအား ၄၆ ပေါင်တစ်တင်းလျှင် ၃၃၀၀ ကျပ်ထက်မနည်းသော ဈေးဖြင့် မကြာခင်ရက်ပိုင်းအတွင်း တိုက်ရိုက်ဝယ်ယူမည်ဟု အရန်ဆန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောကြားသည်။

ထိုကဲ့သို့စပါးဝယ်ယူပေးရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဇန်နဝါရီ၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး သဘောတူညီခဲ့ခြင်းဖြစ်သည်ဟု ဦးချစ်ခိုင်ကဆိုသည်။

"လောလောဆယ်ဝယ်ပေးဖို့ ပြောထားတာက ပဲခူးတိုင်းက စပါးတင်း ငါးသိန်းလောက် ဧရာဝတီတိုင်းက လေးမျက်နှာ၊ အင်္ဂပူ၊ မအူပင်၊ ဟင်္သာတနဲ့ရန်ကုန်တိုင်းလှည်းကူးမြို့တွေက ဝယ်ပေးဖို့ပြောထားတာရှိတယ်"ဟုမြန်မာနိုင်ငံတောင်သူလယ်သမားအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။

ထိုမြို့များတွင် မကြာမီ ကာလတွင် ဒိုင်ဖွင့်၍ ဝယ်ယူပေးသွားမည်ဖြစ်ပြီး စပါးဈေးပုံမှန်ဖြစ်သွားသည်အထိ ဝယ်ယူသွားမည်ဟု ဒေါက်တာစိုးထွန်းကပြောသည်။

ဒီဇင်ဘာလ ဒုတိယအပတ်မှစ၍ စပါးဈေးကျဆင်းလာပြီး ယခုရက်ပိုင်းတွင် တင်းတစ်ရာလျှင် ကျပ်သုံးသိန်းအောက်ရောက်ရှိသွားကာ ဝယ်မည့်သူမရှိဖြစ်နေသဖြင့် ဧရာဝတီတိုင်း လေးမျက်နှာမြို့မှ တောင်သူများက ဇန်နဝါရီ ၅ ရက်တွင် ဆန္ဒပြရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

"မနေ့ညနေ (ဇန်နဝါရီ ၇) ရက်က ဖုန်းဆက်လာတယ်။ တစ်ရက်အတွင်းကို လာဝယ်ပေးမယ်လို့ ပြောလာတယ်"ဟု ဆန္ဒပြပွဲပြုလုပ်ရန် ဦးဆောင်သူတစ်ဦးဖြစ်သော လေးမျက်နှာမြို့နယ် ဆန်စက်ပိုင်ရှင်အသင်းဥက္ကဋ္ဌ ဦးဝင်းနိုင်စိုးကပြောသည်။

ရာသီဥတုဖောက်ပြန်ခြင်း၊ သီးနှံဈေးနှုန်း မကောင်းခြင်းတို့ကြောင့် တောင်သူများ ဒုက္ခရောက်ခဲ့ရသည်မှာ သုံးနှစ်ဆက်တိုက်ရှိလာပြီဖြစ်သည်။

သို့သော် ၂၀၁၂ ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ၉ လအတွင်း ဆန်တန်ချိန် ၁ ဒသမ ၁ သန်းပြည်ပသို့တင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၄၆ နှစ်အတွင်း ဆန်အများဆုံး တင်ပို့နိုင်ခဲ့သော နှစ်အဖြစ် စံချိန်တင်နိုင်မည်ဖြစ်သည်။

# အချပ်ပို

7 DAY NEWS JOURNAL
Vol.11, No.44 • JANUARY 10 , 2013

စာ(၂၉)မှ

## ကချင်ပြည်နယ်ငြိမ်းချမ်းရေး ဘယ်သူယူပေးမလဲ

"ကြောက်ကြလွန်းလို့ ဒူးထောက်ပြီး ဘုရားဆုတောင်းကြတယ်။ အချို့ဆို မျက်ရည်တွေကျပြီး ငိုကြတယ်"ဟု သက်ကြီးရွယ်အိုနှင့် ကလေးများ အပါအဝင် စစ်ဘေးဒုက္ခသည် သုံးထောင်ကျော်ရှိသော ယင်းစခန်းမှ တာဝန်ခံက ပြောသည်။

လိုင်ဇာမြို့ပေါ်မှ စစ်ဘေးဒုက္ခသည်များမှာ အခြေအနေကို စိုးရိမ်စွာစောင့်ကြည့်နေကြပြီး အခြေအနေများ ဆက်လက်တင်းမာလာပါက ချောင်းတစ်ခုသာခြားသော တရုတ်နိုင်ငံဘက်ခြမ်းသို့ ထွက်ပြေးရန် စဉ်းစားထားကြောင်း စစ်ဘေးဒုက္ခသည်များကို ကူညီပေးနေသူတစ်ဦးက တယ်လီဖုန်းမှတစ်ဆင့် ပြောကြားသည်။

ဒေသခံများနှင့် စစ်ဘေးဒုက္ခသည်များမှာ ပို၍နီးနီးလာသော လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် လိုင်ဇာမြို့သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မည်ကို စိုးရိမ်နေကြသည်။

ကေအိုင်အေသို့ ဆက်သွယ်မေးမြန်းရာ လက်နက်ကြီးများဖြင့် လိုင်ဇာမြို့အနီးအလန်းဘွမ်တောင်ကုန်းသို့ နေ့စဉ်လိုလို ပစ်ခတ်နေသော်လည်း လိုင်ဇာမြို့တွင်းသို့ ကျရောက်ခြင်းမရှိသေးကြောင်း 7Day News၏ ဆက်သွယ်မေးမြန်းမှုကို ဇန်နဝါရီ၇ရက်က ဖြေကြားသည်။

နိုင်ငံတော်သမ္မတက လိုင်ဇာမြို့ကိုမသိမ်းရန် ညွှန်ကြားထားကြောင်း သမ္မတရုံးဝန်ကြီးဌာနဝန်ကြီးဦးအောင်မင်းကလည်း ပြောကြားထားသည်။ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုကို ဆက်လက်လုပ်ဆောင်မည်ဟုလည်း ၎င်းကဆိုသည်။

လိုင်ဇာကို အစိုးရဘက်မှ တိုက်ခိုက်ပါက ပြဿနာများမှာ ရှင်းမရအောင် ရှုပ်ထွေးသွားနိုင်ကြောင်း စောင့်ကြည့်လေ့လာနေသူများက ပြောကြားသည်။

မြန်မာငြိမ်းချမ်းရေးစင်တာမှ အပစ်အခတ်ရပ်စဲရေးဒါရိုက်တာ ဦးမင်းဇော်ဦးကလည်း "အပြန်အလှန်တိုက်ရင်းနဲ့ အမှတ်တစ်ခုကို ရောက်တော့မယ်။ အဲဒီအမှတ်က ဒီထက်တက်လာမယ်ဆိုရင်ပြဿနာအကြီးအကျယ်ဖြစ်လာနိုင်တဲ့ အနေအထားရှိတယ်။ လူမျိုးရေးအမြင်တွေ ကြီးလာမှာကို စိုးရိမ်တယ်" ဟု ပြောကြားခဲ့ပြီး စစ်ပွဲများဖြင့် ငြိမ်းချမ်းရေးကို မဖန်တီးနိုင်ဘဲ တွေ့ဆုံညှိနှိုင်းခြင်းဖြင့်သာ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ကြောင်း ဇန်နဝါရီလဆန်းပိုင်းက ပြောကြားခဲ့သည်။

စစ်ဘေးကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများမှာ တစ်နှစ်နှင့်ခြောက်လကျော် ကြာမြင့်လာချိန်တွင် ကေအိုင်အိုထိန်းချုပ်နယ်မြေအတွင်းတွင်စစ်ဘေးဒုက္ခသည် ၆၄၀၀၀ကျော်ရှိပြီး အစိုးရထိန်းချုပ်နယ်မြေအတွင်းတွင် စစ်ဘေးဒုက္ခသည် ၃၃၀၀၀ ကျော်ရှိကာ စစ်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော ဦးရေမှာ တစ်သိန်းကျော်သွားပြီဖြစ်ကြောင်း လိုင်ဇာမြို့ရှိ စစ်ဘေးဒုက္ခသည် ကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌ ဦးဒွဲပီဆားက ပြောကြားသည်။

"အခု သတိထားပြီးနေဖို့ ပြောရုံကလွဲပြီး ဘာမှမတတ်နိုင်ဘူးလေ။ ရွှေ့ဖို့က သိပ်မလွယ်ဘူးလေ။ အကယ်၍များ လုံးဝနေလို့မရတော့ဘူးဆိုရင်တော့ ဘယ်တတ်နိုင်မလဲ"ဟု ဦးဒွဲပီဆားက ဇန်နဝါရီ ၇ ရက်က ဖုန်းဖြင့်ဆက်သွယ်မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

မန်စီမြို့နယ်တွင်လည်း တိုက်ပွဲများပြင်းထန်ခဲ့သဖြင့် ယခုရက်ပိုင်းအတွင်းမှာပင် ထိုဒေသတွင် နေထိုင်သူများမှာ ထွက်ပြေးတိမ်းရှောင်သူ ဒုက္ခသည်ဦးရေ တစ်ရာကျော် ထပ်တိုးလာသဖြင့် ယင်းတို့အတွက် ဗန်းမော်နှင့် မန်စီကြား တစ်နေရာတွင် ဒုက္ခသည်စခန်းအသစ်တစ်ခုဖွင့်လှစ်ပေးနိုင်ရန်ပြင်ဆင်နေကြောင်းမြစ်ကြီးနားအခြေစိုက် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဇွန်က 7Day News အားပြောကြားသည်။

ကချင်ပြည်နယ်အတွင်းဖြစ်ပွားနေသော ပြဿနာများကို ဖြေရှင်းရန်အတွက် ကြားဝင်ဆောင်ရွက်သည့်အနေနှင့် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှကိုမြအေးဦးဆောင်သော အဖွဲ့သည် ကေအိုင်အိုဌာနချုပ်ရှိရာ လိုင်ဇာမြို့သို့ ဇန်နဝါရီ ၁ ရက်က သွားရောက်ခဲ့ပြီး ကေအိုင်အေခေါင်းဆောင်တစ်ဦးဖြစ်သော ဒုတိယစစ်ဦးစီးချုပ် ဂွန်မော်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံ ဆွေးနွေးရာတွင် ကေအိုင်အိုဘက်မှ ထိန်းသိမ်းထားသော မြန်မာတပ်ဖွဲ့ဝင် ၃၀ ကျော်ကို အစိုးရထံ ပြန်လည်လွှဲပြောင်းရေးအတွက် ဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာသို့ ပြောကြားထားကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ဇန်နဝါရီ၅ရက်တွင် သတင်းတစ်ရပ်ထုတ်ပြန်သည်။ ထိန်းသိမ်းခံ အစိုးရတပ်ဖွဲ့ဝင်များကိုလွှဲပြောင်းရန် ကေအိုင်အေဘက်မှ အစိုးရဘက်သို့ အကြောင်းကြားသော်လည်း အကြောင်းပြန်ကြားခြင်းမရှိကြောင်း ကေအိုင်အေဘက်မှပြောသည်။ အစိုးရဘက်မှလည်း ၂၀၁၂နှစ်လယ်ပိုင်းကကေအိုင်အိုထိန်းသိမ်းထားသော တပ်ဖွဲ့ဝင် ၂၁ဦးကိုလွှဲပြောင်းမည်ကိုလက်ခံရန် ဆောင်ရွက်ခဲ့ရာ ကေအိုင်အိုဘက်မှ အကြောင်းပြန်ခြင်းမရှိသဖြင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း အစိုးရနှင့် နီးစပ်သူတစ်ဦးကပြောကြားသည်။

၂၀၁၁ ခုနှစ် ဇွန် ၉ ရက်ကတည်းက ပြန်လည်ဖြစ်ပွားလာခဲ့သော အစိုးရတပ်မတော်နှင့် ကေအိုင်အေတို့အကြား တိုက်ပွဲများမှာ တစ်နှစ်နှင့်ခြောက်လကျော်ကြာမြင့်ချိန်တွင် အဆိုးဝါးဆုံးအခြေအနေသို့ရောက်ရှိလာပြီးလတ်တလောတွင် နှစ်ဖက်တင်းမာနေသည့် အနေအထားသို့ ရောက်ရှိနေသည်။

အစိုးရနှင့် ကေအိုင်အိုတို့ ငြိမ်းချမ်းရေးအတွက် နောက်ဆုံးတွေ့ဆုံဆွေးနွေးခဲ့သော အောက်တိုဘာ ၃၀ရက် တရုတ်နိုင်ငံ ရွှေလီမြို့တွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံပွဲတွင် တပ်နေရာ ပြောင်းရွှေ့ရေးညှိနှိုင်းရန် တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦး အဖွဲ့ဝင်အဖြစ် စေလွှတ်ခဲ့သော်လည်း တစ်ဖက်မှ စစ်ဘက်ခေါင်းဆောင်တက်ရောက်ရန် ပျက်ကွက်သဖြင့် အရေးကြီးသည့် ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း ဇန်နဝါရီ ၄ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ကေအိုင်အိုစစ်ဘက်ရေးရာမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ကေအိုင်အေ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော်က ရွှေလီငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မလာရခြင်းအကြောင်းမှာ ယင်းအနေနှင့် ဆွေးနွေးရေးအဖွဲ့တွင် မပါဝင်သကဲ့သို့ ဆွေးနွေးပွဲလာရန် ကြိုတင်ညှိနှိုင်းထားခြင်းမရှိခဲ့သဖြင့် မလာရောက်ခြင်းဖြစ်ကြောင်း 7Day News ၏ မေးမြန်းမှုကိုဖြေကြားခဲ့သည်။

ဒီဇင်ဘာလဆန်းပိုင်းမှစတင်ကာ အစိုးရဘက်မှ လေကြောင်းတိုက်ခိုက်မှုများ စတင်လာခဲ့ပြီး ဒီဇင်ဘာလလယ်တွင် မြန်မာတပ်မတော်သားများ လဂျားယန်တွင် ဒဏ်ရာများဖြင့် ဖမ်းဆီးခံထားရသည့် ဗီဒီယိုဖိုင်များ အင်တာနက်တွင် ပျံ့နှံ့ခဲ့ပြီးနောက်တွင် နှစ်ဖက်ပိုမိုတင်းမာလာသည်။ ဒီဇင်ဘာ ၂၃ ရက်တွင် မြောက်ပိုင်းတိုင်း တိုင်းမှူးအကြောင်းကြားလာသောလဂျားယန်တွင်အုပ်ချုပ်ရေးကိစ္စဆောင်ရွက်ရန်ရှိသဖြင့် ကေအိုင်အေတပ်များ ရွှေ့ပေးရန် အကြောင်းကြားစာပို့အပြီးတွင် လိုင်ဇာမြို့အနီးတွင် တိုက်ပွဲများ ဖြစ်ပွားမှုစိပ်လာပြီး အတင်းမာဆုံး အခြေအနေသို့ ရောက်ရှိခဲ့သည်။

အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသော မြန်မာနိုင်ငံ၏ အင်အားအကြီးဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ တစ်ဖွဲ့ဖြစ်သော ကရင်အမျိုးသားအစည်းအရုံး(KNU)က နေပြည်တော်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇန်နဝါရီ၆ရက်ကတွေ့ဆုံရာတွင်ကချင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော ပဋိပက္ခမှာ ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် အဟန့်အတားတစ်ခုဖြစ်နေကြောင်းပြောသည်။ ရာစုနှစ်တစ်ဝက်ကျော်ပြည်တွင်းစစ်ဖြစ်ခဲ့၍ တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး သံသယအနည်းငယ်ကျန်ရှိနေသေးကြောင်း၊ နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေမှုအား စောင့်ကြည့်နေသူများအတွက် ကချင်ပြည်နယ်အရေးသည် သံသယဖြစ်ဖွယ်ဖြစ်လာနိုင်ကြောင်း ကေအင်န်ယူမှတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကေအင်န်ယူဥက္ကဋ္ဌ မူတူးစေးဖိုးကလည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံစဉ် ကချင်ပြည်နယ်ပဋိပက္ခမှာ ငြိမ်းချမ်းရေးအတွက် အဟန့်အတားဖြစ်နေပြီး ကချင်ဒေသငြိမ်းချမ်းရေးအတွက် မိမိတို့က မည်သို့ကူညီပံ့ပိုးပေးရမည်ကို စဉ်းစားနေသည်ဟု ပြောကြားခဲ့သည်။

## စာ- ၂၇၊ လေထဲက ဥပစာကို ဝယ်ယူကြခြင်း မှ

ထို့ပြင် ပြည်တွင်းစစ်ကြောင့် ကျေးလက်မှ ပြည်သူများ မြို့ပေါ် ရှောင်တိမ်းနေထိုင်ရချိန်တွင် ယင်းကာလအခြေအနေအရ အိမ်ငှားများကို အသာစီးပေးထားသော ဥပဒေသာဖြစ်သည်။ ၁၉၆၀ ဥပဒေသည် အိမ်ရှင်အိမ်ငှား ဆက်သွယ်ချက်သာဖြစ်ပြီး အပျောက်စနစ်ဖြင့် ဝယ်ယူသူများအတွက် မည်သည့်အကာအကွယ်မျှ မပါဝင်ပေ။ နှစ်ပေါင်း ၅၀ ကျော် ကြာမြင့်သည့် ယနေ့အချိန်တွင် အဆိုပါဥပဒေမှာ တစ်ဖက်သက်ဆန်နေပြီး ပြန်လည်ရေးဆွဲသင့်ပြီဟု ရှေ့နေ ဦးသန်းမောင်(စစ်တွေ)က ထောက်ပြပြောဆိုသည်။

ကန်ထရိုက်တိုက်ခန်းဝယ်ယူနေထိုင်သူအများစုမှာ ၁၉၆၀ ဥပဒေ၏ ဆိုလိုရင်းကို မသိရှိကြဘဲ ဝယ်ယူပြီးပါက မိမိသာ လုံးဝပိုင်ဆိုင်သည်ဟုမှတ်ယူထားကြသည်။ အဆင့်ဆင့် လက်လွှဲရောင်းချသူများထံမှ ဝယ်ယူနေထိုင်ခြင်းကြောင့်လည်းပိုင်ဆိုင်ခွင့်ကိုအငြင်းပွားစရာများ ဖြစ်လာမှသာ သိရှိကြခြင်းလည်းဖြစ်သည်။

တိုက်ခန်းပိုင်ရှင်များမှာလည်း အဆိုပါဥပဒေပါ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ မသိသူများက "ဝယ်တုန်းကတော့ပိုင်ရှင်ဘက်ကသေချာရှင်းပြတယ်။ ဒါပေမဲ့ သေချာနားမလည်ဘူး။ တစ်ခုခုဖြစ်ရင် ကိုယ်က ဘာမှမပိုင်ဆိုင်တော့ ဘယ်လိုလုပ်ရမလဲ" ဟု လှိုင်မြို့နယ်မှ တိုက်ခန်းဝယ်နေထိုင်သူတစ်ဦးကပြောသည်။

ကန်ထရိုက်တိုက်ခန်းများ၏ အခန်းပိုင်ရှင်နှင့် မြေရှင်တို့အကြား ဖြစ်ပေါ်နေသော ပိုင်ဆိုင်ခွင့် အငြင်းပွားမှုများ ပြေလည်စေရန် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ တိုက်ခန်းပိုင်ရှင်များ၊ တရားလွှတ်တော်ရှေ့နေများ၊ ရေးရာကော်မတီပညာရှင်များ အပါအဝင် စုစုပေါင်း ၂၀ ဦးခန့်ကို 7 Day News က မေးမြန်းရာ ၁၉၆၀ မြို့ပြငှားရမ်းခ ကြီးကြပ်ရေးဥပဒေကို ခေတ်နှင့်အညီပြင်ဆင်ရေးဆွဲရန် လိုလားကြောင်း တညီတညွတ်တည်း ပြောကြသည်။

"၁၉၆၀ဥပဒေက အခုအခြေအနေနဲ့ ခေတ်မမီတော့ဘူး။ အသစ်ပြန်ဆွဲရင်ဆွဲ ဒါမှမဟုတ် ပြန်ပြုပြင်ရမယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က ပြောသည်။

ပိုင်ဆိုင်ခွင့်အငြင်းပွားမှုများမှာ လူမှုရေးငဲ့ညှာမှုမရှိသည့် မြေရှင်အချို့ကြောင့် ဖြစ်ပေါ်လာသကဲ့သို့ ၁၉၆၀ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အခွင့်အရေးယူ၍ ပိုင်ဆိုင်ကြောင်း ပြုလုပ်လိုသည့် အိမ်ငှားအချို့ကြောင့်လည်း ဖြစ်နေရသည်။

"ဒီဥပဒေက အိမ်ငှားကပဲ အခွင့်သာတယ်။ မျှတတဲ့ ဥပဒေတစ်ရပ်ကို အခုအချိန်မှာ ပြဋ္ဌာန်းရမယ်" ဟု ဦးသိန်းညွှန့်က သုံးသပ်ပြသည်။

ကန်ထရိုက်တိုက်များနှင့် အနီးစပ်ဆုံး တူညီနိုင်သည့် ကွန်ဒိုတိုက်ခန်းများနှင့် ပတ်သက်သည့် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေမူကြမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲနေပြီဖြစ်သည်။ ယင်းဥပဒေနှင့် ကန်ထရိုက်တိုက်ခန်းများအတွက် လိုအပ်နေသောဥပဒေတစ်ရပ်ချိတ်ဆက်ရေးဆွဲသင့်ကြောင်း ဥပဒေပညာရှင်တို့ကအကြံပြုပြောဆိုသည်။

၁၉၆၀ဥပဒေကိုပြင်ဆင်ရေးဆွဲပါက မြေရှင်၊ တိုက်ခန်းပိုင်ရှင်နှင့်ကန်ထရိုက် သုံးဖက်စလုံး ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

"ဥပဒေကို ပြန်ပြင်ဆင်မယ်ဆိုရင် ကန်ထရိုက်အတွက်လည်း အကျိုးတစ်စုံတစ်ရာ ထည့်သွင်းစဉ်းစားစေချင်တယ်" ဟု စမ်းချောင်းမြို့နယ်မှ ကန်ထရိုက်တာ ဦးစိုးမင်းက ဆိုသည်။

မြန်မာနိုင်ငံတွင် တိုက်ခန်းဝယ်ယူရာတွင် တိကျခိုင်မာသော ဥပဒေမရှိခြင်းကြောင့် အငြင်းပွားဖွယ်ဖြစ်နေသော်လည်း ဒေသတွင်း နိုင်ငံတစ်ခုဖြစ်သော စင်ကာပူနိုင်ငံတွင်မူ တိကျသော စနစ်ဖြင့် အာမခံချက်ပေးထားသည်။ စင်ကာပူတွင် တိုက်ခန်းဝယ်ပါက အစိုးရဘက်မှ ရာဖြတ်အရာရှိတစ်ဦး မဖြစ်မနေ ပါဝင်ရသည်။ ရာဖြတ်မှ သတ်မှတ်ပေးသော တန်ဖိုးအတိုင်း အရောင်းအဝယ်ပြုလုပ်ရသည်။ စာချုပ်ချုပ်ရာတွင် စင်ကာပူဒေါ်လာကိုကနဦးအာမခံအဖြစ် ပေးသွင်းရပြီး မိမိနှစ်သက်ရာ အာမခံကုမ္ပဏီမှ တစ်နှစ်လျှင် အများဆုံး စင်ကာပူဒေါ်လာ နှစ်ရာဖြင့်ဝယ်ယူ၍ ပိုင်ဆိုင်မှုအကာအကွယ်ရယူထားနိုင်သည်။

"အာမခံဝယ်ထားရင် ပြိုကျကျ မီးလောင်လောင် ကိုယ့်အခန်းကိုယ်ပြန်ရတယ်၊တစ်နှစ်မှဒေါ်လာ ၂၀၀ ဆိုတော့ ဘယ်သူမဆိုဝယ်နိုင်တယ်"ဟု စင်ကာပူတွင် တိုက်ခန်းဝယ်ယူပြီး နေထိုင်လျက်ရှိသည့် အင်ဂျင်နီယာတစ်ဦးကဆိုသည်။

စင်ကာပူတွင် အရပ်စာချုပ်လုံးဝမရှိဘဲ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ပါက ဥပဒေကုမ္ပဏီများ ပါဝင်ရသည်။ မိမိဝယ်ယူသော အခန်းကို မိမိပိုင်ဆိုင်ပြီး မြေငှားရမ်းခကိုလည်း ပေးဆောင်ရန်မလိုပေ။ ကွန်ဒိုတိုက်ခန်းများတွင်မူ ဝန်ဆောင်ခပေးရန် သတ်မှတ်ထားသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် အသစ်ပြန်ဆောက်လိုလျှင်လျော်ကြေးငွေပေးရသည်ဟုသိရသည်။

"မြေရှင်က ပြန်ဖြိုပြီး အသစ်ပြန်ဆောက်ချင်ရင် အခန်းပိုင်ရှင်ကို လျော်ကြေးပေးတယ်" ဟု စင်ကာပူနိုင်ငံတွင် တိုက်ခန်းအရောင်းအဝယ် အကျိုးဆောင်ပြုလုပ်နေသူ တစ်ဦးက ပြောပြသည်။

တိုက်ခန်းပိုင်ဆိုင်ခွင့် အငြင်းပွားမှုများ ပိုမိုကြုံတွေ့လာသော မြန်မာနိုင်ငံတွင်မူ တိကျသော ဥပဒေတစ်ခု ပြဋ္ဌာန်းရန် လိုအပ်လာသည်။

"ပိုင်ဆိုင်မှုကိစ္စတွေက အခုနောက်ပိုင်း ကျယ်ကျယ်လောင်လောင် ကြားလာရတယ်။ ဒါပေမဲ့ ထိရောက်တဲ့ဥပဒေ မရှိသေးဘူး။ ရေးဆွဲနေဆဲ ကွန်ဒိုမီနီယမ်ဥပဒေကိုပဲ စောင့်ကြည့်ရမယ်။ အတည်ပြုပြီးရင် တိုင်းဒေသကြီး အစိုးရကို တင်ပြပြီး ရန်ကုန်တိုင်းမှာ ကျင့်သုံးတော့မယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အပျောက်စနစ် ဝယ်ယူသူတွေအတွက် သေချာထည့်ပြင်မှ မဆုံးရှုံးမှာ" ဟု ဦးအောင်သန်းစိုးက အကြံပြုပြောဆိုသည်။

၁၉၆၀ ဥပဒေကိုပြင်ဆင်ရေးဆွဲရေးနှင့် စပ်လျဉ်း၍ "ခေတ်မမီတော့ရင် ပြင်သင့်ရင်ပြင်ပေါ့။ ဒါပေမဲ့ မြေရှင်တွေကိုလည်း ထည့်တွက်ကြပါ"ဟု လှိုင်မြို့နယ်မှ ကန်ထရိုက်တိုက် မြေရှင်တစ်ဦးက ပြောကြားသည်။

လက်ရှိဖြစ်ပေါ်နေသော ပိုင်ဆိုင်မှုပြဿနာများကို ဖြေရှင်းနိုင်ရန် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေမူကြမ်းအဆင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ စက်တင်ဘာလ ၅ ရက်တွင် ရေးဆွဲပြီးဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်များက လာမည့်နှစ်လောက်မှ အတည်ပြုပြဋ္ဌာန်းစေလိုသော အဆိုပါ ဥပဒေတွင် မြေပိုင်ရှင်၊ ကန်ထရိုက်တာ၊ အိမ်ငှားတို့အတွက် အဆင်ပြေစေနိုင်မည့် အချက်အလက်များကို ထည့်သွင်းရေးဆွဲသွားမည်ဖြစ်သည်။

"လွှတ်တော်မှာ အမြန်ဆုံး ပြဋ္ဌာန်းနိုင်အောင်လုပ်သွားမယ်" ဟုဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းဆွေက ပြောသည်။

ဥပဒေသစ်တစ်ရပ် မထွက်ပေါ်လာသေးသော အချိန်တွင်တော့ အငြင်းပွားမှုများ လျော့နည်းစေရန် တတ်နိုင်သလောက် စာချုပ်စာတမ်းများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

"စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှာ မလုပ်ကြဘူး။ အခွန်ဆောင်ရမှာကြောက်ကြလို့၊ ဥပဒေရဲ့ အကာအကွယ်လိုချင်ရင် ဥပဒေအတိုင်း ဆောင်ရွက်ရမယ်" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးကထောက်ပြသည်။

**(အောင်နိုင်၊ အေးသူစံ၊ မိုးညို ၊ ရဲနောင်၊ ဆွေမွန်)**